# ခေတ်မီ

# [illegible]

## ဝတ္ထုတော်ကြီး

ပထမတွဲ

ခေတ်မီ

[illegible]

ဝတ္ထုတော်ကြီး

ပထမတွဲ

ခေတ်မီ

[illegible]

ဝတ္ထုတော်ကြီး

ကြိမ်

ဦးလှခင်၊ ဆမ်းညွှန့်ဦး၊ ပြုစုသည်

ပထမတွဲ

ဦးလှခင် {ဆန်းညွန့်ဦး}

(အရှင်းဆုံးနှင့် ဖတ်ရမှတ်ရ အလွယ်ဆုံး)

# ခေတ်မီ ဓမ္မပဒ

## ဝတ္ထုတော်ကြီး

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ပထမတွဲ

ဒုတိယအကြိမ်

ဦးကြည်ညွန့်
1 အမှတ်-၂၃၊ ကျောင်းလမ်း၊ မြေနီကုန်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်
မှတ်ပုံတင်အမှတ် (၁၀၂၂)

| | |
|---|---|
| အုပ်ရေ | ၂၀၀၀ |
| အကြိမ် | ဒုတိယ အကြိမ် |
| ထုတ်ဝေနှစ် | ၁၉၇၀ ခု မတ်လ |
| တန်ဖိုး | ၁၀—ကျပ် |

**ထုတ်ဝေသူ။** ဦးတင်သန်း (၀၂၄၆ မြဲ)
ချိုးဖြူ စာပေ၊ အမှတ် ၇၀၊ သုဒဿနလမ်းသွယ်၊
၁၆-ရပ်ကွက်၊ တောင်ဥက္ကလာပ။

**ပုံနှိပ်သူ။** ဦးလှခင် (မြဲ ၀၁၀၂၀)
ဆန်းညွှန့်ဦးပုံနှိပ်တိုက်
အမှတ် ၁၃၅၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

# ပဥ္စဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ

ဘုရားတရားသံဃာ၊ရတနာမြတ်သုံးပါး ဦးထိပ်ထားလျက် ကျေးဇူးတော်ရှင်များဖြစ်ကြသော ဘဒ္ဒန္တသီရိရာဇိန္ဒ အတုလာ ဥပတိကဝိဇ္ဇ မဟာဒွါရ နိကာယ စတုဏ္ဍသံဃကြွင္ဒ မဟာနာယက သာသနာပိုင် ဟင်္သာတမြို့ ဒုတိယ လယ်တီဆရာတော်ဘုရားကြီးမှ တပည့်ဆက်ဆက် ဖြန့်ဝေ ပေးအပ် ပညာရပ်တို့ကို အဆင့်ဆင့်သော ဆရာအသျှင်တို့ထံမှ သင်ကြားနာယူခဲ့ရသော ကျေးဇူးတော်တို့ကိုရင်း .. ။

ဟင်္သာတမြို့ သပြေပင်ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘနထေရ်အရှင်မဟာဒွါရ နိကာယအင္ဂမသံဃကြွင္ဒ မဟာနာယက သာသနာပိုင်ဆရာတော်ဘုရားကြီးထံမှ ညွှန်ကြားပြသ ဩဝါဒအရပ်ရပ်တို့ကို နာခံမှတ်သားရသော ကျေးဇူးတော်တို့ကိုရင်း....။

ဘဒ္ဒန္တနန္ဒိယာဘိဝံသ စေတီယင်္ဂဏ ဓမ္မာစရိယ ဆဋ္ဌသင်္ဂီတိ ကာရက ပါဠိပဋိဝိသောဓက၊ မင်္ဂလာတောင်ညွန့်ရပ် ဒေးဒရဲသုံးထပ်ကျောင်းဆရာတော်မှ ကရုဏာတော်ပွား မေတ္တာတော်ထား၍ အရပ်ရပ်သောစာမူတို့ကို ကိုယ်တော်တိုင် ကြပ်မတည်းဖြတ် ပြင်ဆင်ပေးသည့် ကျေးဇူးတော်တို့ကိုရင်း...။

လောကဓာတ်ကျောင်း သညာပြောင်းသည့် အ-မ-က၊ အ-လ-က၊ ထ-က ကျောင်းအသီးသီးမှ ပေးဝေပညာ ငယ်ဆရာအပေါင်းတို့နှင့်တကွ ဖတ်ရှုမှတ်သား သုတပွားခဲ့ရသော သင်ဆရာ, ကြား၊ဆရာ, မြင်ဆရာအပေါင်းတို့ကိုရင်း....။

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ ဤလူ့မြေတွင် ရပ်တည်နိုင်ရေး မွေးကျေးဇူးရှင်၊ ကျွေးကျေးဇူးရှင်မိဘများကိုရင်၊....။
လေးမြတ် ဝန္ဒနာ ရှိခိုးကန်တော့ပါ၏။

# မာတိကာ


| | |
|---|---|
| | စာမျက်နှာ |
| (က) ဥယျောဇဉ် | ၁ |
| (၁) ယမကဝဂ် | |
| ၁။ ဝိပါက်ကြမ္မာ မလွတ်သာ စက္ခုပါလမထေရ်ဝတ္ထု | ၁၇ |
| ၂။ စိတ်ထားတတ်လျှင် မြတ်၏ မဋ္ဌကုဏ္ဍလီဝတ္ထု | ၃၁ |
| ၃။ ရန်လိုလျှင် ရန်ပိုတတ်သည် တိဿမထေရ်ဝတ္ထု (ဒေဝီလ ရသေ့ဇာတ် ပါရှိသည်) | ၄၀ |
| ၄။ ရန်ကိုရန်ချင်း မတုံ့နှင်းနှင့် ကာဠီ ဘီလူးမဝတ္ထု | ၄၅ |
| ၅။ ချစ်စကိုရှည်ပါစေ၊ ရန်စကို တိုပါစေ ကောသမ္ဗိက ရဟန်းတို့ဝတ္ထု (ဒီဃာဝု သတို့သား နောက်ကြောင်းပြန်ဇာတ်နှင့် ပါလိလေယျက ဆင်မင်းဝတ္ထုပါရှိသည်) | ၅၅ |
| ၆။ မုန်တိုင်းဒဏ် စူဠကာလ၊ မဟာကာလဝတ္ထု | ၇၇ |

မာတိကာ　　　　　　စာမျက်နှာ


၇။ ဖန်ဝတ်ရည်နှင့်မထိုက်သူ ၈၇
ရှင်ဒေဝဒတ်ဝတ္ထု

၈။ အကာကိုပစ် အနှစ်ကိုယူ ၉၄
အရှင်သာရိပုတ္တရာဝတ္ထု
(ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့အားလက်ဝဲတော်ရံ၊ လက်ယာတော်ရံအဖြစ် ပေးသနားမှုကို ရဟန်းတို့ကကဲ့ရဲ့ကြ၍ ဘုရားရှင်က သာဝကများ၏ ရှေးဆုတောင်း ဇာတ်တော်တို့ကို ဟောကြားခြင်း)

၉။ ကိုယ်ခံကောင်းဘို့လိုသည် ၁၃၂
အရှင်နန္ဒမထေရ်ဝတ္ထု
(မဟာပါလဇာတ်တော်၊ ညီတော်နန္ဒချွတ်ခန်းနှင့် နန္ဒမင်းသား၏ အတိတ်ဇာတ်ကြောင်းတို့ပါရှိသည်)

၁၀။ ကာလဝိပါက် ချက်ချင်းတက် ၁၅၇
စုန္ဒဝက်ထိုးသမားဝတ္ထု

၁၁။ ကုသိုလ်တရားထင်ရှားအကျိုး ၁၆၀
မဟာဓမ္မိက ဥပါသကာဝတ္ထု

၁၂။ မကောင်းမှုပြုသူ၏ နောင်တ ၁၆၅
အရှင်ဒေဝဒတ်ဝတ္ထု
(ဒေဝဒတ်မင်းသား ရဟန်းပြုပုံမှစ၍ အနုရုဒ္ဓါမင်းသားဇာတ်၊ ဒေဝဒတ်ရန်ငြိုးဖွဲ့ပုံ၊သင်းခွဲပုံနှင့် နောက်ဆုံးဖူးမြင်ခြင်း၊ မြေမျိုခြင်း)

၁၃။ အဖေထက်ကြီးသောသမီး သုမနဒေဝီဝတ္ထု ၁၈၄

၁၄။ နွားကျောင်းသားနှင့် နွားပိုင်ရှင် ရဟန်းနှစ်ပါး ဝတ္ထု ၁၈၉

**ယမကဝဂ်ပြီး၏။ ။**

## (၂) အပ္ပမာဒဝဂ်

၁။ ကောသမ္ဗီပြည်မှ ဇာတ်လမ်းရှည်ကြီး သာမာဝတီ ဝတ္ထု ၁၉၅
(ဥတေနမင်း၏ ဇာတ်၊ ဃောသက သူဌေးကြီး၏ ဝိပါက၊ သာမာဝတီဇာတ်လမ်း၊ စဏ္ဍပဇ္ဇောတမင်းဇာတ်၊ မာဂဏ္ဍီ၏ ရန်စ၊ ရဟန်း ငါးရာ သူဌေး သုံးဦး ဇာတ်၊ ခုဇ္ဇုတ္တရာ ဇာတ်တို့ ပါရှိသည်)

၂။ ရာထူး ဂုဏ်သိန် စည်းစိမ် ဥစ္စာ တိုးပွားနည်း ကုမ္ဘဃောသကဝတ္ထု ၂၅၉

၃။ လုံ့လဝီရိယစွမ်းအင် စူဠပန္ထကဝတ္ထု ၂၆၈

၄။ စောင့်ရှောက်အပ်သောအမြတ်ဆုံးဥစ္စာ ဗာလနက္ခတ်ပွဲဝတ္ထု ၂၈၀

| မာတိကာ | စာမျက်နှာ |
|---|---|


၅။ အချိန်ကုန်ခံ ကြုံဆမနေပါနှင့် — ၂၀၃
မဟာကဿပမထေရ်ဝတ္ထု

၆။ သိန္ဓဝနှင့်မြင်းပိန် — ၂၀၅
မမေ့မလျော့သော မေ့လျော့သော
ရဟန်းနှစ်ပါးဝတ္ထု

၇။ အထွဋ်အထိပ်သို့ — ၂၀၀
မဃလုလင်ဝတ္ထု

၈။ တောမီးကြောင့် ရဟန္တာဖြစ် — ၃၀၄
အညတရ ရဟန်း ဝတ္ထု

၉။ မေ့လျော့ခြင်းသည်ဘေး — ၃၀၇
နိဂမဝါသီ တိဿမထေရ်ဝတ္ထု


အပ္ပမာဒဝဂ်ပြီး၏။ ။

# ဥဒယျာဇဉ်

**ဓမ္မပဒ ဟူသည်ကား**

“ဓမ္မ”ဟူသော စကားအဓိပ္ပါယ်ကို “တရား”ဟူ၍ လူသိများခဲ့သည်။ “ပဒ”ဟူသည် “ခြေရာ၊ အခြေခံ၊ လမ်းကြောင်း ဂါထာအစု”ဟူ၍ အဓိပ္ပါယ် ရသည်။

သို့ဖြစ်၍ ဓမ္မပဒ၏ အဓိပ္ပါယ်သည် “ဗုဒ္ဓ၏ အခြေခံတရား” “ဘာသာတရား၏ကျင့်စဉ်” “ဂါထာစု တရား ညွန့်ပေါင်း” ဟူ၍ ဖြစ်ပေသည်။

ဘုရားရှင် သည် ငါးရာ့ ငါးဆယ် နိပါတ်တော် များကို ဟောကြားတော် မူခဲ့ရာတွင် လေးသင်္ချေနှင့် ကမ္ဘာ တသိန်း ကာလပတ်လုံး ဖြစ်တော်စဉ်တို့ကို ဟောကြားတော်မူသည့်ဝတ္ထု ဇာတ်လမ်း ဇာတကများ ဖြစ်ပေသည်။

ဓမ္မပဒသည်ကား ၄၅-ဝါသော ကာလပတ်လုံး ဘုရားရှင် တွေ့ဆုံကြုံကြိုက် ကျွတ်ထိုက်သသူ တို့အား ဟောဖော်တော်မူခဲ့

သော တရားဒေသနာ ဂါထာတော်အစုစုတို့ကို တူညီရာပေါင်း စပ်၍ သီကုံး ထားခြင်း ဖြစ်ပေသည်။ မြတ်စွာ ဘုရားသခင် သက်တော်ထင်ရှားရှိစဉ်က ကိုယ်တော်တိုင် ဟောပြောတော်မူခဲ့ သော ဒေသနာတော် တို့ကို စုပေါင်း ထားခြင်း ဖြစ်၍ ဗုဒ္ဓ တရားတော်၏ နိဗ္ဗာန်ပေါက် တရား အဆီအနှစ် များပင် ဖြစ် ပေသည်။

ထိုတရားတော်တို့သည် ခုဒ္ဒကနိကာယ်၏ ဒုတိယ ကျမ်းစာ ဖြစ်၏။ ထိုကျမ်းတွင် ဂါထာများကိုသာ စုဆောင်းစီစဉ်ထား ခြင်းဖြစ်ပေသည်။ ထိုကျမ်း၏ အဋ္ဌကထာသည် သီဟိုဠ်ကျွန်း၌ သီဟိုဠ်ဘာသာဖြင့်သာ တည်ရှိခဲ့ရာမှ အရှင်ဗုဒ္ဓဃောသ မထေရ် သည် ပါဠိဘာသာသို့ ပြန်ဆိုတော်မူခဲ့သည်။ ဤသို့ပြန်ဆိုရာ၌ သီဟိုဠ် ဘာသာရေး အဋ္ဌကထာဟောင်းမှ ကျယ်ဝန်းသော စကားအစဉ်ကိုလည်း ချုံ့၍ မဖွင့်ရသေးသော ပုဒ်ဝါကျတို့ကို ဖွင့်လျက်ရေးသားစီရင်တော်မူခဲ့သည်။ဓမ္မပဒတွင်ဂါထာပေါင်း ၄၂၄-ဂါထာနှင့် ဖြစ်ရပ်ဇာတ်ကြောင်း အခြေခံဝတ္ထု ၃၀၅ ပုဒ် ပါရှိပေသည်။

## ဓမ္မပဒကျမ်းမှ အကျိုးတရားများ

ဓမ္မပဒကျမ်းသည် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးအတွက် သွန်သင်ဆုံးမချက်များ ပါရှိပေသည်။

**လောကုတ္တရာဟူရာတွင်** ပဓာန အားဖြင့် ဗုဒ္ဓဘာသာတို့၏ ပန်းတိုင်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ရယူနိုင်သည်အထိ ပါရှိ ပေသည်။

၁။ တပ်မက်တွယ်တာသော တဏှာကို ပယ်ရှားခြင်း။

၂။ ယင်းတဏှာကို ပယ်ရှားနိုင်ရန်အတွက် ခန္ဓာငါးပါး ရုပ် နာမ်၊ တရားတို့၏ မတည်မြဲခြင်း အနိစ္စသဘော၊ မတင့်တယ်ခြင်း အသုဘသဘော၊ မြေအိုးအလား မခိုင်မာခြင်း၊ တံလျှပ်ပမာ အကောင် အထည် အနှစ် မရှိခြင်း စသည်ဖြင့် ရှုမြင်သုံးသပ်ခြင်း။

၃။ ထိုတဏှာကို မျက်စိ, နား စသော ဣန္ဒြေများ စောင့်စည်းထိန်းသိမ်းခြင်း၊ ဗောဇ္ဈင်တရား-မဂ္ဂင် ရှစ်ပါးကို ပွားများခြင်း စသည်တို့ဖြစ်သည်။

**လောကီရေးရာ ဟူရာ၌-**

(၁) စိတ်ကို ထိန်းသိမ်းခြင်း၊ စိတ် ဓာတ် ကြံ့ ခိုင် စွာ ထားခြင်း၊ ထကြွ လုံ့လရှိခြင်း၊ အပေါင်းအသင်း လိမ္မာခြင်း၊ ကိုယ် ချင်း စာ နာ ခြင်း၊ ရန်ညိုးမထားခြင်း၊ မိမိကိုယ်ကိုသာ အားကိုးခြင်း၊ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း စသည့် လူမှုရေး ကြီးပွားရေး လမ်းညွှန်ချက်များ ပါရှိသည်။

(၂) စိတ်သည် အာရုံအမျိုးမျိုးကို လိုက် ပါ တတ် သည့်အလျောက် အပြောင်းအလဲ မြန်သည်။ ထို့ကြောင့် စိတ်ကို စောင့်ထိန်းနိုင်မှ၊ ချုပ် တီး နိုင်မှ သာလျှင် ချမ်းသာသုခ ရနိုင်ကြောင်းကို စိတ္တဝဂ္ဂတွင် ဟောကြားထားသည်။

(၃) စိတ်ဓာတ် ကြံ့ခိုင်ရေးနှင့် ပတ်သက်၍လည်း လောက
တွင် မည်သူမျှ ကဲ့ရဲ့ခြင်းမှ မလွတ်နိုင်၊ စကားအနည်း
အများ ပြောတတ်သည်ကိုပင် နည်းသည်၊ များသည်
ဟု အပြစ် ဆို တတ် ကြ သည်။ ထို့ ကြောင့် အနေ
မှန် အကျင့်မှန်သူများအဖို့ ကဲ့ရဲ့သဂြိုဟ် အပြစ်ဆို
ခြင်းဖြင့် စိတ်ဓာတ်ပျော့ညံ့မှု၊ အားလျော့မှု မရှိရန်
ကောဓဝဂ္ဂတွင် သွန်သင်၏။

(၄) လေပြင်း မုန်တိုင်း ကြောင့် တုန်လှုပ်မှု မရှိသော
ကျောက် တောင် ကဲ့ သို့ (ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း
ကြောင့် ဖြစ်စေ) ချမ်းသာ ဆင်းရဲနှင့် တွေ့ ကြုံ ခြင်း
ကြောင့် ဖြစ်စေ စိတ်ဓာတ် မပြောင်းလဲရန် ပဏ္ဍိတ
ဝဂ္ဂ၌ ဖော်ပြထားသည်။ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါး
တွင် ထကြွလုံ့လရှိခြင်း၊ ဝီရိယ စွမ်းအား ပိုမိုအရေး
ကြီးပုံကို အပ္ပမာဒဝဂ္ဂ၌ ဖော်ပြထားသည်။

(၅) ထကြွလုံ့လရှိခြင်း၊ သတိရှိခြင်း၊ ကိုယ်နှုတ်နှလုံးကို
စောင့်စည်းခြင်း၊ စူးစမ်း ဆင်ခြင်၍ ပြုလေ့ရှိခြင်း
ဟူသော အရည်အချင်းနှင့် ပြည့်စုံသူအဖို့ အခွေ
အရံ စည်းစိမ် တိုးပွားသကဲ့သို့ လူမှုကိစ္စ စသည်ကို
ဆောင်ရွက်ရာတွင် နိုးကြား ထကြွ၍ မမေ့မလျော့
မပေါ့မဆပဲ ကြိုးပမ်း အား ထုတ် တတ် သူသည်။
အခြားသော သူများထက် အောင်မြင်တတ်ကြောင်း
ကို မြင်းကောင်းနှင့် မြင်းပိန် ဉပမာထား၍ နှိုင်းယှဉ်

ဖော်ပြသည်။ လုံ့လဝီရိယရှိ၍ ထထကြွကြွ ပြုမူတတ်သူသည်လောကီရေးရာတွင် သာမက လောကုတ္တရာကိစ္စ များ တွင်ပါ အောင် မြင် စွာ ဆောင် ရွက်နိုင်ပုံကို ကောဓဝဂ္ဂတွင် ဖော်ပြထားသည်။

(၆) လူသည် တဦးတည်း တယောက်တည်း နေ၍ဖြစ်သည် မဟုတ်ပဲ အပေါင်းအသင်း အဖွဲ့ အစည်း ဖြင့်သာ စုရုံးနေထိုင်လေ့ရှိသည်။ မိမိ ကိုယ် တိုင် အပေါင်းအသင်း ကောင်းကို ရွေးချယ်တတ်၍ မိမိကလည်း အပေါင်းအသင်း ဆန့်သူ တယောက်ဖြစ်ရန် အရေးကြီး၏။ မိမိကို သွန်သင်ဆုံးမတတ်သော ပညာရှိ၊ မဒကာင်းမှုမှ စောင့်ရှောက် တားမြစ် တတ်သော ပညာရှိ၊ မိမိထက် ကိုယ်ကျင့်တရား သာလွန်သူ၊ သို့မဟုတ် တန်းတူဖြစ်သော ပညာရှိ များ ကိုသာ ပေါင်းသင်းဆက်ဆံခြင်းဖြင့် ကောင်းကျိုး ရှိပုံ တို့ကို ပဏ္ဍိတဝဂ်၊ သုခဝဂ်တို့၌ ညွှန်ပြထားသည်။

(၇) ဒေါသထွက်သူကို မေတ္တာဖြင့်၎င်း၊ နှမြောဝန်တိုသူကို ပေးကမ်းခြင်းဖြင့်၎င်း၊ လိမ်လည် ပြောဆိုတတ်သူကို မှန်ကန်စွာ ပြောဆိုခြင်းဖြင့်၎င်း၊ ဆက်ဆံပြောဆိုရန် ကောဓဝဂ်တွင် ညွှန်ပြထားသည်။

(၈) စိတ်ဆင်းရဲတိုင်း ဒုက္ခရောက်တိုင်း ဤ ကျမ်း ဖတ်ပါ။ ကေန်မုချ စိုးရိမ်ကင်းပျောက် စိတ်ချမ်းသာခြင်းသို့ ရောက်ပေမည်။

(၉) ဓမ္မပဒကျမ်းသည် စိတ်ထားကောင်းဖြင့် ပြုမူခြင်း၏ အကျိုးတို့ကိုလည်း သိရမည်။ မကောင်းစိတ်ထားဖြင့် ပြုမူခြင်း၏ အပြစ်တို့ကိုလည်း သိရမည်။

(၁၀) ရန်ညိုးဖွဲ့ခြင်း၏အပြစ်၊ ရန်ညိုးမဖွဲ့ခြင်း၏ အကျိုး၊ အကောင်းနှင့်အဆိုး၊ အယူမှားနှင့် အယူမှန်တို့ကို လည်း ခွဲခြား၍ သိရမည်။

(၁၁) မေ့လျော့ခြင်း၏ အပြစ်နှင့် မမေ့ မလျော့ခြင်း၏ အကျိုး။

(၁၂) စိတ်ကြောင့် ကောင်းကျိုးကိုရင်း၊ မကောင်းကျိုး ကိုရင်း။

(၁၃) ကိုယ်ချင်း စာတရား၊ မေတ္တာ တရား ထားရှိသင့် ကြောင်း။

(၁၄) အချစ်ဆိုးဟူသည် အဘယ်နည်း။ **အချစ်**စစ်နှင့် အချစ် မှားကို ခွဲခြား၍ သိနိုင်ပေမည်။

(၁၅) ဓမ္မပဒမှာ ပဓာနအားဖြင့် ကိုယ်ကျင့်တရားကောင်း မွန်ရေးကို ဦးတည်လမ်းညွှန်သော ဒေသနာတို့ဖြစ်၏။ ဗုဒ္ဓဘာသာဝင်များ အတွက်သာ မဟုတ်ပဲ လူမျိုး မရွေး ဘာသာမရွေး၊ လက်ခံ ကျင့်သုံးနိုင်သော နည်း ညွှန် သင်ခန်းစာ များစွာပါဝင်၏။

(၁၆) သုံးနှုန်းသော ဝေါဟာရနှင့် အစီ အကုံး တို့မှာလည်း ပေါ်လွင် သိလွယ်ပြီး ထင်ရှား လွယ်ကူသော ဥပမာ တို့ဖြင့် နှိုင်းယှဉ် ဖော်ပြထား၏။

## ဓမ္မပဒကျမ်း ပေါ်ထွန်းချိန်

ဓမ္မပဒကျမ်းသည် ခုဒ္ဒကနိကာယ်၏ ဒုတိယကျမ်းစာဖြစ်၏။ အရှင်ဗုဒ္ဓဃောသ၏ အဋ္ဌကထာ ကျမ်းများအရမူ ဓမ္မပဒကျမ်း သည် အခြားသောပိဋကတ်ကျမ်းများနည်းတူ ပထမသံဂါယနာ တင်ချိန်၌ ပါဝင်စုဆောင်းခဲ့သည်ဟု အဆိုရှိသည်။

တိပိဋက ပါဠိမြန်မာ နိဒါန်း၏အဆိုအရမူ သုတ္တပိဋကတွင် ပါဝင်သော သုတ္တများစွာတို့သည် ပထမသံဂါယနာတင်ရာတွင် ပါဝင်ခြင်းမရှိပဲ ဒုတိယ သံဂါယနာနှင့် တတိယ သံဂါယနာ တင်ရာတို့၌သာ ထပ်မံထည့်သွင်းခြင်း ရှိသည်ဟု အဆိုရှိသည်။

အေ-ဒီ-လေးရာစုတွင် ရေးသားပြုစုခဲ့သော ဒီပဝံသကျမ်း တွင်လည်း ပထမသံဂါယနာတွင် နိကာယ်ကြီး လေးရပ်ကိုသာ အမည်နာမနှင့်တကွ ဖော်ပြပြီး ခုဒ္ဒကနိကာယ် အကြောင်းကိုမူ ညွှန်ပြခြင်း မရှိပေ။

ထို့ကြောင့် ဓမ္မပဒကျမ်းသည် ပထမသံဂါယနာတွင် ပါဝင် ခဲ့သည်ဟု အတိအကျမယူဆနိုင်ပေ။ ခန့်မှန်းနိုင်သောအထောက် အထား အနည်းငယ်မှာ....

အေ-ဒီ-သုံးရာစု နောက်ပိုင်း၊သို့မဟုတ် နှစ်ရာစုအစပိုင်းတွင် ပေါ်ထွန်းခဲ့သော မိလိန္ဒပဥှာကျမ်း၊ သြပမ္မကထာပဥှာပိုင်းတွင်

ဓမ္မပဒဟူသော ကျမ်းညွှန်းနှင့်တကွ ဂါထာများကို ကိုးကား ဖော်ပြထားသည်။ ထို့ကြောင့် မိလိန္ဒပဉှာကျမ်း ပြုစုချိန်တွင် ဓမ္မပဒ ကျမ်း ရှိနှင့်ပြီး ဖြစ်သည်ဟု ယူဆရပေမည်။

ဘီ-စီ နှစ်ရာစုတွင် ပေါ်ထွန်းသော မဟာဝတ္ထုကျမ်းတွင် ပါရှိသော စာပိုဒ်များကို ထောက်ရှုခြင်းအားဖြင့် ဓမ္မပဒကျမ်းသည် ဘီ-စီ နှစ်ရာစုတွင် ရှိနှင့်နေပြီဟု ခန့်မှန်းရပေမည်။

တဖန် တတိယ သံဂါယနာတွင် ရှင်မဟာ မောဂ္ဂလိပုတ္တတိဿမထေရ်ဟောကြားခဲ့သော ကထာ ဝတ္ထုကျမ်းတွင်လည်း ပိဋကတ်တော်ထဲမှ ဂါထာ များစွာကို ကိုးကား ဖော်ပြထားသည်။ ဂါထာအချို့မှာ ဓမ္မပဒကျမ်းမှာ ပါရှိပြီး ဖြစ်သည်။ ကထာ ဝတ္ထုကျမ်းသည် ကိုးကားရာ ကျမ်းစာအမည်ကို ညွှန်ပြခြင်းမရှိပေ။ ဂါထာအချို့ကိုဓမ္မပဒကျမ်းမှ ထုတ်နုတ် ကိုးကားခြင်းဖြစ်သည်ဟု ဆိုပါက တတိယသံဂါယနာတင်သည့် ဘီ-စီ ၂၄၇ နှစ်တွင် ဓမ္မပဒကျမ်းသည် ရှိနှင့်နေပြီဟု ဆိုနိုင်သည်။

အာသောကမင်းသည် နိဂြောဓ သာမဏေထံမှ "ဓမ္မပဒအပ္ပမာဒဝဂ်"လာ ဂါထာများကိုကြားနာရသဖြင့် ဗုဒ္ဓ ဘာသာဝင် အဖြစ်သို့ ရောက်ရှိခဲ့သည် ဆိုသည့် အချက်သည် ကထာဝတ္ထုကျမ်း၏ကိုးကားချက်နှင့် များစွာ နီးစပ်လျက် ရှိသည်။

ထို့ကြောင့် ဓမ္မပဒကျမ်းသည် ပထမသံဂါယနာတင် ဘီ-စီ ၄၈ နှင့် တတိယ သံဂါယနာတင် ဘီ-စီ ၂၄၇ အတွင်းဝယ် ပေါ်ထွန်းခဲ့သည်ဟု အကြမ်းဖျဉ်းအားဖြင့် မှတ်သားရပေမည်။

## ဤစာအုပ်ကို စီရင်ခြင်း အကြောင်း

ဓမ္မပဒဟူသည် လူသားတို့အတွက်လောကီလောကုတ်အကျိုးနှစ်ပါးကို ပြီးစေနိုင်သော လမ်းညွှန်ချက်များဖြင့် မွမ်းထုံထားအပ်သည်ဖြစ်၍ ကျမ်းကြီး ကျမ်းခိုင်တို့ အဖြစ် ရပ်တည်နေခဲ့သည်။ အနောက်နိုင်ငံ ဘာသာ အမျိုးမျိုးတို့သို့လည်း ပြန်ဆိုခဲ့သော ကမ္ဘာကျော် ကျမ်းကြီး ဖြစ်သည်။ အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာ၊ တရုတ် စသည့် ဗုဒ္ဓဘာသာ နိုင်ငံတိုင်း ပြန်ဆိုခဲ့ကြသည်။ တရုတ်ပြည်တွင် အေ-ဒီ ၃-ရာစု အစောပိုင်း ကပင် အကြိမ်ကြိမ် ပြန်ဆိုခဲ့ပြီး ဖြစ်သည်။ သို့သော် ပါဠိဓမ္မပဒ ကျမ်းနှင့် အချို့တူ၍ အချို့ကွဲပြားခြားနားနေသည်ကို တွေ့ရသည်။

အာသောက မင်းကြီးလက်ထက် ဘီ-စီ ၃-ရာစုတွင် သီဟိုဠ်ရဟန်းတော်တို့သည် ပိဋကတ်ပါဠိတော်များနှင့်အဋ္ဌကထာများကို သီဟိုဠ်အက္ခရာဖြင့် ရေးမှတ် လေ့လာခဲ့ကြရာ ၎င်းမှ ပါဠိဘာသာဖြင့် ပြန်လည်ရေးသားခဲ့ကြခြင်း ဖြစ်ဟန်ရှိသည်။

ဓမ္မပဒ အဋ္ဌကထာတွင် သက်ဆိုင်ရာ ဖြစ်ရပ်အကြောင်းအရာများမှာ ဗုဒ္ဓ၏ဖြစ်ရပ် ၄၅-ဝါအတွင်း၌ ဖြစ်ပျက်ခဲ့သမျှသော နှစ်ပေါင်း ၂၅၀၀ ကျော်က လူနေမှုစနစ်၊ ယဉ်ကျေးမှုအထွေထွေနှင့် အနာထပိဏ်၊ဝိသာခါ၊ဗိမ္ဗိသာရ၊ ဥတေန၊ သာမာဝတီ၊ မာဃလုလင်တို့၏ ဇာတ်ကြောင်းများကို အကျယ်တဝင့် ဖော်ပြထားခဲ့ရာ များစွာပင် မှတ်သားဖွယ်တို့ ဖြစ်ပေသည်။ သာဝကကြီးများနှင့် ရဟန္တာမထေရ်တို့ ကြိုးစား အားထုတ်မှု များကိုလည်း ကြည်ညိုဖွယ်ရာ ဖတ်ရှုရပေသည်။ သို့သော် ဓမ္မပဒသည်

ကျမ်းကြီး ကျမ်းခိုင် အဖြစ် ပါဠိစာပေများနှင့် ရဟန်းတော်များ ကျောင်းတွင်သာ ရှိတတ်ရာမှ ယခုအခါ အကျဉ်းချုပ်၍ ၎င်း၊ မကျဉ်းမကျယ်ဖြင့်၎င်း ပုံစံ အမျိုးမျိုးဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ လက်တွင်းသို့ ရောက်ရှိနေကြပေပြီ။

ကျွန်ုပ်တို့သည် လွန်ခဲ့သော ၁၀-ခန့်ကပင် ဗုဒ္ဓဘာသာဝင် လုပ်သားပြည်သူတို့၏ လက်သို့ ခေတ်မီပုံစံနည်းစနစ်ဖြင့်အကျဉ်းဆုံး လည်း မဖြစ်စေရ၊ ကျမ်းကြီး တစောင် အဖြစ် အကျယ်တဝင့်လည်း မဖြစ်စေပဲ အလွယ်တကူ ဖတ်ရှု နိုင်ကြစေရန် ရည်ရွယ်ပြုစုခဲ့ပေရာ အကြောင်း အမျိုးမျိုးကြောင့် စာအုပ်အဖြစ်သို့ မရောက်ပဲ ပြင်ဆင် ခြင်း၊ တည်းဖြတ် ခြင်း တို့ ကို အချိန်ယူ ဆောင်ရွက်ခဲ့ရာမှ ယခုအခါ ဗုဒ္ဓ ဘာသာဝင်တိုင်း အကျိုးငှာ စာအုပ်အဖြစ် ပေးဆက်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

ဤတွင် ခေတ်အလိုက် စရိတ်ကြီးမားမှုကြောင့် အများပြည်သူတို့ အလွယ်တကူ ဝယ်ယူနိုင်စိမ့်သောငှာ အတွဲအတွဲခွဲ၍ အဆက်မပြတ် ကျမ်းတစောင်လုံး ပြီးဆုံးသည်အထိ ပုံနှိပ် လုပ်ဆောင်သွားမည်ဖြစ်ပါ၍ ဗုဒ္ဓဘာသာ ဝင်တိုင်းသည် မိမိတို့၏ စာအုပ်စင်၌ တတွဲပြီးတတွဲခွဲ၍ ဝယ်ယူဖတ်ရှုပူဇော်နိုင်ကြပါစေသတည်း။

| ဓမ္မပဒတွင် | ဂါထာ | ဝတ္ထု |
|---|---|---|
| ၁။ ယမကဝဂ် (တရားစုံအစု) | ၂၀ | ၁၄ |
| ၂။ အပ္ပမာဒဝဂ်(မမေ့မလျော့ခြင်းတရားအစု) | ၁၂ | ၉ |
| ၃။ စိတ္တဝဂ်(စိတ်တရားစု) | ၁၁ | ၉ |
| ၄။ ပုပ္ဖဝဂ် (ပန်းဥပမာ တရားစု) | ၁၆ | ၁၂ |
| ၅။ ဗာလဝဂ် (လူမိုက်တရားစု) | ၁၆ | ၁၅ |
| ၆။ ပဏ္ဍိတဝဂ် (ပညာရှိတရားစု) | ၁၄ | ၁၁ |
| ၇။ အရဟန္တဝဂ် (ရဟန္တာ တရားစု) | ၁၀ | ၁၀ |
| ၈။ သဟဿဝဂ် (တထောင်တရားစု) | ၁၆ | ၁၄ |
| ၉။ ပါပဝဂ် (မကောင်းမှုတရားစု) | ၁၃ | ၁၂ |
| ၁၀။ ဒဏ္ဍဝဂ် (ဒဏ်တရားစု) | ၁၇ | ၁၁ |
| ၁၁။ ဇရာဝဂ် (အိုခြင်းတရားစု) | ၁၁ | ၉ |
| ၁၂။ အတ္တဝဂ်(မိမိကိုယ်တရားစု) | ၁၁ | ၁၀ |
| ၁၃။ လောကဝဂ် (လောက တရားစု) | ၁၂ | ၁၁ |
| ၁၄။ ဗုဒ္ဓဝဂ်(ဘုရားရှင် တရားစု) | ၁၆ | ၆ |
| ၁၅။ သုခဝဂ်(ချမ်းသာခြင်းတရားစု) | ၁၀ | ၈ |
| ၁၆။ ပိယဝဂ်(ချစ်ခြင်းတရားစု) | ၁၂ | ၉ |
| ၁၇။ ကောဓဝဂ် (အမျက်ဒေါသတရားစု) | ၁၄ | ၈ |
| ၁၈။ မလဝဂ် (အညစ်အကြေးတရားစု) | ၂၁ | ၁၂ |
| ၁၉။ ဓမ္မဋ္ဌဝဂ်(တရားရှိခြင်းအစု) | ၁၇ | ၁၀ |

| | | | |
|---|---|---|---|
| ၂၀။ | မဂ္ဂဝဂ် (လမ်းစဉ်တရားစု) | ၁၇ | ၁၂ |
| ၂၁။ | ပကိဏ္ဏကဝဂ် (အထွေထွေတရားစု) | ၁၆ | ၉ |
| ၂၂။ | နိရယဝဂ် (ငရဲတရားစု) | ၁၂ | ၉ |
| ၂၃။ | နာဂဝဂ်(ဆင်ဥပမာ တရားစု) | ၁၄ | ၈ |
| ၂၄။ | တဏှာဝဂ်(တဏှာတရားစု) | ၂၆ | ၁၂ |
| ၂၅။ | ဘိက္ခုဝဂ် (ရဟန်းတရားစု) | ၂၃ | ၁၂ |
| ၂၆။ | ဗြာဟ္မဏဝဂ်(ပုဏ္ဏားတရားစု) | ၄၂ | ၄၀ |


※

ဤသို့ ဝဂ္ဂပေါင်း ၂၆ ဝဂ္ဂ(တရားစု) ခွဲခြားထားပြီး၊ဂါထာပေါင်း ၄၂၄ ဂါထာဖြင့် ဝတ္ထုပေါင်း ၃၀၅ ပုဒ်ပါဝင်လေသည်။ ဤတွင် စဉ်းစားရန်အချက်မှာ ဝဂ္ဂ (တရားစု) ၂၀ အထိသည် အကြောင်းအရာတူများနှင့် ထိုအကြောင်း အရာ၏ ဆန့်ကျင်ဘက်တို့ကို အကျိုးနှင့်အပြစ် ဖော်ပြ၍ အစုခွဲထားလာရာမှ တရားစု (ဝဂ္ဂ) ၂၁ တွင်မူ ပကိဏ္ဏကဝဂ် (အထွေထွေတရားစု) ဟူ၍ ဖော်ပြထားပေသည်။ ဤသည်ကို ချင့်တွက်လျှင် မူလ ဓမ္မပဒမှာ တရားစုပေါင်း ၂၁ စု၊ ဂါထာပေါင်း ၃၀၅ ဂါထာနှင့် ဝတ္ထုပေါင်း ၂၂၄ ပုဒ်သာ ပါရှိလိမ့်မည်ဟု ယူဆရပေသည်။

တရားစု အမှတ်စဉ် ၂၂မှ ၂၆ တို့သည်မူလ ဓမ္မပဒကိုတိုးချဲ့ထားခြင်းဖြစ်သည်ဟု ယူဆစရာရှိသည်။ ထိုတွင်တဖန် ထပ်မံဆန်းစစ်ကြည့်ပြန်လျှင် အမှတ် ၂၅ ဘိက္ခုဝဂ် အထိသည်ဒုတိယ

အကြိမ် ဖြည့်စွက်ခြင်း ဖြစ်ဟန်ရှိ၍ ဝဂ္ဂ ၂၆- ဗြဟ္မဏဝဂ် သည် တတိယအကြိမ် ဖြည့်စွက်သည်ဟု ယူဆစရာ ဖြစ်လာပြန် သည်။ အဘယ်ကြောင့်ဆိုသော် အမှတ်စဉ် ၁-မှ ၂၁ အထိ သည် ဝဂ္ဂပေါင်း တဝဂ္ဂလျှင် အများဆုံး ဂါထာ ၂၁- ပုဒ်ရှိ၍ ဒုတိယ တိုးချဲ့ခြင်းဟု ယူဆရသော အမှတ်စဉ် ၂၂မှ အမှတ်စဉ် ၂၅- တွင် တဝဂ္ဂလျှင် ၂၆ သာ အများဆုံးရှိခဲ့သည်။ နောက်ဆုံး ဗြဟ္မဏဝဂ်သည်ကား ဂါထာ ၄၂- ဝတ္ထုပေါင်း ၄၀- အထိ ပါရှိခြင်းဖြင့် သီးခြား ကွဲပြား ခြားနားမှုကြောင့် တတိယ တသုတ်ဟု ယူဆရန်အကြောင်းရှိပေသည်။

မည်သို့ပင်ဆိုစေ ဘုရား ရှင် ၏ ဟော ကြား တော် မူ သော ဒေသနာတော်များသာဖြစ်၍ ဝမ်းမြောက်စရာ အကြောင်းပင် ဖြစ်ပေသည်။

# ( ၃ )

ဤပထမတွဲတွင် ယမကဝဂ်နှင့် အပ္ပမာဒဝဂ် တရားအစု ဂါ ထာပေါင်း ၃၂ ပုဒ်၊ ဝတ္ထုပေါင်း ၂၃ ပုဒ် ပါရှိပေသည်။ နှစ် ဝဂ်မျှဖြင့် အတွဲတတွဲဆိုလျှင် အတွဲပေါင်းများပြားမည်ဟု ယူဆ ရန်ရှိပေသည်။ စင်စစ်မှာမူဝတ္ထု ၅-ကောသမ္ဗီရဟန်းများ ဝတ္ထု၌ အတိတ်ဇာတ်ကြောင်း ဒီဃာဝုဝတ္ထုနှင့် ဘုရားရှင် ပလလဲ တော၌ ဝါကပ်တော်မူသည်မှ ကောသမ္ဗီပြည်သား ရဟန်း များ ဘုရားရှင်ကို ဖူးခွင့်ရခြင်းအထိ ဝတ္ထုကြောင်းကို ဖော်ပြ ထားခြင်း။

ဝတ္ထုကြောင်း (ဂ) ရှင်သာရိပုတ္တရာ ဝတ္ထုတွင်လည်းသိဥ္စည်း ပရိဗိုဇ်၏ ဇာတ်ကြောင်းနှင့်တကွ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့အား အဂ္ဂသာဝက အရာပေးပုံ၊ အရှင်ကောဏ္ဍည၊အရှင်ယသ၊ ဘဒ္ဒဝဂ္ဂီ သုံးကျိတ်၊ ကဿပ ရသေ့ညီနောင်တို့၏ အတိတ်ဝတ္ထု ဗိမ္ဗိသာရ မင်းကြီး၏ ဆွေမျိုး ပြိတ္တာ များ အ ကြောင်း အဂ္ဂသာဝက နှစ်ပါးတို့၏ အတိတ်ဝတ္ထုတို့ပါ အကျယ် ဖော်ပြထားခြင်း။

ညီတော် အရှင်နန္ဒမထေရ်၏ ဝတ္ထု၊ ဒေဝဒတ် ဝတ္ထုတို့တွင်လည်း သိသင့်သမျှ ဗဟုသုတအရာ ပြည့်စုံစွာ ပါရှိစေလိုခြင်း။

သာမာဝတီ ဝတ္ထုတွင်ကား အကြောင်းအရာပေါင်းများစွာ ဗဟုသုတ အရာတွင် ခြွင်းချန်၍ ထားခဲ့မှု တာဝန်ရှိတော့မည်ဟုယူဆ၍ ဥတေနမင်း ဇာတ်မှစပြီး ဃောသက၏ ဆန်းကြယ်သော ဝတ္ထု ဆန်လှသည့် ဇာတ်လမ်း၊ ဥတေနနှင့် စန္ဒပဇ္ဇောတမင်း၊ဝါသုလဒတ္တဇာတ်လမ်း၊ မာဂဏ္ဍီ၏ မွေးသည်မှစ၍ သေသည်အထိ ဇာတ်လမ်း၊ ခုဇ္ဇုတ္တရာ၏ ဇာတ်လမ်းမှစ၍ အတိတ်ဝတ္ထုများအထိ၊ ဖတ်စရာ မှတ်စရာများ၊ ဖတ်၍ကောင်း မှတ်ရန်ကောင်းသော ဝတ္ထုများကို မပိုစေ၊ မလိုစေပဲ ဖော်ပြထားခဲ့ခြင်း။

မာဃဇာတ်တွင်လည်း ဗဟုသုတအရာ သိစရာတို့ကို ဖော်ပြခဲ့ခြင်း။

ဤသို့လျှင် စေ တ နာ လျှင် ရှေ့ သွား ရှိ သော ကြောင့် တကြောင်း၊ အပ္ပမာဒဝဂ်လာ ဇာတ်တော်များမှာမှတ်သားစရာ ဗဟုသုတပွားစရာ များပြား လေသောကြောင့် ပထမတွဲ အပ္ပမာဒဝဂ်ဂါထာပေါင်း ၃၂၊ ဝတ္ထုပေါင်း ၂၃ ပုဒ်သာပါရှိနိုင်ခဲ့ပေသည်။ ထဖန်လည်း နှိုင်းဆကြည့်ပါမူ အသျှင်စန္ဒိမာ၏မူသည် ဤစာအုပ်၏ နှစ်ဆခန့်အရွယ်ရှိသော စာအုပ် အရွယ်အစားတွင် အပ္ပမာဒဝဂ်သည် စာမျက်နှာ ၄၉၀မျှ ရှိခဲ့သည်။ အသျှင်စန္ဒိမာ၏ စာအုပ်အရွယ် တဝက်မျှရှိသောဤစာအုပ်သည် စာမျက်နှာ ၂၄၀-ခန့်၊တနည်းအားဖြင့်ဆိုသော် မြို့သစ်ကျောင်းတိုက် ဆရာတော် အရှင်တိလောကသာရ၏ခေတ်မီ မြန်မာဓမ္မပဒ ဝတ္ထုကြီး၏ စာမျက်နှာတို့၏ တဝက်မျှသာ ရှိပါလိမ့်မည်။

မည်သို့ပင်ဆိုစေ၊ စေတနာလျှင်ရှေ့သွားပြု၍ ပြုစုအပ်သော ဤကျမ်းကို သုတအရာ သိစရာမှန်သမျှ သိစေရမည် ဟူသော အာသီသ၊ ဒေသနာတော်များကို အလွယ် ရှင်းရှင်း လင်း လင်း သိစေရန် မကြွင်းမကျန်စေရဟူသော အာသီသ၊ ဖတ်ရှုရာတွင် လူကြီးလူငယ်မရွေး ဝတ္ထုသဖွယ် စိတ်ဝင်စား၊ အမြွတ်တနိုး အလေးအမြတ် ဖတ်ရှုကြစေလိုသော အာသီသ၊ ဝယ်ယူရာတွင် မခက်ခဲ မိမိအင်အားနှင့် ချင့်ချိန်၍၊ တတွဲတတွဲစီ ခွဲ၍ ဝယ်ယူရခြင်းဖြင့် အတွဲစုံ စုဆောင်းမိစေလိုသော အာသီသဖြင့်ဒေသနာတော်လာ ဇာတ်တော်များကို စုံစေ့စွာ ပါရှိစေပြီး၊ အကျယ်ကိုလည်း ချုံ့၍ အကျဉ်းကိုလည်း အဓိပ္ပာယ်ငုပ်အောင်မကျဉ်းစေပဲဤအရွယ် ဤဈေးနှုန်းအတွဲ ၅ တွဲနှင့် အပြီးသတ်ရန်ရည်သန် ပြုစုအပ်ပါသတည်း။

## ဆုတောင်းပတ္တနာ

မနောပုဗ္ဗင်္ဂမာ၊ စေတနာလျှင် ရှေ့သွားပြု၍ အများရှင်လူ၊ များဖိုလ်သူတို့၊ ကြည်ညိုသဒ္ဓါ၊ ပွား များ နိုင် ကြ ပ ါစေခြင်းအကျိုး၊ ဗဟုသုတအရာ တိုးပွားစေလိုသောအကျိုး၊ လောကီအကျိုး၊ ချမ်းသာမှု၊ စီးပွားမှုတိုးတက်ရာတိုးတက်ကြောင်းနည်းလမ်းကောင်းများနှင့်တကွ၊ လောကုတ္တ ရာ အကျိုး၊ နိဗ္ဗာန်၏တံခါးဝသို့လမ်းညွှန်ပြသော၍ဓမ္မပဒကျမ်းကို လွယ်ကူနှစ်ခြိုက်စွာ ဖတ်ရှုလေ့လာ ကျင့်သုံးနိုင်အောင် ပြုစုသော စေတနာကံကြောင့်နိဗ္ဗာန်မဂ်ဖိုလ်ရက်တိုတို့နှင့်ရောက်ရှိနိုင်ပါစေသတည်း။

ကျမ်းပြုနှစ် ၁၉၆၉ ခု၊ စက်တင်ဘာလ

ကျမ်းပြီးနှစ် ၁၉၇၇ ခု၊ ဒီဇင်ဘာလ၊

# [၁] ယမကဝဂ်

## ၁။ ဝိပါက်ကြမ္မာ မလွတ်သာ

(စက္ခုပါလ မထေရ်ဝတ္ထု)

မကောင်းသောစိတ်ဖြင့် ကြံစည်လျှင် ၎င်း၊ ပြောဆိုလျှင်၎င်း၊ ပြုလုပ်လျှင်၎င်း၊ နွား၏ ခြေရာသို့အစဉ်လိုက်၍ နင်းသော လှည်းဘီးကဲ့သို့ ထို အကုသိုလ်ကံသည် နောက်မှ အစဉ်ကပ်၍လိုက်လေသည်။

(မနောပုဗ္ဗင်္ဂမာဓမ္မာ) အစဖြာသောဒေသနာတော်ကို ဇေတဝန် ကျောင်းတော်၌ စက္ခုပါလ မထေရ်အား အကြောင်းပြု၍ ဟောကြားတော်မူသည်။

## ပစ္စုပ္ပန်ဝတ္ထုကြောင်းကား

သာဝတ္ထိပြည်မှ မဟာဝဏ္ဏ သင်္ဌေးကြီးသည် တောစိုးသစ်ပင်ကြီး၌ ဆုတောင်းခြင်းဖြင့် ရအပ်သော သားနှစ်ယောက်ကို မဟာပါလ၊ စူဠပါလဟု အမည်မှည့်၏။ အရွယ်ရောက်၍ မိဘနှစ်ပါးတို့ ကွယ်လွန်ကြသော် အမွေကို ဆက်ခံကြကုန်၏။

## ထိုစဉ်က သာဝတ္ထိပြည်

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နှစ်ဆယ့်ငါးဝါတိုင်တိုင် ဝါဆိုတော်မူခဲ့၏။ အနာထပိဏ်သင်္ဌေးသည် ငါးဆယ့်လေးကုဋေ အကုန်ခံ၍ဆောက်လုပ်လှူဒါန်းသော ဇေတဝန် ကျောင်းတော်၌ တဆယ့်ကိုးဝါ၊ဝိသာခါဒါယိကာမကြီးသည်**မဟာလတာတန်ဆာ၏အဘိုးကို ပမာနပြု၍**(တဆယ့်ခုနစ်ကုဋေ)အကုန်ခံ၍ ဆောက်လုပ်လှူဒါန်းအပ်သော ပုဗ္ဗာရုံ ကျောင်းတော်၌ ခြောက်ဝါအားဖြင့် သာဝတ္ထိပြည်၌ နှစ်ဆယ့်ငါးဝါတိုင်တိုင်သီးတင်းသုံးတော်မူခဲ့၏။ အနာထပိဏ်သင်္ဌေးကြီးသည်၎င်း၊ ဝိသာခါ ဒါယိကာမကြီးသည်၎င်း တနေ့နှစ်ကြိမ်ဆည်းကပ်ရန် သွားကြ၏။ သွားတိုင်းလည်းအချည်းနှီးသောလက်ဖြင့်မသွား "သာမဏေတို့သည် ငါတို့လက်ကို ကြည့်ကြကုန်လိမ့်မည်" ဟု တွေးတော၍ နံနက်အခါ သွားသော် ခဲဖွယ် ဘောဇဉ်တို့ကိုယူ၍ သွားကြ၏။ ညနေချမ်းအခါသွားသော် ဆေးငါးပါး အဖျော်ရှစ်ပါးတို့ကို ယူဆောင်၍ သွားကြကုန်၏။ ထိုသူနှစ်ဦးတို့၏ အိမ်၌ နှစ်ထောင်

နှစ်ထောင်ကုန်သော ရဟန်းတော်တို့အတွက် ခင်းထားသော နေရာရှိ၏။ ဆွမ်းအဖျော်၊ ဆေး အလိုရှိရာ ရနိုင်၏။ ထိုစဉ်က သာဝတ္ထိပြည်၌ခုနစ်ကုဋေသောသူတို့ နေကြ၍ ငါးကုဋေမျှသည့် အရိယာ သာဝကတို့ဖြစ်ကြ၏။ နှစ်ကုဋေသော လူတို့သည်သာ ပုထုဇဉ်ဖြစ်ကြ၏။အရိယာ သာဝကတို့သည် နံနက်အခါ၌ အလှူဒါနကို ပေးကုန်လျက် ညနေချမ်း အခါ ပန်းနံ့သာ တို့ဖြင့် ကျောင်းတော်သို့သွားလေ့ ရှိကြ၏။ မဟာ ပါလလည်း တရားနာအံ့သောငှာ လိုက်ပါသွား၏။

## မဟာပါလ ရဟန်းဘဝ သို့

မြတ်စွာဘုရားသည် ကျွတ်ထိုက်သော မဟာပါလကို မြင်တော် မူ၍ ဒါနတရား၊ သီလတရား၊ ကာမဂုဏ်၏ ယုတ်ညံ့ ညစ်ညူးသော အပြစ်၊ တောထွက်ခြင်း၏ အကျိုးတို့ကို ဟောတော်မူသည်တွင် မဟာပါလသည် ငါ့သေလျှင် ငါ့ညီ၊ ငါ့စည်းစိမ်တို့သည် ငါ့နောက်သို့ မလိုက်၊ငါ့ခန္ဓာသည်ပင် ငါ့နောက်သို့ မပါနိုင်၊ ငါသည်လူ့ဘောင်၌နေ၍ အဘယ် အကျိုးရှိအံ့နည်းဟု မြင်သိ၍ ရဟန်းပြု ပေးပါရန် လျှောက်ထား၏။ ဘုရားသခင်က "သင့်တွင် ခွင့်တောင်းအပ်သောသူ ရှိလျှင် ခွင့်တောင်းလေဦး" ဟု မိန့်တော်မူ၍ ညီဖြစ်သူ စူဠပါလထံ ခွင့်တောင်း၏။ ညီက "အစ်ကိုကြီးအားမိဘ မရှိသည့်၌ အဘအရာထားပါသည်။ အိမ်၌ပင်နေ၍ ကုသိုလ်ကောင်းမှုကို ပြုနိုင်ပါသည်။ယခုငယ်ပါသေးသည် ကြီးမှ ရဟန်းပြုပါ" ဟု တောင်းပန်၏။

"ညီမောင်၊ အိုမှ ရဟန်းပြုလျှင် အဘယ်မှာတရားအားထုတ်နိုင်တော့အံ့နည်း" ဟု ဆို၍ ညီဖြစ်သူအား စည်းစိမ်ဥစ္စာများ လွှဲအပ်၍ ရဟန်းပြုလေ၏။

## ရဟန်းတို့ ကျင့်ရသော ဝတ်နှစ်ပါး

မဟာပါလသည် ဥပဇ္ဈာယ်ဆရာထံ၌ ငါးဝါပတ်လုံး နေထိုင်၍ ဝါကျွတ်ချိန်တွင် ပဝါရဏာပြုပြီးလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုး၍ ရဟန်းတို့ကျင့်ရာသောဝတ်ကို မေးလျှောက်၏။ ဘုရားသခင်က "ဂန္ထဓုရ (ကျမ်းဂန် သင်ကြားမှု တာဝန်)နှင့် ဝိပဿနာဓုရ(အားထုတ်မှုတာဝန်)နှစ်ပါး ရှိပေ၏" ဟုဖြေကြားတော်မူ၏။

"မြတ်စွာဘုရား၊ တပည့်တော်သည် ကြီးရ ရဟန်းပြုရသည် ဖြစ်၍ ဝိပဿနာဓုရကိုသာ ဖြည့်ကျင့်ပါအံ့။ ကမ္မဋ္ဌာန်းကိုသာ ပေးတော်မူပါ" ဟု လျှောက်၏။ မြတ်စွာဘုရားသည်မဟာပါလ ရဟန်းအား အရဟတ္တဖိုလ် တိုင်အောင်သော ကမ္မဋ္ဌာန်းကို ဟောတော်မူ၏။

## အမိဋ္ဌာန်ပြုကြခြင်း

မဟာပါလသည် ပဝါရဏာ ပြုပြီးသော် မိမိနှင့်သဘောညီညွတ်ရာ ခြောက်ကျိပ်မျှသော ရဟန်းတို့နှင့် ယူဇနာ တရာ့နှစ်ဆယ်ကွာဝေးသော ရွာကြီးကိုအမှီပြု၍ထိုရွာအနီးတောအုပ်

တွင် ကမ္မဋ္ဌာန်းတရား အားထုတ်နေကြရာ ရွာရှိဆေးဆရာတဦးက "ဆေးဝါးများ အလိုရှိခဲ့သော်"ဟု ဖိတ်ကြားထား၏။

ဝါကပ်အံ့သောနေ့တွင် ရဟန်းခြောက်ကျိပ်တို့ စုဝေးပြီး၊ ဝါတွင်းသုံးလပတ်လုံး ထခြင်း၊ထိုင်ခြင်း၊ သွားခြင်း၊ အိပ်ခြင်း တည်းဟူသောဣရိယာပုတ်လေးပါးတွင် အိပ်ခြင်းသည်မိန်းမောမေ့လျော့ တတ်ခြင်းကြောင့် မမေ့မလျော့ အားထုတ် နိုင်ရန် (ငါသည်)ဝါတွင်း သုံးလပတ်လုံး လဲလျောင်း အိပ်စက်ခြင်း မပြုဟု မဟာပါလက ပြောလျှင် ရဟန်းတို့က ကောင်းလှပါပြီ အရှင်ဘုရား အပ္ပမာဒတရားဖြင့် အားထုတ်၍ နေကြပါကုန်အံ့ ဟု အချင်းချင်း တိုက်တွန်း နှိုးဆော်ကြကုန်၏။

## မျက်စိ ဝေဒနာ စွဲကပ်ရှာ

ဤသို့အမိဋ္ဌာန်ပြုကာကျင့်ကြံအားထုတ်နေကြရာမှတနေ့တွင် မဟာပါလမထေရ်၏ မျက်စိတို့မှ မျက်ရည်များသည် အိုးပေါက်မှ ရေယိုသကဲ့သို့ ကျဆင်းလာကြသဖြင့် ရဟန်းတို့သည် ဆေးဆရာထံတွင် မျက်စဉ်း အလှူခံ၍ မဟာပါလအား ကပ်ကြ၏။ မဟာပါလလည်း ထိုင်လျက်ပင်မျက်စဉ်းကိုခပ်၏။ရွာသို့ ဆွမ်းခံဝင်လေလျှင် ဆေးဆရာက မေးလေသော် "မျက်စဉ်းကို ခပ်ပါ၏။နာမြဲတိုင်းပင်"ဟု မဟာပါလကဆို၏။ဤမျက်စဉ်းသည် တကြိမ်ခပ်ရုံနှင့် ပျောက်ကင်းနေကျ ဖြစ်ပါသည်။ အရှင်ဘုရား ထိုင်၍ ခပ်သလော၊ လျောင်း၍ ခပ်သလော" ဟု မေး၏။

မဟာပါလသည် ဆိတ်ဆိတ်နေ၏။ ထပ်မံမေးပြန်သော် "တကာ သွားလော့" ဟု ဆို၏။

## ဆေးဆရာက တရားချခြင်း

ဆေးဆရာ မဟာပါလ၏ ကျောင်းသို့ သွား၍ စုံစမ်း၏။ လျောင်းသည့် အိပ်ရာကို မတွေ့လျှင် မထေရ်အား လျှောက်ထား၏။

"အရှင်ဘုရား၊ ရဟန်းတို့မည်သည်မှာ ကိုယ်ကိုမျှတအောင် ဆောက်တည်မှသာ တရားတော်တို့ကို အားထုတ် နိုင်ပါမည်။ လျောင်း၍ ခပ်တော်မူပါ၊ မျက်စိဝေဒနာ ပျောက်ကင်းပါအံ့" ဟု ဆို၏။

မထေရ်လည်း ဆိတ်ဆိတ်ပင်နေ၏။

ဆေးဆရာက ထပ်မံလျှောက်ထားပြန်လျှင်....

"တကာ....ပြန်လော့။ ငါတိုင်ပင်ဦးအံ့" ဟု ဆိုသဖြင့် ဆေးဆရာလည်း ပြန်လေ၏။

## မိမိကိုယ်ကို ဆုံးမခြင်း

ဆေးဆရာပြန်သွားပြီးနောက်မဟာပါလသည်မိမိကိုယ်ကိုယ်တိုင်ပင်"ငါ့ရှင် ဤသံသရာ၌ ဘဝပေါင်းများစွာ မျက်စိကန်းခဲ့ရသည်မှာ သင်ရေတွက်၍ ရနိုင်အံ့လော၊ ဘုရားရှင်ပေါင်းများစွာကို လွဲခဲ့ရပြီ မဟုတ်လော၊ယခုမူ သံသရာမှလွတ်မြောက်

ရေးအတွက် ဝါတွင်းသုံးလပတ်လုံး လျောင်းခြင်း ဣရိယာပုတ်ကို မပြုဟူ၍ နှလုံး၌ ဆုံးဖြတ်၍ ဆောက်တည်ခဲ့သည် မဟုတ်လော၊ မျက်စိတို့သည် ပေါက်ကွဲထွက်ပါစေ၊ ဤကိုယ်ကာယပင် မှုန့်မှုန့်ညက်ညက် ကြေပါစေ၊ မမေ့မလျော့ခြင်း အားဖြင့် လုံ့လပြုလေလော့''ဟူ၍ မိမိကိုယ်ကို ဆုံးမပြီးနောက်ကမ္မဋ္ဌာန်းတရားကို ပြင်းထန်စွာ အားထုတ်၏။ နောက်တနေ့တွင် ဆွမ်းခံကြွရာ ဆေးဆရာက ''လျောင်း၍ ခပ်ပါသလော'' ဟုအကြိမ်ကြိမ် မေးသော်လည်း ဆိတ်ဆိတ် နေလေသဖြင့် ဆေးဆရာက ''အရှင်ဘုရား၊ တပည့်တော်ဆေးကုပေးသည်ဟုတစုံတယောက်ကိုမျှ မပြောပါလေနှင့် တပည့်တော်လည်း မပြောပါ'' ဟု ဆိုကာ ထွက်ခွာသွားတော့၏။

## ရဟန္တာဖြစ်ခြင်း

''ဆေးဆရာလည်း စွန့်ပယ်သွားလေပြီ၊ ဘုရားသာသနာသို့ဝင်၍ရဟန်းပြုစဉ်ကပင် မိမိခန္ဓာကိုယ်ကို စွန့်လွှတ်သော စိတ်ဖြင့်ဝင်ခဲ့သည်မဟုတ်လော၊ မျက်စိဝေဒနာကြောင့် ဘုရားတရားတော်များကို အဘယ်ကြောင့် မေ့လျော့ အပ်ပါမည်နည်း။ မမေ့ မလျော့ခြင်းဖြင့် လုံ့လပြုလေလော့ ' ဟု ကိုယ့်ကိုယ်ကို ဆင်ခြင်ဆုံးမပြီး ကမ္မဋ္ဌာန်းတရားကို ကြိုးစား အားထုတ်ခြင်းပြုခဲ့ရာ မိုးသောက်ယံအကျတွင် နှစ်ဖက်သော မျက်စိတို့ ပေါက်ကွဲပျက်စီးသည်နှင့် မရှေးမနှောင်းပင် သုက္ခဝိပဿက (ဈာန်မရသော) ရဟန္တာအဖြစ်သို့ ရောက်ရှိတော် မူလေ၏။

## ရဟန်းခြောက်ကျိပ် ရဟန္တာဖြစ်ကြခြင်း

ဆွမ်းခံချိန်ရောက်လျှင် အဖော်ရဟန်းတို့က မဟာပါလအား အကြောင်းကြားလေသော် "ငါ့ရှင်တို့သာ သွားကြပါ၊ ငါ့မျက်စိတို့ ကွယ်လေပြီ" ဟု ဆိုမှ ရဟန်းတို့လည်း သံဝေဂရသဖြင့် ကြီးစွာသော စိတ်မကောင်းခြင်း ဖြစ်ကြပြီးနောက် "အရှင်ဘုရား မစိုးရိမ်ပါလင့် တပည့်တော်တို့လုပ်ကျွေးကြပါမည်" ဟု ဆွမ်းခံထွက်ကြရာ ရွာသားတို့လည်း မဟာပါလကို မမြင်၍ မေးလျှောက်ရာမှ မျက်စိပျက်သော အဖြစ်ကို သိ၍ ပူဆွေးငိုကြွေးကြပြီး ပိုမို သဒ္ဓါကြည်ညိုစွာ လုပ်ကျွေးကြကုန်၏။

(ထိုအခါမှ စ၍ စက္ခုပါလ မထေရ်တွင်သတည်း။)

စက္ခုပါလ မထေရ်သည်ခြောက်ကျိပ်မျှသော ရဟန်းတို့အား ဟောပြောပြသ ဆုံးမခဲ့၏။ ရဟန်းခြောက်ကျိပ်တို့လည်း တရားကို အားထုတ်ကြရာ သီတင်းကျွတ်လပြည့် ပဝါရဏာနေ့ အနီး၌ ပဋိသမ္ဘိဒါပတ္တရဟန္တာများ ဖြစ်ကြလေ၏။

## ဇေတဝန် ကျောင်းတော်သို့

ဝါကျွတ်လျှင် ရဟန်းခြောက်ကျိပ်တို့ ဘုရားသခင်ထံဖူးမြင်ရန်သွားကြ၏။ စက္ခုပါလ မထေရ်လည်း မိမိမျက်စိကြောင့် ရဟန်းခြောက်ကျိတ်တို့ ခရီးနှောင့်နှေးခြင်း မဖြစ်စေလို၍အတန်တန် လျှောက်ထားကြသည့်တိုင် "ငါ့ရှင်-ငါ့ညီစူဠပါလကိုပြောကြားပါ၊ တစုံတယောက်သောသူကိုစေလွှတ်ခေါ်မှ လာခဲ့တော့အံ့" ဟု မှာကြားလိုက်၏။

## ပါလိတသာ့မဏောနှင့် ကြွခဲ့ခြင်း

သာဝတ္ထိပြည်သို့ရောက်လျှင် မဟာပါလမထေရ် ပါမလာ၍ မေးလျှောက်ရာမှ အကြောင်းစုံ သိရပြီးစိုးရိမ်ပူပန်စွာဖြင့် တူဖြစ်သူ ပါလိတအား သာမဏေပြုစေ၍ စက္ခုပါလ မထေရ်ကို ပင့်ဆောင်ခဲ့ရန် စေလွှတ်လေသည်။

ပါလိတသည် စက္ခုပါလမထေရ်ထံသွားရောက်၍ တူဖြစ်သူ ပါလိတဖြစ်ကြောင်း လျှောက်ထားသဖြင့် သာဝတ္ထိပြည်သို့ ပါလိတ၏ တောင်ဝှေးစွန်းကိုကိုင်ကာအတူလိုက်ပါခဲ့လေသည်။

## ထင်းခွေမိန်းမ၏ သီချင်းသံ

ဤသို့လာခဲ့ကြရာ တောအုပ်တခုအတွင်းမှ ထင်းခွေမိန်းမတယောက်၏ သီချင်းသံကို ကြားရလေရာ ပါလိတသာမဏေလည်း စက္ခုပါလအား-

"အရှင်ဘုရား ဤတွင်ခေတ္တနားနေပါဦး၊ တပည့်တော်ကိုယ်လက်သုတ်သင်လိုပါသည်"

ဟု ပြော၍ ထင်းခွေသော မိန်းမနှင့် ပေါင်းဖော်ခြင်းကိစ္စအမှုကို ပြုလေ၏။

စက္ခုပါလမထေရ်က ပါလိတလည်း ကြန့်ကြာလှသည်။ မိန်းမ၏ သီချင်းသံလည်းကြားရသည်။ ပါလိတသာမဏေ သီလပျက်လေပြီဟု စဉ်းစားမိလေသည်။

ပါလိတသာမဏေ ပြန်လာပြီး တောင်ဝှေးကို ကိုင်ဆွဲ၍ခရီး ဆက်မည်ပြုလေရာ-

"သင်သည်ယုတ်မာသော အမှုကို ပြုသောသူဖြစ်သည်။ ငါ့ တောင်ဝှေးစွန်းကို မကိုင်းကောင်းတော့ပြီ"

ဟု ဆိုတော့သည်။ ပါလိတလည်း အလွန်ထိတ်လန့်ခြင်း ဖြစ်၍ လူဝတ်လဲပြီးသော်-

"အရှင်ဘုရား တပည့်တော်လူဖြစ်ပါပြီ၊သာမဏေအဝတ်ကို ဝတ်လာခဲ့သည်မှာ သဒ္ဓါ၍မဟုတ်ပါ၊ လမ်းခရီး၌ ဘေးရန်ကို ကြောက်၍သာ ဝတ်ရခြင်းဖြစ်ပါသည်။ ခရီးဆက်ကြပါအံ့"

ဟုဆိုသော် စက္ခုပါလ မထေရ်လည်း-

"ငါ=သင်နှင့် မလိုက်လိုတော့ပြီ"

"အရှင်ဘုရား၊ဤတောအရပ်၌ ဘေးရန်များစွာရှိပါသည်။ လိုက်တော်မူပါ"

"တောအရပ်၌ ဘေးဖြစ်၍ သေသော်လည်း သေပါစေ၊ (လူမိုက်နှင့်ခင်ပွန်းမဖွဲ့လို) ငါမလိုက်တော့ပြီ"

ဟု ဆိုလေသော်ပါလိတလည်း ထိတ်လန့်ငိုကြွေးလျက်စက္ခု ပါလမထေရ်ကို ထားခဲ့ပြီး ပြေးလေတော့သည်။

## သီလတန်ခိုးက သိကြားကို နှိုးဆော်

စက္ခုပါလ မထေရ်၏သီလတန်ခိုးကြောင့် သိကြားမင်းစံရာ ဝတိံသာ၌ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာတင်း၍ လူ့ပြည်သို့ ကြည့်လေသော် စက္ခုပါလမထေရ်၏ အဖြစ်ကိုသိမြင်ရလေလျှင်

သာဝတ္ထိပြည်သွားမည့် ခရီးသည် ဟန်ဆောင်လျက် စက္ခုပါလ မထေရ် နေခဲ့ဘူးသော ကျောင်းသခ်မ်းအရောက် ပို့ပေးကာ စူဠပါလ သူကြွယ်အိမ်သို့သွားပြီး စက္ခုပါလမထေရ် ရောက်လာသည်ကိုလည်း အကြောင်းကြားလေ၏။

စက္ခုပါလမထေရ်သည် လျင်မြန်စွာရောက်လာရသောအဖြစ်ကိုဆင်ခြင်၍ ဤသူသည် နတ်သိကြားဖြစ်သည်ဟု ဆိုလေ၏။ စူဠပါလသည် နောင်တော်၏ ခြေကိုဖက်၍ ငိုပြီးသော် မိမိကျွန်နှစ်ယောက်အား ရှင်သာမဏေပြုစေ၍ စက္ခုပါလမထေရ်အား လုပ်ကျွေးကြစေ၏။

## စိတ်သာရှင်စော ဘုရားဟော

တနေ့တွင် ဇနပုဒ်မှ ရဟန်းတို့သည် မြတ်စွာဘုရားအား ဖူးမြင်ရန် လာကြကုန်သည်။ ကျောင်းစဉ်အတိုင်း လာကြ၍ စက္ခုပါလ မထေရ်အား ဖူးမြင်ရန်အသွား မိုးသည်းထန်စွာ ရွာ၍ ယနေ့မိုးချုပ်ပြီ နက်ဖြန်နံနက်စောစောမှ သွားရောက်ဖူးမြင်မည်ဟု ကြံစည်ထားကြ၏။

မိုးသည် သန်းခေါင်ယံတွင်စဲ၏။ စက္ခုပါလ မထေရ်သည် ကမ္မဋ္ဌာန်းကို အားထုတ်၍ မိုးသောက်တွင် စင်္ကြံသွားလေ၏။ စင်္ကြံဦး မိုးစိုသောမြေတို့တွင် မိုးရေဖြင့် အတောင်စို၍ မြေတွင် ကျနေသောပိုးဖလံတို့ကိုနင်းမိသဖြင့် ပိုးဖလံတို့ သေကြေကြကုန်၏။

နံနက်မိုးသောက်၍ စက္ခုပါလ မထေရ်ကို ဖူးမြင်ရန်လာကြသော ဇနပုဒ်ရဟန်းတို့သည် စင်္ကြံ၌ပိုးဖလံတို့သေနေကြသည်ကို မြင်သောအခါ....

"မျက်စိမြင်စဉ်က စင်္ကြံမသွား၊ အိပ်၍သာနေပြီး တရားကို အားမထုတ်ခဲ့။ မျက်စိမမြင်မှ စင်္ကြံသွား၍ သတ္တဝါတို့သေကြေ ကြရသည်။ မိမိ၏အကျိုးစီးပွားအတွက် ကျင့်ကြံပါသော်လည်း အကျိုးမဲ့ကိုသာ ပြုမိလေသည်" ဟု ကဲ့ရဲ့ကြကုန်၏။

ထိုမျှနှင့် အားမရ၍ ဘုရားထံလျှောက်ထားကြ၏။ မြတ်စွာ ဘုရားက....

"ရဟန်းတို့ သင်တို့သည် စက္ခုပါလမထေရ် သတ်သည်ကို မြင်သလော"

"မမြင်ပါဘုရား"

"သင်တို့သည် စက္ခုပါလသတ်သည်ကိုလည်းမမြင်၊ စက္ခု ပါလသည်လည်း ပိုးဖလံတို့ကိုမမြင်၊ ရဟန္တာသည် သတ္တဝါ တို့ကို သေစေလိုသောစိတ်မရှိ"

ဟု မိန့်တော်မူ၏။

## မကောင်းမှုကံသည့် ထက်ချပ်မကွာ

ရဟန်းတို့က....

"အရှင်ဘုရား ရဟန္တာဖြစ်လျက် အဘယ့်ကြောင့် မျက်စိ ကန်းရသနည်း" ဟု မေးလျှောက်ကြ၏။

"ရဟန်းတို့ စက္ခုပါလမထေရ်သည်ကား ရှေးမကောင်းမှု ကံကြောင့် ကန်းပေသည်"

"ရှေးမကောင်းမှုကံကြောင့် ကန်းကြောင်းကို မိန့်တော် မူပါဘုရား"

မြတ်စွာဘုရားသည် အတိတ်ကိုဆောင်၍ ဟောတော်မူ၏။

# ဝိပါက်ကြမ္မာ မလွတ်သာ

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် စက္ခုပါလမထေရ်အလောင်းသည် ဆေးသမားဖြစ်ခဲ့၏။ မိန်းမတယောက် မျက်စိနာသည်ကို မြင်လေလျှင် "သင့်ရောဂါကို ငါကုမည်။ အဖိုးအခဘယ်မျှပေးမည်နည်း" ဟု မေး၏။ မိန်းမလည်းပျော်ချင်ဇောဖြင့် "ငါ့မျက်စိမြင်လျှင် ငါနှင့်တကွ သားသမီးများပါ ကျွန်ခံပါမည်" ဟု ဆို၏။ ဆေးသမားလည်း ကောင်းပြီဟုဆိုကာ ဆေးတကြိမ်ခပ်ပေးရုံနှင့် မိန်းမ၏မျက်စိတို့သည် ပြန်၍မြင်လေတော့သည်။

မိန်းမသည် မျက်စိမြင်လေလျှင် ကျွန်ခံရမှာကြောက်ပြီး မမြင်သေးဟန်ဆောင်နေလေသည်။ ဆေးသမားက "မြင်ပြီလား" ဟု မေးလေလျှင် "မမြင်သေးပါ၊ ရှေးကထက်ပို၍နာသေးသည်"ဟု ဆိုသည်။

ဆေးသမားလည်း ထိုမိန်းမ လှည့်စားကြောင်း သိသဖြင့် အမျက်ထွက်ပြီး ကန်းစေတတ်သောဆေးကို ခပ်ပေး၍ မိန်းမလည်း ကန်းမြဲတိုင်း ပြန်၍ကန်းရလေတော့သည်။

"ချစ်သားရဟန်းတို့ စက္ခုပါလမထေရ်ပြုခဲ့သောမကောင်းမှုသည် နောက်မှအစဉ်လိုက်ခဲ့သည်ဖြစ်၏။ လှည်းဆွဲသောနွားလား၏ ခြေရာနောက်သို့ လှည်းဘီးသည် အစဉ်လိုက်သကဲ့သို့တည်း-ဟူ၍ မြတ်စွာဘုရားသခင်သည်-

(၁) မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာစေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမနွေတိ၊ စက္ကံဝ ဝဟတော ပဒံ။

ဟူသောဂါထာကို ဟောတော်မူ၏။

ချစ်သားတို့-

(၁) စိတ်သည် ရုပ်တရား နာမ်တရားတို့၏ ရှေ့ဆောင်ကြီးမှူး ဖန်တီးသူဖြစ်၏။ အကြင်သူသည် မကောင်းယုတ်မာသော စိတ်ဖြင့် ပြောသော်၎င်း၊ ပြုသော်၎င်း၊ ကြံစည်သော်၎င်း လှည်းဘီးသည် နွား၏ခြေရာနောက်သို့ အစဉ်လိုက်သကဲ့သို့ မကောင်းသောစိတ်ဖြင့် ပြောမိ၊ ပြုမိ၊ ကြံစည်မိသူ၏နောက်သို့ ဆင်းရဲဒုက္ခများသည် ဘဝများစွာ ဖြစ်လေရာ၌ အစဉ်လိုက်လေသတည်း။

ဤဒေသနာတော်မြတ်၏ အဆုံး၌ သုံးသောင်း မျှလောက်သော ရဟန်းတို့သည် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာဖြစ်ကြလေကုန်၏။

(ဓမ္မပဒ-ယမကဝဂ်၌ ရှေးဦးစွာသော စက္ခုပါလ မထေရ်ဝတ္ထု ပြီး၏။)

## ၂။ စိတ်ထားတတ်လျှင် မြတ်၏

### (မဋ္ဌကုဏ္ဍလီ ဝတ္ထု)

**ကောင်းသောစိတ်ထားဖြင့် ပြုမူပြောဆိုကြစည်သူအား ကောင်းကျိုးချမ်းသာခြင်းသည် ထက်ချပ်မကွာ ကပ်၍ ပါလေ၏။**

မနောပုဗ္ဗင်္ဂမာ အစဖြာသော ဂါထာတော်ကို သာဝတ္ထိပြည်၌ မဋ္ဌကုဏ္ဍလီသဌေးသားကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား

သာဝတ္ထိပြည်၌ အလွန်စေးနှဲသောအဒိန္နပုဗ္ဗကအမည်ရှိသော သဌေးကြီးတဦးရှိလေသည်။ ထိုသဌေးသည် မည်သူ့ကိုမှပစ္စည်းတစုံတရာမပေးဘူးသောကြောင့် အဒိန္နပုဗ္ဗကဟု ခေါ်ကြသည်။

ထိုသဌေးကြီးတွင် သားတယောက်ရှိလေ၏။ ချစ်ရှာလွန်း၍ သား ကလေးအား နားဒောင်း ဆင် ပေးချင် သော် လည်း ပန်းတိမ် လက်ခ ပေးရမည်ကို နှမြောလှသဖြင့် မိမိကိုယ်တိုင် နားဒောင်းလုပ်၍ သားကို ဆင်ပေး၏။ လက်ရာမကျ မလှမပ နားဒောင်းကြောင့် ထိုသားသည် မဋ္ဌကုဏ္ဍလီ အမည် တွင်လေသည်။

မငွေကုဏ္ဍလီ ၁၆-နှစ်သားအရွယ်တွင် အပြင်းအထန် မကျန်းမမာ ဖြစ်လေရာ ဆေးဘိုးဝါးခ ကုန်ကျမည်စိုး၍ တတ်သမျှမှတ်သမျှနှင့် ကြိတ်၍ ကုလေသည်။ လူမမာမေးလာလျှင် ကွမ်းဆေး ကုန်မည်စိုး၍ မည်သူ့ကိုမှ အသိမပေးပဲ အိမ်ထဲမှာပင် ထားလေသည်။

သဌေးကတော်လည်း သားဖြစ်သူ မချိမဆန့်ဝေဒနာခံစားနေရသည်ကို မကြည့်ရက်၍ သဌေးကြီးအား ဆေးဆရာခေါ်၍ ကုပါရန် တောင်းပန်ရှာရာ သဌေးကြီးက "ငါ့ငွေတွေ ကုန်အောင် ကြံတာလား"ဟုပင် ကြိမ်းမောင်းလေသေးသည်။

သား၏ဝေဒနာ တနေ့ထက်တနေ့ တိုးလာသည်ကိုမြင်လေမှ ဆေးဆရာအိမ်သို့သွား၍ "ဤသို့သော ရောဂါဖြစ်လျှင် ဘယ်လိုဆေးနှင့် ကုရသနည်း"ဟု မသိမသာ မေးလေသည်။

ဆေးဆရာကလည်း ဤရောဂါမျိုးမှာ ကုသရန်ခက်ခဲသည်ကို သိ၍ တော်စွာ့ လျော်စွာ့ပင် ပြောလိုက်လေသည်။ သဌေးကြီးလည်း ဆေးဆရာပြောသည့် သစ်မြစ် သစ်ခေါက်တို့ကို ရှာ၍ ထုထောင်းကာ သားကို တိုက်လေသည်။ ရောဂါမှာမသက်သာ တိုးသထက်သာ တိုးလာတော့မှ မနေသာတော့ပဲ ဆေးဆရာကို ပင့်လေသည်။ ဆေးဆရာသည် မငွေကုဏ္ဍလီ၏ ဝေဒနာကို မြင်လေလျှင် မရတော့ပြီကို သိသဖြင့် "ငါ့မှာ သွားစရာရှိနေသည် မအားလပ်၍ အခြား ဆေ ဆရာကို ခေါ်၍ ကုပါတော့"ဟု ဆိုကာ ထွက်သွားလေ၏။ အဒိန္နပုဗ္ဗက သဌေးသည် သား သေမည်ကို ရိပ်စားမိလာ၏ အိမ်တွင်း၌ဲသဲသော် လာရောက်ကြသော ဆွေမျိုး မိဘ်သင်္ဂဟ၊ အိမ်နီးချင်းတို့သည် ဥစ္စာပစ္စည်း

ပရိဘောဂတို့ကိုမြင်လေတော့မည်ဟုကြံကာ သားမသေမီကပင် သားကိုအိမ်မြင် လွင်တီးသို့ထုတ်၍ ထားတော့သည်။

## ကရုဏာတော်

ထိုည မိုးသောက်သောအခါ မြတ်စွာဘုရားသည် ကရုဏာသမာပတ်မှ ထတော်မူ၍ ကယ်တင်ရမည့်သူအား ကြည့်တော်မူလတ်သော် မဋ္ဌကုဏ္ဍလီ သင်္ဘေးသားသည် သောတာပန်ဖြစ်မည်ကို ဆင်ခြင်တော်မူ၏။

နံနက် မိုးသောက်ခဲ့လျှင် ဤသတို့သားသည် ငါ့ကိုကြည်ညိုစိတ်ဖြင့် ကြည့်လတ်သော် သဒ္ဓါခြင်းဖြစ်၍ သေလျှင်တာဝတိံသာနတ်ပြည်၌ နတ်၏စည်းစိမ်ကို ခံစားရမည်ကို မြင်လေ သဖြင့် သံဃာတော်အပေါင်းခြံရံလျက် သာဝတ္ထိပြည်တွင်းသို့ဝင်တော်မူကာ အဒိန္နပုဗ္ဗက သင်္ဘေး၏ အိမ်ရှေ့သို့ ရောက်တော်မူလျှင် ရောင်ခြည်တော်ကို လွှတ်တော်မူ၏။

သင်္ဘေးသား မဋ္ဌကုဏ္ဍလီ သည် ရောင်ခြည်တော် လာရာသို့ လှမ်းမျှော်ကြည့်မိ၍ ဘုရားသခင်ကို ဖူးမြင်ရလေလျှင်လွန်စွာပင် သဒ္ဓါကြည်ညိုခြင်းဖြစ်ကာ ထိုကြည်ညိုသောစိတ်ဖြင့် စုတေခဲ့၏။ "အိပ်သောယောကျ်ားနိုးသောလားသို့"ချက်ချင်းပင်တာဝတိံသာ နတ်ပြည်၌ယူဇနာသုံးဆယ်ရှိသော နတ်ဗိမာန်တွင်နတ်သား ဖြစ်လေတော့၏။

## သားတွက်ငိုကြွေး

အဒိန္နပုဗ္ဗက သင်္ဘေးသည် သာ ဖြစ်သူ၏ အလောင်းကို သင်္ဂြိုဟ်ပြီးသော် သား၏ချစ်ခြင်းဖြင့် သင်္ချိုင်းသို့ နေ့တိုင်းသွား

ရောက် ငိုရှိုသာ နေတော့သည်။ သားဖြစ်သော မဋ္ဌကုဏ္ဍလီ နတ်သားသည် မိမိ၏ လားရာဘဝကိုဆင်ခြင်သော် အကြောင်းစုံကိုသိပြီးနောက် မိမိရုပ်အလောင်းကို မြှုပ်နှံရာသင်္ချိုင်း၌ မိမိဖခင်ငိုနေသည်ကို တွေ့မြင်ရလေလျှင် မိမိဖခင်ကား အယူမှားလျက်ရှိနေချေပြီ။ "မိမိသွား၍ တရားပြမှ တော်ပေတော့မည်" ဟု ကြံကာ မဋ္ဌကုဏ္ဍလီ၏ ရုပ်သွင်ဖြင့်ပင် ကောင်းမြတ်သော ဝတ်စားတန်ဆာကို ဝတ်ဆင်၍ အဒိန္နပုဗ္ဗက ငိုကြွေးရာ အနီးတွင်ပင် ရင်ပတ်စည်ထိ၊ သည်းထန်စွာ ငိုကြွေး၍ နေလေ၏။

အဒိန္နပုဗ္ဗကသည် ထိုသူငယ်ကိုကြည့်၍ သေသွားရှာသော သား မဋ္ဌကုဏ္ဍလီနှင့် ရုပ်သွင်တူမျှသော လူငယ်အား သား၏ချစ်ခြင်းဖြင့်....

"အမောင်လုလင်၊ အဘယ်သို့သော သောက ပရိဒေဝဖြင့် ဤနေရာတွင် လာရောက် ငိုနေသနည်း"ဟု မေး၏။ လုလင်ကလည်း။

"အို....သူဌေးမင်း ကျွန်ုပ်ငိုသည်ကား အခြားအကြောင်းကြောင့် မဟုတ်ပါ၊ကျွန်ုပ်တွင် အလွန်လှပသောရထားအိမ်ရှိပါသည်။ ထိုရထားအိမ်နှင့် လိုက်လျောညီသော ရထားဘီးကို မရသောကြောင့် ငိုပါသည်။ ဤရထားဘီးမှ မရလျှင် ကျွန်ုပ်မှာ သေရမည်အမှန် ဖြစ်ပါသည်ဟု ဆို၏။

အလွန်စေးနဲလှစွာသော အဒိန္နပုဗ္ဗကပုဏ္ဏားလည်း ထိုလုလင်အား သား၏အသွင် ချစ်ခင်မိ၍လသောကြောင့် ၎င်းကြောင်း၊ သား၏အတွက် ဆေးဖိုးဝါးခ နှမြောမှုကြောင့် သားဆုံးရှုံးရသည့် သောကပရိဒေဝဖြင့် မိမိ၏ စေးနဲမှုကို နောင်တရသည်

တကြောင်း၊ သားနှင့်အသွင်တူမျှသော သူငယ်အား သား၏ ချစ်ခြင်းဖြင့်–

"အို လုလင်၊ သင့်အတွက်၊ ပတ္တမြားစီချယ်သော ရထားဘီး ကိုပင် လိုသလော၊ ရွှေဖြင့်အတိပြီးသော၊ ငွေဖြင့်အတိပြီးသော၊ သံဖြင့်အတိပြီးသော ရထားဘီးကိုပင်လိုသလော၊ သင်အလိုရှိရာ ကို ငါလုပ်ပေးပါအံ့" ဟု ဆို၏။

နတ်သားလုလင်က ဖခင်ပုဏ္ဏား သတိရစေသောငှာ–

"အို ပုဏ္ဏားကြီး၊ ကျွန်ုပ်၏ ရထားကားရွှေဖြင့် အတိပြုလုပ် ထားသည်ဖြစ်၍ ထိုရထားနှင့် လိုက်လျောညီစွာ တင့်တယ်ရာ သော ရထားဘီးကို ရှာကြံရာတွင် နေမင်းနှင့် လမင်းတို့ကို တဖက်စီ ရထားဘီး ပြုလုပ်စီးရမှ တင့်တယ်ဖွယ်ရာ ရှိပါမည်။ နေနှင့်လကို ရထားဘီးအဖြစ်လိုချင်ပါသည်။ နေ့လတို့ကိုယူပေး ပါ" ဟု ဆိုလျှင်–

"အမောင်လုလင်၊ သင်သည် မိုက်လေစွ၊ မရနိုင်သော နေနှင့်လကိုရထားဘီးပြုလို၍ တောင့်တငိုကြွေးနေခြင်းဖြင့်သင်၏ အသက် သာသေလျှင် သေမည်၊ သင်တောင့်တသော နေနှင့်လ ရထားဘီးကို အဘယ်မှာရနိုင်မည်နည်း" ဟု ဆို၏။ မဋ္ဌကုဏ္ဍလီ နတ်သားက–

"အို ပုဏ္ဏားကြီး၊ ကောင်းကင်က နေနှင့်လကို ရလိုကြောင်း တောင့်တငိုကြွေးနေရသော ကျွန်ုပ်သည်နေနှင့်လကိုအမြဲမပြတ် မြင်နေရပါသေး၏။ အသင်ပုဏ္ဏား၏ သေသွားသော သားမှာ ဘယ်ကို ရောက်၍ ဘယ်သို့ဖြစ်သည်ကို အရိပ်အရောင်မျှမမြင်နိုင် ဘဲလျက် ငိုကြွေးနေသည်မှာသင်နှင့်ကျွန်ုပ် ဘယ်သူက ပို၍မိုက်မဲ

ပါသနည်း” ဟု ပြောလေလျှင် ပုဏ္ဏားကြီးက-“ဤသူငယ်ပြောသည့် စကားသည် မှန်ကန်သောစကားဖြစ်သည်”ဟု တွေးတောမိလျက် မိမိ၏ မိုက်မဲတွေဝေလှသော အဖြစ်ကို သတိတရားရပြီး သောက ပရိဒေဝတို့မှ သက်သာရာရလေပြီး၍-

“အမောင်လုလင်၊ ကျွန်ုပ်၏ တောက်လောင်သော ပရိဒေဝမီးကို သင်သည် ရေစင်ဖြင့် သွန်းလောင်းပေးခဲ့၍၊ငါ့မှာသောက ငြိမ်းအေးခဲ့ရပါပြီ၊ ငါ့အား တရားပြသော အမောင်လုလင်သည် နတ်လော၊ သိကြားလော၊ လူသားစင်စစ် ဖြစ်ပေသလော” ဟု မေးလေမှ-မဋ္ဌကုဏ္ဍလီနတ်သားက -

“အိုပုဏ္ဏားကြီး၊ အသင်ငိုကြွေးတမ်းတနေသည့် သင်၏သားမဋ္ဌကုဏ္ဍလီပင် ဖြစ်သည်။ တခုသော ကုသိုလ်ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်၍ နေပါသည်”

“အို-လုလင်၊ ငါ၏ အိမ်မှာ တခုခုသော ကုသိုလ်ပြုဘူးသည်မရှိခဲ့ဘူးပါလျက်၊ အဘယ်ကြောင့် အသင်သည် တာဝတိံသာနတ်ပြည်၌ ခံစားနေရပါသနည်း”

“ပုဏ္ဏားကြီး၊ ကျွန်ုပ်သည် ဝေဒနာကို မချိမဆန့် ခံစားနေရ၍၊ ဇီဝိန်ချုပ်တော့မည့်ဆဲဆဲတွင် ဆွမ်းခံကြွလာသော မြတ်စွာဘုရားကို စိတ်ဖြင့်ကြည်ညို၍ ပူဇော်ခြင်းအမှုကို ပြုလိုက်ရ၏။

“ဤကောင်းမှုကြောင့်ပင် စုတေသည့်အခါ တမုဟုတ်ခြင်း၊ တာဝတိံသာ နတ်ပြည်၌နတ်သားဖြစ်ခဲ့ရပေသည်”ဟုဆိုသော

ခဏ၌ အဒိန္နပုဗ္ဗက ပုဏ္ဏားကြီး တကိုယ်လုံး ပီတိလျှံ၍ ဝမ်းမြောက်စွာပင်–

"အံ့ဩဖွယ် ကောင်းစွတကား၊ ငါလည်း မြတ်စွာသူရားကို ကြည်ညိုသဒ္ဓါ လေးမြတ်စွာဖြင့် ကိုးကွယ် ဆည်းကပ်တော့အံ့"

မဋ္ဌကုဏ္ဍလီနတ်သားလည်း ပုဏ္ဏားကြီးအား ဘုရား တရား၊ သံဃာတို့အား ကြည်ညိုလှူဒါန်းရန်နှင့် ငါးပါးပဉ္စသီကို မြဲစေလော့ဟုတိုက်တွန်းပြီး၊ ဤနေရာတွင်ပင် ကွယ်ပျောက်လေ၏။ ပုဏ္ဏားကြီးလည်း အိမ်သို့ပြန်၍ ဇနီးကို အကြောင်းစုံပြောပြပြီး မြတ်စွာဘုရားကို ပင့်ဖိတ်၍ပူဇော် သက္ကာရ ပြုရန် ဇေတဝန် ကျောင်းတော်သို့သွားရောက် လျှောက်ထားတောင်းပန်၏။ မြတ်စွာဘုရားလည်း သံဃာတော်များနှင့်တကွ ပုဏ္ဏားကြီး အိမ်သို့ ကြွလာတော်မူပြီး ဆွမ်းဘုဉ်းပေးတော်မူ၏။ ဆွမ်းဘုဉ်းပေးပြီးသည့်နောက် ပုဏ္ဏားကြီးသည် မြတ်စွာ ဘုရားအား မေးလျှောက်လေ၏။

"အရှင်ဘုရား၊ ဒါနကိုလည်းမပြု၊ သီလကိုလည်း မဆောက်တည်၊ တရားတော်ကိုလည်း မကြားနာရဘူးပါလျက်၊ စိတ်၏ သက်သာ ကြည်ညိုကာမျှဖြင့် နတ်ပြည်၌ ဖြစ်ဘူးသော သူများ ရှိပါသလားဘုရား"

"အသင်ပုဏ္ဏား၊ ငါ့ကိုဘာကြောင့်မေးသနည်း။ သင့်သား မဋ္ဌကုဏ္ဍလီသည် သင့်ကိုပြောဘူးပြီ မဟုတ်လော"

"အရှင်ဘုရား၊ ဘယ်သောကာလက ပြောပါသနည်း"

မြတ်စွာဘုရားသည် ပုဏ္ဏားကြီးနှင့် မဋ္ဌကုဏ္ဍလီ နတ်သားတို့ သင်္ချိုင်းတွင် တွေ့ဆုံဖြစ်ပျက်သမျှကို တဖန်ပြန်လည် ဟောပြော ပြီးနောက်။

"အသင်ပုဏ္ဏား၊ ငါဘုရားအား စိတ်ဖြင့် ကြည်ညိုခြင်း ကြောင့် နတ်ပြည်၌ဖြစ်သော သူတို့သည် ရေတွက်၍ပင် မရနိုင်" ဟု မိန့်တော်မူ၏။

ပုဏ္ဏာ ကြီးအိမ်သို့လာရောက်ကြသော ပရိသတ်တို့တွင် မိစ္ဆာ ဒိဋ္ဌိများလည်းပါရှိ၏။ သမ္မာဒိဋ္ဌိများလည်းပါရှိ၏။ မိစ္ဆာဒိဋ္ဌိတို့က ယုံမှားခြင်း ဖြစ်နေကြသေးသည်ကိုမြတ်စွာဘုရားကသိမြင်တော် မူ၍ မဋ္ဌကုဏ္ဍလီနတ်သားအားဗိမာန်နှင့်တကွရောက်စေရန်မိန့်ဌာန် တော်မူ၏။ မဋ္ဌကုဏ္ဍလီ နတ်သားသည် ဘုရားအားရှိခိုးပြီးသုံးဂါ ဝုတ်မျှ ခန္ဓာကိုယ်ဖြင့် အရှင်မြတ်ဘုရား၊ အရှင်မြတ်အား စိတ်၌ ကြည်ညိုခြင်းဖြင့် ဤစည်းစိမ်ချမ်းသာကို ရပါသည်ဟု ဝန်ခံ လျှောက်ထားလေ၏။ မြတ်စွာဘုရားက(ကောင်းသောစိတ်သည် အရိပ်ပမာလိုက်၍ ကောင်းသောအကျိုးကို ပေးတတ်ကြောင်း) မနောပုဗ္ဗင်္ဂမာဓမ္မာ အစရှိသော ဂါထာတော်ကိုဟောတော်မူရာ ရှစ်သောင်း လေးထောင်ကုန်သော သတ္တဝါတို့သည် အကျွတ် တရားရကြကုန်၏။ မဋ္ဌကုဏ္ဍလီနတ်သားသည်သောတာပတ္တိဖိုလ်၌ တည်လေ၏။ အဒိန္နပုဗ္ဗကပုဏ္ဏားကြီးလည်း သောတာပတ္တိဖိုလ်၌ တည်၍ကြီးစွာသောစည်းစိမ်ဥစ္စာတို့ကို မြတ်စွာဘုရားသာသနာ တော်၌ စွန့်လွှတ်ကြဲဖြန့် လှူဒါန်းလေသတည်း။

မြတ်စွာဘုရားသခင်သည်....

(၂) **မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။**
**မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။**
**တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနပါယိနီ။**

(၂) စိတ်သည်၊ ရုပ်တရား၊ နာမ်တရားတို့၏ ရှေ့သွားဆောင် အကြီးအမှူး ဖန်တီးသူ ဖြစ်၏။ အကြင်သူသည် ကြည်လင်သော စိတ်ဖြင့် ပြောဆိုသော်လည်းကောင်း၊ ပြုသော် လည်းကောင်း၊ ကြံသော်လည်း ကောင်း—

အရိပ်သည် သွားလေရာ မကွာ လိုက်သကဲ့သို့ ချမ်းသာသုခသည် ထိုသူ၏နောက်သို့ အစဉ်လိုက်လေ၏။

ဟူ၍ ဟောကြားတော်မူလေသည်။

(ဓမ္မပဒ ယမကဝဂ် နှစ်ခုမြောက် မဋ္ဌကုဏ္ဍလီဝတ္ထုပြီး၏။)

# ၃။ ရန်လိုလျှင် ရန်ပိုတတ်သည်

## (တိဿမထေရ် ဝတ္ထု)

ဤသူသည် ငါ့ကိုဆဲရေးဘူး၏။ ငါ့ကိုညှင်းဆဲခဲ့ဘူး၏။ ငါ့ကိုနိုင်ဘူး၏။ ငါ့ဥစ္စာကိုခိုးဘူး၏ ဟု ရန်ငြိုးဖွဲ့၍နေခဲ့သော်၊ ထိုသူ တို့အား ဖြစ်ပေါ် လာသည့် ရန်တို့သည် မငြိမ်းအေးနိုင် (ရန်လိုလျှင် ရန်ပိုတတ်သည်။)

ဤသို့ ရန်ငြိုးမဖွဲ့ခဲ့သော် (ဖြစ်ပေါ်လာမည့်)ရန်သူတို့သည် ငြိမ်းအေးကုန်၏။(ရန်မလိုမှရန်ပြိုမည်) အက္ကောစ္ဆိမံအဝဓိမံအစ ချီသော တရားတော်ကို သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ တိဿမထေရ်ကို အကြောင်းပြု၍ ဟောတော်မူသည်။

### ဝတ္ထုကြောင်းကား

ခမည်းတော် သုဒ္ဓေါဒနမင်းကြီး နှမတော်၏သားဖြစ်သော တိဿသည် အရွယ်ကြီးမှ ရဟန်းပြုလျက် ဘုရားသခင်၏ညီနောင်တော်သည်ဟူသော အကြောင်းဖြင့်၊ အလယ်ဇရပ်ကြီး၌ အမြဲနေပြီး၊ စားကောင်း သောက်ဖွယ်တို့ကို စားသောက်၍ ဆူဖြိုးသော ကိုယ်ရှိ၏။

တိဿ ရဟန်းကြီးကို မြင်လျှင် အာဂန္တု ရဟန်း တို့သည် မထေရ်ကြီးဟူသော အမှတ်ဖြင့်၊ ဝတ်ကြီး ဝတ်ငယ်၊ ခြေဆုပ် လက်နယ်ဖြင့် ဝတ်ပြုကြ ကုန်၏။ တနေ့သော အခါ ရဟန်း တပါးက တိဿရဟန်းကြီး၏ ဝါတော်ကိုမေးရာ ကြီးမှရဟန်း ပြုရ၍ ဝါမရှိသေးဟု ပြောဆို၏။

ထိုအခါ ရဟန်းငယ်က တိဿရဟန်းကြီးအား မထေရ်ကြီး ဝါကြီးများကို တွေ့မြင်ပါလျက်၊ အရိုအသေ မပြု၊ ဝတ်ကြီး ဝတ်ငယ်ပြုလာသော် မိမိ၏ ဝါမရှိသည်ကိုမပြောပဲ၊ ဆိတ်ဆိတ် နေ၏။အလွန်ဆိုနိုင်ခက်ခဲသော ရဟန်းကြီးပါတကားဟု ကဲ့ရဲ့မှု စကားကို ဆို၏။

တိဿရဟန်းကြီးလည်း သာကီဝင်တို့၏ မာန်ဖြင့် အမျက် ထွက်လျက်....

"သင်တို့ ယခု ဘယ်သူ့ထံလာကြသနည်း"

"မြတ်စွာဘုရားကို ဖူးမြော်ရန် လာကြပါသည်"

"မြတ်စွာဘုရားနှင့် ငါ ဘာတော်သည် ထင်သနည်း၊ သင် တို့ကို ငါ အရင်းကဖြတ်အံ့'းဟု ကြိမ်းမောင်းလျက် ငိုကြွေးပြီး မြတ်စွာဘုရားထံသို့ သွားလေသည်။

အာဂန္တု ရဟန်းတို့လည်း ဤတိဿရဟန်းသည် ဘုရားထံ သွား၍တစုံတခုလျှောက်ထားအံ့ဟုသိရ၍ အတူတကွပင် လိုက်၍ သင့်တင့်လျှောက်ပတ်သော အရပ်၌ ရှိခိုး၍နေကြ၏။ မြတ်စွာ ဘုရားက....

"တိဿ အဘယ်ကြောင့် မျက်ရည်ယိုစီး၍ ငိုကြွေး လာ သနည်း"

"ထိုရဟန်း တို့သည် တပည့်တော်ကို ဆဲရေး ကြပါသည် ဘုရား"

"သင် အဘယ်အရပ်၌နေ၍ ဆဲရေးကြသနည်း"

"ကျောင်းကြီး အလယ်ဇရပ်၌ နေပါသည်ဘုရား"

"ဤရဟန်းတို့ ကြွလာသည်ကို အသင် မြင်သလော"

"မြင်ပါသည် ဘုရား"

"ခရီးဦးကြိုဆိုခြင်းကို ပြုသလော"

"မပြုပါ ဘုရား"

"ပရိက္ခရာတို့ကို လှမ်းယူ၍ ပန်ကြား၏လော"

"မပန်ကြားပါဘုရား"

"ဝတ်ကြီးဝတ်ငယ်ပြု၏လော၊ သောက်ရေဖြင့် ပန်၏လော၊ အိပ်ရာ နေရာကို ဆောင်ခြင်း၊ ခြေကိုဆုပ်နယ်ခြင်း စသော အာဂန္တုက ထေရ်ကြီးဝါကြီးတို့အားပြုအပ်သည်ကိုပြု၏လော"

"မပြုပါ ဘုရား"

"ချစ်သား တိဿ သင်၌သာလျှင် အပြစ်ရှိ၏။တသီတင်းမျှ ကြီးသော ရဟန်းတို့အား ဤဝတ်တို့ကို ပြုအပ်၏။ မပြုလျှင် ကျောင်းလယ်၌ နေရန်မသင့်၊ သင်သာလျှင် ကန်တော့ရမည်"

"အရှင်ဘုရား ထိုရဟန်းတို့သည် တပည့်တော်ကို ဆဲရေး ကြပါသည်။ မကန်တော့နိုင်ပါ ဘုရား"

"ချစ်သား တိဿ သင်ကန်တော့လေလော့"

"မကန်တော့နိုင်ပါ"

ဤတွင် အနီး၌ နေသော ရဟန်းတို့က ဤတိဿ ရဟန်းကြီး သည် ကြမ်းတမ်း အမျက်ဆိုနိုင်ခက်သော ပုဂ္ဂိုလ်ဖြစ်ပါသည်ဟု လျှောက်ကြ၏။

မြတ်စွာဘုရားက "ထိုတိသ္သရဟန်းသည် ယခုအခါ၌သာ မဟုတ် ရှေးအခါကလည်း ဆိုနိုင်ခက်ခဲသူ ဖြစ်၏တည်း" ဟု မိန့်ကြား၍ရဟန်းတို့က "အဘယ်သို့ပါနည်း" ဟုလျှောက်ထားသဖြင့် နာရဒဇာတ်ကို ဟောတော်မူ၏။

## နာရဒဇာတ်
## (တိသ္သရဟန်းကြီး၏ အတိတ်ဝတ္ထု)

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ မင်းတပါးမင်းပြုရာ ဤတိသ္သသည် ဒေဝီလ ရသေ့ဖြစ်၍ ဟိမဝန္တာတောမှ ချဉ်ဆားအလို့ငှာလာပြီး ဗာရာဏသီပြည်၏အိုးထိန်းဇရပ်၌တည်းခိုလေ၏။

ထိုခဏ၌နာရဒရသေ့သည်လည်း ဟိမဝန္တာမှချဉ်ဆားအလို့ငှာလာ၍ အိုးထိန်းသည်၏ဇရပ်၌ ရောက်နှင့်နေသော ဒေဝီလရသေ့အား ပန်ကြား၍ ဇရပ်တွင်တည်းခိုလေ၏။ ညဉ့်အချိန်ရောက်သော် ဒေဝီလ ရသေ့သည် အကြံတခုဖြင့် တံခါးကို ကန့်လန့်ထား၍ အိပ်လေ၏။ နာရဒ ရသေ့သည် ညဉ့်အခါ အောက်သို့ဆင်းသော် ဒေဝီလရသေ့က "ငါ၏ ဆံကျစ်ဦးစွန်းကို နင်းသူကားမည်သူနည်း" ဟုမေး၏။ နာရဒရသေ့က "သည်းခံပါ မသိ၍ နင်းမိပါသည်။ ငါကန်တော့ပါ၏" ဟုတောင်းပန်၏။ အပြင်သို့ ရောက်၍ ကိုယ်သက်သုတ်သင်ပြီး ခြေရင်းမှ ဝင်လေသော် ဒေဝီလ ရသေ့သည် ခြေရင်းကိုခေါင်းပြု အိပ်နေသည်ဖြစ်၍ လည်ပင်းကို နင်းမိပြန်ရာ "ငါ့လည်ကို နင်းသူကား

မည်သူနည်း'' ဟု မေးပြန်၏။ နာရဒရသေ့ကလည်း တောင်းပန်ကန်တော့ပြန်၏။ဒေဝီလရသေ့လည်း ''ဟယ်ရသေ့ယုတ်သင့်ကို ငါကျိန်အံ့'' ဟုဆို၏။ နာရဒရသေ့က မကျိန်ပါနှင့် သင့်ကိုငါ တောင်းပန်ပါ၏ ဟု အကြိမ်ကြိမ်တောင်းပန်သော်လည်းဒေဝီလရသေ့သည် သည်းမခံမူပဲ၊

''ငါ၏ ဦးစွန်းကို နင်းလေသည်။ ငါ၏လည်ပင်းကို နင်းလေသည်ဖြစ်၍ နံနက်နေထွက်လျှင် သင့်ဦးခေါင်း ခုနစ်စိတ်ကွဲစေသတည်း'' ဟု ကျိန်ဆဲ၏။ နာရဒရသေ့ကလည်း ''အဆွေ ငါ့၌အပြစ်မရှိ၊ အပြစ်ရှိသူ၏ ဦးခေါင်းသည်သာ ခုနစ်စိတ်ကွဲစေသတည်း'' ဟု ဆိုလေ၏။

နာရဒရသေ့သည် အလွန်တန်ခိုးကြီး၏။ ရှေ့ကမ္ဘာလေးဆယ်၊ နောက်ကမ္ဘာလေးဆယ်ကို မြင်နိုင်သော အစွမ်းရှိသဖြင့် နေထွက်လျှင် မည်သူ၏ဦးခေါင်းကွဲလေမည်နည်းဟု ဆင်ခြင်၍ ကြည့်သော် ဒေဝီလရသေ့၏ ဦးခေါင်းကွဲလေအံ့ သည်ကို မြင်၍ နာရဒရသေ့သည် နေကို မထွက်အောင် တား၍ ထားတော့၏။

နေမထွက်ပဲ အမိုက်မှောင်ဖုံးလွှမ်းနေသဖြင့် ပြည်သူပြည်သားတို့သည် မင်းထံ စုဝေးကြကုန်၏။ မင်းသည် မိမိ၌ အပြစ်မရှိ တန်ခိုးကြီးသော ရသေ့ရဟန်းတို့ အငြင်းအခုံဖြစ်၍ အဓိဋ္ဌာန်ကြောင့်သာ ဖြစ်တန်ရာ၏ဟု စုံစမ်းလေသော် အိုးထိန်းသည်ဇရပ်၌ ရသေ့နှစ်ယောက် ငြင်းခုံ ကျိန်ဆဲကြောင်းသိရ၏။

မင်းသည် မီးတုတ် မီးကျည် ထွန်းညှိစေပြီး ဇရပ်သို့သွား၍ နာရဒရသေ့ကို မေးလေသော် အကျိုးအကြောင်းကို ပြောပြပြီးလျှင် "နေထွက်ပါက၊ ဒေဝိလ ရသေ့ ဦးခေါင်း ခုနစ်စိတ် ကွဲမည်ကိုမြင်၍ ဒေဝိလရသေ့ကို သနားသောကြောင့် နေမထွက်အောင် တားရပေ၏" ဟုဆို၏။ မင်းကြီးက "အရှင်ဘုရား၊ ဒေဝိလရသေ့ကို အဘယ်နည်းဖြင့် အန္တရာယ်ကင်းစေနိုင်မည်နည်း" ဟု မေး၏။ "ငါ့ကို ကန်တော့က အန္တရာယ်ကင်းပေအံ့" ဟု ပြန်ကြား၏။

မင်းကြီးလည်း ဒေဝိလရသေ့ထံသွား၍ "နာရဒရသေ့ကို ကန်တော့ပါ" ဟုဆို၏။ဒေဝိလရသေ့က "ငါမကန်တော့"ဟုဆို၏။ မင်းကြီးလည်း အတန်တန်ပြော၏။ ဒေဝိလ လည်း အကြိမ်ကြိမ်ငြင်း၏။ နောက်ဆုံးတွင် ဒေဝိလ ရသေ့ကို ချုပ်တီး၍ နာရဒရသေ့အား ကန်တော့စေ၏။ နာရဒ ရသေ့က ဒေဝိလထလော့ ငါသည်းခံ၏" ဟုဆိုပြီး "မင်းကြီး ဤဒေဝိလ ရသေ့သည် စိတ်စေတနာမပါပဲ ကန်တော့သည်ဖြစ်၍အန္တရာယ် ကင်းစေလိုသော် ဒေဝိလရသေ့အား ရေကန်တွင် လည်ပင်းတိုင် ဆင်းစေ၍ မြေဆိုင်ခဲကို ဦးခေါင်းပေါ် တင်ပါစေလော့" ဟု ဆို၏။ မင်းကြီးလည်း နာရဒ ရသေ့၏ အကြံပေးချက်အတိုင်း ပြုစေခဲ့သော် နာရဒရသေ့က "ငါ့ရှင် ဒေဝိလ ယခုနေကို ငါ လွှတ်တော့မည်။ နေထွက်သည်နှင့်တပြိုင်နက် ရေကို ငုပ်၍ပြေးလေတော့" ဟု ဆိုကာ နေကိုဖြေ၍လွှတ်ရာ နေထွက်သည်နှင့် တပြိုင်နက် ဦးခေါင်းပေါ် တင်ထားသော မြေဆိုင်ခဲသည် ခုနစ်စိတ် ကွဲလေ၏။ ဒေဝိလလည်း ရေငုပ်၍ပြေးလေသတည်း။

## (ဇာတ်တော်ပေါင်းသော်)

မြတ်စွာဘုရားက "ရဟန်းတို့ထိုအခါကဗာရာဏသီမင်းသည် အာနန္ဒာ၊ ဒေဝိလရသေ့သည် တိဿရဟန်း၊ နာရဒရသေ့သည် ငါဘုရားပင်တည်း"ဟု မိန့်တော်မူ၍-

**၃။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။**
**ယေ စ တံ ဥပနယှန္တိ၊ ဝေရံ တေသံ န သမ္မတိ။**

(၃) ဤသူသည် ငါ့ကို ဆဲရေး၏။ ညှဉ်းဆဲ သတ်ပုတ်ဘူး၏။ နိုင်ဘူး၏။ ငါ့ဥစ္စာကို ခိုးယူဘူး၏။ ဤသို့ရန်ညှိုးဖွဲ့၍ ထားသူအားရန်သည် မပြေငြိမ်းနိုင်။

**၄။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။**
**ယေ စ နုပယှန္တိ၊ ဝေရံ တေသုံ ဥပသမ္မတိ။**

(၄) ဤသူသည် ငါ့ကိုဆဲရေး သတ်ပုတ်ခဲ့ဘူးသည်။ ငါ့ဥစ္စာကို ခိုးဘူး၏။ဤသို့ရန်ညှိုးဖွဲ့၍ မထားသူအား (ဖြစ်ပေါ်လာမည့်) ရန်သည် ပြေငြိမ်းနိုင်၏။

ဟူ၍ဟောတော်မူသော ဒေသနာ၏အဆုံး၌ တသိန်းသော ရဟန်းတို့သည် သောတာပတ္တိဖိုလ်စသည်တို့ ရောက်ကုန်၏။

(ဓမ္မပဒ-ယမကဝဂ်- သုံးခုမြောက်-တိဿမထေရ်ဝတ္ထုပြီး၏။

# ၄။ ရန်ကိုရန်ချင်း မတုန့်နှင်းနှင့်

## (ကာဠီဘီးလူးမဝတ္ထု)

နိုက်ရန်တို့မည်သည် ရန်တုန့်မှုခြင်းဖြင့်မငြေငြိမ်းနိုင်။
ရန်တုန့်မမှုခြင်းဖြင့်သာလျှင် ငြေငြိမ်း၏။
ဤကား လောက ဓမ္မတာတရားတည်း။

(နဟိဝေရေနဝေရာနိ) အစရှိသော ဂါထာကို မထင်ရှားသောအမြုံမိန်းမတယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား

ရှေးအခါက သူကြွယ်၏သားတယောက်သည် ဖခင်ကွယ်လွန်ပြီးနောက် မိခင်ကို လုပ်ကျွေးပြုစုနေရာ မိခင်သည် သားသမီး၏ချစ်ခြင်းဖြင့် မိန်းမပေးစားရန် စီစဉ်၏။ သားဖြစ်သူကလည်း မိခင်ကို ကျွန်တော်အားရအောင် လုပ်ကျွေးပါရစေ၊ မိန်းမမယူပါရစေနှင့်ဟု တောင်းပန်၏။ မိခင်ကလည်း ငါ့သားသည် လယ်ယာအလုပ်၌လည်း ပင်ပန်းလှသည်။ အိမ်ပြန်ရောက်လျှင်လည်း မိခင်၏ဝေယျာဝစ္စကိုပြုစုလုပ်ကျွေးရသည်။ သားပင်ပန်းလှသည်ကို အမေ မကြည့်ရက်၊ မကြည့်နိုင်။ မိန်းမ ယူ၍စားမှ

အမေ့အတွက် အဖော်ရမည်ဟု ချေးမ ရှာထွက်ရန် ပြင်ဆင် ပြန်ရာ သားဖြစ်သူက အတန်တန် တောင်းပန်သော်မရသဖြင့် ဤသို့ဆိုလျှင် ကျွန်တော်နှစ်သက်ရာ မိန်းမကို ပေးစားပါဟု ဆိုသဖြင့် မိခင်လည်း သားနှစ်သက်ရာ သတို့သမီးကို တောင်ရမ်း စေ့စပ် မင်္ဂလာဆောင်နှင်း၍ ပေးစားလေ၏။

## သားမလိုသည့် အမြုံမ

ထိုသတို့သမီးသည် ကာလကြာ၍သားသမီးတစုံတယောက်မျှ မရလေလျှင် မိခင်ဖြစ်သူက ဆွေဆက် မျိုးဆက် ပြုန်းတော့မည်ကို စိုးရိမ်၍ အခြားသော အမျိုးသမီး တယောက်ကို ထပ်မံ၍ စိစဉ်ပြန်လေ၏။ ဤသည်ကို အမြုံမ သိလေလျှင် တခြားသော အမျိုးသမီးကို ဆောင်နှင်းက ထိုမိန်းမ သားမွေးလျှင် ငါသည် အလိုလိုပင် ကျွန်ဖြစ်ရတော့မည်။ သို့ဖြစ်၍ ငါနှင့် ရင်းနှီးရာကို ရှာကြံပေးစားလျှင် ငါ့အဖို့နေသာသေးသည်ဟု ကြံ၍ မိမိခင်မင် ရင်းနှီးလှသော အမျိုးသမီး၏ မိဘများထံသို့ သွား၍ အကျိုးအကြောင်း ပြောပြပြီးလျှင်သားသမီးရပါက ထိုသတို့သမီးသာ ဆွေစဉ် မျိုးဆက် အမွေဆက်ခံရမည် ဖြစ်ကြောင်း ပြောပြပြီး သတို့သမီးကို မိမိလင်ယောကျ်ားအား ဆောင်နှင်း ပေးအပ်လေ၏။

## မိန်းမမြုံဥာဏ် သေကြောင်းကြံ

အိမ်သို့ရောက်၍ ကာလ အတန်ကြာသော် အမြုံမိန်းမသည် စိတ်ကူးတခု ပေါ်လာပြန်၏။ "ဤမိန်းမတွင် သားသမီးရပါက

သူ၏ သားသမီးတို့သည် ပစ္စည်းရှင် ဖြစ်လာလိမ့်မည်။ ဤမိန်းမ သားသမီးမရအောင် ငါကြံမှ ဖြစ်မည်'' ဟုတွေးမိပြီး ထိုမိန်းမ ငယ်အား ''သင့်တွင် ကိုယ်ဝန်ရှိလျှင် ငါ့ကို အရင်ဆုံး အသိ ပေးပါ'' ဟု မှာကြားထား၏။

မိန်းမငယ်လည်းသဘောရိုးမှတ်၍ကိုယ်ဝန်ရှိလျှင်အကြောင်း ကြား၏။ အမြုံမလည်း ထမင်းဟင်းလျာတို့တွင် ကိုယ်ဝန် ပျက်စေသော ဆေးခပ်ကျွေး၍ ကိုယ်ဝန်ပျက်လေ၏။ ဒုတိယ အကြိမ် ကိုယ်ဝန်ရှိပြန်သောအခါ သဘောရိုးဖြင့်ပြောပြပြန်၏။ ထိုနည်းတူစွာ အစာတွင် ဆေးခပ်ကျွေး၍ ကိုယ်ဝန်ပျက်ပြန်၏။

## ရိပ်မိလေဟန် သူ့အကြံ

ကိုယ်ဝန်နှစ်ကြိမ်ပျက်ကြောင်းကို အိမ်နီးချင်းမိန်းမတို့သိလေ လျှင် ဤအဖြစ်သည် မရိုးသားဟု ယူဆ၍ မိန်းမငယ်ကိုမေးလေ သော် ကိုယ်ဝန်ရှိလျှင် အကြောင်းကြားပါဟု မှာကြားကြောင်း ပြောပြသဖြင့် မိန်းမမြုံ၏ အကြံကို အိမ်နီးချင်းများ သိကြပြီး နောက်တကြိမ် ကိုယ်ဝန်ရှိလျှင် ထိုမိန်းမမြုံအား အသိမပေးပဲ ထားရန် အကြံပေးကြလေ၏။

## လက်စားချေရန် ဆုတောင်းပြန်

တတိယအကြိမ် ကိုယ်ဝန်ရှိလာသောအခါ မိန်းမငယ်သည် ဆိတ်ဆိတ်နေလေသဖြင့် မိန်းမမြုံ မသိရှိရပဲ ကိုယ်ဝန်ရင့်လာမှ သိလေသောအခါ''ငါ့ကိုဘာကြောင့် မပြောသနည်း''မေးလေ နှင့်သော် ''ငါပြောမိ၍ ငါ့ကိုယ်ဝန်နှစ်ကြိမ်တိုင်ဆေးခပ် ဖျက်ဆီး

သောကြောင့် မပြောပဲနေသည်'' ဟုဆိုသဖြင့် မိန်းမမြို့လည်း ''နေနှင့် ပေအုံးတော့'' ဟု ကြိတ်၍ ကြံနေလေသည်။

တနေ့အလစ်တွင် အစာထဲသို့ကိုယ်ဝန်ပျက်စေသော ဆေးကို ခပ်ကျွေးလေရာ ကိုယ်ဝန်ရင့်လာမှဆေးခပ်မိသဖြင့် သန္ဓေသည် ဝမ်းတွင်း၌ ပျက်လေသဖြင့် မိန်းမငယ်မှာ မချိမဆန့် သေငယ် ဇောနှင့် မျောနေရခိုက်တွင် ''ငါ ဤဘဝမှာ သေရသော် နောင် ဘဝ၌သူ၏သားသမီးတို့ကိုဖျက်ဆီးနိုင်သည့်ကိုယ်ဖြစ်ရပါလို၏'' ဟု ဆုတောင်းပြီး ကွယ်လွန်လေရာ ဤအိမ်၌ပင် ကြောင်ဘဝသို့ ဖြစ်ရလေ၏။

## ဘဝအဆက်ဆက် ရန်ငြိုးဖက်

လင်ဖြစ်သူသူကြွယ်သားလည်း ဤအကြောင်းကိုသိလေလျှင် ''ငါ့ကို မျိုးဆက်ပြုန်းအောင် လုပ်လေသည်'' ဟု ထုထောင်း ရိုက်နှက်လေရာ မကြာမြင့်မီ ဤဒဏ်ဖြင့်ပင် သေခဲ့၍ ဤအိမ်တွင် ကြက်မ ဖြစ်လေ၏။

ကြက်မအုသမျှ ဥတို့ကို ကြောင်သည်စားတော့၏။ သုံးကြိမ် မြောက် ကြက်ဥတို့ကိုစားပြီးသောအခါ ကြက်မသည် ''နောင် ဘဝတွင် ကြောင်မနှင့်တကွ သားသမီးများကို စားရပါလို၏'' ဟု ဆုတောင်း၍ သေပြန်၏။

ကြက်မသည် သစ်ဖြစ်၍ ကြောင်မသေသောအခါ သမင်ဖြစ် ပြန်၏။ သမင်မ သားဖွားလေတိုင်း သစ်မသည် လာ၍စားပြီး သုံးကြိမ်မြောက်လျှင် သမင်မကိုပါ စားလေတော့၏။

သမင်မသည် ဆုတောင်းပြန်၏။ သမင်မဘဝမှ သေလွန်သော် ဘီလူးမ ဖြစ်၏။ သစ်မသည် သာဝတ္ထိပြည်တွင် တဦးသော အမျိုး၌ အမျိုးသမီးဖြစ်၏။ အမျိုးသမီးအိမ်ထောင်ပြု၍ သားသမီး မွေးသော် ဘီလူးမသည် အမျိုးသမီး၏ မိတ်ဆွေယောင်ဆောင်၍ မီးနေခန်းသို့ သတင်းမေးဟန် ပြုပြီး ဝင်၍ သားငယ်ကို စားသွားလေ၏။ ဒုတိယ အကြိမ် သားဖွားပြန်သော် ဘီလူးမသည် ဤသို့ပင် အယောင် ဆောင်၍ ဝင်ပြီး သားငယ်ကို စားခဲ့ပြန်၏။

## ခြေရာဖျောက်ကာ ပြေးရှာ

တတိယ အကြိမ် ကိုယ်ဝန် ရှိသောအခါ အမျိုးသမီးသည် လင်ယောကျ်ားအား တိုင်ပင်၏။ "သားနှစ်ယောက် ဖွားရာ ဘီလူးမသည် လာရောက် သတ်ဖြတ် စားသောက်သွားခဲ့သည်။ ဤတတိယကလေးကို အခြားတနေရာ အမျိုးတဦးဦး၏ အိမ်သို့ သွားရောက် မွေးဖွားပါအံ့"ဟု တိုင်ပင်၍ အမျိုးတို့ အိမ်တွင် သွားရောက် ဖွားမြင်လေ၏။

ဘီလူးမလည်း ဝေဿဝဏ္ဏနတ်မင်းသားကြီးထံ သွားရောက် ခစားနေရလေရာ လွတ်သည်နှင့်တပြိုင်နက် ပြေး၍လာပြီး လူ့အသွင်ဖြင့် "သူငယ်ချင်းမ ဘယ်သွားသနည်း"ဟုမေးသော် အိမ်နီးချင်းက ကလေးနှစ်ယောက် ဘီလူးစားခံရ၍ တတိယ သားကို အမျိုးများအိမ်တွင် သွားရောက်မွေးဖွားကြောင်း ပြောပြရာ ဣန္ဒြေပင် မဆောင်နိုင်ပဲ မြို့လယ် လမ်းမမှ အပြေးလိုက်၍ သွားလေတော့သည်။

## ဘုရားကယ်တော်မူပါ

ကလေးမိခင်သည်လည်း ကလေးကို ခေါင်းဆေး မင်္ဂလာအမည်ပေး ကင်ပွန်းတပ်မင်္ဂလာပြုပြီးသော် မိမိတို့အိမ်သို့ပြန်ကြအံ့ဟု ခင်ပွန်းလင်ကို တိုင်ပင်၍ ကလေးကိုပွေ့ချီပြီး မြတ်စွာဘုရားကျောင်းတော်ကိုဖြတ်၍ အိမ်သို့ပြန်ကြ၏။ ရေကန်တခုကိုတွေ့လျှင် မိန်းမသည် သားငယ်ကို ခင်ပွန်းအား ပေး၍ ကျောင်းရေကန်တွင် ရေချိုးပြီး သားငယ်ကို ပြန်ယူ၏။ ခင်ပွန်း လင်ရေချိုး ဆင်း၍ သားငယ်အား နို့ချို တိုက်နေစဉ် အဝေးမှ လူယောင်ဆောင်၍ လာသော ဘီလူးမ အား မြင်လေလျှင် ချက်ချင်းသိ၍ "အရှင်အမြန်လာပြီးသားငယ်ကိုလာယူပါ၊ ရှေ့ကလာသော မိန်းမဟာ ငါ၏သားငယ်များကို စားသော ဘီလူးမဖြစ်ပါသည်"ဟု ကျယ်လောင်စွာ အော်ပြော၏။ ခင်ပွန်းလင်ရေကန်မှ တက်လာသည်ကိုပင် မစောင့်နိုင်ပဲ စိုးရိမ်တကြီးဖြင့် သားငယ်ကိုပွေ့၍ မြတ်စွာဘုရားကျောင်းတော်သို့ပြေးဝင်သွားပြီး "အရှင်ဘုရား ဤသူငယ်ကိုလှူပါ၏။အသက်ကိုကယ်မစောင့်ရှောက်တော်မူပါ"ဟု ကလေးအား မြတ်စွာဘုရား၏ခြေတော်ရင်း၌ ချထားလေ၏။

## ကာဠီဘီလူးမ သောတာပန်ဖြစ်ခြင်း

ဘီလူးမသည် တံခါးမုခ်၌ စောင့်သော သုမနနတ်က တားမြစ်၍ ဝင်ခွင့် မရသဖြင့် တံခါးဝ၌ ရပ်နေ၏။ ဘုရားသခင်က "ချစ်သား အာနန္ဒာ ဘီလူးမကို ခေါ်ချေလော့" ဟု မိန့်တော်မူ၏။ အာနန္ဒာ အရှင်လည်း ဘီလူးမအား မြတ်စွာဘုရား အမိန့်တော်ဖြင့် ခေါ်ဆောင်ခဲ့၍ ရှေ့တော်သို့ ရောက်လျှင် ရပ်တည်

နေသော ဘီလူးမအား "အဘင်တို့သည် ငါဘုရားနှင့်မတွေ့လျှင် မြွေနှင့် မြွေပါ၊ ကျီးနှင့် ခင်ပုပ်တို့ကဲ့သို့ ကမ္ဘာပတ်လုံး မဆုံး မချင်း ရန်းငြိုးဖွဲ့ခြင်း ဖြစ်ရာ၏" ဟု ဆုံးမတော်မူကာ-

**၅။ နဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။**
**အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။**

၅။ ဤလောက၌ ရန်တုန့်မှုသဖြင့် ရန်တို့သည် တရံတဆစ်မျှ မပျောက်ပျက်ကုန်။

ရန်တုန့် မမူသဖြင့်သာလျှင် ငြိမ်းပျောက်ကုန်၏။ ဤသို့ရန်တုန့်မမူ သဖြင့် ငြိမ်းခြင်းသည် ရှေးရှေး၌ဖြစ်သော သဘောတံထွာ ဓမ္မတာ ပင်တည်း။

ဒေသနာတော်၏ အဆုံး၌ ဘီလူးမသည် သောတာပတ္တိဖိုလ်၌ တည်လေသထည်း။

(ဓမ္မပဒ-ယမကဝဂ် လေးခုမြောက် ကာဠီဘီလူးမ ဝတ္ထု ပြီး၏။)

# ၅။ ချစ်စကိုရှည်ပါစေ၊ ရန်စကိုတိုပါစေ

## ကောသမ္ဗီက ရဟန်းတို့ ဝတ္ထု

## (ဒီဃာဝုသတို့သား နောက်ကြောင်းပြန်ဇာတ်)

လူမိုက်တို့သည် သေခြင်းတရားကို မသိကြကုန်၍
ခိုက်ရန်ငြင်းခုံမှုတွင် မငြိမ်းနိုင်ကြကုန်။
ပညာရှိတို့သည် ခသေခြင်းတရားကို သိကြကုန်၍
ခိုက်ရန်ငြင်းခုံမှုတို့တွင် ငြိမ်းနိုင်ကြကုန်၏။

"ပရေနစ ဝိဇာနန္တိ" အစရှိသော တရားတော်ကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူခိုက် ကောသမ္ဗီပြည်မှ ရဟန်းတို့ ကွဲပြားမှုကို အကြောင်းပြု၍ ဟောတော်မူ၏။

## အကြောင်းဖြစ်ရပ်ကား

ကောသမ္ဗီပြည် ဃောသကသဌေး ဆောက်လုပ်လှူဒါန်းသော ဃောသိတာရုံကျောင်း၌ ဝိနယဓရ၊ ဝိနည်းမိုရ် ရဟန်းတပါး ခေါင်းဆောင်သော ငါးရာကုန်သော ရဟန်းများသည် ရှိ၏။

ထိုနည်းတူ ဓမ္မကထိက ရဟန်းတပါး ခေါင်းဆောင်သော ငါးရာကုန်သော ရဟန်းများရှိ၏။ ဤသို့ တထောင်ကုန်သော ရဟန်းတို့ ရှိကြ၏။ တနေ့တွင် ဓမ္မကထိက ရဟန်းသည် ကုဋီ၌ ကိုယ်လက်သုတ်သင်ပြီး ရေအိုး၌ သန့်သက်ရေကြွင်းကို ခွက်၌ ထားပြီး ထွက်သွားလေ၏။ နောက်မှ ဝိနယဓရ ရဟန်းသည် ရေအိမ်တွင်းသို့ ဝင်ရာ၊ ရေကြွင်းကိုမြင်၍ ထွက်လာပြီးလျှင် ဓမ္မကထိက ရဟန်းအား–

"ငါ့ရှင် သင်သည် ရေကြွင်းကို ထားခဲ့သလောဟုမေး၏"

"ဪ....ဟုတ်ပေ၏"

"ဤသို့ထားလျှင် အာပတ်သင့်သည်ကို မသိသလော"

"ဪ....ငါ့ရှင် မသိပါ"

"ဤသို့ပြုလျှင် အာပတ်သင့်ပေသည်"

"အာပတ်သင့်လျှင် အာပတ်ကို ကုစားပါအံ့"

"ငါ့ရှင် လွန်ကျူးလိုသော ဝိတိက္ကမ စေတနာ မရှိပဲနှင့်ရင်း၊ သတိမေ့ခြင်းကြောင့်ရင်း ပြုမိသောအရာ၌ အာပတ်မသင့်ဟု အယူရှိ၏" ဟုဆို၏။

## နှစ်ပက်ကွဲပြား ပဋိပက္ခဖြစ်ကြခြင်း

ထိုနေ့ပင်လျှင် ဝိနယဓရ ရဟန်းက တပည့် ရဟန်းတို့အား "ဓမ္မကထိက ရဟန်းသည် အာပတ်သင့်သည်ကိုမျှမသိ" ဟုပြောကြား၏။ ဝိနယဓရ ရဟန်း၏ တပည့်တို့က ဓမ္မကထိက ရဟန်း၏ တပည့်တို့အား ပျက်ရယ်ပြုကြ၏။ ဓမ္မကထိက ရဟန်း၏တပည့်တို့က မိမိတို့ ဆရာအားပြောကြားရာဓမ္မကထိကရဟန်းကလည်း

ဝိနယဓရရဟန်းသည် ယခင်ကအာပတ်မသင့်ဟုဆိုပြီးမှယခုတဖန် အာပတ်သင့်ပြန်သည်ဟု ဆိုပြန်သည်။ လိမ်လည်လှည့်ဖျားသော စကားကိုပြောဘိသည်ဟု မိမိ၏ တပည့်များကို ပြောလေပြန်၏။ တပည့် အချင်းချင်း ကွဲပြားကြလေ၏။

ဝိနယဓရ ရဟန်းသည် ဓမ္မကထိကရဟန်းအပေါ် အခွင့်သာပြီး ဓမ္မကထိက ရဟန်းအား နှင်ထုတ်ခြင်း၊ ဥက္ခေပနိယကံကို ပြုလေ၏။ ဓမ္မကထိက၏ တပည့် ရဟန်းတို့ကလည်း တရားနှင့် မလျော်သော နှင်ထုတ်ခြင်းဖြစ်၍ မထွက်၊ တဖက်မှလည်း အတင်း နှင်ထုတ်ကုန်၏။ ပုထုဇဉ်အပေါင်းတို့လည်း နှစ်ဖက် ကွဲပြားကြကုန်၏။

## မြတ်စွာဘုရားပင် လက်လျှော့ရခြင်း

ဤအကြောင်းကို မြတ်စွာဘုရားကြားလျှင် သင့်တင့်ညီညွတ်ရန် နှစ်ကြိမ်တိုင် စေလွှတ်၍ မိန့်တော်မူသော်လည်းမရ၍ သုံးကြိမ်မြောက်၌ ကိုယ်တော်တိုင် ကြွသွား၍ ပညတ်သင့်သည်ကို ပညတ်ပေး၍ ညီညွတ်စေပြန်၏။

နောက်တဖန် ခိုက်ရန်ဖြစ်ပွားအငြင်းပွားနေဆဲဟုကြားတော်မူပြန်၍ ကိုယ်တော်တိုင် ကြွသွားပြန်ပြီး ခိုက်ရန်ဖြစ်ပွားခြင်းကြောင့် ဆင်ပြောင်၏ အသက်ကို ဆုံးရှုံးစေသော နှံ့စုတ်ငှက်မ၏ ဇာတ်ကိုရင်း၊ငြင်းခုံ ကွဲပြားခြင်းကြောင့် များစွာသော ငုံးငှက်တို့ အသက်ကုန်ရသော ငုံးမင်းဇာတ်ကိုရင်း ဟောတော်မူ၏။

သို့တိုင်အောင် မနာယူကြသဖြင့် မြတ်စွာဘုရားသခင်သည် "ဒီဃီတိကောသလမင်းကြီး" ဝတ္ထု ဒီဃာဝုသတို့သား ဇာတ်ကို ဟောတော်မူပြန်၏။

## ဒီဃီတိကောသလမင်းကြီးဝတ္ထု
## ဒီဃာဝုသတို့သာ.ဇာတ်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တမည်သော ကာသိကရာဇ်မင်းသည် များစွာသော အင်အားကြီးမား စွာ ရှိပေ၏။

ကောသလတိုင်း၌လည်း ဒီဃီတိကောသလ အမည် ရသော မင်းသည်စိုးစံလျက်ရှိ၏။ ကာသိကရာဇ်မင်းကစစ်အင်္ဂါလေးပါးနှင့် စစ်ထိုးရန် လာသည်ဟု သတင်းကြားရ ကတည်းက အင်အားချင်း မမျှသည်ကိုသိ၍ စောစောကပင် မိဖုရားကြီးနှင့်တကွ မြို့မှ ထွက်ကြွတော်မူခဲ့ပြီး ဗာရာဏသီပြည်၏ ပြည်စွန်ပြည်ဖျား အိုးထိန်းသည်၏အိမ်၌ မထင်မရှားသောအသွင်ဖြင့် နေရလေ၏။

## မိဖုရားကြီး ချင်းခြင်းတပ်ပုံ

မကြာမီပင် ဒီဃီတိ ကောသလ မင်းကြီး၏ မိဖုရားကြီး၌ ကိုယ်ဝန်တည်၍ ချင်ခြင်းဖြစ်လာ၏။ (၁)နေထွက်သောကာလ စစ်ဝတ်စုံဖြင့် စစ်အင်္ဂါလေးပါးကို ကြည့်ရှုလိုခြင်း၊ (၂)သန်လျက်ဆေးသော ရေကို သောက်လိုခြင်း စသည်တို့ဖြစ်၏။

မိဖုရားကြီးသည် မိမိ၏ချင်ခြင်းကို မင်းကြီးအား လျှောက်ကြားရာ မင်းကြီးက....

"ငါတို့တွင် အသက်လု၍ ပြေးလာရပြီး ပုန်းအောင်း၍နေရချိန်တွင် သင်၏ ချင်ခြင်း ကို အဘယ်သို့ ဖြည့်စွမ်းနိုင်ပါအံ့နည်း" ဟု ဆို၏။ မိဖုရားကြီးက "ဤသို့မရလျှင် သေရပါတော့အံ့" ဟု ဆို၏။

ထိုအခါ ဒီဃိတိ ကောသလ မင်းကြီး၏ ချစ်ကျွမ်းဝင်လှသော အဆွေခင်ပွန်းဖြစ်သည့် ဗြဟ္မဒတ္တ ပုဏ္ဏားသည် ကာသိကမင်း၏ ပုရောဟိတ် မင်းဆရာဖြစ်ခနေ၏။ မင်းကြီးသည် မိမိ၏ မိတ်ဆွေပုရောဟိတ်ပုဏ္ဏားအထံသို့ တိတ်တဆိတ်သွား၍ အခက်အခဲကို ကူညီရန်တောင်းပန်၏။ ပုရောဟိတ်ပုဏ္ဏားက အရှင်မင်းကြီး ထိုသို့ဆိုလျှင် မိဖုရားကို အကျွန်ုပ်ရှေးဦးစွာ ကြည့်ရှုလိုပါသည်ဟု ပြော၏။ မိဖုရားကိုမထင်မရှားအသွင်ဖြင့် ခေါ်သွား၏။ ပုဏ္ဏားအိမ်အနီးသို့ ရောက်သည့်ကာလ ပုရောဟိတ်ပုဏ္ဏားသည် အဝေးမှလာသော မိဖုရားကို မြင်လျှင် နေရာမှ ထ၍ လက်ဝဲပုခုံး၌ ကိုယ်ဝတ်ကိုတင်လျက် မိဖုရားကြီးကို ရှိခိုးပြီး....

"ဤသူငယ်သည် ကောသလတိုင်းကြီးရှင် ဘုရင်ဖြစ်လေစွတကား"

"ဤသူငယ်သည် ကောသလတိုင်းကြီးရှင် ဘုရင် ဖြစ်လေစွတကား"

"ဤသူငယ်သည် ကောသလတိုင်းကြီးရှင် ဘုရင်ဖြစ်လေစွတကား။" ဟု သုံးကြိမ် တိုင်တိုင် ကျူးရင့်ပြီး မိဖုရာကြီးအား ချင်ခြင်း အလိုပြည့်စေဟု နှစ်သိမ့်စေ၏။ ထို့နောက်ကောသလပြည့်ရှင် ဗြဟ္မဒတ္တဘုရင်ကြီးအား တခုသော ဥပါယ်တံမျဉ်ဖြင့် "နံနက် မိုးသောက် နေထွက်ချိန်တွင် စစ်အင်္ဂါ လေးပါးကို

ဆင်ယင်လျက် သန်လျက်ရေကို ဆေးပါစေလော့''ဟုလျှောက်ထား၏။ ပြဟ္မဒတ္တမင်းလည်း ပုရောဟိတ်ပုဏ္ဏား လျှောက်တင်တိုင်းပြု၏၊ မိဖုရားသည် နေ့ထွက်ကာလ စစ်အင်္ဂါ လေးပါးဆင်ယင်သည်ကို ရှုမြင်လျက်သန်လျက်ရေကိုသောက်သုံးပြီးသည်နှင့် ချင်ခြင်းလည်း ပြေပျောက်သွားလေသတည်း။

## ဒီဃာဝုမင်းသား ဖွားမြင်ခြင်း

မကြာမီ သားတော် ကလေးကို ဖွားမြင်၍ ဒီဃာဝု ဟူ၍ အမည်ပေးထား၏။ ဒီဃာဝုမင်းသားသည် သိကြားလိမ္မာသော အရွယ်သို့ရောက်သည့်ကာလ ဒီဃီတိ ကောသလမင်းက စဉ်းစားတော်မူသည်မှာ ပြဟ္မဒတ္တကာသိကမင်းသည် ငါတို့၏ ထီးနန်းစည်းစိမ်ကို လုယူခဲ့လေသည်။ ငါတို့ကိုတွေ့လျှင် သုံးယောက်စလုံး အဆုံးစီရင်မည်သာဖြစ်၏။ သို့ဖြစ်၍ သားငယ် ဒီဃာဝုကို အခြား တနေရာသို့ ပို့ဆောင်၍ အလုံးစုံသော အတတ်တို့ကို လေ့ကျင့်စေ၏။

## ဆတ္တာသည်ဟောင်း စနက်ကြောင့်

ဒီဃီတိကောသလမင်း၏ဆတ္တာသည်ဟောင်းသည် ကာသိကမင်းထံ အမှုထမ်း၍နေရာ တနေ့တွင် ရှာစွန် ရှာဖျား အိုးထိန်းသည်များ၏ နေရာ၌ ကောသလမင်းနှင့် မိဖုရားတို့ မထင်မရှားအသွင်ဖြင့် နေထိုင်ကြသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရပြီး ပြဟ္မဒတ္တမင်းအား လျှောက်ထားလေ၏။ "အရှင် မင်းမြတ်၏

ရန်သူတော် ကာသိကမင်းနှင့် မိဖုရားဟောင်းတို့သည် အိုးထိန်း သည်တို့ အရပ်၌ မထင်မရှား ပုရိဗိုင်အသွင် ရုပ်ဖျက်၍ အရှင် မင်းမြတ်၏ နိုင်ငံပိုင်နက် အတွင်းမှာ နေထိုင် ကြကြောင်း" လျှောက်တင်လေ၏။ ဗာရာဏသီမင်းလည်း မိဖုရားနှင့် တကွ ဒီဃီတိကောသလမင်းအား တုပ်နှောင်ဖမ်းဆီးစေ၏။

ထို့နောက် မင်းမိဖုရား နှစ်ပါးအား လက်ပြန်ကြိုးတည်း၍ ဦးခေါင်းကို သင်ဓုန်းဓားဖြင့် ရိတ်ပြီး လမ်းဆုံလမ်းမ တခုမှ တခုသို့ ရိုက်နှက်ယူဆောင် လှည့်လည်လျက်၊ တောင်တံခါးဖြင့် ထွက်ပြီး၊ မင်းမိဖုရား နှစ်ပါးတို့အား လေးမြွာ လေးစိတ် ဖြတ် ပိုင်း ခွဲစိတ်ပြီး လေးမျက်နှာတို့၌ စွန့်ပစ်ကြကုန်လော့ဟု အမိန့် ချမှတ်လိုက်လေသည်။

## ဒီဃာဝုမင်းသားအား ဆုံးမခြင်း

ဒီဃာဝုမင်းသားသည် မိခင် ဖခင်တို့ကို မဖူးမြင်ရသည်မှာ ကြာပြီဖြစ်၍ ဖူးမြင်အံ့သောငှါ၊ ဗာရာဏသီမြို့တွင်းသို့ လာ၏။

လမ်းဆုံလမ်းခွတွင် ကြမ်းတမ်းသော စည်သံကြား၍ လှမ်း မျှော်ကြည့်မိလျှင် လူအများတို့ ဝိုင်းအုံ ကြည့်နေသည့်အရာကို မထင်မရှား မြင်ရလေရာ အဘယ်အရာဟု သေချာစွာသိစေရန် လူအုပ်အတွင်းသို့ဝင်ရောက်ကြည့်ရှုလေလျှင် မိဘနှစ်ပါးတို့အား လက်ပြန်ကြိုးတုပ်လျက် ဦးခေါင်းကိုရိတ်ပြီး ရိုက်နှက် ဆွဲခေါ် သွားသည်ကို မြင်ရသည့် အခါ ပူပင်နှစ်လုံး ယူကြုံးမရ၊ ဒုက္ခ ဆင်းရဲ၊ ကြေကွဲသောနှလုံးသားဖြင့် မျက်ရည်များကျကာ၊အံကို ကြိတ်၍နေသည်ကိုလူအုပ်များအကြားမှ ဒီဃီတိကောသလမင်း မြင်လေသော် ဒီဃာဝုမင်းသားအား ဆုံးမလို၍။

မာခေါ တံ့ တာတ ဒီဃာဝု ဒီဃံ ပဿ မာ ရဿံ။
န ဟိ တာတ ဒီဃာဝု ဝေရေန ဝေရာ သမ္မန္တိ။
အဝေရေန ဟိ တာတ ဒီဃာစု ဝေရာ သမ္မန္တိ။

တယောက် တည်းပင် ဖွားမြင်၍ ထားခဲ့ရ သဖြင့် အားကိုးရာမဲ့နေရှာသောချစ်လှစွာသည့် ငါ့သားဒီဃာဝု ငါဖခင်၏ စကားကို ချစ်သား နားစိုက်ပါလော့။

တယောက်နှင့်တယောက် ရန်ငြိုးထား၍ မပျောက်နိုင် မပြေနိုင် ရှည်စွာသော ရန်ငြိုးဖွဲ့ခြင်းကို မပြုပါလေနှင့်။

ချစ်သားဒီဃာစု တဦးနှင့် တဦး မေတ္တာ သက်ဝင် ချစ်ခင်လျက် ရှိသော မိတ်ဆွေတို့ကို ပယ်ရှား တွန့်တို ဖြတ်လိုသည့်အမှုကို မကြည့်ရှုပါနှင့်။

ချစ်သားဒီဃာဝု၊ရန်ကိုရန်တုန့်မှုသဖြင့် ရန်ငြိုးထားခြင်းသည် ရန်ကို ဘယ်တော့မှ ငြိမ်းပျောက်ခြင်း မရှိနိုင်ပေ။

ချစ်သားဒီဃာဝု ရန်ကို ရန်ငြိုးမထားသူတို့သာလျှင် ရန်တို့သည် ငြိမ်းပျောက်၍ ရန်နှင့်ဝေးသတည်း။

ဟူ၍ မှာကြားလေသည်။

အကြောင်းစုံကို မသိသောသူတို့က ဤမင်းကြီးသည် သေအံ့သော ကာလကို ကြောက်၍ ရှူးသွပ်ယောင်ယမ်း ပြောဆိုလေသည်ဟု ဆိုကြကုန်သည်ရှိသော် ဒီဃီတိကောသလမင်းက....

"အို....အချင်းတို့ ငါသည် သေခါနီး၍ မြည်တမ်းယောင်ယမ်းသည်မဟုတ်၊ ဤကြည့်ရှုနေကြသူတို့အကြားတွင်ပညာသတိရှိသူ တစုံတယောက်ရှိခဲ့လျှင် ငါဆိုအပ်သောစကားကိုထင်ထင်ရှားရှား သိပေလိမ့်မည်"ဟု ပြောဆို၏။

မင်းချင်းတို့လည်း မင်းမိဖုရားနှစ်ပါးကိုလမ်းဆုံလမ်းခွတခုမှတခုသို့ ယူဆောင်လျက် တောင်တံခါးမှ ထုတ်၍ မင်းမိဖုရားနှစ်ပါးတို့ကို သတ်ဖြတ် ခုတ်ပိုင်းပြီး လေးပုံ ပုံလျက် အရပ်လေးမျက်နှာတို့၌ အစောင့်အရှောက်နှင့်ထားလေ၏။

## ဗြဟ္မဒတ္တမင်း ညည်းညူခြင်း

ဒီဃာဝုမင်းသားသည် ဗာရာဏသီမြို့တွင်းသို့ ဝင်၍ အရက်သေစာတို့ကို ဝယ်ယူပြီးလျှင် ပိုင်းဖြတ်ထားသော အလောင်းတို့ကို စောင့်သည့်အစောင့်တို့အား မိတ်ဖွဲ့၍ အရက်ကိုမူးအောင်တိုက်ပြီး မိဘ နှစ်ပါးတို့၏အသားဆိုင် အသားစုတို့ကို ပုံပြီးလျှင် မီးရှို့၍ လက်ျာရစ် သုံးကြိမ် လှည့်လည် ရှိခိုးလျက် နေ၏။ ဗြဟ္မဒတ္တမင်းသည် အထက်ပြာသာဒ်မှ မြို့ပြင်သို့ လှမ်း၍ ကြည့်သော် မီးပုံကို လက်ျာရစ်လှည့်ပြီး ရှိခိုးနေသောသူကို မြင်၍ ဤသူသည် ဒီဃီတိကောသလမင်း၏သားရင်းသာလျှင် ဖြစ်ပေမည်။ ငါ့အား အဘယ်သူတယောက်မျှသားရှိကြောင်းကိုမပြောကြားပါတကားဟု စဉ်းစားဆင်ခြင်တော်မူ၏။

## ဒီဃာဝုမင်းသား နန်းတွင်းသို့ ဝင်ရောက်ခြင်း

ဒီဃာဝု မင်းသားသည် တောတွင်းသို့ သွား၍ လူမကြားအောင် အားရပါးရငိုပြီးနောက်မျက်ရည်တို့ကိုသုတ်၍မြို့တွင်းရှိ

ဆင်တင်းကုတ်သို့သွား၏။ ဆင်ထိန်းအားအကျွန်ုပ်သည် ဆင်ပညာကို လိုလားပါသည်ဟု ပြော၏။ ဆင်ဆရာက သင်ကြားလော့ဟု ခွင့်ပြု၏။

ဒီဃာဝုမင်းသားသည် ဆင်တင်းကုတ်၌နေယင်း တနေ့သော နံနက် မိုးလင်းခါနီးအချိန်တွင် စောင်းကိုတီး၍ သီချင်းကို ဆိုလေ၏။ ဗြဟ္မဒတ္တမင်းလည်း နံနက်ခင်းတွင် မင်္ဂလာ ရှိသော သာယာကြည်နူးဖွယ်အသံကို ကြားရသဖြင့် များစွာရွှင်လန်းတော်မူသည်နှင့် ဤသီချင်းသံနှင့် စောင်းသံသည် မည်သူ၏ အသံနည်းဟုမေး၏။ အရှင်မင်းမြတ်၏ ဆင်ထိန်းအိမ်မှ တပည့်တဦး၏ သီချင်းသံနှင့် စောင်းသံဖြစ်ပါသည်ဟုဆိုသဖြင့် စောင်းရှင်ကို ခေါ်စေ၏။ ဒီဃာဝုမင်းသားကိုမြင်လျှင် များစွာခင်မင်နှစ်သက်ခြင်းဖြစ်၍ ငါ၏နန်းတွင်း၌နေပြီး စောင်းဖြင့် ဖျော်ဖြေလော့ဟု အမိန့်ချမှတ်၏။

ဒီဃာဝုမင်းသားလည်းမင်းကြီး၏အလိုကျအောင်မနားမနေကြိုးစားသဖြင့် မင်းကြီးနှင့် ရင်းနှီးချစ်ကျွမ်းဝင်ခြင်း အဖြစ်သို့ ရောက်၏။ မင်းကြီးလည်း များစွာချစ်ခင်၍ အတွင်းတော်၌ ခစားစေ၏။

## မိဘစကား နားထောင်သူ

တနေ့တွင် မင်းကြီးကတောကစားထွက်ရန် ဒီဃာဝုမင်းသားအား ရထားကိုပြင်စေ၏။စစ်သည်တော်တို့လည်းအသင့် ပြင်ဆင်ကြ၏။ မင်းကြီးသည်ဒီဃာဝုမင်းသားအား ရထားကို မောင်းစေ၏။ ဒီဃာဝုမင်းသားလည်း ရထားကို အပြင်းနှင်လေသော် စစ်သည်တော်တို့ လိုက်၍ မမှီပဲ မျက်ချေပြတ်၍ သွားကြ၏။

တောတွင်းသို့ရောက်လျှင် မင်းကြီးက ဒီဃာဝုအားရထားကို ရပ်စေ၏။ ဒီဃာဝုလည်းရထားကိုချွတ်၍ သစ်ပင်ရင်း၌ထိုင်နေစဉ် မင်းကြီးက ငါပင်ပန်းလှသည်။ တရေးအိပ်မည်ဟု ဆိုကာ ဒီဃာဝု ပေါင်ပေါ်၌ ခေါင်းအုံးပြုကာ လဲလျောင်းယင်း အိပ်ပျော်သွား၏။

ဒီဃာဝုသည် အိပ်ပျော်နေသော မင်းကြီးကို စေ့စေ့ကြည့်လျက် ဤမင်းကြီးသည် ငါတို့၏ မင်းစည်းစိမ်နှင့် တကွသော တိုင်းပြည်ကိုပါ လုယူသိမ်းပိုက်၍ ငါ၏ မိဘနှစ်ပါးကိုရက်ရက်စက်စက်ရိုက်နှက်၍အပိုင်းပိုင်းသတ်ဖြတ်ခဲ့သည်။ ယခုဤမင်းကြီးသည် ငါ၏လက်တွင်းမှ အဘယ်သို့လွတ်နိုင်အံ့နည်း။ "ငါအခွင့်ကြုံလေပြီ" ဟု သန်လျက်အိမ်မှ သန်လျက်ကိုဆွဲထုတ်၍ မင်းကြီး၏ ဦးခေါင်းကိုဖြတ်တော့အံ့ဟု ချိန်ရွယ်လိုက်သည်နှင့်တပြိုင်နက် ခမည်းတော် ဒီဃီတိ ကောသလမင်းကြီး၏ အသံသည် လေမှ ပျံ့လွင့်ကာ နားထဲတွင် ကြားယောင်လာတော့သည်။

အို့ချစ်သား ဒီဃာဝု-

ရန်ကိုရန်ခြင်း မတုန့်နှင်းလေနှင့်။

ရန်ဟူသည်မှာ ရန်တုန့်မှုခြင်းဖြင့် အဘယ်မျှ မပြေငြိမ်း။

ရန်မလိုမှ ရန်ပြိုသည်။ ရန်လိုလျှင် ရန်ပိုတတ်သည်။

ချစ်စကိုရှည်စေ၍ ရန်စကို တိုစေလော့။

လျှပ်တပြက်အတွင်းပင် ခမည်းတော်၏ သတိပေးသံကို နားဝမှာပြန်ပြီး ကြားရသဖြင့် သတိတရားရပြီး "ငါသည် ဤ

ဗြဟ္မဒတ္တမင်းကိုသတ်မိခဲ့ချေအံ့၊ခမည်းတော်၏ စကားကိုပယ်လှန်ရာ ကျချေတော့မည်'' ဟု သန်လျက်ကို အိမ်သို့ပြန်သွင်း၏။ ဤသို့လျှင် သုံးခါသုံးကြိမ်တိုင် ဖြစ်သတည်း။

ဗြဟ္မဒတ္တကာသိက မင်းကြီးသည် အလန့်တကြား အိပ်ယာမှ ထပြီး ဟိုကြည့်ဒီကြည့် ကြည့်လေသည်ရှိသော် ဒီဃာဝုမင်းသားက ''အရှင်မင်းကြီး အဘယ်ကြောင့် ထိတ်လန့်တကြား ဖြစ်ဘိသနည်း'' ဟု မေး၏။ မင်းကြီးက ''ဤတောအရပ်၌ ဒီဃီတိကောသလမင်းကြီး၏သားသည် ငါ့အား သံလျက်ဖြင့် ဦးခေါင်းကို ဖြတ်ချေလေသည်'' ဟု အိပ် မက် မြင် မက် လေ သည်။ ထို့ကြောင့် ငါသည် ကြောက်လန့်တကြား ထ မိ သည် ဟု ပြော၏။

ထိုအခါ ဒီဃာဝုမင်းသားသည် ဘယ်လက်ဖြင့် ဗြဟ္မဒတ္တမင်းကြီး၏ဦးခေါင်းကိုကိုင်လျက် ညာဖက်လက်ဖြင့်သန်လျက်ကို ချိန်ရွယ်ပြီး ''မင်းကြီး ဒီဃီတိကောသလမင်းကြီး၏သားဒီဃာဝုဆိုသည်ကား ငါပင်တည်း။ ငါတို့၏မင်းစည်းစိမ်နှင့်တကွသော ပစ္စည်းဥစ္စာ ရတနာတို့ကို အသင်မင်းကြီးသည် ဖျက်ဆီးခဲ့၏။ ငါ၏ခမည်းတော်မယ်တော်တို့အား ရက်စက်စွာ သတ်ဖြတ်ခဲ့၏။ ယခုအခါ သင်မင်းကြီး၏ အလှည့်သို့ ရောက်ချေပြီ။ ငါသည် သင်မင်းကြီးအား ကလဲ့စားချေကာ သင်မင်းကြီး၏ လည်ကို ဖြတ်တော့အံ့'' ဟု ဆို၏။

မင်းကြီးလည်း လွန်စွာထိတ်လန့် ကြောက်ရွံ့သည် ဖြစ်၍ ဒီဃာဝု၏ ခြေကိုဖက်ကာ အသက်ကိုချမ်းသာပေးပါရန်သုံးကြိမ်တိုင်အောင် တောင်းပန်၏။

ထိုအခါ ဒီဃာဝုမင်းသားက "အသင်မင်းကြီးသည်ကျွန်ုပ်၏ အသက်ကို တည်နေရအောင် ပေးပါကအရှင်မင်းကြီး၏ အသက်ရှင်ခြင်းကို ပေးပါမည်" ဟု ဆို၏။

ထိုအခါ မင်းကြီးက "ငါသည် သင့်အား အသက်ရှည်ခြင်းကိုပေးပါ၏။ ငါ့အသက်ကိုလည်း ရှည်ပါစေလော့" ဟု နှစ်ဦးနှစ်ပက် ကျိန်စာဆို၍ ကတိသစ္စာ ပြုကြလေကုန်၏။

ထိုနောက် မင်းကြီးက "ချစ်သားဒီဃာဝု ရထားကိုပြင်လော့ ငါတို့သွားကြကုန်အံ့" ဟု ဆိုသဖြင့် ဒီဃာဝုမင်းသားသည် ရထားကိုပြင်၍ မောင်းနှင်ပြီး ရှာဖွေနေကြသော စစ်သည်တော်များနှင့် ဆုံပြီးနန်းတွင်းသို့ သွားကြ၏။

နောက်တနေ့ ညီလာခံတွင် မင်းကြီးသည် မှူးမတ်တို့အား "အသင်တို့သည် ငါ၏ ရန်သူဖြစ်သော ဒီဃီတိကောသလမင်း၏ သား ဒီဃာဝုရှိသည်ကို သင်တို့ မလျှောက်တင်ကြကုန်၊ ယခု ဒီဃာဝုသည် အသက်ထင်ရှား ရှိနေ၏။ အသင်တို့ ဒီဃာဝု မင်းသားကိုတွေ့လျှင် အသို့ပြုကြမည်နည်း" ဟု မေး၏။ မှူးမတ်တို့က မည်သို့မည်ပုံ သတ်ဖြတ်ကြမည်ကို အမျိုးမျိုးပြောကြ၏။ မင်းကြီးက "ဤသူသည် ဒီဃာဝုတည်း။ ဒီဃာဝုသည် ငါ၏ အသက်ကို ချမ်းသာပေးခဲ့၏။ ငါသည်လည်း ဒီဃာဝု၏အသက်ကိုချမ်းသာပေးခဲ့ပြီဖြစ်၏။ နှစ်ဦးစလုံးအသက်ရှည်သရွေ့ မသတ်ကြစတမ်းကျိန်စာ ဆိုခဲ့ကြပြီ ဖြစ်၏။ သင်တို့သည် တစုံတခုမျှ ဒီဃာဝုအား ပြုခြင်းငှာမရတော့ပြီဟု ပြောဆိုပြီးနောက် -

"ချစ်သားဒီဃာဝု သင်၏ဖခင်သည် သေလွန်ကာနီးကာလက ပရိသတ်အလယ်၌ ပြောကြားသော စကားကို သင်အဘယ်သို့ နားလည်သနည်းဟု မေး၏။

"အရှင်မင်းကြီး(မာခေါတ္တံတာတ ဒီဃာစုဒီဃံ) ဟူသော စကားမှာ ရန်ငြိုးဖွဲ့ခြင်းကို ကြာရှည် မပြုပါလင့်၊(ရန်စကို တိုစေ)ဟူသောအဓိပ္ပာယ်ရှိပါသည်။(မာရဿံ)ဟူသော စကားမှာ ချစ်ခင်ဆက်ဆံကြသော အဆွေ ခင်ပွန်းတို့ကို အမျက်ထား၍ ချစ်ခင်ခြင်းကို ဖျက်ဆီးခြင်း မပြုပါလင့် (ချစ်စကို ရှည်စေ) ဟူ၍ဆိုပါသည်။ (နဟိတာတ ဒီဃာစု ဝေရေန ဝေရာသမ္မန္တိ အဝေရေန ဟိ တာတ ဒီဃာစု အဝေရာသမ္မန္တိ)ဟူသောစကားမှာ အရှင်မင်းကြီးသည် အကျွန်ုပ်၏မိခင်ဖခင်တို့ကို သတ်ဖြတ်သည် ဖြစ်၍ အကျွန်ုပ်က အရှင်မင်းကြီးကို အခွင့်သာခိုက် ပြန်လည် သတ်ဖြတ်ခဲ့သည်ဖြစ်အံ့၊ အရှင်မင်းကြီးကို လိုလားသူတို့က အကျွန်ုပ်ကို တဖန်ပြန်၍ သတ်မည်ဖြစ်၏။အကျွန်ုပ်ကို လိုလားသူတို့က ထိုသူတို့ကို တဖန်ပြန်သတ်ကြကုန်အံ့။ဤသို့ပင်အဆက်မပြတ် အထပ်ထပ် ရန်ကိုမြင်သဖြင့် ဘယ်အခါတွင်မှ ဘေးရန်ခပ်သိမ်း ငြိမ်းပျောက်သည် ရှိမည် မဟုတ်။ ယခု အခါ၌ကား အရှင်မင်းကြီးသည် အကျွန်ုပ်အား အသက်ရှင်ခြင်းကို ပေး၏။ အကျွန်ုပ်သည်လည်း အရှင်မင်းကြီးအား အသက်ကိုပေးသဖြင့် ဤရန်စသည် အစမရှည် တခဏဖြင့်ပင် ငြိမ်းရပါသည်ကို ဆိုလိုသော စကားဖြစ်ပါသည်။ ဤသို့ပင် အကျွန်ုပ် ဖခင် သေခါနီးကာလ၌ ဆုံးမစကား မှာကြားခြင်းဖြစ်သည်ဟု လျှောက်ကြားသော ကာလ၊ ဗြဟ္မဒတ္တမင်းကြီးက....

"အို....အချင်းတို့ ဤဒီဃာဝုမင်းသားသည် သိကြားလိမ္မာ ပညာအမြော်အမြင်ကြီးလှပေ၏။ ဖခင်ဖြစ်သူက အကျဉ်းအား ဖြင့် ဆုံးမစကားကို အကျယ် ဝေဖန်၍ သိလေစွ တကား"ဟု ချီးမွမ်းပြီးသော် ဒီဃာဝု မင်းသားအား မိမိ ချစ်လှစွာသော သမီးတော်နှင့် ထိမ်းမြားပေးပြီးလျှင် သူ၏ဖခင်အမွေဖြစ်သော ထီးနန်းစည်းစိမ်ကို ပေးအပ်လေ၏။

## မြတ်စွာဘုရားသခင်က ကောသမ္ဗီက ရဟန်းတို့ကို ဆုံးမခြင်း

ချစ်သားရဟန်းတို့ ထိုစဉ်ကမင်းနှစ်ပါးတို့သည်အချင်းချင်း စစ်ခင်း၍ သတ်ဖြတ် နှိပ်စက်ခဲ့သော်လည်း သူတော်ကောင်း တည်းဟူသော ဒီဃီတိကောသလမင်းကြီး၏ဆုံးမခဲ့သောစကား ဖြင့် သည်းခံကြသည်ဖြစ်၍ နှစ်ဦးနှစ်ဖက် ချစ်ကြည်လေးမြတ် လျက် ထီးနန်းစည်းစိမ်ကို ရပြီး မင်းအဖြစ်ကို ရောက်ခဲ့၏။

အသင်တို့သည် ငါဘုရားကိုယ်တိုင် သွန်သင်ဆုံးမ ခြဝါဒ ဒေသနာ ဝိနည်း တရားတော်၌ သဒ္ဓါကြည်ညို၍ ရဟန်းပြုကြ သူများ ဖြစ်ပါလျက် အဘယ်ကြောင့် သည်းခံခြင်း မပြုကြပါ သနည်း။ နှစ်ဖက်စလုံးသည် သည်းခံ ညီညွတ်ခြင်းဖြင့် တင့်တယ် စွာ နေထိုင်ကြကုန်လော့ ဟု ဆုံးမစကား ဟောကြားတော်မူ လေ၏။

## မြတ်စွာဘုရား ပါလိလေယျက တောသို့ ဝါဆိုခြင်း

ကောသမ္ဗီက ရဟန်းတို့သည် ဘုရားသခင် ကိုယ်တိုင် ဆုံးမ တော်မူသော်လည်းမနာယူကြသဖြင့် ဗာလုံးစုံသောရဟန်းသံဃာ

များကိုစွန့်လျက် ကိုယ်တော်မြတ်တပါးတည်းသာ ပါလိလေယျကတို့ရွာသို့ ကြွသွားတော်မူပြီး ဘဂုမထေရ်အား ဧကစာကျင့်ရန် တရားတို့ကို ဟောကြား ဆုံးမတော်မူပြီး ပါလိလေယျက တောအုပ်သို့ ကြွသွားတော်မူ၏။

## ပါလိလေယျက ဆင်မင်း

ဤတောအုပ်၌ ပါလိလေယျက အမည်ရှိသော ဆင်သည် ခွန်အားဗလ နည်းပါးလှသောကြောင့် အပေါင်းအသင်းတို့နှင့် နေရသည်ကို ငြီးငွေ့လှသဖြင့် တကောင်တည်းသာလျှင် ပါလိလေယျက တောအုပ်၌ ကျက်စား၍နေရာ အင်ကြင်းပင်ရင်း၌ သီတင်းသုံး၍ နေတော်မူသော မြတ်စွာဘုရားသခင်ကို ဖူးမြင်ရလျှင် လွန်စွာကြည်ညိုစိတ်ဖြစ်ပေါ်၍ အနီးသို့ ကပ်၍ ပူဇော်သမှုပြု၏။ အနီးအပါးသို့ ကြည့်ရှုရာ ပြုစုလုပ်ကျွေးမည့်သူ တစုံတရာမတွေ့ရှိလေသဖြင့် မြတ်စွာဘုရား၏ အနီးအပါးမှ မညီညွတ်သော မြေတို့ကို ခြေဖြင့်ရှပ်ကာ မြေကိုညှိပေးခြင်း၊ သစ်ကိုင်းကို နှာမောင်းဖြင့်ချိုး၍ တံမြက်လှည်းပေးခြင်းဖြင့် ဝတ်ပြုလေ၏။

ထိုအခါမှစ၍ နှာမောင်းဖြင့် ရေအိုးကိုယူပြီး သောက်တော်ရေ၊ သုံးတော်ရေတို့ကိုလည်း တည်ထားပေး၏။ ရေပူရေအေးကိုလည်း စီရင်ပေး၏။ သစ်သီးကြီးငယ်ကို ရှာကြံဆောင်ယူပေးလှူ၏။ မြတ်စွာဘုရားသည် ရွာတွင်းသို့ ဆွမ်းခံကြွတော်မူလျှင် ပါလိလေယျက ဆင်မင်းသည် သပိတ်နှင့် သင်္ကန်းတော်ကို ဦးကင်း၌တင်၍ နောက်တော်ပါးမှ လိုက်သွား၏။ ရွာအနီးသို့ ရောက်လျှင် မြတ်စွာဘုရားသခင်က "သင်သည် ဤအရပ်မှ ရှေ့သို့ မသွားကောင်း၊ ဤတွင်ရပ်လော့" ဟုဆိုလျှင် သပိတ်သင်္ကန်း

ကို မြတ်စွာဘုရားသို့ကပ်၏။ မြတ်စွာဘုရား ဆွမ်းခံ၍ ပြန်ကြွလာတော်မူသည်အထိ ဤနေရာမှာပင် စောင့်ပြီးလျှင် သပိတ်သက်နှုန်းကို စောင့်ကြို၍ယူလျက် သီတင်းသုံးတော်မူရာ ဌာနသို့ချပြီးလျှင်ဝတ်ကြီး ဝတ်ငယ်ကိုပြု၏။ သစ်ခက်ဖြင့် ယပ်ခပ်၍ပေး၏။ ညဉ့်အခါရောက်လျှင် သစ်ကိုင်းတုတ်ကို နှာမောင်းဖြင့်ကိုင်လျက် တညလုံး ကင်းစောင့်၍ပေး၏။ နံနက်မိုးသောက်လျှင် မျက်နှာသုတ်တော်ရေ ကပ်သည်မှစ၍ ဝတ်ကြီးဝတ်ငယ် အားလုံးကိုပြုစုပေး၏။

## မျောက်သည်လည်း ပူဇော်ခြင်း

ပါလိလေယျက ဆင်မင်း၏ ပြုစုလုပ်ကျွေးခြင်းကို မြင်သောမျောက်တကောင်သည် ဘုရားသခင်အား ကြည်ညိုစိတ်ဖြင့် ပျားကောင်မရှိသော ပျားလဘို့တခုကိုယူဆောင်၍ဘုရားသခင်ရှေ့၌ငှက်ပျောရွက်ကို ခင်းပြီးလျှင် ဘုရားသခင်အားကပ်၏။ ဘုရားသခင်လည်း အလှူခံတော်မူ၏။ မျောက်သည် ဘုရားသခင် ဘုဉ်းပေးသုံးဆောင်တော်မူပါ၏လောဟု ကြည့်၍ရှုနေသော် ဘုရားသခင်သည် ဘုဉ်းပေးတော်မမူပဲပျားတံကိုကိုင်၍သာ ထားသည်ကို မြင်၏။ မျောက် သည် သေချာ စွာ ကြည့် ရှုလေ သော် ပျား တံ ၏ အ ရင်း ၌ ပျား ဥ အ ချို့ ကို တွေ့ မြင် လေ သ ဖြင့် မြောက် သည် ပျား ဥ တို့ ကို တ ဖြည်း ဖြည်း ဖယ် ရှား ၍ ကပ်လှူပြန်၏။ ဘုရားသခင်သည် ဘုဉ်းပေးသုံးဆောင်တော်မူ၏။ မျောက်သည် ဘုရားသခင် ဘုဉ်းပေး သုံးဆောင်တော်မူနေသည်ကို မြင်လျှင် ဝမ်းသာလွန်းသဖြင့် သစ်ပင်ပေါ်သို့ ခုန်တက်၍

သစ်ကိုင်းတခုကို လက်ဖြင့်ကိုင်ဆွဲကာ မြူးတူး ကခုန်လေသည်။ မျောက်၏လက်ဖြင့် ကိုင်ဆွဲသော သစ်ကိုင်းသည် ကျိုးကျ၍ ခြေဖြင့်နင်းသော သစ်ကိုင်းလည်းကျိုးကျပြီး အောက်သို့ အရှိန်နှင့်ကျရာ အောက်၌ရှိသော သစ်ငုတ်ဖြင့် ကိုယ်ကို ဖောက်၍ စူးဝင်သွားလေ၏။ ပြင်းပြသော ဝေဒနာကြားမှာပင် မြတ်စွာဘုရားကို ကြည်ညိုသောစိတ်ဖြင့် သေလွန်သွားရာ တမုဟုတ်ခြင်းပင် တာဝတိံသာနတ်ပြည်၌ ယူဇနာ သုံးဆယ်ရှိသော ရွှေဗိမာန်ကြီးနှင့် နတ်သမီးတထောင် အရံရှိသော မက္ကဋ နတ်သား ဖြစ်လေ၏။

မြတ်စွာဘုရားသခင်သည် ပါလိလေယျကတော၌သီတင်းသုံးတော်မူသည်ကို ဇမ္ဗူဒိတ်ကျွန်းအလုံး၌ သတင်းထင်ရှားဖြစ်ပေါ်သတည်း။

## ရဟန်းသံဃာများ ညီညွတ်ကြခြင်း

ကောသမ္ဗီ ပြည်သူပြည်သားတို့သည် ကျောင်းတော်သို့သွားကြရာ ဘုရားသခင်အား မဖူးမမြင်ရသဖြင့် မေးလျှောက်လျှင် သံဃာတော်တို့ ညီညွတ်သင့်တင့်အောင် ဆုံးမဩဝါဒပေးတော်မူသော်လည်း သင့်တင့် ညီညွတ်ခြင်း မဖြစ်ကြသောကြောင့် ပါလိလေယျကတောသို့ တပါးတည်း ကြွသွား လေကြောင်း သိကြရတော့၏။

ထိုအခါ လူအပေါင်းတို့သည် ဤရဟန်းတို့သည် ဘုရားသခင်၏ အထံ၌ ရဟန်းပြုကြပါလျက် ဆရာ၏ ဩဝါဒစကားကို နားမထောင်ကြပဲ အချင်းချင်း ဝါဒကွဲကာ မညီမညွတ်သည်၏

အဖြစ်ကြောင့် ငါတို့သည်ဘုရားသခင်အား မဖူးမြင်ရတော့ပေ။ ဤရဟန်းတို့အား နေရာထိုင်ခင်းပေးခြင်း၊ အရိုအသေပြုခြင်း၊ အလှူအတန်း ပေးခြင်းတို့ကို ရပ်စဲကြကုန်အံ့ဟု အချင်းချင်း တိုင်ပင်ညီညီညွတ်ကြကုန်၏။ နှစ်ရက်သုံးရက်မျှပင် ရဟန်းတို့သည် ဆွမ်းကွမ်းကိစ္စ အခက်အခဲကြီးစွာ တွေ့၍ ကွဲပြားသမှုကို တိုင်ပင်ညီညွတ်ကြပြီး ဒါယကာတို့ထံ ငါတို့အချင်းချင်းညီညွတ်ကြပါပြီ။ ငါတို့ ရှေးအခါကကဲ့သို့ပင် ဖြစ်ပါလေတော့ဟု ပြောဆိုကြ၏။ ယူဒါယကာတို့ကလည်း "မြတ်စွာဘုရားသခင်ထံ ကန်တော့ဝန်ချပြီးမှ ရှေးအခါနှင့်အတူဖြစ်ပါစေ" ဟု ဒါယကာတို့က ပြန်လည် လျှောက်ထားကြ၏။

ရဟန်းတို့သည် ဝါတွင်းအခါဖြစ်၍ မြတ်စွာဘုရားထံ သွားရောက် လျှောက်ထားခြင်းမပြုနိုင်သဖြင့် ဝါတွင်းသုံးလပတ်လုံး ဆင်းရဲငြိုငြင်စွာ နေကြရတော့၏။

## အရှင်အာနန္ဒာ ပင့်လျှောက်ခြင်း

ဝါကျွတ်သောအခါ သာဝတ္ထိပြည်မှ အနာထပိဏ်၊ ဝိသာခါ အစရှိသော ဒါယကာ။ ဒါယကာမ အပေါင်းတို့က အရှင်အာနန္ဒာအား မြတ်စွာဘုရားရှိရာကို ပြတော်မူကုန်ဟုလျှောက်ကြား၏။ အရပ်မျက်နှာအသီးသီး၌ သီတင်းသုံးတော်မူကြကုန်သော သံဃာတော်တို့ကလည်း ဝါကျွတ်သော် အရှင်အာနန္ဒာထံသို့ လာရောက်၍ မြတ်စွာဘုရား၏ ရှေ့မှောက်တော်သို့ရောက်အောင် ပို့ပါလော့ဟု တောင်းပန်ကြကုန်၏။

အာနန္ဒာမထေရ်လည်း ရဟန်းတို့ကို ခေါ်ဆောင်ပြီး ပါလိလေယျက တောအုပ်သို့သွား၍ ရဟန်း များ စွာ နှင့် မြတ်စွာဘုရားရှေ့တော်သို့ဝင်လျှင် မသင့်လျော်ဟုရဟန်းများစွာတို့ကို တောအုပ်၏အပဌ ထားခဲ့ပြီး တပါးတည်းသာလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်လေ၏။

အာနန္ဒာ မထေရ် လာသည်ကို မြင်လျှင် ပါလိလေယျက ဆင်မင်းသည် တုတ်ကိုနှာမောင်းဖြင့် ဆောင်၍ ရိုက်ပုတ်အံ့ဟု ပြင်ဆင်၏။ မြတ်စွာဘုရားသခင်က "ပါလိလေယျက ယခုလာသောအာနန္ဒာသည် ငါဘုရား၏အလုပ်အကျွေးတည်း ဟန့်တားခြင်းကို မပြုလင့်" ဟု မိန့်တော်မူ၏။ ပါလိလေယျက လည်း ရှင်အာနန္ဒာ လာခြင်းကို လမ်းဖယ်၍ ပေးလေ၏။ ရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ရှိခိုးပူဇော်ပြီးသော် သင့်တင့်လျောက်ပတ်သော အရပ်၌ နေ၏။

မြတ်စွာဘုရားသည် ရှင်အာနန္ဒာအား တပါးတည်းလောဟု မေးတော်မူ၏။ရဟန်းတော် ငါးရာပါရှိ၍ အလိုတော်ကို မသိရသေးသောကြောင့် တောအုပ်ဝ၌ ထားခဲ့ကြောင်းကို လျှောက်ထားလျှင် ခေါ်တော်မူစေ၏။

ရဟန်းတို့ရောက်လာပြီးသော်မြတ်စွာဘုရားသခင်အား ရှိခိုးပူဇော်အမှုပြုပြီးနောက် ဘုရားသခင် မေးတော်မူလာသမျှသိလိုတော်မူသမျှတို့ကို ဖြေကြားကြပြီး "ရှင်တော်ဘုရား တပည့်သားတပါးမှမပါပဲ အရှင်မြတ်တပါးတည်းသာဝါတွင်းသုံးလ ပတ်လုံးသီတင်းသုံးနေတော်မူသည်မှာ မျက်နှာသစ်တော်ရေကို ပင် ကပ်မည့်သူမရှိပါတကား" ဟု လျှောက်ကြားကြလေသော်။

ဘုရားသခင်က''ချစ်သား ရဟန်းတို့ ပါလိလေယျက ဆင်မင်းသည် အလုံးစုံသော ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုစုစောင့်ရှောက်ပေ၏''ဟု မိန့်တော်မူပြီးနောက်။

''ချစ်သားရဟန်းတို့ ရင့်သော ပညာရှိထသော၊ ကောင်းသောနေခြင်း ရှိထသော၊ ပြဲမြံ ခိုင်ခံ့ တည်တံ့သော သမာဓိရှိသော အတူကျင့်ဖော်ဖြစ်ထသော အဖဆွေခင်ပွန်းကို ရခဲ့သည်ဖြစ်အံ့ ထိုအဆွေ ခင်ပွန်းကောင်းနှင့် အတူကျင့်ရာ၏''

''ဤသို့သော အဆွေခင်ပွန်းကောင်းကို မရခဲ့သည် ဖြစ်အံ့ ထီးနန်းကိုစွန့်၍ တောထွက်ကြသော မဟာဇနက္က၊တေမိယမင်းတို့ကဲ့သို့ရင်း၊မာတင်္ဂတော၌ အဖော်မပါပဲ လှည့်လည်နေသော ပါလိလေယျက ဆင်ကဲ့သို့ တယောက်တည်း ကျင့်ရာ၏''

''အဖော်ပါ ထယောက်တည်းတည်း ကျင့်ခြင်းသည်မြတ်၏။ လူမိုက်နှင့်အကျွမ်းတဝင် ဆက်ဆံရခြင်းမရှိတော့ပေ။ တော၌ တယောက်တည်းတည်း ကြောင့်ကြမဲ့ သွားလာနေသော ဆင်ပြောင်ကဲ့သို့ကျင့်ရာ၏။ဤသို့ဖြင့် မကောင်းမှုတို့ကို မပြုကျင့်ရာ''

အထက်ပါ နာဂဝဂ်လာ သုံးဂါထာကို ဟောကြားတော်မူသည့်အဆုံး၌ ငါးရာမျှလောက်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

ထို့နောက် အာနန္ဒာမထေရ်က အနာထပိဏ်သဌေး စသည်တို့ ဖူးမြင်လိုကြောင်း သတင်းစကားကို လျှောက်ထားလေလျှင် မြတ်စွာဘုရားသခင်က''ချစ်သားအာနန္ဒာ သပိတ်သင်္ကန်းတို့ကို ယူလော့''ဟု မိန့်တော်မူ၍ ထွက်ကြွတော်မူ၏။

## ပါလိလေယျက ဆင်မင်း ရင်ကွဲနာကျခြင်း

မြတ်စွာဘုရားသခင် ကြွချီတော်မူသည်နှင့် ပါလိလေယျက ဆင်မင်းသည် လမ်းခရီးက မိမိခန္ဓာကိုယ်ဖြင့် ကန့်လန့်ကာဆီး၍ ထား၏။ မြတ်စွာဘုရားသခင်က....

"ချစ်သားရဟန်းတို့ အသင်တို့အား သစ်သီးတည်းဟူသော ခဲဘွယ်ဘောဇဉ်တို့ကို ပေးလှူလိုသောကြောင့် ကန့်လန့်ဟန့်တားခြင်းဖြစ်သည်။ ချစ်သား ရဟန်းတို့ ဤဆင်သည် ငါဘုရားအား ဝါတွင်းသုံးလ နေ့ညမပြတ် အလွန် ကျေးဇူးများလှပေသည်။ ထိုဆင်၏သဒ္ဓါကိုလက်ခံကြရန် ပြန်လည်ကြွကြကုန်လော့" ဟု မိန့်တော်မူ၍ မြတ်စွာဘုရားသည် ရဟန်း သံဃာတို့နှင့် တကွ ပြန်ကြွ သီတင်းသုံးနေတော်မူ၏။

ပါလိလေယျက ဆင်သည် တောအုပ်သို့ ဝင်၍ အရသာရှိသောသစ်သီးကြီးငယ်တို့ကိုသယ်ယူစုဆောင်းလျက် နောက်နေ့ နံနက် အရုဏ်၌ ရဟန်းတို့အား ကပ်လှူ ပူဇော်၏။ ငါးရာမျှလောက်သော ရဟန်းတို့သည် ဘုဉ်းပေးသုံး ဆောင်သော်လည်း သစ်သီးတို့သည် မကုန်ပေ။ မြတ်စွာဘုရားသည် ငါးရာသော ရဟန်းတို့နှင့် ဘုဉ်းပေးပြီးသော် တောတွင်းမှ ထွက်ကြွတော်မူ၏။

ပါလိလေယျကဆင်သည် မြတ်စွာဘုရားရှေ့၌ ရပ်နားဟန့်တား၏။ မြတ်စွာဘုရားသခင်က "အသင်ပါလိလေယျက ယခု ငါဘုရား ကြွသွားခြင်းသည် တောတွင်းသို့ ပြန်လည်လိမ့်မည် မဟုတ်၊ အသင့်အား ဤဘဝ ဤခန္ဓာကိုယ်ဖြင့် ဈာန်ဝိပဿနာ

မဂ်ဖိုလ်ကျေးဇူးကို အထူးမခံစားနိုင်၊ သို့ဖြစ်၍ ငါဘုရားအား မဟာ့န့်မတားပဲ ဤအရပ်ဤဌာနဥ္သာ နေရစ်ခဲ့လော့''ဟု မိန့်တော်မူသောကာလ နွားမောင်းကို ခံတွင်းဝယ် သွင်းပြီးလျှင် စိုးရိမ်ပူဆွေး ပြင်းစွာ ငိုကြွေးလျက် နောက်တော်မှ တကောက်ကောက် လိုက်လေ၏။

မြတ်စွာဘုရားသခင်သည် ရွာအနီး အပါးသို့ ရောက်လျှင် ''အသင် ပါလိလေယျက ဤအရပ်မှ ရှေ့တွင် သင့်အတွက် ရန်များချေမည်။ ဤနေရာမှ ကောင်းစွာ နေရစ်လော့''ဟု မိန့်တော် မူသော ကာလ ဆင်မင်းသည် ပြင်းစွာ ငိုကြွေးလျက် မြတ်စွာဘုရား ကြွတော်မူရာခရီးကို မျက်စိတဆုံး မျှော်ရှုလျက် မျက်စိအောက်မှမြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့ကိုမမြင်ရတော့သော ကာလ၌ ဤနေရာမှာပင် ရင်ကွဲနာကျ၍ သေလွန်လေသတည်း။

မြတ်စွာဘုရားသခင်၌ ကြည်ညိုသော သဒ္ဓါ စိတ်ကြောင့် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာသုံးဆယ်ရှိသောရွှေဗိမာန်၌ နတ်သမီးတထောင် ခြံရံ၍ ပါလိလေယျက အမည်ရသော နတ်သား ဖြစ်လေသတည်း။

## ကောသမ္ဗီ ရဟန်းတို့ကို ဘုရင်က တားခြင်း

မြတ်စွာဘုရာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူကြောင်း ကောသမ္ဗီ ရဟန်းတို့ ကြားလျှင် မြတ်စွာဘုရားကို ကန်တော့ ဝန်ချ သည်းခံစေခြင်းငှာ သာဝတ္ထိပြည်သို့ လာကြကုန်၏။ ပသေနဒီ ကောသလ မင်းကြီးသည်

မြတ်စွာဘုရားသခင်အား စိတ်ဆင်းရဲစေသည်။ ဆိုးမခက်ခဲသော ရဟန်းတို့ လာသည်ဟု ကြားလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ထိုရဟန်းတို့အား တပည့်တော်၏ နိုင်ငံတွင်းသို့ ဝင်ခွင့်မပေးလိုပါ ဟု လျှောက်ထား၏။

မြတ်စွာဘုရား သခင်က တကာတော်မင်းမြတ် ထိုရဟန်းတို့သည် သီလစင်ကြယ် ပြည့်ဝသော ရဟန်းချည်းသာ ဖြစ်ကြပေသည်။ အချင်းချင်း ငြင်းခုံမှုကြောင့် ငါဘုရား စကားတော်ကို မနာယူခြင်းဖြစ်သည်။ ယခုဝန်ချ တောင်းပန်ရန် ဆန္ဒဖြင့် လာရောက်ကြခြင်းကို ဟန့်တားခြင်း မပြုပါနှင့်ဟု မိန့်တော်မူ၏။

အနာထပိဏ်သဌေးကလည်း ထိုရဟန်းတို့အား ကျောင်းတွင်းသို့ ဝင်ခြင်းငှာ ခွင့်မပေးလိုပါဟု လျှောက်ကြားလျှင် မြတ်စွာဘုရားသည် ရှေးနည်းအတူပင်ပယ်တော်မူ၏။ ထိုရဟန်းတို့ ရောက်လာလျှင် မြတ်စွာဘုရားသခင်သည် ကျောင်းအိပ်ရာနေရာတို့ကို ပေးစေတော်မူ၏။

အခြားသောရဟန်းတို့သည်ရင်း၊ရောက်လာသောလူအပေါင်းတို့သည်ရင်း ကောသမ္ဗီပြည်၌ အချင်းချင်း ကွဲပြားသော ရဟန်းတို့ပင်တည်းဟု တဦးနှင့်တဦး လက်ညှိုးညွှန်ပြလျက် ပြောဆိုကြသဖြင့် ထိုရဟန်းတို့မှာ ဦးခေါင်းပင် မဖော်ဝံ့လောက်အောင် ရှက်ကြလေ၏။ ထိုနောက် မြတ်စွာဘုရားသခင်၏ ခြေတော်ရင်း၌ ဝပ်စင်းညွှတ်တွားလျက် တောင်းပန်ကြကုန်၏။ မြတ်စွာဘုရားသခင်လည်း ရဟန်းများအား ရှေး၌ဖြစ်ကုန်သော ပညာရှိတို့သည်သတ်ထိုက်သောသူကိုတွေ့၍ သတ်ခွင့်ရသည့်တိုင်အောင် မိခင်ဖခင်တို့စကားကိုမလွန်ဆန်ပဲပြုမူကျင့်ကြံသဖြင့်နောင်အခါ၌

ဗြဟ္မဒတ္တမင်းကြီး၏ သမီးတော်ကိုရ၍ ကာသိ၊ ကောသလနှစ်ပြည်တို့ကိုအုပ်ချုပ်မင်းလုပ်ခဲ့ရလေသည်။ သင်ချစ်သားရဟန်းတို့သည် ငါဘုရား၏ စကားကို နာယူခြင်းမပြု၊ ဂရုမထား၊ ဝန်လေးသောအမှုကို ပြုလေသည်ဟု ဒီဃီတိကောသလ ဇာတ်ကိုပင် တဖန် ထပ်မံ၍ ဟောကြားတော်မူ၏။

ချစ်သားရဟန်းတို့ ပညာမဲ့သောသူတို့သည် ဤဘဝ၌ငါတို့ အမြဲမနေ၊ သေကြေပျက်စီးရကုန်အံ့ဟု မသိသော သူတို့အဘို့ ခိုက်ရန်ငြင်းခုံသည် မပြေငြိမ်း၊ ထိုသို့သိသောသူတို့ကား ခိုက်ရန်ငြင်းခုံခြင်းသည် ပြေငြိမ်းလေ၏။

ထိုဒေသနာတော်၏ အဆုံး၌ ရောက်လာကုန်သော များစွာသော ရဟန်းတို့သည် သောတာပတ္တိဖိုလ် စသည်တို့၌ တည်၏။

(၆) **ပရေ နစ ဝိဇာနန္တိ၊ မယမေတ္ထ ယမာမသေ။**
**ယေ စ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ။**

(၆) ဤဘဝ၌ ငါတို့သည်အမြဲမနေ၊သေကြကုန်အံ့ဟု မသိသော သူတို့အဖို့ ခိုက်ရန်ငြင်းခုန် ကွဲပြားခြင်းသည် မပြေငြိမ်း၊ ထိုသို့သိသော သူတို့အဖို့ကား ခိုက်ရန်ငြင်းခုန်ခြင်း၊ ကွဲပြားခြင်းသည် ပြေငြိမ်းလေ၏။

(ဓမ္မပဒ- ယမကဝဂ် ၄ါးခုမြောက် ကောသမ္ဘိက ရဟန်းတို့၏ ဝတ္ထုပြီး၏။)

# ၆။ မုန့်တိုင်းဒဏ်

## (စူဠကာလ- မဟာကာလဝတ္ထု)

မခိုင်မာသော သစ်ပင်ကို မုန်တိုင်းသည် အလွယ်တကူ နှိမ်နင်းနိုင်၏။ ခိုင်မာသော ကျောက်တောင်ကြီးကို မုန်တိုင်းသည် အလွယ်တကူ မနှိမ်နင်းနိုင်။
ပျင်းရိသော၊ အားမထုတ်သောသူအား မာန်နတ်သည် အလွယ်တကူနှိမ်နင်းနိုင်၏။

(သုတာနုပဿီ) အစရှိသော ဒေသနာတော်ကို "သေတဗျ မြို့အနီး ယင်းတိုက်တော၌ သီတင်းသုံးတော်မူစဉ်" စူဠကာလ မဟာကာလ ရဟန်းညီနောင်တို့အား အကြောင်းပြု၍ ဟော တော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

### သစ်ပင်နှင့် ကျောက်တောင် ပမာဆောင်

သုံးလောကထွဋ်တင် မြတ်ဘုရားရှင်သည်သေတဗျပြည်အနီး ယင်းတိုက်တော၌ သီတင်းသုံးတော်မူသောအခါ စူဠကာလ မဟာကာလ ညီနောင် နှစ်ယောက်တို့ကို အကြောင်းပြု၍သစ်ပင်

နှင့် ကျောက်တောင် ဥပမာဆောင်သော သုတာနုပဿီ အစ ချီသော ဂါထာတော်ကို ဟောတော်မူ၏။

စူဠကာလ မဟာကာလ ညီနောင်နှစ်ယောက်တို့သည် ငါးရာသော လှည်းတို့ဖြင့် အထူးထူးသော ဘဏ္ဍာတို့ကို တင်၍သွားရာ သာဝတ္ထိပြည်အနီး ဇေတဝန် ကျောင်းတော်အနီးတွင် စခန်းချ ရပ်နားကြလေသည်။

သာဝတ္ထိပြည်သူတို့သည် ညချမ်းအခါ တရားတော်ကို နာကြားကြကုန်အံ့ဟု ပန်းနံ့သာ လက်စွဲကုန်လျက် ဇေတဝန် ကျောင်းတော်သို့ သွားကြသည်ကို မဟာကာလ မြင်လေလျှင် ဘုရားရှင်၏ တရားတော်ကို နာအံ့သောငှာ သွားကြသည်၏ အဖြစ်ကိုသိလေသဖြင့် ငါလည်းတရားနာ သွားပါအံ့ဟု ညီဖြစ်သူ စူဠကာလအား ပစ္စည်းများကို အပ်ပြီးသော် ဘုရားရှင်၏ တရားတော်ကို နာကြားလေ၏။

မဟာကာလသည် ဘုရားရှင်ထံ၌ ယုံကြည် မြတ်နိုးသော သဒ္ဓါစိတ် ထက်သန်သဖြင့် ရဟန်းပြုပါရန် တောင်းပန်၏။ ဘုရားသခင်လည်း ခွင့်တောင်းအပ်သူရှိလျှင် ခွင့်တောင်းချေဟု မိန့်တော်မူလေသော်၊ မဟာကာလသည် ညီဖြစ်သူ စူဠကာလထံ ရဟန်းပြုခွင့်တောင်း၏။ စူဠကာလ တောင်းပန်သော်လည်းမရ၊ မဟာကာလလည်း ရဟန်းပြုလေ၏။ ကာလအတန်ကြာသော် စူဠကာလလည်း မဟာကာလထံတွင် ရဟန်းပြုပြန်လေသည်။ ဘုရားသခင်လည်း ရဟန္တာအဖြစ်သို့ ရောက်နိုင်သော ဝိပဿနာ ရှုတင်ကို ပေးတော်မူ၏။

## အသုဘ ကမ္မဋ္ဌာန်း စီးဖြန်းရာဝယ်

မဟာကာလသည် ဘုရားသခင်၌ သော်ငြင်း၊ တရားတော်၌ သော်ငြင်း၊ မမိုတ်မသုံ ယုံကြည်သည်ဖြစ်၍ ဓုတင်ကို လေ့ကျက်ပြီးသော် ညဦးယံလွန်၍ အားလုံးအိပ်သည့်အချိန်မှ သုသာန်သို့သွား၍ သုသာန်ဓုတင်ကို ဆောက်တည်၏။ မိုးသောက်ယံတွင် မည်သူမှ မထသေးမီ ကျောင်းသို့ ပြန်လာ၏။ တနေ့တွင် သုသာန်၌ သေသူများကို မီသင်္ဂြိုဟ်၍ပေးရသော သုသာန်စောင့် မိန်းမမြင်လေသော် မဟာကာလ မထေရ်အား–

"အရှင်ဘုရား သုသာန်၌နေသော အရှင်တို့သည် သုသာန်စောင့်တို့အားငြင်း၊ ရွာသားတို့အားငြင်း အကြောင်းကြားအပ်ပါသည်ဟု" ဆိုပေ၏။

"ဒါယိကာမ အဘယ်ကြောင့်နည်း"

"အရှင်ဘုရား ခိုးသူတို့သည် ဥစ္စာရှင်တို့လိုက်၍ ဤသုသာန်အရပ်သို့ပြေးလာပြီး မလွတ်သည်ထင်လျှင် သုသာန်၌ ဥစ္စာထုပ်တို့ကို ပစ်တတ်သည်။ ထိုအခါ သုသာန်၌ရှိသော ရဟန်းတို့ကို ဘေးရန်ပြုကုန်၏။ အကယ်၍ သုသာန် စောင့်ကိုငြင်း၊ ရွာသားတို့ကိုငြင်း တိုင်ကြား၍ နေထိုင်လျှင် အကြောင်းရှိက ငါတို့အား တိုင်ကြား၍နေပေသည်ဟု ဆိုလျှင်အပြစ်မှ ကင်းလွတ်နိုင်၏"

"ဒါယိကာမ အခြားအကြောင်းကို သင်သိသေးသလော"

"အရှင်ဘုရား သုသာန်၌ ဓုတင်ကျင့်အပ်ကုန်သော ရဟန်းတို့သည် ဟင်းမျိုး၊ နှမ်း၊ မုန့်၊ ဆီ၊ တင်လဲတို့ကို ရှောင်ကြဉ်အပ်ကုန်၏။ နေ့၌အိပ်သော အားထုတ်ခြင်းရှိရာ၏၊ ထိုအား

ထုတ်ခြင်း ဝိပဿနာပွားသောရဟန်းသည် ကိစ္စအပြီးသို့ရောက်နိုင်သတည်း'' ဟု ဆိုပေ၏။

''ဒါယိကာမ ဤသုဿန်သို့ ပို့လာသောသူတို့ကို အဘယ်သို့ သင်္ဂြိုဟ်သနည်း''

''အရှင်ဘုရား ပစ္စည်းဥစ္စာရှိသောသူတို့ကား ကမ္ဗလာနီဖြင့် တလားကို မွမ်းမံ၍သင်္ဂြိုဟ်ကြ၏။ ဆင်းဆင်းရဲရဲသူတို့ကား ထင်းပုံ၌တင်၍ မီးတိုက်ပြီးလျှင် တူရွင်းစောင်းဖြင့် အပိုင်းပိုင်းဖြတ်၍ ကျွမ်းလွယ်စိမ့်သောငှာ မီးသင်္ဂြိုဟ်ရ၏။

''ဒါယိကာမ-ကမ္မဋ္ဌာန်းရှုစရာ ဖောက်ပြန်သော ရုပ်နာမ်ရှိသည့် သူကောင်းများ ရောက်လျှင် အကြောင်းကြားပါလော့''

''ကောင်းပါပြီ ကြားပါအံ့''

မဟာကာလသည် ကမ္မဋ္ဌာန်းတရားကို အားထုတ်သလောက် စူဠကာလသည် ရဟန်းဘဝ၌ ပျင်းရိငြီးငွေ့ကာ အိမ်ကိုအောက်မေ့တသလျက်နေ၏။

## အသုဘ ကမ္မဋ္ဌာန်း

တနေ့တွင် ရုပ်ရည်ရူပကာ ချောမောလှပသော မိန်းမပျိုတယောက် ရုတ်တရက် သေဆုံး၍ မိဘတို့သည် သုဿန်ပို့ဆောင်ပြီး သုဿန်စောင့် မိန်းမအား အခကြေးငွေ ပေး၍ ဖုတ်ကျည်းသင်္ဂြိုဟ်ပေးပါရန် မှာကြား၍ ပြန်သွားကြလေ၏။ သုဿန်စောင့် မိန်းမသည် လူသေကောင်၌ လွှမ်းထားသော အဝတ်ကို ခွာ၍ကြည့်လေရာ သေလေသော သတို့သမီးသည်

ရွှေအဆင်းကဲ့သို့ အဆင်းရှိသည်ကို မြင်၍ မဟာကာလရဟန်းကို သတိရသဖြင့် အကြောင်းကြားလေသည်။

မဟာကာလ မထေရ်လည်း ထင်းပုံရှိရာသတ္တိုသမီးအလောင်းကို ဖဝါးက ဆံဖျား တိုင် အောင် ရှု၍ မှတ်သား၍ ဖဲခွာခဲ့ပြီး "ဒါယိကာမ မီးတိုက်၍ ရုပ်နာမ် ပျက်ချိန်တွင် အကြောင်းကြားပါ" ဟု မှာကြားခဲ့၏။ ရုပ်နာမ်ပျက်၍ သုသာန်စောင့်မိန်းမ အကြောင်းကြားလေလျှင် စောစောက ရွှေအဆင်းကဲ့သို့ ဝင်းဝါသော အသားအရည်တို့သည် နွားပျောက် အဆင်းကဲ့သို့ ရှုမြင်သုံးသပ်မိ၏။ ခြေလက်တို့ကျုံးကုန်၏။ ကွေးကောက်ကုန်၏။ နဖူးပြင်၊ ရင်သား၊ ပေါင်သားတို့သည်လည်း အရည်အသားမရှိကုန်သည်ကို ရှုမြင်ပြီး။

"အော်....သတ္တိုသမီးသည် ယခုကပင် ရွှေအဆင်းကဲ့သို့ ရှိခဲ့၏။ ချက်ချင်းပင် ဖောက်ပြန်သော သဘောဖြင့် ကုန်ခြင်းပျက်ခြင်းသို့ ရောက်ခဲ့လေပြီ" ဟု ခယဝယ ကမ္မဋ္ဌာန်းကို စီးဖြန်း၏။

သင်္ခါရတရားတို့သည်အမြဲတည်ရာမရှိပါတကားဟုဝိပဿနာတင်၍ ရှုလေသော် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သတည်း။

## မယားတို့ ဖျားယောင်းမှု

တနေ့တွင် မြတ်စွာဘုရားသည် စူဠကာလ၊ မဟာကာလ မထေရ်တို့နှင့်အတူ သေတဗျပြည်သို့ ကြွတော်မူပြီး၊ ယင်းတိုက်တောသို့ဝင်တော်မူ၏။ ဤသတင်းကို စူဠကာလ၏ ဇနီးတို့ ကြားလေသော် စူဠကာလကို ဖျားယောင်းရန် စီစဉ်ပြီး မြတ်စွာ

ဘုရားအား ဆွမ်းဘုဉ်းပေးရန် ပင့်ကြလေ၏။ မဟာကာလ မထေရ်သည် မြတ်စွာဘုရားနှင့် သံဃာအများ ကြွလာလျှင် နေရာထိုင်ခင်းကို စီစဉ်ရန် စူဠကာလကို ကြိုတင်စေလွှတ်လေ၏။ စူဠကာလလည်း မိမိဇနီးများနေအိမ်သို့ မြတ်စွာဘုရားနှင့်သံဃာ တော်များအတွက် နေရာခင်းရန်သွားလေသော်။ စူဠကာလ၏ မယားဟောင်းများက သင်္ကန်းကို အတင်းဆွဲ၍ ချွတ်ကြကုန်ပြီး အဝတ်ဖြူကို ဝတ်စေကာ ဦးခေါင်း၌ ပေါင်းထုတ်ကို ပေါင်းပေး ပြီးလျှင် "သင်သွား၍ ဘုရားသခင်ကို ခရီးဦးကြိုဆိုချေ" ဟု စေခိုင်းလိုက်၏။ စူဠကာလသည် နဂိုကပင် ဘုရားရှင် သာသနာ၌ သဒ္ဓါစိတ်ပြင်းပြခြင်း မရှိပဲ၊ ရဟန်းဘဝ၌ပင် အိမ်သူဇနီး တို့ကို လွမ်းဆွတ်လျက်ရှိသူ ဖြစ်သောကြောင့် မယားတို့က စေ ခိုင်းသမျှလိုက်နာပြီး ဘုရားရှင်အားကြိုဆိုလေသည်။ ဘုရားရှင် လည်း ဆွမ်းဘုဉ်းပေးပြီးနောက် ဆွမ်းအနုမောဒနာ ဟောကြား ပြီး ကြွတော်မူ၏။ စူဠကာလသည် ဇနီးမယားများနှင့် ရှင်ပြုံး ရယ်မော၍ ကျန်ခဲ့လေသည်။

## မဟာကာလဇနီးတို့ ကြံကြပြန်ခြင်း

စူဠကာလ သတင်းကိုကြားသိကြသောအခါ မဟာကာလ ဇနီးတို့ကလည်း ဤနည်းအတူ ကြံစည်၍မြတ်စွာဘုရားအားဆွမ်း ဘုဉ်းပေးရန် ပင့်လျှောက်ကြကုန်၏။ မြတ်စွာဘုရားက ဆွမ်း အလှူကို လက်ခံတော်မူ၍ အခြားရဟန်းတပါးအား နေရာခင်း ရန်စေတော်မူ၏။ မဟာကာလဇနီးတို့သည် ကြံတိုင်းမဖြစ်သဖြင့် မြတ်စွာဘုရား ဆွမ်း ဘုဉ်း ပေး ပြီး သော အခါ မဟာကာလ၏

ဆွမ်းအနုမောဒနာတရား နာကြားလိုပါ၏ဟု ဇနီးဟောင်းများက လျှောက်ကြားသဖြင့် မဟာကာလအား ဆွမ်းအနုမောဒနာ တရားဟောကြားရန် ထားခဲ့ပြီးကြွသွားလေ၏။

မဟာကာလ ဇနီးတို့သည် မဟာကာလကို ဝိုင်းဝန်းကြ၍ သင်္ကန်းကို ချွတ်မည်ပြုကြလေလျှင်မဟာကာလကလည်းကြိုတင် သိထားနှင့်သဖြင့် နေရာမှထပြီးသော် တန်ခိုးဖြင့် အိမ်ခေါင်း မိုးကို ဖောက်၍ ကောင်းကင်ခရီးဖြင့် ကြွလေ၏။ မဟာကာလ မယားတို့သည် တအံ့တသြသာ ကောင်းကင်ကို မော့ကြည့်ယင်း ကျန်ခဲ့ကြလေသည်။

## သစ်ပင်နှင့် ကျောက်တောင်

မြတ်စွာဘုရားသခင် ကြွသွားတော်မူရာ လမ်းခရီးတွင်သံဃာ တော်တို့က "ယမန်နေ့ကလည်း စူဠကာလကို နေရာတော်ခင်း ခိုင်းရာတွင် ဇနီးမယားတို့ ဆွဲငင်သဖြင့် လူထွက်ရလေပြီ။ ယခု လည်းမဟာကာလမထေရ်တပါးတည်းထားခဲ့၍ မသင့်တကား" ဟု တီးတိုးပြောကြကုန်ရာ ဘုရားသခင် ကြားတော်မူ၍–

"ရဟန်းတို့။ ချစ်သား မဟာကာလမထေရ်ကိုစူဠကာလကဲ့သို့ မထင်မှတ်ကုန်လင့်၊ စူဠကာလသည် ကမ်းနား၌ ပေါက်သော သစ်ပင်နှင့်တူ၏။ ငါ၏ချစ်သားမဟာကာလမထေရ်ကားကျောက် အတိပြီးသော တောင်သည် မတုန် မလှုပ် သကဲ့သို့တည်း" ဟု ဟော–တော်မူ၍

(၇) သုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု အသံဝုတံ။
ဘောဇနမှိ စ မတ္တညုံ၊ ကုသီတံ ဟီနဝီရိယံ။
တံ ဝေ ပသဟတိ မာရော၊ ဝါတော ရုက္ခံဝ ဒုဗ္ဗလံ။

(၈) အသုဘာနုပဿိဝိဟရန္တံ၊ ဣန္ဒြိယေသု သုသံဝုတံ။
ဘောဇနမှိ စ မတ္တညုံ၊ သဒ္ဓံ အာရဒ္ဓဝီရိယံ။
တံ ဝေ နပ္ပသဟတိ မာရော၊ ဝါတော သေလံဝ ပဗ္ဗတံ။

(၇) ရဟန်းတို့။ မခိုင်မာသော သစ်ပင်အား လေပြင်းမုန်တိုင်းသည် နှိမ်နင်းသကဲ့သို့ သာယာတင့်တယ်ခြင်း တို့ကိုသာ အစဉ်တွေးတော၊ အခါခါ ရှုနေလေ့ရှိသော ဣန္ဒြေကို မချုပ်တည်းသော အစားကျူးသော၊ ပျင်းရိသော အားမထုတ်သောသူအား မာရ်နတ်သည် နှိမ်နင်းလေ၏။

(၈) ရဟန်းတို့။ ကျောက်တောင်ကြီးကို လေပြင်း မုန်တိုင်းသည် မနှိမ်နင်းနိုင်သကဲ့ မသာယာ မတင့်တယ်ခြင်း တို့ကိုသာ အခါခါ ရှုနေလေ့ရှိသော ဣန္ဒြေကို ချုပ်တည်းသော၊ အစားမကျူးသော၊ ပျင်းရိသောသူအား မာရ်နတ်သည် မနှိမ်နင်းနိုင်။

မဟာပါလမထေရ်လည်း ကောင်းကင်ခရီးမှ မြေသို့သက်၍ ဘုရားသခင် ရွှေမှောက်၌ ရှိခိုး၍နေ၏။ တရား၏ အဆုံးတွင် ရဟန်းတို့သည် သောတပတ္တိဖိုလ်၌ တည်ကြလေကုန်သတည်း။

(ဓမ္မပဒ ယမကဝဂ် ခြောက်ခုမြောက် စူဠကာလ မဟာကာလ ဝတ္ထုပြီး၏)

# ၇။ ဖန်ရည်ဝတ်နှင့် မထိုက်သူ

(ရှင်ဒေဝဒတ်ဝတ္ထု)

ကိလေသာ ဖန်ရည်မစင်ပဲလျက် ဖန်ရည်စွန်းသော အဝတ် (သင်္ကန်း)ကို ဝတ်သူသည် ဖန်ရည်စွန်းသော အဝတ် (သင်္ကန်း)နှင့် မထိုက်တန်၊ သီလတို့၌ကောင်းစွာ စောင့်ထိန်းသူသည်သာလျှင် ဖန်ရည်စွန်းသော အဝတ်နှင့် ထိုက်တန်၏။

(အနိက္ကသာဝေါ) အစရှိသော ဓမ္မဒေသနာတော်ကို "သာဝတ္ထိပြည်ဇေတဝန် ကျောင်းတော်၌" မဂဓခေါ်ဆို ရာဇဂြိုဟ်ပြည်မှ ဒေဝဒတ် မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

### မတန်မရာကို မဝတ်လေရာ

### ဒေဝဒတ်နှင့် သင်္ကန်းဝတ္ထု

အခါတပါးတွင် မြတ်စွာဘုရားသခင်၏ လက်ရုံးတော်များဖြစ်တော်မူကြသည့် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့သည် မြတ်စွာဘုရားထံ ခွင့်ပန်၍ ငါးရာ,စီ၊ ငါးရာစီသောအခြံ

အရံ တပည့် သံဃာတို့နှင့်အတူ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူကုန်၏။ ရာဇဂြိုဟ်ပြည်မှ ဒါယကာတို့သည် စုပေါင်း၍ အာဂန္တုက အလှူကို ပေးလှူကြကုန်၏။

## အရှင်သာရိပုတ္တရာ၏ ဒါနတရား

ဤသို့ဖြင့် အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ဓမ္မဒေသနာကိုဟောကြားဟော်မူ၏။

"ဒါယကာတို့ တယောက်သောသူသည် မိမိကိုယ်တိုင် အလှူကိုပေးလှူ၏။ သူတပါးကိုမူမတိုက်တွန်း၊ ထိုသူသည်ဖြစ်ရာဘဝ၌ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ၏။ သို့သော် အခြံအရံ၏ ပြည့်စုံခြင်းကို မရရှိ။

တယောက်သောသူသည် မိမိကိုယ်တိုင်ကမူ မပေးလှူပဲ သူတပါးကိုဆောက်တည်လှူဒါန်းရန် တိုက်တွန်း၏ လှူဒါန်းစေ၏။ ထိုသူသည် ဖြစ်ရာဘဝ၌ အခြံအရံ၏ ပြည့်စုံခြင်းကိုရ၏။စည်းစိမ်ချမ်းသာပြည့်စုံခြင်းကိုမူ မရရှိ။

တယောက်သောသူသည် မိမိကိုယ်တိုင်လည်းမလှူ၊ သူတပါးကိုလည်းလှူရန်မတိုက်တွန်း၊ ထိုသူသည် ဖြစ်ရာဘဝ၌ ပအုံးရည်ဖတ်မျှကိုလည်း ဝမ်းပြည့်ရုံမျှမရ၊ ကိုးကွယ်ရာမဲ့ အမိသဟဲ အထောက်အမ မရှိဖြစ်၏။

တယောက်သူသည် မိမိကိုယ်တိုင်လည်းလှူ၏။ သူတပါးကိုလည်း ပေးလှူစေရန် တိုက်တွန်း၏။ ထိုသူသည် ဖြစ်လေရာဘဝ၌ တရာသောကိုယ်၏ အဖြစ်၌ရင်း၊ တထောင်သောကိုယ်၏ အဖြစ်၌ရင်း၊ တသိန်းသောကိုယ်၏ အဖြစ်၌ရင်း စည်းစိမ်

ချမ်းသာ၏ ပြည့်စုံခြင်းကိုရင်း၊ အခြံအရံ၏ ပြည့်စုံခြင်းကိုရင်း ရ၏''ဟု ဟောတော်မူ၏။

ထိုတရားတော်ကို နာကြားရသော ဒါယကာ တဦးသည် ဝမ်းမြောက်လှ၍ ''အရှင်ဘုရား သံဃာတော် တထောင်လုံးနှင့် တကွ တပည့်တော်၏ဆွမ်းကို နက်ဖြန်ခါ အလှူခံတော်မူပါ'' ဟု လျှောက်တား၏။

ဒါယကာသည် မြို့တွင်းသို့ လှည့်လည်လျက် နှိုးဆော်တိုက်တွန်း၏။ မြို့သူမြို့သားတို့သည် မိမိတို့ တတ်နိုင်သလောက် သံဃာတော်တို့ကို ခွဲဝေယူကြကုန်၏။ ထို့နောက် စည်းဝေးတိုင်ပင်ပြီး တနေရာတည်း၌သာလျှင် စုပေါင်း၍ ဆွမ်းလုပ်ကျွေးကြကုန်အံ့ ဟု လိုအပ်သမျှ နှမ်း၊ ဆီ၊ ဆန်၊ ထောပတ်၊ ပျားတင်လဲ၊ သကာ စသည်တို့ကို ဆောင်ယူ စုဆောင်းကြ၏။

သူကြွယ် တဦးက နှိုးဆော်သော ဒါယကာအား အဘိုး တသိန်းထိုက်သည့် နံ့သာဖန်ရည် ဆိုးထားသော ပုဆိုးကိုပေး၍ အသင်၏ဒါနဝတ် မပြည့်စုံလျှင် ဤပုဆိုးကိုရောင်းချ၍ မပြည့်စုံသည့်အရာဝတ္ထုကို ဖြည့်လော့၊ လုံလောက်ပြည့်စုံလျှင် ပေးလှူလိုသော ရဟန်းတို့ကို ပေးလှူလော့ဟုဆို၍ ပေးလှူလိုက်၏။

## ရှင်ဒေဝဒတ်အား သင်္ကန်းလှူခြင်း

အလှူဝတ်သည် အစစ ပြည့်စုံလုံလောက်သဖြင့် သူကြွယ် လှူဒါန်းသော ပုဆိုးသည် ပို၍နေ၏။ ဤပုဆိုးကို အဘယ် ပုဂ္ဂိုလ်အား ပေးလှူရမည်နည်းဟု တိုင်ပင်ကြသော် ဤအရပ်၌

အမြဲနေသော အရှင်ဒေဝဒတ်အား ပေးလှူရန် အများထက သဘောတူကြသဖြင့် ရှင်ဒေဝဒတ်ကိုပင် ပေးလှူကြလေ၏။

ရှင်ဒေဝဒတ်လည်း ယိုပုဆိုးကို ချုပ်ဖြတ်၍ ဆိုးပြီး လျှင် ဝတ်ရုံ၍ ပိုမိုသည်မှ လှည့်လည်၏။ မြင်သမျှသောသူအပေါင်းတို့က ဤအဘိုးတန်သင်္ကန်းသည် ရှင်ဒေဝဒတ်နှင့် မလျော်ကပ်တကားဟု ကဲ့ရဲ့ကြကုန်၏။

ထိုအခါ ရာဇဂြိုဟ်ပြည်မှ ရဟန်းတပါးသည် သာဝတ္ထိပြည်ရှိ မြတ်စွာဘုရားထံ ပူဇော်ကန်တော့ရန် သွားရောက်သည်ရှိသော် မြတ်စွာဘုရား သခင်က အဂ္ဂသာဝက နှစ်ပါးတို့၏ အကြောင်းကို မေးတော်မူ၏။ ထိုရဟန်းသည် အကြောင်းစုံကို လျှောက်ထား လေလျှင် မြတ်စွာဘုရား သခင်က "ချစ်သား ရဟန်း ထိုဒေဝဒတ်သည် ယခုအခါမှသာ မိမိနှင့်မလျော်သော သင်္ကန်းကို ဝတ်သည့်မဟုတ်၊ ရှေးကလည်း ဤသို့ဝတ်ရုံ သုံးဆောင်ဘူးသည်" ဟူ၍ အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

## ဆင်သတ်ယောကျ်ား

ချစ်သားရဟန်း ရှေးလွန်လေပြီးသော အခါ၌ ဗာရာဏသီပြည်မှ ဆင်သတ်ယောကျ်ားတယောက်သည် ဆင်တို့ကို သတ်၍ အစွယ်တို့ကိုငှင်း၊ အသားတို့ကိုငှင်း ရောင်းချ၍ အသက်မွေး၏။ ထိုအခါ ဆင်တို့သည် ဤအရပ်မှ ဖယ်ခွာသွား ကြကုန်၏။ ပစ္စေကဗုဒ္ဓါ အရှင်တို့ကိုမြင်လျှင် ဆင်တို့သည် တုပ်ဝပ် ရှိခိုး၍ သွားကြကုန်၏။ ဆင်သတ်ယောကျ်ားသည် ဤအချင်းအရာကို မြင်လျှင် ငါသည် ဆင်တို့ ပင်ပန်းတကြီး ပစ်ခတ်၍ ခက်ခဲစွာ

သတ်ရ၏ဟု ကြံပြီးလျှင် ရေသုံးသပ်တော်မူသော ပစ္စေကဗုဒ္ဓါ တဆူ၏ တထည်သောသင်္ကန်းကို ခိုးယူပြီးလျှင် ဆင်တို့သွားရာ အရပ်၌ လှံကိုကိုင်ပြီး သင်္ကန်းကို ဦးခေါင်း ဖုံးအောင် ခြုံ၍ ထိုင်နေ၏။ ဆင်တို့သည် ပစ္စေကဗုဒ္ဓါအရှင်ဟု ထင်၍ ရှိခိုးပြီးလျှင် အစဉ်အလိုက် ထွက်ခွာ သွားကြသောအခါ နောက်ဆုံးမှ ဆင် တကောင်ကို လှံဖြင့် ထိုးသတ်၍အစွယ်ကိုယူပြီးလျှင် ဆင်သေကို မြေ၌ တူးမြှုပ်ပစ်လေ၏။

ဘုရားလောင်းဆင်မင်းသည် ဆင်တို့၏ အကြီးအကဲ ဖြစ်၍ မိမိ၏ ဆင်ပရိသတ်သည် တဖြည်းဖြည်းလျော့နည်းသည်ကိုသိ၍ တစုံတခုသော ဘေးအန္တရာယ်သည် အမှန်ပင် ရှိလေပြီ၊ ဖန်ရည် စွန်းသော သင်္ကန်းကိုဝတ်ရုံ၍ ထိုင်နေသူသာဖြစ်ရမည်ဟု တွေး တောမိပြီးလျှင် နောက်အဘို့၌ ဆင်အားလုံးတို့ကို ရှေ့မှ သွား စေပြီး ဘုရားလောင်း ဆင်မင်းသည် နောက်ဆုံးမှ လိုက်၏။ သင်္ကန်းကို ခေါင်းမြီး ခြုံထားသော ဆင်သတ် သမားသည် နောက်ဆုံးမှ ဘုရားလောင်း ဆင်မင်းကို လှံဖြင့် ထိုးလေသော် သတိရှိသော ဆင်မင်းက လှံတံကိုငုံ့၍ ရှောင်လိုက်ပြီး ဆင် သတ်သမားထံ ပြေး၍ နှာမောင်းဖြင့် ယူပြီးလျှင် မြေကြီး၌ ရိုက်ခတ်၍ သေစေအံ့ဟု ကြံ၍ သွားသည် ရှိသော် ဆင်သတ် သမားက သင်္ကန်းကို ရှေ့၌ကာ၍ ထားလေ၏။

ဆင်မင်းသည် ဤသူယုတ်ကို သတ်ခဲ့လျှင် များလှစွာသော ဘုရားပစ္စေကဗုဒ္ဓါသာဝကတို့၏ အရှက်ကို ဖျက်ဆီးသလို ဖြစ်ပေ လိမ့်မည်ဟုဒေါသကိုချုပ်တည်း၍ဆင်သတ်သမားအားသင်သည် ငါ၏ဆွေမျိုးတို့ကို ဤသို့ပင် သတ်ဖြတ်လေသလောဟု မေး၏။

ဆင်သတ်သမားကဝန်ခံ၏။ သင်သည်ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့လျှင် ဝတ်ရုံရသောသင်္ကန်းကို ဝတ်ရုံလျက် မထိုက်တန်သော အလုပ်ကို လုပ်သည်ဟု ပြောဆိုဆုံးမ၏။

မြတ်စွာဘုရားသခင်သည် ဤသို့ ဓမ္မဒေသနာကိုဟောတော်မူ၍ ချစ်သားရဟန်းတို့ ဒေဝဒတ်သည် ဤသို့ပင် ရှေး၌လည်း မိမိနှင့်မလျှောက်ပတ်သော အဝတ်သင်္ကန်းကို ဝတ်ရုံသုံးဆောင်ခဲ့ဘူးသည်ဟု....

(၉) အနိက္ကသာဝေါ ကာသာဝံ၊
ယော ဝတ္ထံ ပရိဒဟိဿတိ။
အပေတော ဒမသစ္စေန၊
န သော ကာသဝ မရဟတိ။

(၁၀) ယော စ ဝန္တက သာဝဿ၊
သီလေသု သုသမာဟိတော၊
ဥပေတော ဒမသစ္စေန၊
သ ဝေ ကာသာဝ မရဟတိ။

(၉) အညစ်အကြေး တည်းဟူသော ကိလေသာ ဖန်ရည်မစင်၊ ဣန္ဒြေကို ချုပ်တည်းခြင်း၊ ဖြောင့်မှန်ခြင်းနှင့် ကင်းစင်လျက် ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်သောသူသည် သင်္ကန်းနှင့်မထိုက်။

(၁၀) အညစ်အကြေး တည်းဟူသော ကိလေသာ ဖန်ရည်ကို ပျို့အန်ပြီး၍ အကျင့်သီလကို ကောင်းစွာ စောင့်ထိန်းလျက် ဣန္ဒြေကို ချုပ်တည်းခြင်း၊ ဖြောင့်မှန်ခြင်း နှင့် ပြည့်စုံသော သူသည်သာ စစ်စစ် သင်္ကန်းနှင့် ထိုက်၏။

ထိုနှစ်ဂါထာ၏ အဆုံး၌ ရာဇဂြိုဟ်ပြည်မှ ရောက်လာသော ရဟန်းသည် သောတာပန် ဖြစ်လေ၏။ များစွာကုန်သောပရိသတ်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်သတည်း။

(ဓမ္မပဒ ယမကဝဂ် ခုနစ်ခုမြောက် ဒေဝဒတ်နှင့် သက်နှင်း ဝတ္ထုပြီး၏။)

# ၈။ အကာကိုပစ် အနှစ်ကိုယူ

(အရှင်သာရိပုတ္တရာဝတ္ထု)

အနှစ် မရှိသော တရား၌ အနှစ်သာရ ရှိသည်ဟု ယူဆကုန်၏။
အနှစ်သာရ ပြည့်ဝသော တရား၌ အနှစ်မပါ အကာ သက်သက်ဟု မြင်ကြကုန်၏။
ထိုသူတို့သည် ဂုဏ် အနှစ်ကို မရနိုင်ကုန်။
အနှစ်သာရနှင့်ပြည့်စုံသော သူတော်ကောင်းတရားကို သိ၍။
အနှစ်မဲ့သော တိတ္ထိတို့၏ တရားကို အကာအတိဟူ၍ သိ၏။
ထိုပုဂ္ဂိုလ်တို့သည် ထိုအနှစ်ကို ရကြကုန်၏။

(အသာရေ သာရမတိနော) အစရှိသော ဒေသနာတော်ကို "ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်" သိဥ္စည်း ဆရာကြီးမလိုက်လာခြင်းကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဥပတိဿနှင့် ကောလိတတို့သံဝေဂ

မြတ်စွာဘုရားသခင် ပွင့်တော်မမူမီ ကာလကပင် ရာဇဂြိုဟ်ပြည်ကြီးအနီး၌ ဥပတိဿရွာ၊ ကောလိတရွာဟူသော ပုဏ္ဏား

ရှာ နှစ်ရှာရှိခဲ့၏။ ဥပတိဿရွာ၌ ရူပသာရီပုဏ္ဏေးမတွင် ဥပတိဿ ဟူသော သားတယောက်၊ ကောလိတရွာ၌ မောဂ္ဂလီ မည်သော ပုဏ္ဏေးမတွင် ကောလိတအမည်ရှိသော သားတယောက်တို့သည် တနေ့တည်း၌ ဖွားမြင်ကြ၏။ နှစ်ဖက်သော မိဘတို့၏ ချစ်ခင်သောအားဖြင့် သားနှစ်ယောက်တို့သည်လည်း အတူတကွ မခွဲ တမ်း ချစ်ကြ၏။ ပညာအတူသင်ကြ၏။ လောကီအတတ်တို့ကို တဖက်ကမ်းခတ် တတ်မြောက်ကြ၏။

ဥပတိဿတွင် လုလင်ပျို ငါးရာခြံရံလျက် ငါးရာကုန်သော ရွှေထမ်းစင်တို့သည်ရှိ၏။ ကောလိတတွင်လည်း လုလင်ပျိုငါးရာ ခြံရံလျက် အာဇာနည်မြင်းကသော ရထားငါးရာရှိ၏။ နှစ်ဦး စလုံးသည် အထွေထွေသော စည်းစိမ်ချမ်းသာတို့ကို ပျော်ပါး ခံစားလျက် အသက်အရွယ် တိုင်ခဲ့လေ၏။

ထို လုလင်နှစ်ဦးတို့တွင် ရှေးကသမ္ဘာပါရမီ ဥာဏ်လှုံ့ဆော် သဖြင့် တောင်ထိပ်ပွဲသဘင်တွင် ပျော်ရွှင်ကြသူတို့ကို ကြည့်၍ စိတ်၏နှလုံးမွေ့လျော်ခြင်းသည် အဘယ်နည်း။ လူသတ္တဝါတို့ သည် အသက်တရာသို့ မရောက်မီပင် ပျောက်ပျက် သေဆုံးကြ ၏။ စိတ်၏ငြိမ်းချမ်းရာ အမှန်၊ မနာသော၊ မသေသောအရာ သည် မည်သည်၌ တွေ့နိုင်သနည်းဟု နှစ်ဦးသော မိတ်ဆွေတို့ သည် ဆွေးနွေး၍ လူ့ဘောင်ကို စွန့်ပြီး ရဟန်း ပြုကြအံ့။ ဘယ်ဆရာထံ၌ နည်းနာခံကြမည်နည်းဟု စဉ်းစားကြ၏။

## သိဥ္စည်းဆရာကြီးထံ ပရိဗိုဇ်ရဟန်းပြုကြခြင်း

ထိုအခါက ရာဇဂြိုဟ်ပြည်တွင် သိဥ္စည်းအမည်ရှိသော ပရိဗိုဇ် ဆရာကြီးသည် အမည်ပေါင်းများစွာနှင့် တရားများကို သင်ပြနေ၏။ ဥပတိဿနှင့် ကောလိတတို့သည် သိဥ္စည်းဆရာကြီးထံတွင် ရဟန်းပြုကြ၏။ နှစ်ရက် သုံးရက်မျှပင် သိဥ္စည်း ဆရာကြီး၏ အလုံးစုံသောဝါဒကို သင်ယူပြီးကြ၏။ ဆရာကြီးက ငါ၏ အယူဝါဒအားလုံးတို့ကို သင်တို့အကုန်အစင်ရပြီဟု ပြောဆိုလေ၏။ ဥပတိဿ၊ ကောလိတတို့က ဤမျှနှင့် မြတ်သောအကျင့်ဟု မယူဆနိုင်၊ မသေရာအရပ် နိဗ္ဗာန်တည်းဟူသော ထွက်မြောက်ရာလမ်းကို ရှာကြဦးအံ့ဟု ထိုထိုသော ဂိုဏ်းအသီးသီးသို့ သွားရောက် တရားများနှီးနှောကြည့်၏။ ကျေနပ်မှုမရခဲ့၍ ဖဲခွာခဲ့ကြ၏။

ထိုနောက် နှစ်ဦးသား တိုင်ပင်ကြ၏။ ငါတို့နှစ်ဦးသည် ကိုးကွယ်ဆည်းကပ်ရာ ဆရာကောင်းကို အမြန်တွေ့ရှိရေးအတွက် နှစ်စုခွဲ၍ ရှာကြကုန်အံ့။ အကယ်၍ တွေ့ရှိခဲ့သော် တဦးတည်း လွတ်ရာလွတ်ကြောင်း မသွားဘဲ တယောက်သည် တယောက်အား ပြန်ကြားပြောဆိုရမည်ဟု ကတိကဝတ် ပြုကြ၏။

## အရှင်အဿဇိမထေရ်နှင့်တွေ့ခြင်း

ထိုစဉ်ကာလ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် ချစ်သားရဟန်းတို့ ဗုဒ္ဓ ဓမ္မ သံဃာတည်းဟူသော ရတနာသုံးပါး၏ ဂုဏ်ကျေးဇူး

ကို မျှော်စွာသောသူတို့ အကျိုးများစိမ့်သောငှါ ထိုပြည်ထိုပြည်တို့သို့ လှည့်လည်သွားကြကုန်လော့ဟု တိုက်တွန်းစေလွှတ်အပ်သော ခြောက်ကျိပ်တပါးသော ရဟန္တာတို့အနက် ပဉ္စဝဂ္ဂီငါးဦးတို့တွင် နောက်ဆုံးမှတရားရသော အရှင်အဿဇိမထေရ်သည် ဒေသစာရီမှ ပြန်ကြွလာ၍ ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွလေ၏။

ဥပတိဿပရိဗိုဇ်သည် နံနက်စောစော ဆွမ်းစားပြီး ထွက်လာခဲ့ရာ အရှင်အဿဇိမထေရ် ဆွမ်းခံကြွလာသည်ကို ဖူးတွေ့ရလေလျှင် ထူးထူးခြားခြား ကြည်ညိုဖွယ်ရာ ဆွမ်းခံကြွသည်၏အဖြစ်ကို ဖူးမြင်ရသဖြင့် အရှင်အဿဇိမထေရ်ပေါ် စိတ်ဝင်စားသဖြင့် နောက်ပါးမှလိုက်ကာ အကဲခတ်၍ နေခဲ့သည်။

အရှင်အဿဇိမထေရ်သည် မျှတသောဆွမ်းကိုရသဖြင့် တပါးသော အရပ်တွင် ဆွမ်းစားရန် ပြင်ဆင်သည်ကို ဥပတိဿပရိဗိုဇ်မြင်လေလျှင် မိမိ၌ပါလာသော အခင်းကို လျင်မြန်စွာခင်း၍ပေး၏။ သိမ်မွေ့စွာပင် ဆွမ်းဘုဉ်းပေးနေသည်ကို တစိမ့်စိမ့်ကြည်ညိုယင်း ဆွမ်းဘုဉ်းပေးပြီးသောအခါ မိမိတွင်ပါလာသော ကရားမှလက်ဆေးရေကို ထုတ်ဆောင်၍ မထေရ်အားပေး၏။ ဤသို့ဆရာ၏ ဝတ်ကိုပြုပြီးနောက်-

ငါ့ရှင် ငါရှင်၏ဣန္ဒြေတို့သည် သိမ်မွေ့ပေစွတကား၊ အရှင်မြတ်၏ ဆရာကား မည်သူနည်းဟု မေး၏။ မထေရ်ကလည်း ငါ့ရှင်ငါသည် ဗုဒ္ဓမြတ်စွာ သာသနာတွင် ရဟန်းပြုခဲ့သည်ဟု မိန့်၏၊ ပရိဗိုဇ်က ဗုဒ္ဓသည် အဘယ်တရားများကို ဟောကြားပါသနည်း၊ အကျဉ်းပ်အားဖြင့် သိခွင့်ပြုပါဟုဆို၏၊ မထေရ်ကား ငါသည် မြတ်စွာဘုရား သာသနာတွင် မကြာခဲ့သေးပါ။ အကျယ်ဟောပြ

ခြင်းငှာ မစွမ်းပါဟုဆို၏။ ဥပတိဿက အရှင်သိသမျှ အနည်း ငယ်မျှကို အကျဉ်းချုပ်သိပါရစေ ဟောကြား ပြသတော် မူပါဟု လျှောက်၏၊ အရှင်အဿဇိမထေရ်မြတ်သည်။

**ယေဓမ္မာ ဟေတုပဘဝါ၊ တေသံ ဟေတုံ တထာဂတော။**
**အာဟု၊ တေသဉ္စ နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။**

ဟူသော ပါဠိဒေသနာ ဂါထာကို ဟောကြားတော်မူ၏။

အစမထင်သော သံသရာကြီးဝယ် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတည်း ဟူသော ဒုက္ခတရားတို့သည် တဏှာ ဟူသော သမုဒယ သစ္စာသာလျှင် အမှန်အမြတ်ရှိပေ၏။

ထိုဒုက္ခ သမုဒယ နှစ်ဌာနတို့၏ ချုပ်ငြိမ်းရာအမှန် နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ခရီးလမ်းကောင်း ဖြစ်သော မဂ္ဂသစ္စာကို လည်း ငါတို့ဆရာဘုရားသည် ဟောကြားတော်မူလေ၏။ နိဗ္ဗာန် တည်းဟူသော နိရောဓ သစ္စာကိုလည်း ဟောကြားတော်မူလေ ၏။ ဤသို့ ငါတို့၏ ဆရာဘုရားသည် ဤသို့အယူရှိသည် ဟူ၍ ဟောကြားတော်မူခြင်းဖြစ်သည်။

ဥပတိဿ ပရိဗိုဇ်လည်း ရှင်အဿဇိ ဟောကြားတော်မူ သောဂါထာရှေ့နှစ်ပါဒနှင့်ပင်သောတာပတ္တိဖိုလ်၌တည်လေ၏၊ နောက်နှစ်ပါဒသည် သောတာပတ္တိဖိုလ် ရောက်သောအခါ၌ ပြီးဆုံးစေ၏၊ ဤတွင် တရားအထူးကို ငါသိရရှိတော့မည်ဟု သိထားပြီးသော ဥပတိဿပရိဗိုဇ်သည်-

အရှင်ဘုရား တရားတော်ကို ဆက်လက် ဟောကြားတော်မမူပါနှင့်ဦး၊ ဤမျှနှင့်ပင် ရပ်တန့်တော်မူပါဦး၊ တပည့်တော်တို့၏ဆရာ မြတ်စွာဘုရားသည် အဘယ်အရပ်၌ ရှိပါသနည်းဟု မေးလျှောက်၏။

ယခုအခါ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ စံနေတော်မူသည်။

ကောင်းလှပါပြီ အရှင်ဘုရား ကြွတော်မူနှင့်ပါ၊ တပည့်တော်၏ မိတ်ဆွေရင်းချာရှိပါသေးသည်။ တပည့်တော်တို့တွင် တရားအထူးကိုတွေ့ရှိပါက ထိုသူသည် ကျန်တယောက်အား ပြန်ကြားပြောဆိုပါမည်ဟု ကတိကဝတ်ထားခဲ့ကြပါသည်။ ထိုအဆွေခင်ပွန်းကိုခေါ်၍ မြတ်စွာဘုရားထံတော်သို့ အလျင်အမြန်လာခဲ့ပါမည်ဟု လျှောက်ထား၏။ မထေရ်၏ ခြေရင်း၌ ရှိခိုးပြီးသော် လက်ယာရစ်သုံးကြိမ်လှည့်၍ထွက်ခွာသွားလေ၏။

## ကောလိတပရိဗိုဇ် သောတာပန်တည်ခြင်း

ကောလိတပရဗိုဇ်သည် အဝေးမှ ဥပတိဿ လာနေသည်ကို မြင်၏၊ ဥပတိဿ၏ ခြေလှမ်းတို့သည် နေ့တိုင်းနှင့်မတူ တမူကွဲပြား၍ ရွှင်လန်းသော မျက်နှာရှိပေ၏၊ ဧကန်မချွတ် တရားထူးကို တွေ့ခဲ့ပြီဟု ကြိုတင်တွေး၏။

ကောလိတအနီးသို့ ရောက်လျှင် ဥပတိဿက အကြောင်းစုံကို ပြန်ပြော၍ **ယေ ဓမ္မာဟေတု ပဘဝါ** ဟူသော ဂါထာကို ဟောကြားပြန်၏၊ဂါထာ၏အဆုံး၌ ကောလိတသည် သောတာပတ္တိဖိုလ်၌ တည်၍-

အဆွေ ဥပတိဿ ယခုပင်လျှင် မြတ်စွာဘုရားသခင်အား သွား၍ ဖူးမြင်ကြပါကုန်အံ့ဟုဆို၏။

ဥပတိဿသည် မိမိအား သင်ကြားပြသဘူးသော ဆရာ၏ ကျေးဇူးဥပကာရကို သိသောအားဖြင့်-

အဆွေကောလိတ ငါတို့သည် မသေရာအမှန် နိဗ္ဗာန်ရွှေပြည်သို့ ရောက်ရာ ရောက်ကြောင်း တရားထူးတရားမြတ်ကိုကျေးဇူး ဥပကာရရှိဘူးသော သိဉ္စည်း ပရိဗိုဇ်ဆရာကြီးအား ပြောပြကြကုန်အံ့၊ တရားထူးကိုသိမြင်လိုသောဆန္ဒရှိပါက ဒိဋ္ဌထင်ထင် မြင်ပါအံ့၊ အကယ်၍ တရားထူးကိုသိမြင်လိုသောဆန္ဒမရှိသည့်တိုင်အောင် ငါတို့အား စာနာထောက်ထား၍ ဘုရားသခင်ထံမှောက်သို့ လိုက်လာပေလိမ့်မည်။ ဘုရားသခင်၏ ဓမ္မစကားကို ကြားနာရလျှင် မဂ်ဖိုလ်တည်းဟူသော တရားမြတ်ကို ဆက်ဆက်ထင်ထင် သိမြင်ပေလိမ့်မည်၊ ထို့ကြောင့် သိဉ္စည်းဆရာကြီးထံ ပထမသွား၍ပြောကြားကြကုန်အံ့ဟုဆိုကာ သံယောဇဉ်မကင်းရှာသဖြင့် သိဉ္စည်းဆရာထံ သွားရောက်ကြလေ၏။

## လက်ငင်အိုးအဖြစ် မခံနိုင်သူ

သိဉ္စည်းဆရာကြီးအထံသို့ ရောက်လျှင် ခါတိုင်းမေးနေကြအတိုင်းပင် သင်တို့သည် မသေရာအမှန် နိဗ္ဗာန်ရောက်ကြောင်း တရားကို ရှာဖွေတွေ့ရှိခဲ့ပြီလောဟု မေး၏။

ရခဲ့ပါပြီဆရာ၊ လောကဥ္စ သစ္စာလေးပါးတရားကို ပိုင်းခြားထင်ထင် သိမြင်သော အားဖြင့် ဘုရား ပွင့်တော်မူပေပြီ၊ ထိုမြတ်စွာဘုရားသည် ဟောကြားတော်မူသောကြောင့် တရား

သည် ပေါ်ပေါက် လာချေပြီ၊ ထိုတရားတော်ကို နှစ်သက်အားရ သဘောကျ၍ ရဟန်းပြုကြသဖြင့် သံဃာဟူသည် ပေါ်ပေါက်လာပါပြီ၊ ဤလောက၌ ဘုရား၊တရား၊သံဃာ ရတနာမြတ် သုံးပါး တို့သည် ထင်ရှား ဖြစ်ပေါ်လျက် ရှိနေပါပြီ၊ သို့ဖြစ်ပါ၍ ထိုမြတ်စွာဘုရားသခင်ထံ သွားကြရန်ကို ဆရာကြီးအား လာရောက်ခေါ်ငင်ခြင်း ဖြစ်ပါသည်ဟုဆိုလျှင် သိဥ္စည်းဆရာကြီးသည် တပည့်နှစ်ဦးတို့အားအံ့သြတွေဝေသောမျက်နှာဖြင့် လှမ်း၍ကြည့်ပြီး....

ဉပတိဿ ငါ၏ဂိုဏ်းတွင် သင်တို့နှစ်ယောက်ကို ငါသည်အား အထားဆုံးဖြစ်သည်။ ငါမရှိလျှင် သင်တို့သည် ငါ၏ဂိုဏ်းကြီးကို ဦးစီးဆောင်ရွက်လျက် ငါ၏တရားဓမ္မများကို သင်တို့ဟောပြော ပြသပေးလိမ့်မည်ဟု ငါရည်မှန်းထားခဲ့သည်။ ယခုသင်တို့ အသို့ပြုသနည်း။

ဆရာအရှင် ကျွန်ုပ်တို့သည် မသေရာအမြိုက်နိဗ္ဗာန်ကိုရှာကြံခြင်းငှာ လောကီအာရုံတို့ကို စွန့်၍ တရားထူးကိုရှာရန် ရသေ့ရဟန်းပြုခဲ့ခြင်းဖြစ်ပါသည်။ အချည်းနှီးသော ဘဝတွင် နေရန်မဟုတ်ပါ၊ ဆရာအရှင်လည်း အချည်းနှီးသောဘဝဖြင့် အချိန်မကုန်စေပဲ မြတ်စွာဘုရားသခင်ထံသို့ လိုက်ခဲ့ပါလော။

ဉပတိဿ သင်အဘယ်သို့ ပြောသနည်း၊ ငါသည် တပည့်ပေါင်း ထောင်ပေါင်းများစွာကို ဟောကြားပြသ ပို့ချပေးနေသော ဆရာကြီးတဆူ ဖြစ်သည်ကို သင်မသိသလော၊ ငါသည်ငါ၏ ဂိုဏ်းတွင် ကြီးစွာသော အိုးစရည် ဖြစ်ပေ၏။ ဗုဒ္ဓအထံသို့ငါရောက်သွားခဲ့လျှင် ငါသည် အိုးစရည်းမှ ခတ်သောရေခွက်၊

လက်ငင်အိုးဖြစ်သွားမည် မဟုတ်လော၊ ငါသည် လက်ငင်အိုး အဖြစ် မခံလို၊ သင်တို့သွားလိုက သွားကြကုန်လော့။

ဆရာအရှင် ကျွန်ုပ်တို့သွားကြလျှင် ငါးရာကုန်သော ပရိဗိုဇ် တို့သည်လည်း လိုက်ပါကြကုန်အံ့၊ ဆရာတဦးတည်း သာလျှင် ကျန်ခဲ့မည်မို့ ကျွန်ုပ်တို့နှင့်တပါတည်း လိုက်ခဲ့ပါ။

ဥပတိဿ လောက၌ လူမိုက်နှင့် လူလိမ္မာ မည်သူက များ သနည်း။

လူမိုက်က များပါသည် ဆရာအရှင်။

သင်တို့ လိမ္မာသော သူတို့ ဂေါတမဗုဒ္ဓထံ သွားကြလော့၊ မိုက်သောသူတို့သည် ငါ့ထံသို့လာကြလိမ့်မည်။ သင်တို့သာသွား ကြကုန်လော့ဟု ဆိုသဖြင့် ဥပတိဿ၊ ကောလိတတို့သည် ထွက် ခွာလာကြသဖြင့် သိဉ္စည်းဆရာ၏ ပရိသတ်တို့သည် ဖရိုဖရဲနှင့် ဥပတိဿ၊ ကောလိတတို့နောက်သို့ လိုက်ပါသွားကြကုန်၏။

သိဉ္စည်းဆရာကြီးသည် မိမိအထံ၌ တပည့်တပန်း အခြွေအရံ မကျန်ခဲ့သည်၏အဖြစ်ကို မြင်ရသောအခါ ပြင်းစွာသော နှလုံး ပူပန်ခြင်းဖြင့် သွေးအန်လဲကျခဲ့ရရှာ၏။

## အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်ဘွဲ့ ရရှိကြခြင်း

ဥပတိဿ၊ ကောလိတတို့သည် မြတ်စွာဘုရားကျောင်းတော် သို့ ရှေးရှုလာကြသည်ရှိသော် မြတ်စွာဘုရားသခင်သည် ပရိသတ် လေးပါးတို့အား တရားဓမ္မ ဟောပြဆဲကာလ ဖြစ်၍ ပရိသတ် တို့အား အဝေးမှလာနေသော ဥပတိဿ၊ ကောလိတတို့အား ညွှန်ပြ၍....

ချစ်သားရဟန်းတို့၌ဥပတိဿ၊ကောလိတတို့သည် ငါဘုရား၏ ကောင်းမြတ်သော သာဝကဖြစ်လတံ့ဟု မိန့်တော်မူ၏။

ဥပတိဿ၊ ကောလိတတို့သည် ပရိသတ်အလယ် ဝင်ရောက်သျက် မြတ်စွာဘုရားကိုကြည်ညိုလေးမြတ်သော စေတနာဖြင့် ရှိုးမြင်ကြကုန်၏။ ထိုနောက်ပရိသတ်အလယ်၌ ပထမ ဆရာဖြစ်တော်မူသော အဿဇိမထေရ်အား ရှာဖွေ၍ ကန်တော့ပြီးလျှင် သင့်တင့် လျှောက်ပတ်သော အရပ်၌ဆည်းကပ်ထိုင်နေပြီးသော အခါ-

ရှင်တော်ဘုရား တပည့်တော်တို့အား သနားသဖြင့် ရဟန်းအဖြစ် ပေးသနားတော်မူပါဘုရားဟု လျှောက်ထား၏။

ထိုခဏ၌ အလုံးစုံသော်သူတို့သည် တန်ခိုးဖြင့် ပြီးသော သပိတ်သင်္ကန်းကို ဆောင်ကြံလျက်-

ဥပတိဿ၊ ကောလိတတို့သည် ပရိသတ်နောက်ပါးမှုမြတ်စွာဘုရားကို ကြည်ညိုသဒ္ဓါပွားများကာဖြင့် လက်စုံမိုး၍ ရှိခိုးပြီးသည်၏ခဏ၌ မြတ်စွာ ဘုရားသခင်က ဥပတိဿအား-

သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ လာကြကုန်လော့ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား၏ ခေါ်တော်မူသံကို ကြားရသောအခါ ဥပတိဿနှင့် ကောလိတတို့နှလုံးသားတွင် များစွာလှုပ်ရှားလျက် ကြက်သီးမွေးညှင်းများပင် ထမိလောက်အောင် ကြည်နူးဝမ်းမြောက်ခြင်းဖြစ်မိကြ၏။

ဥပတိဿအား သာရိပုတ္တရာဟု မြတ်စွာဘုရားက ခေါ်တော်ပုံက်ခြင်းသည် ဥပတိဿအတွက် ကြီးစွာသော ဂုဏ်ပြုခြင်းပင်

ဖြစ်တော့၏။ အကြောင်းမူကား ဥပတိဿသည် သာရိပုဏ္ဏေးမ၏ သားဖြစ်သောကြောင့် မြတ်စွာဘုရားသခင်က သာရိပုတ္တရာဟု ခေါ်တော်မူခြင်းမှာ များစွာရင်းနှီးလှ၍ အမိ၏အမည်ကို ဂုဏ်ပြု၍ ခေါ်လိုက်ခြင်းပင်ဖြစ်၏။

ကောလိတအား မြတ်စွာဘုရားသခင်က မောဂ္ဂလာန်ဟု ခေါ်တော်မူခြင်းမှာ မောဂ္ဂလိပုဏ္ဏေးမ၏သားဖြစ်သောကြောင့် မောဂ္ဂလာန်ဟု ခေါ်တော်မူခြင်းမှာ ကောလိတအတွက်ကြီးစွာသော ဂုဏ်ပြုခြင်းဖြင့် ရင်းရင်းနှီးနှီး ခေါ်တော်မူခြင်းဖြစ်၍ များစွာဝမ်းမြောက်ခြင်း ဖြစ်ကြရပေ၏။

ထိုနေ့မှစ၍ ဥပတိဿသည် အရှင်သာရိပုတ္တရာအဖြစ် ထင်ရှား၍ ကောလိတသည် အရှင်မောဂ္ဂလာန်အဖြစ် ထင်ရှား၏။

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့သည် မြတ်စွာဘုရားရှေ့တော်သို့ရောက်လျှင်သင့်တင့်လျောက်ပတ်သောအရပ်၌ နေကြပြီး။

ရှင်တော်ဘုရား ဘုရားတပည့်တော်တို့အား ရဟန်းအဖြစ် ရလိုကုန်၏ဟု လျှောက်ကြားကြ၏။ မြတ်စွာဘုရား ခွင့်ပြုတော်မူလေလျှင် အလုံးစုံသော သူတို့သည် တန်ခိုးဖြင့် ပြီးသော သင်္ကန်းပရိက္ခရာတို့ကို ဆောင်ကုန်လျက် ဝါခြောက်ဆယ် ရင့်ကြွယ်သော မထေရ်ကြီးကဲ့သို့ တခါတည်း အထမြောက်၍ ရဟန်းဖြစ်ကြကုန်၏။ မြတ်စွာဘုရားသည် ဥပတိဿ ကောလိတတို့နှင့်အတူပါသော တပည့်ပရိသတ်တို့အား စရိုက်အားလျော်စွာ တရားဒေသနာတော်တို့ကို ဟောကြားတော်မူသဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ အရှင်သာရိပုတ္တရာနှင့် အရှင်

မောဂ္ဂလာန်တို့နှစ်ဦးမှုကား ကြီးမားသော ပါရမီဉာဏ်ကြောင့် အထက် မဂ်ဖိုလ် ကိစ္စသည် အကြီးဆုံးသို့ မကျလေ၊ အရှင် မောဂ္ဂလာန်သည် ရဟန်းပြုသောနေ့မှ ခုနစ်ရက်မြောက်သော နေ့တွင် မဂဓတိုင်း ကလ္လဝါဠရွာငယ်ကို အမှီပြု၍ သီတင်းသုံး တော်မူရာ ငိုက်မျည်းခြင်းဖြင့် နှိပ်စက်သည်ကို မြတ်စွာဘုရား ကြွရောက်ပြီး ထိနမိဒ္ဓကို ပယ်ဖျောက်၍ ဓာတုကမ္မဋ္ဌာန်းကို ဟောကြားသဖြင့် အထက် မဂ်သုံးပါးကိစ္စကို တပါတည်း ပြီး စေ၍ သာဝကပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ရောက်တော် မူ၏။

ရှင်သာရိပုတ္တရာမထေရ်သည် ဆယ့်ငါးရက်မျှ ကြာလေလျှင် သာဝက ပါရမီဉာဏ်၏ အထွတ်အထိပ် အပြီးအဆုံးသို့ ရောက် တော်မူ၏။

(ရှင်သာရိပုတ္တရာသည် အလွန်တရာ ပညာ ကြီးကျယ်ခြင်း ရှိသည်ဟု ဆိုပါလျက် အရှင်မောဂ္ဂလာန် နောက်မှ သာဝက ပါရမီဉာဏ်ပြီးဆုံးရသည်ကို စောဒနာတက်ရန်ရှိ၏။ ထိုစောဒက အတွက် ဥပမာပြုရသော် ဆင်းရဲသောသူသည် ခရီးထွက်မည် ရှိသော် ချက်ချင်းထ၍ ရနိုင်သည်။ ပစ္စည်းဥစ္စာအခြွေအရံရှိသည့် မင်းသဌေးသူကြွယ်တို့သည် ခရီးသွားအံ့လျှင် ချက်ချင်း ထ၍ မသွားနိုင်ပဲ အစီအမံယရိက်တို့ကို စီမံပြီးမှသာလျှင် ခရီးထွက်နိုင် သကဲ့သို့ ဥပမာပြုအပ်ပေ၏။)

အရှင်သာရိပုတ္တရာ သာဝက ပါရမီဉာဏ် အပြီးအဆုံးသို့ ရောက်သောနေ့၌ပင်လျှင် မြတ်စွာဘုရားသခင်သည် ဝေဠုဝန်

ကျောင်းတော်၌ တပည့်သာဝကအပေါင်းတို့ကို စည်းဝေးစေ၍ အရှင်သာရိပုတ္တရာ၊အရှင်မောဂ္ဂလာန်တို့အား အဂ္ဂသာဝကအရာ ပေးသနားတော်မူ၍ ဩဝါဒ ပါတိမောက်ကို ပြတော်မူ၏။

## ထိုစဉ်ကာလ ဘုရားသာသနာတော်

ငါတို့ မြတ်စွာ အလောင်းတော်သည် တောထွက်တော်မူ၍ အနော်မာ သောင်ကမ်း၌ ရဟန်းပြုတော်မူပြီး ပဏ္ဍဝတောင် ဝှမ်းတွင် နေ၍ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွတော်မူရာ မာဂဓ ဘုရင် ဗိမ္ဗိသာရမင်း အဖြစ်ကို အပ်နှင်းရာ ငြင်းပယ် တော်မူ လေလျှင်"သဗ္ဗညုစင်စစ် ဘုရားအဖြစ်သို့ ရောက်တော်မူပါက၊ မိမိ၏နိုင်ငံသို့ ကြွလာတော်မူပါရန်"လျှောက်ထားသည်ကိုဝန်ခံ တော်မူခဲ့၏။

ထိုမှတဖန် အာဠာရ၊ ဥဒကရသေ့တို့ထံ ဆည်းကပ်ပြီး စျာန် တရားအထူးကို ရတော်မူသော်လည်း စိတ်မကျေတော်မမူ ခြောက် နှစ်ပတ်လုံး ပြင်းစွာ အား ထုတ် အပ် သော ဒုက္ကရ စရိယာ ကမ္မဋ္ဌာန်းတရားကို ပယ်တော်မူပြီးနောက် ကဆုန်လပြည့် နံနက် စောစောကပင်လျှင် သုဇာတာပူဇော်အပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူကာ ရွှေခွက်ကိုမျှောတော်မူပြီး နေရဥ္စရာ မြစ် ကမ်းထိပ် တောအုပ်ကြီး၌ အထူးထူးသော သမာပတ်ဖြင့် နေ့ အဘို့၌ လွန်စေ၏။

ညနေချမ်းအခါ သောတ္ထိယလုလင်လှူဒါန်းသော မြက်ရှစ် ဆုပ်ကို အလှူခံတော်မူ၍ ဗောဓိပင်ရင်း၌ ဖြန့်ခင်းတော် မူပြီး "သဗ္ဗညုတ ဉာဏ်ကို မရသမျှ ငါမထပြီ"ဟု အဓိဋ္ဌာန်ပြုကာ

အရှေ့သို့ မျက်နှာ လှည့်လျက် ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏။ ထိုစဉ်ကာလ သဟံပတိ ဗြဟ္မာမင်းသည် ထီးဖြူတော်ကို ဖြန့်မိုးလျက် သိကြားမင်းသည် ခရုသင်းကို လက်စွဲလျက်သန္တုသိတ နတ်သားသည် ပတ္တမြားယပ်ဝန်းကို ကိုင်လျက် ပဉ္စသိခ် နတ်သားသည် ဥသျှစ်သီးမှည့် အဆင်းရှိသော စောင်းကိုပိုက်လျက် ကာလမည်သော နဂါးမင်းသည် နတ်နဂါး အခြွေအရံများစွာနှင့် ရောက်လာလျက်၊ အထူးထူးသော နတ်ဗြဟ္မာ အပေါင်းတို့သည် ကုန်းပန်း၊ ရေပန်း အဆန်းဆန်းကို ယူဆောင်လျက် ပူဇော်ကြပြီး ဖဲခွာကြကုန်၏။

နေမဝင်မီပင် မာရ် စစ်သည်တို့ကို အောင်မြင်တော် မူပြီး ပထမယာမ်၌ ပုဗ္ဗေနိဝါသ ဉာဏ်၊ မဇ္ဈိမယာမ်၌ စုတူပပါတ ဉာဏ်၊ မိုးသောက်ယာမ် အဆုံး၌ ပဋိစ္စသမုပ္ပါဒ် ဉာဏ်တော်သွင်း၍ အရဟတ်တက်လတ်သော်သဗ္ဗညုတဉာဏ်တော်ကိုထိုးထွင်းသိမြင်တော်မူလေ၏။

သဗ္ဗညုတဉာဏ်တော်ကိုထိုးထွင်းသိမြင်တော်မူပြီး သဟံပတိ ဗြဟ္မာမင်းက တရားဟောရန် လျှောက်ထား တောင်းပန် အပ်သည်ဖြစ်၍ အာဠာရ ဥဒက ရသေ့တို့အား ဦးစွာဟောကြားရန် ကြည့်ရှုဆင်ခြင်သည် ရှိသော် ကွယ်လွန်ပြီကို သိသည်နှင့် ပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့၏ ကျေးဇူးများခဲ့ဘူးသည်ကို နှလုံးသွင်းတော်မူ၍ ကာသိက တိုင်းသို့ ကြွအသွားတွင် ခရီး အကြား၌ ဥပကတက္ကတွန်းနှင့် အလ္လာပ သလ္လာပ နှုတ်ခွန်းဆက်ပြီး ဆက်လက် ကြွတော်မူခဲ့၏။

(၁) ဝါဆိုပုဏ္ဏမီ၊ တိထိထွန်းစေ့၊ လပြည့်နေ့၌ မိဂဒါဝုန်တော ပဉ္စဝဂ္ဂီ ငါဦးတို့၏ နေရာသို့ ကြွရောက်၍ အညာတကောဏ္ဍည အမှူး ရှိသော တဆယ့်ရှစ်ကုဋေ ကုန်သော နတ်ဗြဟ္မာအပေါင်းတို့ကို တရားတည်းဟူသော အမြိုက်ဆေး တိုက်ကျွေးတော် မူပြီးသော် ဓမ္မစကြာ တရား ဒေသနာ တော်ကိုကောင်းစွာနားလည်စေတော်မူပြီး ငါးရက်မြောက်တွင် ပဉ္စဝဂ္ဂီ ငါးဦးစလုံးကို အရဟတ္တဖိုလ်၌ တည်စေ၏။

(၂) ထိုနေ့၌ပင်လျှင် သံဝေဂတရားဖြင့် အိမ်ကို စွန့်ခွာလာသော ယသ သတို့သားကို "ယသ-လာခဲ့လော့" ဟု ခေါ်တော်မူ၍ ထိုည၌ပင် သောတာပတ္တိဖိုလ်သို့ရောက်စေပြီး၊နံနက်မိုးသောက် နောက်တနေ့တွင် အရဟတ္တဖိုလ်သို့ရောက်စေတော်မူ၏။

(၃) တပါးသောအခါ၌လည်း ယသ သတို့သား၏အဖော် ငါးကျိပ် ငါးယောက်တို့ကို ဧဟိဘိက္ခု ရဟန်းအဖြစ် ရဟန်းပြုစေတော်မူ၍ အရဟတ္တဖိုလ်သို့ ရောက်စေတော်မူ၏။

ဤသို့လျှင် ပဉ္စဝဂ္ဂီ ငါးဦး၊ ယသ သတို့သားနှင့် အဖော် ငါးကျိပ် ငါးပါးတို့ပါ ခြောက်ကျိပ် တပါးသော ရဟန္တာတို့ ဖြစ်ပေါ်လာကုန်၏။

(၄) ဝါလကျွတ်လျှင် ပဝါရဏာ ပြုပြီးသော် ရဟန်း ခြောက်ကျိပ်တို့ကို အရပ်ရပ်သို့ စေလွှတ်တော်မူ၍ ကိုတ်တော်တိုင်မူ ဥရုဝေလတောသို့ ကြွသွား၏။ ခရီးအကြားတွင် ကပ္ပါသိကတောအုပ်၌ ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်ကို တရားဟော

တော်မူရာ အနာဂါမ်မှစ၍ အနိမ့်ဆုံးသောတာပန်အဖြစ် ရောက်ကြပြီး ဟေဘိက္ခု ရဟန်းအဖြစ် ရဟန်းပြုစေတော်မူလျက် အရပ်ရပ်သို့ စေလွှတ်တော်မူပြန်၏။

(၅) ကိုယ်တော်မြတ်သည် ဥရုဝေလ တောအုပ်သို့ကြွသွားတော်မူပြီး၊ သုံးထောင့် ငါးရာသော ယမိုက်ပြာဋိဟာတို့ကိုပြ၍ ဥရုဝေလ ကဿပ အစရှိသော ရသေ့တထောင် အခြံအရံရှိသည့် ရသေ့ညီနောင်တို့ကို ဟေဘိက္ခု ရဟန်းအဖြစ်ဖြင့်ပင် ရဟန်းဖြစ်စေတော်မူပြန်ကာ၊ ဂယာသီသဌ်နေစေ၍အာဒိတ္တပရိယာယသုတ္တန် ဒေ သ နာ တော် ဖြင့် အရဟတ္တ ဖိုလ်၌ တည်စေတော်မူ၏။

ထိုရဟန္တာတထောင် အခြံအရံဖြင့် ဗိမ္ဗိသာရမင်းအား ပေးထားသော ပဋိညာဉ်အရ၊ ရာဇဂြိုဟ်မြို့အနီး ထန်းဥယျာဉ်သို့ကြွတော်မူရာမင်းကြီးသည် တသိန်းနှစ်သောင်းကုန်သော ပုဏ္ဏားသူကြွယ်တို့ လာရောက်ဆည်းကပ်လေလျှင်တရားစကားကို ဟောကြား ဆုံးမတော်မူရာ တသိန်းတသောင်းသော ပုဏ္ဏားသူကြွယ်တို့နှင့် ဗိမ္ဗိသာရမင်းကြီးပါ သောတာပတ္တိဖိုလ်၌ တည်စေ၏။ တသောင်းသော ပုဏ္ဏားသူကြွယ်တို့သည် သရဏဂုံ၌ တည်စေ၏။

နောက်တနေ့၌ ဗိမ္ဗိသာရမင်းကြီး၏ ဝေဠုဝန် အရာမ်ကို အလှူခံပြီး သီတင်းသုံးစံမြန်းခိုက်တွင် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ ရောက်လာဆည်းကပ်ခြင်းပြုကြရာမှအဂ္ဂသာဝက အရာ ပေးသနားတော်မူလေသည်။

## ရဟန်းတို့က ကဲ့ရဲ့ကြခြင်း

ထိုအခါ များစွာသော ရဟန်းတို့က- နောက်မှ ရောက်လာသော ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့အား အဂ္ဂသာဝက အရာတို့ ပေးတော်မူသည်မှာ မသင့်တကား၊ ရှေးဦးစွာရဟန်းပြုကြသော ပဉ္စဝဂ္ဂီတို့အား ပေးသနားသင့်ပါသည်။ သို့တည်းမဟုတ်၊ ယသမထေရ်အမှူးရှိသော ငါးကျိပ်ငါးပါးကုန်သော သငှေးသား မထေရ်ရဟန်းတို့အား ပေးသင့်ပါသည်။ သို့တည်းမဟုတ်၊ ဘဒ္ဒဝဂ္ဂီသုံးကျိပ်တို့အား၊ ပေးသင့်ပါသည်။ သို့တည်းမဟုတ်၊ ဥရုဝေလကဿပ အစရှိကုန်သော ညီနောင်သုံးယောက်တို့အား ချီးမြှောက်သင့်ပါသည်။ ဤရဟန်းတော်တို့ကိုကျော်၍ နောက်မှ ရောက်လာသော အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့အား အဂ္ဂသာဝက ရာထူးကို ပေးသည်မှာ မသင့်တကားဟု ပြောဆိုကြကုန်၏။

ထိုအခါ မြတ်စွာဘုရားက ချစ်သားရဟန်းတို့ မည်သို့သော အကြောင်းကို ပြောဆိုကြသနည်းသို့ မေးတော်မူလျှင်၊ ရဟန်းတို့က ပြောဆိုသောအကြောင်းကို လျှောက်ထားကြကုန်၏။

ချစ်သားတို့ ငါဘုရားသည် အဂ္ဂသာဝကဘွဲ့ကို မျက်နှာလိုက်စား၍ ပေးခဲ့သည်မဟုတ်၊ ထိုပုဂ္ဂိုလ်တို့သည် ဘဝဘဝက ရည်ညွှန်းတောင်းတအပ်သော ဆုအတိုင်းသာလျှင် ငါဘုရား ပေးသနားတော်မူခြင်းဖြစ်သည်။

အညာတကောဏ္ဍညသည် ယခုသောဘဝတွင် ကောက်ဦးအလှူကို ကိုးကြိမ်တိုင်အောင် လှူဒါန်းခဲ့ရာတွင် အဂ္ဂသာဝက

ဆိုကိုတောင်းခဲ့သည်မဟုတ်၊ အရဟတ္တ ဖိုလ်တရားများကို အားလုံးသောသူတို့ထက် ရှေးဦးပထမ သိရှိရပါစေဟုသာ ဆုပန်ဆင်ခဲ့သည်ဟု မိန့်တော်မူ၏။ ထိုအခါရဟန်းတို့က အဘယ်ကာလက ဖြစ်ခဲ့ပါသနည်း အရှင်ဘုရားဟု မေးလျှောက်သော ကာလ၊ မြတ်စွာဘုရားသည် သင်တို့နာကြားလိုကြလျှင် ကောင်းစွာနာကြားကြကုန်လော့ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## ကောဏ္ဍည၏ ရှေးဘဝ

### အဦးအလှူ ကိုးကြိမ်လှူ

ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရားပွင့်တော်မူစဉ် မဟာကာလ စူဠကာလ သူကြွယ်ညီနောင်တို့သည်သလေးစပါးကို စိုက်ပျိုးကြကုန်၏။

တနေ့၌ ညီဖြစ်သူ စူဠကာလသည် စပါးဖုံးတခုကို ခွာ၍နွာစား၏။ အလွန်ချိုမြိန်လှသဖြင့် ဘုရားနှင့်တကွ သံဃာတော်များကို ပေးလှူလိုသဖြင့်အစ်ကိုကြီးအားပြောကြား၏။ သလေးစပါးဖုံးကို ခွာနွာ၍ ပေးလှူရိုးထုံးစံမရှိ၊ ကြီးပွားမည့်စပါးပင်တို့ကို မပျက်စီးပါစေနှင့်ဟု ဟန့်တား၏။ ညီငယ်လည်း အတန်တန် တောင်းပန်သဖြင့် စပါးခင်းကို တဝက်ခွဲ၍ သတ်မှတ်ပြီး၊ ငါ့အခင်းကိုအနည်းငယ်မျှမယူနှင့်၊ သင့်အတွက်ရသောအခင်းကို သင့်ဆန္ဒရှိသမျှ ပြုလေလော့ဟု ခွင့်ပေး၏။

စူဠကာလသည် ဝမ်းမြောက် ဝမ်းသာဖြင့် များစွာသော လူတို့ကို အကူအညီခေါ်၍ သခွားစပါးဖုံးကို နို့ရည်တည်စ အခါတွင် ခွဲနွှာပြီး ရေမရောသော နို့ဖြင့်ချက်၍ ထောပတ်၊ ပျားရည် တင်လဲ သကာတို့နှင့် ရောနှောပြီး ဘုရားအမှူးရှိသော သံဃာတော်တို့အား ကပ်လှူ၏။

ဤကောက်ဖုံးဦး အလှူကြောင့် မြတ်သောတရားကို အလုံးစုံသော သူတို့ထက် ရှေးဦးစွာ သိမြင်ရသည် ဖြစ်ပါစေသတည်းဟု ဆုတောင်း၏။ မြတ်စွာဘုရားသခင်က အသင့်ဆုတောင်းအတိုင်း ကောင်းစွာဖြစ်စေသတည်းဟု အနုမောဒနာ ပြုတော်မူ၏။

စူဠကာလသည် လယ်ကွင်းတို့တွင် သလေးနှံတို့အောင်မြင်စွာ ထွက်လာပြန်သည်ကို တွေ့ရတောအခါ နှုံပြည့်ပီတိ ဂွမ်းဆီထိသို့ ဝမ်းမြောက်ခြင်းရှိရာကား မုန့်ဆန်းဖြစ်လောက်သော ကာလ၌ ရွာသူ ရွာသားတို့၏ အကူအညီဖြင့် မုန့်ဆန်းဦး အလှူကိုပေးလှူ၏။

ကောက်ရိတ်သောအခါ၌ ရိတ်ဦးအလှူကိုပေး၏။

ကောက်ပင်ကို ထုံးဖွဲ့သောကာလ၌ ကောက်ဆုပ်ဦးအလှူကို ပေးလှူ၏။

ကောက်လှိုင်းကို စည်းသောကာလ၌ ကောက်လှိုင်းဦးအလှူကို ပေးလှူ၏။

ကောက်လှိုင်းနယ်သောကာလ၌ နယ်ဦးအလှူကိုပေးလှူ၏။

စပါးတို့ကို ပုံသောကာလ၌ ပုံဦးအလှူကို ပေးလှူ၏။

စပါးခြင်တွယ်သော ကာလ၌ ခြင်ဦးအလှူကို ပေးလှူ၏။

ကျီသို့သွင်းသောကာလ၌ ကျီသွင်းဦး အလှူကို ပေးလှူ၏။

ဤသို့လျှင် ကိုးကြိမ်တိုင်အောင် အဦးအလှူကို ပေးလှူ၏။ ဤသို့ ပေးလှူသော်လည်း ပေးလှူတိုင်း၊ ပေးလှူတိုင်းသော ကာလတို့၌ ယူသော စပါးတို့သည် ပြန်၍ ပြည့်မြဲပြည့်နေ၏။

ထိုစကား မှန်၏။ တရားတော် မည်သည်ကား မိမိကို စောင့်ရှောက်သူကို အမှန်မလွဲ၊ အမြဲမသွေ စောင့်ရှောက်ပေသည်ဟု မြတ်စွာဘုရားသခင် ဟောကြားတော်မူရာ....

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ
ဓမ္မော သုစိဏ္ဏော သုခမာ ဝဟာတိ။
ဧသာနိသံသော ဓမ္မေသုစိဏ္ဏေ
န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ။

ချစ်သားတို့၊ တရားတော်သည် တရားသဖြင့် ကျင့်လေ့ရှိသော သူကို အမှန်မလွဲ အမြဲကေ စောင့်ရှောက်ပေ၏။

ကောင်းစွာ နှစ်သက် လေ့ကျက်အပ်သော တရားတော်မြတ်သည် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရွက်ဆောင်တတ်၏။

တရားသဖြင့် ကျင့်လေ့ရှိသော သူသည် အပါယ်သို့ မလား မကပ်ရ။

ဤသို့ အပါယ် မလားပဲ သုံးပါးသော ချမ်းသာကို ခံစားရခြင်းသည် ကောင်းစွာ မပြတ် လေ့ကျက်အပ်သော တရားတော်မြတ်၏ကြီးမားဖွံ့ဖြိုးအကျိုးဆက် အာနိသင်ပေတည်း။

ချစ်သားတို့၊ ကောဏ္ဍညသည် ထိုမျှသာမဟုတ်၊ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားသခင်လက်ထက်တွင်လည်း ခုနစ်ရက်ပတ်လုံးကြီးစွာသောအလှူပေး၍ ဤသို့ပင်လျှင် ဆုကို တောင်း၏။ ထို့ကြောင့်ငါ၏သားတော် ဖြစ်သော ကောဏ္ဍည သည် ဘဝ ဘဝက ဆုတောင်းခဲ့သည့် အတိုင်းသာ ငါဘုရား ပေးသနားတော်မူသည် ဟူ၍ မိန့်တော်မူ၏။

## ယသ သင်္ဘေးသားတို့၏ ရှေးဘဝကံ အတိတ်ဇာတ်ကြောင်း

ထိုအခါ ရဟန်းတို့က ဘုန်းတော် အလွန်ကြီးမြတ်တော်မူ သော မြတ်စွာဘုရား၊ ယသ အမှူး ရှိကုန်သော ငါးကျိပ် ငါးယောက်ကုန်သော အမျိုးသားတို့၏ အတိတ်ဇာတ်ကြောင်း ကို မေးလျှောက်ကြ၏။ ထိုအခါ မြတ်စွာဘုရားသခင်က အရှင် ယသနှင့်ငါးကျိပ် ငါးပါးသော ရဟန္တာ အရှင်မြတ်တို့၏ ရှေး အတိတ်ဇာတ်ကြောင်းကို ဤသို့ ပြန်ပြောင်း ဟောကြားတော် မူ၏။

ချစ်သားရဟန်းတို့၊ တဆူသော မြတ်စွာဘုရားအထံ၌ ထို ငါးကျိပ် ငါးယောက်ကုန်သော အမျိုးသားတို့သည် အရဟတ္တ ဖိုလ်ဆုကို ပန်ဆင်ကုန်လျက် များစွာသော ကောင်းမှု ကုသိုလ် ကံကို ပြုခဲ့ကြ၏။

နောက်ဘဝတွင် ထိုငါးကျိပ်ငါးယောက်တို့သည် အပေါင်း အဖော် ဖြစ်လာကြ၍ ထိုဘဝတွင် တဖန် ကုသိုလ် ကောင်းမှု ဆုတောင်းပြုကြပြန်၏။

အထူးသဖြင့် ထိုငါးကျိပ်ငါးယောက် ကုန်သော အပေါင်း အဖော်တို့သည် ဆင်းရဲ၍၊ အားကိုးရာမဲ့သော သူတို့၏ ရုပ် အလောင်းတို့ကို လှည့်လည်ရှာဖွေ၍ ကောင်းစွာသင်္ဂြိုဟ်ပေးခြင်း အမှုကို ပြုကြ၏။

တနေ့သောအခါကိုယ်ဝန်ရှိသောမိန်းမငယ်၏ရုပ်အလောင်း ကို သင်္ဂြိုဟ်ရန် အခွင့်ရ၍ သုသာန်သို့ ယူဆောင်ခဲ့ကြ၏။ ငါး ယောက်သော သူတို့ကို တာဝန်ပေး၍ မီးဖြင့်ဖုတ်ကျည်းသင်္ဂြိုဟ် ရန် တာဝန်ပေးထားခဲ့၏။ ထိုငါးယောက်တို့တွင် ယသ သတို့ သား ဖြစ်မည့် တယောက်သော သူငယ်သည် အလောင်းကိုတစို့ တို့ဖြင့်ထိုး၍ ပြန်လှန်ပြီး မီးတိုက်သောအခါ လွန်စွာမတင့်တယ်၊ စက်ဆုပ် ရွံရှာဖွယ်သော အသုဘ သညာကို ကောင်းစွာ ရရှိလျက် လေးယောက်သော အဖော်တို့အား ပြ၍ ဤခန္ဓာကိုယ်သည် စုတ်ပြတ် ပျက်စီးအပ်သော အရည်၊ မစင်မကြယ်သော အနံ့ အဆင်းရှိသည်ဖြစ်၍ အလွန်စက်ဆုပ် ရွံရှာဖွယ် ရှိလေစွတကား ဟု အသုဘသညာကို ထင်စေကုန်၏။ ရွာသို့ပြန်ခဲ့ကြ၍ ကျန် သော အဖော်တို့အားတဆင့် ပြောဆိုကုန်၏။ ယသ၏အလောင်း ဖြစ်သော သူငယ်သည် မိခင် ဖခင် တို့အားရင်း၊မယားအားရင်း၊ တဖန် ပြောဆို၏။ အားလုံးတို့သည်အသုဘဘာဝနာကိုကောင်း စွာ ပွားများကြကုန်၏။

ချစ်သားရဟန်းတို့၊ ထိုကုသိုလ်အထူးကြောင့် ယသ သတို့ သားသည် ချစ်ခင်မြတ်နိုးဖွယ်ဖြင့် ကောင်းစွာ ခယ ပြုစုပေး သော မာတုကာမ အပေါင်းတို့ကို ရွံရှာဖွယ်ရာသော အခြင်း အရာ သုသာန်ကဲ့သို့သော အမှတ်သညာသည် ဖြစ်ပေါ်လာရ

ပေ၏။ ဤသို့ဖြင့် အခြားသူတို့အားလည်း ဤသို့သော တရားအထူးကို ရှင်မြူးဝမ်းသာရရှာသည် ဖြစ်သတည်း။ ထိုသူတို့သည်လည်း မိမိတောင့်တသည့် အတိုင်းသာလျှင်ပင်ရကြကုန်၏။ ငါဘုရားသည် အဂတိတရားဖြင့် မျက်နှာလိုက်စား ပေးသနားတော်မူသည်မဟုတ် ဟု မိန့်တော်မူ၏။

## ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့၏ အတိတ်ဇာတ်ကြောင်း

ထို့နောက် ရဟန်းတို့က တဖန်ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ်တို့၏ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်း၍ မိန့်ကြားတော်မူပါဟု လျှောက်ထားပြန်လေလျှင် မြတ်စွာဘုရားသခင်က ဤသို့အတိတ်ဇာတ်ကြောင်းကို ဟောတော်မူ၏။

ချစ်သားရဟန်းတို့၊ ထိုဘဒ္ဒဝဂ္ဂီ မင်းသား သုံးကျိပ်တို့သည် အလုံးစုံသော ဘုရားရှင်တို့အထံ၌ အရဟတ္တဖိုလ်ကိုဆုတောင်း၍ တခုသော ဘဝတွင် သုံးကျိပ်သော သေသောက်ကြူးတို့ဖြစ်၍ ဝက်မင်း၏ ဩဝါဒကို နာခံမှတ်သားရသောကြောင့် အနှစ်ခြောက်သောင်းတို့ ကာလပတ်လုံး ငါးပါးသီလကို စောင့်ထိန်းခဲ့ကြကုန်၏။ ဤသို့ပင်လျှင် မိမိတို့၏ ဆုတောင်းပတ္တနာ အတိုင်းသာဖြစ်ကြကုန်၏။ ငါဘုရားသည် မျက်နှာလိုက်စား၍ အဂ္ဂသာဝက ဘွဲ့ထူးကို ပေးသနားသည်မဟုတ်ဟု မိန့်တော်မူ၏။

## ဥရုဝေလ ကဿပညီနောင်တို့၏ အတိတ်ဇာတ်ကြောင်း

ထို့နောက် ရဟန်းတို့က ဥရုဝေလ ကဿပ ညီနောင်မထေရ်တို့၏ အတိတ်ဇာတ်ကြောင်းကို မေးလျှောက်ပြန်သည်ရှိသော်-

ချစ်သားတို့၊ဥဠုဝေလကဿပ အစရှိသော ညီနောင်တို့သည် ရှေးအဘို့သောဘဝက အရဟတ္တဖိုလ်ဆုကိုသာ တောင်းခဲ့ကြကုန်၏။

ချစ်သားရဟန်းတို့၊ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်သော် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ တိဿဘုရား၊ ဖုဿဘုရားဟူ၍ ဘုရားနှစ်ဆူ ပွင့်တော်မူ၏။ ဖုဿဘုရား၏ ခမည်းတော်ကား မဟိန္ဒမင်းဖြစ်ပေ၏။ ညီတော်သည် ပထမ အဂ္ဂသာဝက၊ ပုရောဟိတ်၏သားသည် ဒုတိယ အဂ္ဂသာဝက ဖြစ်၏။

မဟိန္ဒ မင်းကြီး၏ ကျန် သားတော် သုံးပါးမှ အကြီးဆုံးသားတော်တွင် အခြံအရံငါးရာ၊ အလတ်တွင်သုံးရာ၊ အငယ်တွင်နှစ်ရာ စသောစစ်သည်အခြံအရံများ ရှိကြကုန်၏။

မင်းကြီးသည် သားတော် ဘုရားအား လျောက်ထား၏။ ခမည်းတော်၏အသက်သည် အသက်ကိုးသောင်းမျှ ရှိပြီဖြစ်၍ ခမည်းတော် အသက်ရှိသမျှ ကာလပတ်လုံး ခမည်းတော်၏ ပစ္စည်းလေးပါးကို ခံယူတော်မူပါဟု လျှောက်ထား၏။ ဘုရားသခင်လည်း ခွင့်ပြု၍ အမြဲနိစ္စဘတ်မပြတ် လုပ်ကျွေးပြုစု၏။ ကျန်သားတော်သုံးပါးတို့က နောင်တော်ဘုရားကို ဆွမ်းကျွေးလို၍ ခမည်းတော်ထံ အကြိမ်ကြိမ်ခွင့်ပန်သော်လည်း ခွင့်မရခဲ့ချေ။

တနေ့တွင် ကျေးလက်ရွာများ မငြိမ်မသက်ရှိ၍ သားတော်သုံးပါးအား နှိမ်နင်းရန်စေလွှတ်၏။ သားတော်သုံးပါးသည် ပြည်လေးပြည်မွှားတို့ကို နှိမ်နင်းပြီးပြန်လာကြရာ ခမည်းတော်

သည် ဝမ်းသာအားရ သားတော်တို့ကို ဖက်ရမ်း နမ်းရှုံ့၍ ဆုပေးအံ့ဟု ဆို၏။

သားတော်တို့ကား အခြားဆုကိုမလိုပါ။ နောင်တော်ဘုရားသခင်အား ခုနစ်နှစ်တာမျှ ဆွမ်းလုပ်ကျွေးရန် ခွင့်ပြုတော်မူပါဟု လျှောက်ထား၏။ ခမည်းတော်က ခုနစ်နှစ် ကာလကို ခွင့်မပြုနိုင်ဟုဆိုလျှင် နှစ်နှစ်၊ သုံးနှစ်၊ တနှစ် စသည်ဖြင့် လျှော့၍၊ လျှော့၍ ခွင့်တောင်းရာမှ သုံးလသို့ ရောက်သောအခါ ခမည်းတော်က သုံးလမျှကာလကို ခွင့်ပေးတော်မူ၏။ မင်းသားတို့လည်း တယောက်လျှင် တလကျ ခွဲဝေ၍ ဘုရားသခင်အား ဆွမ်းကျွေးရန်အတွက် ဘဏ္ဍာစိုး တယောက်အား ခန့်အပ်၍ စာရင်းကိုင် အမတ်တယောက်ဖြင့် အမတ် နှစ်ယောက်တို့အား တာဝန်ပေးအပ်ကြည့်ရှုစီရင်၏။ မင်းသားတို့လည်း ဖန်ရည်စွန်းသော အဝတ်သင်္ကန်းတို့ကို ဝတ်ဆင်၍ သုံးလပတ်လုံး ဆယ်ပါးသောသီလတို့ကိုစောင့်ထိန်း၍ မြတ်စွာဘုရားသခင်နှင့်အတူ နေကြမည်။ သင်တို့သာလျှင် ကြည့်ရှုစီမံ ဆောင်ရွက်ကြကုန်လော့ဟု တာဝန်လွှဲအပ်၏။

ဘဏ္ဍာစိုးနှင့် စာရင်းကိုင် အမတ်နှစ်ယောက်တို့တွင် အမတ်တယောက်လျှင် တသိန်းနှစ်သောင်းကုန်သော ယောကျ်ားအခြံအရံရှိကြ၏။ နေ့စဉ်နေ့တိုင်း သံဃာတော် ကိုးသောင်းနှင့် တထောင်မျှလောက်သော စစ်သည်တို့အား ခဲဘွယ်ဘောဇဉ်၊ ချိုချဉ်ရသာတို့ကို ကောင်းစွာစီရင်၍ ဆက်ကပ်ပေးလှူကြကုန်လော့၊ ငါတို့ကား တစုံတရာဝင်ရောက်ပြောဆိုခြင်း ပြုကြတော့မည်မဟုတ်ဟု မှာကြားကာ နှစ်စုံစီသော ဖန်ရည်ဆိုးတို့ကိုယူ၍ ကျောင်းတော်သို့ သွားကြကုန်၏။

## ပြိတ္တာကြီး ရှစ်သောင်းလေးထောင်

ဘဏ္ဍာစိုးအမတ်သည်ရင်း အမှုကိုဆောင်ရွက်သော အမတ်သည်ရင်း မင်းသားညီနောင် သုံးယောက်တို့၏ ဘဏ္ဍာတိုက်တို့မှ အလှည့်ကျယူ၍ ပေးလှူကြကုန်၏။

အလှူကိုဆောင်ရွက်ကြကုန်သော သူတို့၏သားငယ်တို့သည် ရဟန်းတော်တို့အတွက် ပြင်ဆင်ထားသော ဆွမ်းကျွေး ဟင်းရံ ချိုချဉ်ခဲဖွယ်တို့ကိုမြင်လျှင် စားချင်သော အားဖြင့် ငိုကြွေး၍ တောင်းလေ၏။ မိဘတို့လည်း နားမှ အေးစေတော့ဟု ဆွမ်းကျွေးဟင်းရံ ခဲဖွယ်ဘောဇဉ်တို့ကို ဦးဦးဖျားဖျားယူ၍ကျွေးကြ၏။ သံဃာတော်တို့ကို ဆွမ်းကပ်သည့် အခါလည်း အတိအကျ တိုင်းတာ ချက်ပြုတ်ကြသောကြောင့် မည်သည့်အခါမျှ ပိုသည်ဟူ၍ မရှိ။ ချက်ပြုတ် လုပ်ကိုင် ဆောင်ရွက်ကြသူများမှာ မစားရသည့်ရက် များလာသောအခါ ဦးဦးဖျားဖျားပင် ယူစားကြကုန်၏။ ထိုသို့ယူစားသူတို့မှာ ရှစ်သောင်း လေးထောင် ခန့်ရှိကြကုန်၏။ သူတို့သည် သက်တမ်းအတိုင်း နေ၍ သေဆုံးကြကုန်သောအခါ ပြိတ္တာဘုံ၌ ရှစ်သောင်း လေးထောင် ကုန်သော ပြိတ္တာတို့ ဖြစ်ကြ၏။

မင်းသား ညီနောင် သုံးယောက် တို့သည် တထောင်သော ယောက်ျားတို့နှင့် တကွ ထိုဘဝမှ စုတိသေလွန်ကြ ကုန်သော် နတ်ပြည်လူ့ပြည်တို့၌ ဖြစ်ကြကုန်၏။ လူ့ဘဝတွင် ဒါနအမှု သီလအမှုတို့ကို ပြုကြပြီး အရဟတ္တဖိုလ်ကို ဆုတောင်းလျက် ကိုးဆယ့်နှစ်ကမ္ဘာတိုင်တိုင် နတ်ပြည်နှင့် လူ့ပြည်တို့၌ ကျင်လည်

ကြပြီး ဤဘဒ္ဒကမ္ဘာသို့ ရောက်ရှိခဲ့ကြ၏။ ထိုဥရုဝေလကဿပ ညီနောင်သုံးဦးတို့သည်ကျင်လည်သောဘဝတိုင်း၌အရဟတ္တဖိုလ် ဆုကိုတောင်းခဲ့ကြသည့်အတိုင်းရရှိခြင်းဖြစ်သည်။ ငါဘုရားသည် မျက်နှာလိုက်စား၍ အဂ္ဂသာဝက ရာတူးကို ပေးသနားသည် မဟုတ်ဟူ၍ မိန့်ကြားတော်မူ၏။

## ရှစ်ခုသောင်း လေးထောင်သော ပြိတ္တာတို့ ဇာတ်သိမ်း

ထိုစဉ်က စာရင်းကိုင်အမတ်သည် ယခုအခါ ဗိမ္ဗိသာရမင်းကြီးဖြစ်လာ၏။ ဘဏ္ဍာစိုးသည် ယခုအခါ ဝိသာခါဒါယကာ ဖြစ်လာ၏။ ပြိတ္တာဘုံ၌ ခံစားကြကုန်သော သူတို့ကား လေးဆူကုန်သော ဘုရားရှင်တို့၏ကာလအကြားတွင် ငတ်မွတ်ခြင်းဖြင့် နှိပ်စက် ခံရခြင်းဘေးကို ဆိုက်ရောက်ကြရကုန်၏။ ကကုသန် မြတ်စွာဘုရားအကြားတွင် အနှစ်လေးသောင်း ခံရ၏။ ကောဏာဂုံ။ကဿပဘုရားသုံးဆူကိုလွန်၍ဤဘဒ္ဒကမ္ဘာတွင် ဂေါတမ မြတ်စွာဘုရားပွင့်တော်မူသည့် အချိန်တိုင်အောင် သံဃာတော်များ၏ အဦးအဖျားကို စားမိခြင်းဖြင့် ငတ်မွတ်ခြင်း ဘေးကို ခံစားကြရ၏။

ဗိမ္ဗိသာရမင်းကြီး၏ ရှေးဦးစွာ အလှူပေးသောနေ့၌ ထိုပြိတ္တာတို့မှာ ကုသိုလ်အဖို့ကို မရကြလေသဖြင့် ညဉ့်ကာလ၌ ကြောက်ရွံ့ ထိတ်လန့်ဖွယ် အသံကိုပြု၍ မင်းကြီးအား ကိုယ်ထင်ရှားပြသကြ၏။ နောက်တနေ့တွင် ဗိမ္ဗိသာရမင်းကြီးသည် ကြားရသမျှ မြင်ရသမျှတို့ကို ဂေါတမဘုရားသခင်ထံ လျှောက်ထား၏။ ဂေါတမ ဘုရားသခင်က မင်းကြီး ဤသူတို့သည်

လွန်ခဲ့သောကိုးဆယ့်တစ်ကမ္ဘာကာလ ဖုဿဘုရားရှင်လက်ထက်၌ အသင်၏ ဆွေမျိုးညာတိတို့ ပေတည်း။ ထိုသူတို့သည် သံဃာတော်တို့ကို ပေးလှူအပ်သော ဆွမ်း, ခဲဘွယ်၊ ချိုချဉ်တို့နှင့် လှူဒါန်းသော အဝတ်တို့ကို ယူငင်စားသုံး ဝတ်ဆင်မိကြသောကြောင့် ပြိတ္တာဘုံ၌ အဖန်တလဲလဲ ကျင်လည်ကြရပြီး ကကုသာန်ဘုရားရှင်ထံ မေးမြန်းလျှောက်ထားရာမှ တဆင့်တဆင့် အသင်မင်းကြီး၏ အလှူဒါနဖြင့် ဤဘဝမှ ကျွတ်လွတ်ကြရအံ့သည်ကို သိ၍ စောင့်စားမျှော်လင့်နေကြသော သူတို့ပေတည်း။ ယမန်နေ့က အသင်မင်းကြီး အလှူတွင် ထိုပြိတ္တာတို့အား ရည်ညွှန်း၍ အမျှပေးဝေခြင်း မပြုကြလေသဖြင့် ဤသို့လာရောက် သတိပေးခြင်း ဖြစ်ပေသည်ဟု မိန့်တော်မူ၏။

ဗိမ္ဗိသာရမင်းကြီးသည်နောက်တနေ့တွင် ဘုရားရှင်နှင့်သံဃာတော် အပေါင်းတို့ကိုပင့်ဖိတ်၍ ကြီးစွာသော အလှူကြီးကို ပေးပြီး မြတ်စွာဘုရားသခင်ထံ ဤသို့ပြုစုလှူဒါန်းရသော ကုသိုလ်ကောင်းမှုကြောင့် ပြိတ္တာဘုံ၌ဖြစ်ကုန်သော ကျွန်ုပ်တို့၏ ဆွေမျိုးအပေါင်းသည် နတ်၌ဖြစ်သော ထမင်းအဖျော်သည် ဖြစ်ပါစေသတည်းဟု ကုသိုလ်အဖို့ကို အမျှဝေသည့်ခဏ၌ ထိုပြိတ္တာတို့သည် သာဓုခေါ်နိုင်ကြပြီး နတ်၌ဖြစ်သော ထမင်းအဖျော်တို့ကို ရရှိကုန်၏။

နောက်တနေ့ နံနက်တွင် ပြိတ္တာတို့သည် အဝတ်မရှိသောအားဖြင့် ကိုယ်ထင်ပြကြကုန်၏။ မြတ်စွာဘုရားထံလျှောက်ကြားမေးမြန်းပြန်၏။ မြတ်စွာဘုရားက တကာတော်မင်းကြီး အဝတ်တို့ကို ပေးလှူကုန်လော့ဟု မိန့်တော်မူ၏။ မင်းကြီးလည်း

နောက်တနေ့တွင် မြတ်စွာဘုရား အမှူးပြုသော သံဃာတော်တို့အား သင်္ကန်းကို ကပ်လှူကုန်၏။ ဤကောင်းမှုကြောင့်ဆွေမျိုးညာတိ တော်စပ်ခဲ့ဘူးသော ထိုပြိတ္တာတို့အား နတ်၌ဖြစ်သော အဝတ်တို့သည် ဖြစ်ပါစေသတည်းဟု ဆုတောင်း၍ အမျှပေးဝေလျှင် သာဓုခေါ်နိုင်ကြပြီး ထိုပြိတ္တာတို့အား နတ်၌ဖြစ်သော အဝတ်တို့သည်ဖြစ်၍ ပြိတ္တာဘဝမှနတ်ပြည်သို့ရောက်ကြကုန်၏။ မြတ်စွာဘုရား သခင်သည် အနုမောဒနာ ပြုသည် ရှိသော် ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့သည် အကျွတ်တရားကို ရကြကုန်၏။

## အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့၏ အတိတ်ဝတ္ထု

ထိုသောအခါ များစွာကုန်သော ရဟန်းတို့က အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့၏ အဂ္ဂသာဝက ဆုတောင်းခဲ့ကြသည်ကို မိန့်တော်မူပါဟု လျှောက်ထားကြပြန်လျှင် မြတ်စွာဘုရားသခင်က-

ချစ်သားရဟန်းတို့၊ ဤကမ္ဘာမှ တသိင်္ချေ အလွန်ရှိသော တသင်္ချေ၏အထက်၌ သာရိပုတ္တရာသည် ဗြာဟ္မဏ မဟာသာလ ပုဏ္ဏားသူကြွယ်၏ အမျိုး၌ သရဒလုလင်ဟု အမည်တွင်၏။ မောဂ္ဂလာန်သည် သူကြွယ်အမျိုး၌ဖြစ်၍ သိရိဝဍ္ဎန သူကြွယ်ဟု အမည်တွင်၏။ ထိုနှစ်ဦးသည်ငယ်စဉ်ကပင် ကစားဘက်ဖြစ်ကြ၍ မိတ်ဆွေဖြစ်ကြ၏။

သရဒလုလင်သည် ဖခင်သေလွန်လျှင် ပစ္စည်းဥစ္စာ များစွာရ၏။ တနေ့၌ ဆင်ခြင်မိသည်မှာ တမလွန်ဘဝသို့ ကျင်လည်

ရသောသူသည် မည်သူမျှ မိမိ၏အဆွေခင်ပွန်း၊ ဆွေမျိုး၊ မိတ်သင်္ဂဟတို့ကိုခေါ်၍ သွားနိုင်သူမရှိ။ မိမိပြုအပ်သည့် ကုသိုလ်ကံ၊ အကုသိုလ်ကံသည်သာ မိမိ၏နောက်သို့ အစဉ်လိုက်၍ မိမိအား ချီးမြှင့်ထောက်ပင့်ခြင်း၊ နှိပ်စက်ဖိစီးခြင်း ဖြစ်လေသည်။ ငါ၏ပစ္စည်းဥစ္စာ ရတနာတို့သည် ငါတမလွန်သို့ ပြောင်းကြွသော် ငါ၏နောက်သို့ ပါမည်မဟုတ်။ ဒါနအမှု၊ သီလအမှုတို့သာ ငါ၏နောက်သို့ အစဉ်ကပ်၍ ပါနိုင်မည်ဖြစ်၏ဟု ဆုံးဖြတ်ပြီး မိတ်ဆွေဖြစ်သူ သီရိဝဍ္ဎန သူကြွယ်အား အကျိုးအကြောင်းကို ပြောပြ၍ ငါသည် ရဟန်းပြုပြီး လွတ်မြောက်ရာတရားကို ရှာကြံတော့အံ့၊ သင်သည် ငါနှင့်အတူ ရဟန်းပြုမည်လောဟု မေး၏။ သီရိဝဍ္ဎန သူကြွယ်က ငါရဟန်းပြုခြင်းငှာ မစွမ်းနိုင်။ သင်သာလျှင် ရဟန်းပြုပါလေ့ဟု ပြော၏။ သရဒ လုလင်သည် မိမိ၏ရတနာတို့ဖြင့် ပြီးသော ကျီကြ ဘဏ္ဍာတို့ကို ဖွင့်၍ ကြီးကျယ်စွာသော အလှူကို ပေးလှူစွန့်ကြဲပြီး ဟိမဝန္တာ တောင်ခြေသို့ သွား၍ ရသေ့ရဟန်း အဖြစ်ကို ပြု၏။ ထိုသရဒ လုလင်၏နောက်သို့ တယောက်စ၊ နှစ်ယောက်စ၊ သုံးယောက်စဖြင့် တဖြည်းဖြည်းလိုက်၍ ရသေ့ရဟန်း ပြုကြရာ ခုနစ်သောင်းလေးထောင်မျှလောက်ကုန်သော ရသေ့တို့ ဖြစ်ကြကုန်၏။

သရဒ ရသေ့သည် အဘိညာဉ် ငါးပါး၊ ရှစ်ပါးသော သမာပတ်တို့ရရှိပြီး ကျန်ရသေ့တို့အား ကသိုဏ်းပရိကံကြား၍ ထိုရသေ့တို့လည်း အဘိညာဉ်ငါးပါးနှင့်တကွ ရှစ်ပါးသောသမာပတ်တို့ကို ရရှိကြကုန်၏။

## အနောမဒဿီ မြတ်စွာဘုရား ကြွလာတော်မူခြင်း

ထိုအခါကာလ၌အနောမဒဿီမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။ အသက်တော်သည် အနှစ်တသိန်းတည်တော်မူ၏။ တပည့်ရဟန်းတသိန်း ခြံရံအပ်သည်ဖြစ်၏။ ထိုအနောမဒဿီ မြတ်စွာဘုရားသည် နံနက် မိုးသောက်သည့်အခါ မဟာကရုဏာ သမာပတ်မှ ထတော်မူ၍ လောကကို ကြည့်တော်မူရာ သရဒ ရသေ့မှုတပါး ခုနစ်သောင်းလေးထောင်မျှသော ရသေ့တို့သည် အရဟတ္တဖိုလ်သို့ရောက်တော်မူအံ့။ သိရိဝဍ္ဍနသူကြွယ်သည်လည်း ဒုတိယ အဂ္ဂသာဝက ဌာနန္တရကို တောင့်တခြင်း ဖြစ်လတံ့ဟု မြင်တော်မူသဖြင့် သပိတ်သင်္ကန်းကိုယူ၍ ကိုယ်တော်တပါးတည်း ဟိမဝန္တာတောင်ခြေသို့ ကြွသွားတော်မူ၏။ ထိုအချိန်တွင် သရဒ ရသေ့၏ တပည့်အပေါင်းတို့သည် သစ်သီးကြီးငယ်အလို့ငှာ တောထဲသို့ သွားကြ၏။ မြတ်စွာဘုရားသည် ကောင်းကင်ခရီးမှ မြေကြီးသို့သက်၍ တည်တော်မူသည်ကို သရဒရသေ့ မြင်လျှင် သဗ္ဗညု ဘုရားအဖြစ်ကိုသိ၍ ခရီးဦးကြိုဆိုပြီး ရှိသေမြတ်နိုးစွာ ရှိခိုးပြီး နေရာကို ခင်းပေး၏။ သရဒရသေ့သည် သင့်တင့် လျောက်ပတ်သော နေရာ၌နေ၏။

ခုနစ်သောင်း လေးထောင်မျှသော ရသေ့တို့ ရောက်လာကြသော် မြတ်စွာဘုရားသခင်ကိုသော်လည်းကောင်း၊ ဆရာ၏ ထိုင်သောနေရာကိုကြည့်၍ အရှင်ဆရာ၊ ဤလောက၌ ဆရာ့ထက် မြင့်မြတ်သော သူမရှိဟု အောက်မေ့မိပါသည်။ ဤ ပုဂ္ဂိုလ်သည်

ဆရာ့ထက်မြင့်မြတ်ပါသလားဟု မေးမြန်းလေလျှင် အမှောင်တို့ မှုန်ညှင်းစေ့နှင့် မြင့်မိုရ်တောင်ကိုနှိုင်းသကဲ့သို့ သဗ္ဗညုဘုရားနှင့် ငါ့အား နှိုင်းယှဉ်ခြင်း မပြုပါနှင့်ဟု ပြောသည်နှင့်တပြိုင်နက် ရသေ့တို့သည် မြတ်စွာဘုရား ခြေတော်ရင်း၌ ရှိခိုးကြကုန်၏။

ထိုအခါ ဆရာ သရဒ ရသေ့က မြတ်စွာဘုရား သခင်သို့ လှူရန် အကောင်းဆုံးသော သစ်သီး တို့ကို ယူခဲ့ကြလော့ဟု ဆို၍ ကိုယ်တိုင်ပင် လက်တို့ကို ဆေးကြော သုတ်သင်၍ ဘုရား သခင်၏သပိတ်၌ ထည့်လှူပေ၏။ သောက်တော်ရေ သုံးဆောင် တော်ရေတို့ကိုလည်း ကိုယ်တိုင်သာလျှင် သန့်ရှင်း စင်ကြယ်စွာ စစ်ယူပေး၏။

မြတ်စွာဘုရားသည် ဆွမ်းစားခြင်း ကိစ္စ ပြီးသည့်နောက် သရဒ ရသေ့သည် တပည့်ရသေ့တို့ကို ခေါ်၍ နှလုံးသွင်း အပ်သော စကားတို့ကို ပြောကြားလျက် ရှိသေစွာထိုင်နေ၏။ မြတ်စွာ ဘုရားသည် ရဟန်းသံဃာ အပေါင်းနှင့် တကွ အဂ္ဂ သာဝကနှစ်ပါးတို့သည် လာရောက်စေကုန်သတည်းဟု ကြံတော် မူ၏။

အနောမဒဿီ မြတ်စွာဘုရားတွင် နိသဘ မထေရ်သည်၎င်း၊ အနောမ မထေရ်သည်၎င်း အဂ္ဂသာဝကနှစ်ပါးရှိ၏။ အမြဲပြုစု သောအလုပ်အကျွေးမှာဝရုဏမည်၏။ သုန္ဒရာနှင့်သုမနာဟူသော အဂ္ဂသာဝိကာမ တို့သည် ရှိကြ၏။ အဂ္ဂသာဝက နှစ်ပါးသည် မြတ်စွာဘုရား၏စိတ်အကြံကိုသိ၍ ရဟန္တာတသိန်းတို့ ခြံရံလျက် မြတ်စွာဘုရားထံလာရောက်၍ ရှိခိုးလျက် သင့်တင့်လျောက်ပတ် သော အရပ်၌ ထိုင်နေတော်မူကြကုန်၏။

သရဒ ရသေ့နှင့် တပည့်တို့သည် မြတ်စွာ ဘုရားနှင့် အဂ္ဂသာဝကမှစ၍ ရဟန်းအပေါင်းတို့အတွက် ပန်းများကို ရှာ၍ အလွန် ကောင်းမြတ် ထူးဆန်းသော ပန်းနေရာ တို့ကို ခင်းပြီး ပူဇော်ကြ၏။ သရဒ ရသေ့သည် လှူဒါန်းအပ်သော ပန်းနေရာ ထက်သို့ ခုနစ်ရက်တို့ပတ်လုံး သီတင်းသုံးနေတော်မူ၏။ သရဒ ရသေ့သည် ကြီးစွာသော ပန်းများကို ထီးသဖွယ် ပြုလုပ်၍ ကိုယ်တိုင်ကိုင်ပြီး မြတ်စွာဘုရားသခင်၏အထက်၌ဗိတန်ကြက်ဘိ သကဲ့သို့ ဆောင်းလျက်ရပ်နေ၏။

## ဟောဘိက္ခု ခေါ်တော်မူခြင်း

မြတ်စွာ ဘုရားသခင်သည် ရသေ့ တို့၏ ပူဇော်ခြင်းသည် ကြီးစွာသော အကျိုးဖြစ်ပါစေသတည်းဟု နိရောဓ သမာပတ်ကို ဝင်စားတော်မူ၏။ နှစ်ပါးသော အဂ္ဂသာဝကတို့သည်၎င်း၊ ရဟန်းတို့အားလုံးသည်၎င်း ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စားတော်မူကြကုန်၏။

ရသေ့တို့သည် ဆွမ်းရှာချိန်တွင် သစ်သီးကြီးငယ်ကို ရှာကြံ သုံးဆောင်၍ ကျန်သော အချိန်တို့၌ ဘုရားရှင်အား လက်အုပ်ချီ၍ ရှိခိုးလျက်သာ နေကြကုန်၏။ သရဒ ရသေ့သည်ကား ဆွမ်းခံချိန်ကာလ၌ပင် မသွားပဲ ပန်းထီးကို ဆောင်းလျက် ခုနစ်ရက် ပတ်လုံး ပီတိချမ်းသာဖြင့် ကုန်လွန်စေ၏။ မြတ်စွာဘုရားသခင်သည် ခုနစ်ရက်မြောက်၍ နိရောဓ သမာပတ်မှ ထတော်မူပြီး လက်ျာရံ အဂ္ဂသာဝက နိသဘ မထေရ်ကို ရသေ့တို့အား ပန်းနေရာခင်း၍ လှူဒါန်း ပူဇော်ခြင်း၏ အနုမောဒနာတရား

ကို ဟောကြားစေ၏။ ထို့နောက် ဒုတိယ အဂ္ဂသာဝကအနောမ မထေရ်အား ဟောကြားတော် မူစေ၏။ ထို့နောက် မြတ်စွာ ဘုရားသခင် ကိုယ်တိုင် ဟောတော်မူသော ဒေသနာတော်၏ အဆုံး၌ သရဒ ရသေ့မှတပါး ခုနစ်သောင်းလေးထောင်ကုန် သောရသေ့တို့သည် အရဟတ္တဖိုလ်သို့ရောက်ကြကုန်၏။ မြတ်စွာ ဘုရားသခင် လက်တော်ကို ဆန့်တန်းလျက် ဧဟိဘိက္ခု ခေါ် တော်မူသည် ရှိသော်၊ ထို ရသေ့တို့၏ ဆံမုတ်ဆိတ် တို့သည် ချက်ချင်းကွယ်ပျောက်၍ ပရိက္ခရာရှစ်ပါးတို့သည် ကိုယ်၌ စွပ် ကုန်လျက် ခိဏာသာဝအစစ် ရဟန္တာဖြစ်ကြလေကုန်၏။

## သရဒ ရသေ့၏ ဆုတောင်း

သရဒ ရသေ့ မူကား ပျံ့လွင့်သော စိတ် ရှိသောကြောင့် အရဟတ္တဖိုလ်သို့ မရောက်လေ၊ အဂ္ဂသာဝက နိသဘ မထေရ် တရားဟောသည့် အချိန်မှစ၍ နိသဘမထေရ်ကဲ့သို့ နောင်ပွင့် လတံ့သော ဘုရားရှင်၏ သာသနာတော်၌ ဤအရှင် ကဲ့သို့ အဂ္ဂသာဝက ဖြစ်ရသော် ကောင်းလေစွဟု ကြံဆင်ခြင်သော စိတ်ကြောင့် အရဟတ္တဖိုလ်ကို မရနိုင်ခြင်း ဖြစ်ပေသည်။

မြတ်စွာဘုရားသခင် ဒေသနာတော်ကိုဟောကြားပြီးနောက် သရဒ ရသေ့သည် မြတ်စွာဘုရားသခင်အား အရှင်မြတ်ဘုရား အရှင်ဘုရား၏ လကျာ်ဘက်၌ သီတင်းသုံးသော ရဟန်းသည် အဘယ်အမည်ရှိပါသနည်းဟု မေးလျှောက်၏။ မြတ်စွာဘုရားက ဤသူသည်ကား ပညာအချင်းအရာ ထိုးထွင်း သိသည် ဖြစ်၍ အဂ္ဂသာဝက နိသဘ မထေရ်မည်ပေသတည်းဟု မိန့်တော်မူ၏။

ထိုအခါ သရဒ ရသေ့က အရှင်မြတ်ဘုရား အကျွန်ုပ်သည် အရှင်မြတ်ဘုရားကို ခုနစ်ရက် ပတ်လုံး ပန်းထီးကို ဆောင်းမိုးပေး၍ ကြည်လင်ကော်ရော် ပူဇော်ခဲ့ပါသည်။ ဤကုသိုလ်ကြောင့် နောင်လာလတံ့သော တဆူသော ဘုရားရှင်၏ အဂ္ဂသာဝက ဖြစ်ရပါလို၏ဟု ဆုတောင်း၏။

မြတ်စွာဘုရားသခင်သည် သရဒ ရသေ့၏ ဆုတောင်းခြင်း ပြည့်စုံပြီလောဟု အနာဂတံသ ဉာဏ်တော်ကို စေလွှတ်၍ကြည့်ရှုတော်မူသည်ရှိသော် ကမ္ဘာတသိန်း အလွန်ရှိသော တသချေ်ကို လွန်၍ ပြည့်စုံလတံ့သည်၏ အဖြစ်ကို မြင်တော်မူသဖြင့် သင်သရဒ ရသေ့သည် ဂေါတမဘုရား၏ တရားစစ်သူကြီးဖြစ်သော သာရိပုတ္တရာအမည်ရှိသော ပထမ အဂ္ဂသာဝက ဖြစ်ပေလတံ့ဟု ဗျာဒိတ်စကား ညွှန်ကြားတော်မူ၏။ ထို့နောက် သံဃာတော်အပေါင်း ခြံရံလျက် ကောင်းကင်သို့ ပြန်တက်ကြွသွားတော်မူလေ၏။

## သီရိဝဍ္ဎနသူကြွယ်၏ဆုတောင်း

သရဒ ရသေ့သည် မိမိ၏အဆွေခင်ပွန်းဖြစ်သော သီရိဝဍ္ဎနသူကြွယ်အား သတိရ၍ သူကြွယ်၏ နေအိမ်သို့ ကြွသွား၏။ သူကြွယ်သည် အားရဝမ်းသာ ကောင်းစွာကြိုဆို၏။ ထို့နောက် တပည့်ရသေ့များ မပါပဲ တပါးတည်း ကြွလာလည်ကို မြင်၍ မေးလျှင် သရဒ ရသေ့က အနောမဒဿီမြတ်စွာဘုရားကြွလာသည်မှစ၍ တပည့်အားလုံးတို့သည် ရဟန္တာဖြစ်ကြသည် အထိ ပြောပြပြီးနောက် အဆွေ ငါသည် ဂေါတမ မည်တော်မူသော

မြတ်စွာ ဘုရားသခင် ပွင့်လျှင် အဂ္ဂသာ၀က ဌာနန္တရဆုကို တောင်းလိုက်ပေသည်။ သင်သည်လည်း ထိုဂေါတမ မြတ်စွာ ဘုရားပွင့်လျှင် ဒုတိယအဂ္ဂသာ၀ကဆုကို တောင်းလေလော့ဟု ပြောဆို၏။ ထိုနောက် သူကြွယ်အလိုရှိသည့်အတိုင်း မြတ်စွာ ဘုရားကိုပင့်၍ပေး၏။သူကြွယ်လည်း ဘုရားအမှူးရှိသောသံဃာ တော်များကို ကြီးစွာသော အလှူကြီးကိုပြု၏။ ထိုနောက် ဘုရားသခင်အား လျှောက်ထား၏။ တပည့်တော်သည် တထပ် တည်းသောဆွမ်းကို ပေးလှူရခြင်းဖြင့် အားရတင်းတိမ်ခြင်း မရှိပါ၊ တပည့်တော်အား အစဉ်သနားသဖြင့် ခုနစ်ရက်ပတ် လုံး ဆွမ်းအလှူကို ချီးမြှင့်တော်မူပါဟု လျှောက်ထားလျှင် မြတ်စွာဘုရားသခင်သည် ဆိတ်ဆိတ် သည်းခံခြင်းဖြင့် ခွင့်ပြု တော်မူ၏။ခုနစ်ရက်မြောက်လျှင် ဘုရားသခင်၏အထံ၌ ဒုတိယ အဂ္ဂသာ၀ကဆုကို ပန်ကြား၏။ ဘုရားသခင်လည်း သူကြွယ်၏ ဆုတောင်းပတ္ထနာ ပြည့်စုံသည်၏ အဖြစ်ကိုသိ၍ ဗျာဒိတ်စကား ကြားတော်မူ၏။

ဂေါတမ မြတ်စွာဘုရားသခင်သည် ဤသို့လျှင် ရှင်သာရိ ပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့၏ အတိတ် ဇာတ်ကြောင်းကို ဟောတော်မူပြီးသည်၏အဆုံး၌ ချစ်သားရဟန်းတို့ ငါသည်ကား အဂ္ဂသာ၀ကဆုကို မျက်နှာလိုက်စား ပေးသနားတော်မူသည် မဟုတ်၊ ဘ၀ဘ၀က တောင့်တပန်ဆင်ခဲ့သော ဆုတောင်း၏ အားလျော်စွာရရှိကြသည်သာဖြစ်၏ဟု မိန့်တော်မူ၏။

## သိဥ္စည်းဆရာကြီးအကြောင်း

အရှင်သာရိပုတ္တရာ၊ အရှင်မဟာ မောဂ္ဂလာန်ဟူသော အဂ္ဂ သာ၀က နှစ်ပါးတို့က လျှောက်ထား၏။ အရှင်မြတ်ဘုရား

တပည့်တော်တို့သည် ဆရာသိဥ္စည်းအား မြတ်စွာဘုရားခြေတော်ရင်းသို့ ခေါ်ခဲ့ပါ၏။ ထိုအခါ သိဥ္စည်းဆရာကြီးက မိမိသည် များစွာကုန်သော တပည့်တကာ အပေါင်းတို့၏ဆရာ အိုးစရည်းကြီးဖြစ်လျက် သူတပါးတို့၏ အထံ၌ တပည့်အဖြစ် နေရလျှင် အိုးငယ်ပမာ မနေနိုင်ပါဟု ပြန်ကြားခဲ့ပါသည်။ တပည့်တော်တို့က ယခုအခါ များစွာသောသူတို့သည် ဘုရားသခင်အထံသို့ ပန်းနံ့သာကိုင်လျက် သွားရောက် ပူဇော်ကြသည်။ ဆရာသည် အဘယ်သို့ဖြစ်ပါမည်နည်းဟု မေးသောအခါ သိဥ္စည်းဆရာက-

လောက၌ ပညာရှိသောသူကများသလော၊ သိမ်ဖျင်းသောသူက များသလော၊ ပညာရှိသောသူတို့သည် ရဟန်းဂေါတမ၏အထံသို့ သွားကြပါစေ၊ များစွာသော ပညာမရှိသောသူတို့သည် ငါ၏အထံ လာကြလိမ့်မည်ဟု ပြောပါသည်။ အသို့ဖြစ်ပါသနည်းဟု လျှောက်ထား၏။

မြတ်စွာဘုရားသခင်က ချစ်သားတို့သိဥ္စည်းပရိဗိုဇ်သည်မိမိ၏ မိစ္ဆာဒိဋ္ဌိအယူကို အနှစ်သာရ ရှိသည်ဟူ၍ထင်၏။ သူတော်ကောင်းတရားကိုမူ အနှစ်သာရမရှိဟု ယူဆ၏။ သင်တို့သည်ကား ဖြည့်ဆည်းပူးအပ်သော ပါရမီပြည့်စုံ၍ ပညာရှိဖြစ်ကြကုန်သောကြောင့် အနှစ်ရသောကို အနှစ်သာရဟုသိ၍ မိစ္ဆာတရားတို့ကို အနှစ်သာရမရှိသည်ကို သိမြင်ပြီး ငယ်ရှားစွန့်လွှတ်လျက် သူတော်ကောင်းတရား ကိုသာ ယူကြလေကုန်သတည်းဟု မိန့်တော်မူပြီး-

(၁၁) **အသာရေ သာရမတိနော၊**
**သာရေ စာသာရ ဒဿိနော။**
**တေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပ ဂေါစရာ။**

(၁၂) **သာရဉ္စ သာရတော ဉတွာ၊ အသာရဉ္စ အသာရတော။**
**တေ သာရအဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ။**

(၁၁) အကြင်ပုဂ္ဂိုလ်တို့သည် အနှစ်မပါ အကာဖြစ်ငြား တိတ္ထိတို့တရား၌ အနှစ်သာရ ရရှိသည်ဟု ယူဆကြကုန်၏။ အနှစ်သာရပြည့်ဝသော သူတော်ကောင်းတရားကို အနှစ်မရှိ အကာ အတိဟု ထင်ကြကုန်၏။ ထိုမိစ္ဆာတို့၏ ကျက်စားရာဖြစ်ကုန်သော ထိုပုဂ္ဂိုလ်တို့သည် အနှစ်သာရကို မရနိုင်ကုန်။

(၁၂) အနှစ်သာရပြည့်ဝသော သူတော်ကောင်းတရားကို အနှစ်သာရ ရှိသည်ဟူ၍ သိ၏။ အနှစ်မပါ အကာဖြစ်သော တိတ္ထိတို့၏တရားကို အနှစ်မပါကြောင်း အကာအတိသာ ဟူ၍ သိ၏။ ထိုပုဂ္ဂိုလ်တို့သည် အနှစ်သာရအမှန်ကို ရကြလေကုန်၏။

(ဓမ္မပဒ ယမကဝဂ် ရှစ်ခုမြောက် သာရိပုတ္တာရာမထေရ် တို့၏ ဝတ္ထုပြီး၏။)

# ၉။ ကိုယ်ခံကောင်းဘို့လို့သည်

(အရှင်နန္ဒမထေရ်ဝတ္ထု)

ကျဲတဲဟောင်းလောင်း အမိုးမကောင်းသော ဇရပ်တန်ဆောင်း အိမ်ကျောင်း မဏ္ဍပ်ကို မိုးရေပေါက်တို့သည် ကောင်းစွာကျဆင်း ဘိသကဲ့သို့၊ ထို့အတူ သမထဝိပဿနာ၊ဘာဝနာတို့ဖြင့်၊ မမွှမ်းထုံအပ်သော စိတ်ကို ရာဂတည်းဟူသော ကိလေသာသည်၊ ဝင်ရောက်နှိပ်စက်ဖျက်ဆီးတတ်၏။

ကောင်းစွာ မိုးထားအပ်သော ဇရပ်တန်ဆောင်း အိမ်ကျောင်း မဏ္ဍပ်ကို၊ မိုးရေ မိုးပေါက် တို့သည်၊ အတွင်းသို့ လျှိုးဆင်း၍ မကျနိုင်ဘိ သကဲ့သို့၊ သမထဝိပဿနာ ဘာဝနာတို့ဖြင့်၊ ကောင်းစွာ မွှမ်းထုံအပ်သော စိတ်ကို၊ ကိလေသာရာဂတို့သည်၊ မထိုးကျင့်မနှိပ်စက် မဖျက်ဆီးနိုင်။

(ယထာ အဂါရံ)အစဖြာသော တရားတော်မြတ်ကို မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ အရှင်နန္ဒမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

## ကပိလဝတ်ပြည်သို့ ကြွတော်မူရာ

မြတ်စွာဘုရား သခင်သည် ရာဇဂြိုဟ်ပြည်သို့ ကြွရောက်၍ ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး စံနေတော်မူသည့် အကြောင်းကို ခုနစ်တာမျှကွဲကွာ၍ နေခဲ့ရသော ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကြားလျှင် သားတော်ကို ကပိလဝတ်ပြည် သို့ ပင့်ဆောင်ခဲ့ပါရန် တကျိပ်သော တမန်တို့ကို စေလွှတ်၍ ပင့်ဆောင်စေ၏။ စေလွှတ်သမျှ အမတ်တို့နှင့် တကွ ပါသွားကြ သော ပရိသတ်ဗိုလ်ပါတို့သည် ကပိလဝတ်ပြည်သို့ ပြန်၍မလာ ဘုရားရှင်ထံ၌သာလျှင် တရားတော်မြတ်ကို ကျင့်သုံးဆောက် တည်ကာ ရဟန်းပြု၍ နေကြကုန်၏။ နောက်ဆုံးသော တမန် အဖြစ် ဖွားဘက်တော် ကာဠုဒါယီအမတ်ကို စေလွှတ်ပြန်လျှင် မြတ်စွာဘုရားသခင်ကို ပင့်ဆောင်ခဲ့ပါမည်။ မိမိကိုမူကား ရဟန်းပြုခွင့်ပေးပါဟု ကြိုတင်ခွင့်တောင်းသည်နှင့်အညီ ကာဠု ဒါယီသည် ဘုရားသခင်ထံမှောက်ရောက်လေသောအခါ ရဟန်း အဖြစ်ကိုရယူ၍ အရဟတ္တဖိုလ်သို့ရောက်ပြီးနောက်မြတ်စွာဘုရား သခင် ကပိလဝတ်ပြည်သို့ ကြွအံ့သောအခါကာလကိုသိ၍ ခရီး လမ်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းထောမနာပြု၍ လျှောက်ထား သဖြင့် မြတ်စွာဘုရားသခင်သည် နှစ်သောင်းကုန်သော ရဟန္တာ တို့ ခြံရံလျက် ကြွရောက်ခဲ့လေ၏။

ကပိလဝတ်ပြည်တွင် ဆွေတော်မျိုးတော်တို့အစည်းအဝေး၌ ပေါက္ခရဝတီမိုးကြီးရွာသည်ကို အကြောင်းပြု၍ ဝေဿန္တရာ ဇာတ်တော်ကြီးကို ဟောတော်မူ၏။

နောက်တနေ့တွင် ဆွမ်းခံခြင်းငှာ ဝင်တော်မူလျှင် ခမည်းတော် မင်းတရားလျှောက်ထားသည့်အချက်ကြောင့်၊ 'ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ' အစရှိသော ဂါထာဖြင့် ခမည်းတော်အား သောတာပတ္တိဖိုလ်၌ တည်စေ၍ 'ဓမ္မံစရေ' အစရှိသော ဂါထာ ဖြင့် မိထွေးတော်ဂေါတမီကို သောတာပတ္တိဖိုလ်၌ တည်စေပြီး၊ ခမည်းတော် မင်းကြီးအားလည်း သကဒါဂါမိဖိုလ်၌ တည်စေ တော်မူ၏။

ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ ယသော်ဓရာမိဖုရား၏ အဆောင်သို့ ကြွဝင်တော်မူ၍ ယသော်ဓရာမိဖုရား၏ ဘဝ အဆက်ဆက် ဖြည့်ဆည်းခဲ့သော ပါရမီ ဂုဏ်ကျေးဇူးစကားကို အမှီပြုလျက် စန္ဒကိန္နရီဇာတ်ကို ဟောတော်မူ၏။

## ညီတော်နန္ဒမင်းသား မင်္ဂလာသဘင်

နှစ်ရက်မြောက်သောအခါ၌ ညီတော်နန္ဒမင်းသား၏အဘိ သိက်သွန်းမင်္ဂလာ၊ အိမ်တက်မင်္ဂလာ၊ ထိမ်းမြားမင်္ဂလာတို့ ကျင်းပရာနေရာသို့ ဆွမ်းခံကြွဝင်တော်မူ၍ မင်္ဂလာတရားဟော ကြားတော်မူပြီးလျှင် ညီတော်နန္ဒ မင်းသား၏လက်၌ သပိတ် တော်ကိုပေးအပ်လျက် ရှေ့မှထ၍ ကြွသွားတော်မူ၏၊ နန္ဒမင်း သားလည်း မြတ်စွာဘုရားသခင်၌ ချစ်ကြောက်ရိုသေလှသဖြင့် သပိတ်တော်ကို လှမ်းမယူသဖြင့် ဘုရားသခင်သို့လက်မကမ်းရဲဘဲ နောက်တော်မှထမ်း၍ သပိတ်တော်ယူနိုး ယူနိုးနှင့် လိုက်ပါခဲ့ရာ အဆောင်၏ လမ်းမပေါ်သို့ အရောက်တွင် ဇနပဒကလျာဏီ သက်ထားက ပြတင်းတံခါးဝတွင် ရပ်လျက်-

"မောင်တော်ဘုရား မြန်မြန်ပြန်ခဲ့ပါ"ဟု ကြွေးကြော် မှာကြားလိုက်လေ၏။

ဇနပဒကလျာဏီ မှာစကားမှာ အသဲထဲသို့ စူးဝင်သော ဆူးပမာ ထိုစကားသံကလေးကိုသာ ကြားယောင်၍ နေခဲ့သည်။ ဘုရားသခင်က သပိတ်တော်ကိုမယူဘဲ ရှေ့မှသာ ကြွသွား၍ ကျောင်းတော်သို့ ရောက်လျှင် ဘုရားသခင်က "ညီတော် နန္ဒ ရဟန်း ပြုမည်လော"ဟု မေးတော်မူ၏၊ နန္ဒ မင်းသားလည်း နောင်တော်ဘုရားအား စကားကိုမျှ ဟဟ မပြောရဲ၊ ကြောက်လန့်သောစိတ်ဖြင့် "ရဟန်းပြုပါအံ့"ဟုလျှောက်ထား၏၊ မြတ်စွာဘုရားက သို့ဆိုလျှင် "ချစ်သားရဟန်းတို့ ညီတော် နန္ဒကို ရဟန်းပြုကြကုန်လော့"ဟုစေခိုင်းတော်မူသဖြင့် နန္ဒမင်းသားကို ရဟန်းပြုတော်မူ၏။

## ရာဟုလာ အမွေတောင်းခြင်း

နန္ဒမင်းသားကို ရဟန်းပြု၍ ခုနစ်ရက် မြောက်သော နေ့၌ ယသော်ဓရာ မိဖုရားသည် သားတော် ရာဟုလာ မင်းသားအား ဤသို့ဆို၏။

"အသင်၏ ခမည်းတော် တောထွက်တော်မူသော နေ့မှစ၍ ရွှေအိုးကြီးတို့သည် အဘယ်မှာ ထားခဲ့သည် မသိ၊ ချစ်သား သွား၍ ခမည်းတော်ပိုင်သော ပစ္စည်းဥစ္စာတို့သည် သားသမီးတို့သာ ပိုင်သင့်ပါသည်ဟု ပြောဆို လျှောက်ထား၍ အမွေကို တောင်းချေလော့"ဟု စေခိုင်းလိုက်၏။

ရာဟုလာမင်းသားလည်း မြတ်စွာဘုရားသခင်အထံသို့ ဝင်မိလျှင်ပင် ဖခင်တည်းဟူသော ချစ်ခြင်းကိုရ၍ ရှင်လန်း ဝမ်းမြောက်စွာဖြင့် လျောက်ပတ်သောစကားတို့ကို ပြောဆို၍နေ၏။ မြတ်စွာဘုရားသခင်သည် ဆွမ်းစားပြီး နေရာမှထ၍ သွားသည့်အခါ လာရင်းကိစ္စကို သတိရလေသဖြင့်-

"ခမည်းတော်ဘုရား သားတော်အား အမွေကို ပေးသနားတော်မူပါ၊ အမွေကို ပေးသနားတော်မူပါ"ဟူ၍ တဖန်တလဲလဲ ပြောယင်းမြတ်စွာဘုရားနောက်သို့ တကောက်ကောက်လိုက်၏၊ မြတ်စွာဘုရား ကလည်း မလိုက်ရန် မတားမြစ်၊ ရာဟုလာကလည်း ဘုရားနှင့်အတူ ကျောင်းသို့ ရောက်အောင် လိုက်သွားယင်း အမွေကိုသာ တတွတ်တွတ် တောင်းလေ၏။

မြတ်စွာဘုရားသခင် ဆင်ခြင်တော်မူသည်မှာ "သားတော်ရာဟုလာအား ပစ္စည်းဥစ္စာအမွေကို ပေးခဲ့သော် ထိုပစ္စည်းဥစ္စာတို့သည် သံသရာဝဋ်ဆင်းရဲ၌ တဝဲလည်လည် ဖြစ်ချေတော့အံ့။ ပစ္စည်းဥစ္စာဟူသည်အနှစ်သာရမရှိသော အရာတည်း၊ ယခုအခါငါသည် အရိယာသူတော်မြတ်၏ တောင့်တအပ်သော ဥစ္စာကို ပေးသနားမှ သင့်လျော်မည်။ လောကုတ္တရာအမွေကိုသာ ခံယူစေအံ့" ဟု ရှင်သာရိပုတ္တရာကို ခေါ်တော်မူပြီး သားတော်ရာဟုလာကို ရဟန်းပြုစေ၏။

## မိဘ ခွင့်မပြုသော သား

ရာဟုလာအား ရဟန်း ပြုပေးသည်ဟု ကြားရသောအခါ သာကီဝင် မင်းဆက်အတွက် များစွာ အားထားလျက် ထီးမွေ

နန်းရံ ဆက်ခံစေအံ့ဟု ရည်ရွယ်ထားသော မြေးတော်ရာဟုလာ မဆက်ခံလျှင် သာကီဝင်နန်းဆက် ပြတ်ပေပြီဟု ကြီးစွာသော သောကကို ဖြစ်ရ၏။ ရင်ထဲ၌ ခံစားရသော ဒုက္ခ ဝေဒနာကို သည်းမခံနိုင်သောကြောင့် ဘုရားထံမှောက် အရောက်သွား၍ လျှောက်ထား တောင်းပန်၏။

"သားတော် နန္ဒမင်းသားကိုငင်း၊မြေးတော်ရာဟုလာကိုငင်း ရဟန်း ပြုစေသဖြင့် မိဘ အဆွေအမျိုး တို့မှာ ကြီးစွာသော ဆင်းရဲဒုက္ခ ဝေဒနာကို ခံစားနေကြရ ပါသည်။ အခြားသော မိဘတို့လည်း ထိုကဲ့သို့ပင် သောကဝေဒနာ ခံစားကြရလိမ့်မည် မှာ မလွဲပါ။သို့ဖြစ်ပါ၍ အမိအဖတို့က အနုအညတ်ခွင့်မလွတ် သော သားသမီးတို့ကို ရှင်ရဟန်း ပြုမပေးပါနှင့်" ဟူသော ဆုကို တောင်း၏။

မြတ်စွာဘုရားသခင်လည်း ခမည်းတော် တောင်းအပ်သော ဆုကို ပေးသနားတော်မူ၏။

## မဟာဓမ္မပါလ ဇာတ်တော်

နောက် တနေ့တွင် နန်းတော်၌ နံနက်ဆွမ်း စားပြီးလျှင် ခမည်းတော် မင်းကြီးက လျှောက်ထား၏။

"သားတော်ဘုရား၊သားတော်သည် တရားကိုရှာရန် တော ထွက်စဉ်ကာလ၌ တယောက်သောနတ်သားသည် ခမည်းတော် အထံသို့လာ၍ အသင်၏သားတော် သိဒ္ဓတ္ထကုမာရမင်းသားသည် သေလွန်၍ သွားရှာပြီဟု ပြောကြား လာပါသည်။ ထိုအခါ

ခမည်းတော်က မယုံကြည်၍ နတ်သားအား ငါ၏သားတော်သည် ဘုရားအဖြစ်သို့ မရောက်မချင်း သေလိမ့်မည် မဟုတ်ဟု ပြန်ပြောလိုက်ပါသည်''ဟူ၍ လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားက....

တကာတော် ခမည်းတော်မင်းတရား၊ နတ်၏စကားကို မယုံကြည်၍ ပယ်ရှားလိုက်သည်ကား မျက်မြင်ဒိဋ္ဌ မဟုတ်၍ မယုံကြည်သည်မှာ အံ့ဩဖွယ်ရာ မဟုတ်သေး။ ရှေးအခါက ဒိသာပါမောက္ခဆရာကြီးက သက်သေ သက္ကာယနှင့် အရိုးတို့ကို ပြသပြောဆိုသော်လည်း မယုံကြည်သော အားဖြင့် ပယ်ရှားလိုက်သည်က ပို၍ပင် အံ့ဩဖွယ် ရှိပေသေးသည်ဟု ဓမ္မပါလဇာတ်တော်ကို ဟောကြားတော်မူလေသည်။

ရှေးလွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ္တမင်းကြီး အုပ်စိုး၏။ ကာသိကတိုင်း၌ ဓမ္မပါလ မည်သော ရွာရှိ၏။ ဓမ္မပါလ အမည်ဖြင့် ထင်ရှားသော ပုဏ္ဏားကြီးသည် နေ၏။ ထိုရွာ တရွာလုံးသည် တရားစောင့်၏။ သီလ သီတင်း ကျင့်သုံးဆောက်တည်ကြ၏။ ထို့ကြောင့် ဓမ္မပါလ ရွာ ဟူ၍ ခေါ်ကြ၏။

ဘုရားအလောင်းတော်သည် ထိုအမျိုး၌ ဖြစ်၍ ဓမ္မပါလ သတို့သားအမည်ရှိ၏။ ဖခင် ပုဏ္ဏားကြီးက တက္ကသိုလ်ပြည်သို့ ပညာသင်ရန်စေလွှတ်၏။ ဒိသာပါမောက္ခဆရာကြီးထံ၌ တပည့် ငါးရာတွင် အကြီးအမှူး ဖြစ်လာ၏။ ဆရာကြီး ချစ်လှစွာသော သား သေဆုံးရာ ဆရာကြီးနှင့်တကွ ဆွေမျိုးတပည့် အပေါင်းတို့သည် ပြင်းစွာ ပူဆွေး ငိုကြွေး ကြကုန်၏။ ဓမ္မပါလ သတို့သား တယောက်သာ မငိုကြွေးပဲ နေ၏။

ငါးရာကုန်သော တပည့်တို့သည် ဆရာကြီးထံ အနီး၌ ထိုင်နေကြပြီးသော်....

"ဤကဲ့သို့ အကျင့်စာရိတ္တ ကောင်းမွန်လှသည့် ငယ်ငယ်ရွယ်ရွယ်၌ မိဘနှစ်ပါးကို ခွဲခွာ၍ သေလွန်ရခြင်းမှာ သနားဖွယ်ကောင်းလှပါဘိ"ဟု ပြောဆိုကြကုန်၏။ထိုအခါဓမ္မပါလက....

"သင်တို့က ငယ်ငယ်ရွယ်ရွယ်ဟုဆိုကြသည်။အဘယ့်ကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် သေရသနည်း။ငယ်သောအခါ၌ သေလွန်ခြင်းငှာ မသင့်လျော်သည် မဟုတ်တုံလော"ဟု ပြော၏။

ထိုအခါ များစွာသော လုလင်တို့က....

"သင်သည် သတ္တဝါတို့၏ သေမျိုးဟူသော အဖြစ်ကို မသိသလော"

မှန်၏။ သေတတ်သော သဘောကို ငါသိ၏။ သို့သော် ငယ်သောအခါ၌ မသေကြ၊အိုမင်းကြီးရင့်သည့်အခါမှသာလျှင် သေကြကုန်၏"

"သင်သည် အနိစ္စတရားကို မသိသလော"

"အနိစ္စကား မှန်ပေ၏။သို့သော် ငယ်ရွယ်နုနယ်သောအခါ၌ မသေကုန်။အိုမင်း ကြီးရင့်မှသာ အနိစ္စအဖြစ်သို့ ရောက်ကုန်၏"

"အဆွေ ဓမ္မပါလ သင်တို့ရွာ၌ လူမသေဘူးကုန်သလော"

"ငါတို့၏အမျိုး၌ ငယ်ရွယ်သောသူတို့သည် မသေကြပါ။ ကြီးရင့်သော အရွယ်ကျမှသာလျှင် သေကြကုန်သည်"

"အဆွေဓမ္မပါလ ဤသည်မှာ အသင်တို့၏ မိဘဘေးဘိုး အစဉ်အဆက်ပေလော"

"မှန်ပေ၏။ ငါတို့၏ အမျိုး အစဉ်အဆက်သည် ဤသို့ပင် သက်ရှယ် ကြီးရင့်သူတို့သာ သေလေ့ ရှိကြသည်"

ဤစကားကို ဒီသာပါမောက္ခ ဆရာကြီး ကြားလျှင်။

ဤလုလင်၏ စကားသည် ဆန်းလှ၏။ ငါကိုယ်တိုင် သွား ရောက်၍စုံစမ်းအံ့။ ထိုစကား ဧကံမှန်ပါလျှင် ငါသည်ထိုသူတို့၏ အသက်ရှည်ကြောင်းနည်းလမ်းကောင်းကိုမေးမြန်း၍ အားထုတ် အံ့ဟု ကြံပြီးလျှင် ခုနစ်ရက်၊ ရှစ်ရက် ပြုဖွယ် ကိစ္စ ရှိသမျှကို ပြုပြီး ဓမ္မပါလအား တပည့်လုလင်တို့ကို သွန်သင် ပြသ ပို့ချ လေ့လေ့၊ ငါသည် ခရီးသွား စရာ ရှိသည်ဟု မှာကြားပြီး သိုးတကောင်၏အရိုးတို့ကို ကောက်ယူဆေးကြောကာ အိတ်တခု တွင် ထည့်၍ တပည့်တယောက်နှင့်အတူ ဓမ္မပါလရွာသို့ သွား လေ၏။

ဓမ္မပါလရွာသို့ရောက်လျှင် ပုဏ္ဏားကြီး အိမ်သို့ မေးမြန်း၍ အိမ်ဝသို့ရောက်လျှင်ပင် ပထမဆုံး တွေ့မြင်ရသောသူက ဆရာ ကြီး၏ လက်မှ ထီး၊ ဖိနပ်ကို လှမ်းယူ၏။ နောက်ပါ တပည့်၏ လက်မှလည်း အိတ်ကိုလှမ်းယူ၏။ ဆရာကြီးက ဓမ္မပါလ သတို့ သား၏ဆရာကြီးရောက်လာသည်ဟု ပုဏ္ဏားကြီးအား ပြောပြပါ ဟုမှာကြားလိုက်၏။ထိုသူလည်း ရှိသေစွာဖြင့် သွားရောက်ပြော ကြား၏။ ချက်ချင်းပင် ပုဏ္ဏားကြီးသည် တံခါးဝသို့ ရောက် လာပြီး အိမ်တွင်းသို့ ဖိတ်ခေါ်ပြီးလျှင် မြင့်မြတ်သောနေရာ၌ နေစေပြီး ခြေဆေးခြင်း စသော ကိစ္စ အမှု တို့ကို ပြုစုပေ၏။ ထို့နောက် ခဲဖွယ်ဘောဇဉ်တို့ကိုကျွေးမွေးပေ၏။ ဆရာကြီးသည် ပုဏ္ဏားကြီးအား နှစ်သိမ့်စကား ပြောကြားး ပြီးနောက်။

"အသင်၏သား ဓမ္မပါလသည် ပညာရည်မှာ ထူးချွန်ပါပေ၏။ အတတ်ပညာအလုံးစုံတို့ကိုလည်း သင်ကြားတတ်မြောက်ခဲ့သည်ဖြစ်ပါ၏။ သို့ပါသော်လည်း ရှေးကံအကြောင်းမကောင်းလှသဖြင့် သက်ဆိုးမရှည် သေလွန်ခဲ့သည်ကို ငါကိုယ်တိုင် လာရောက် ပြောကြားအပ်ပေ၏"ဟု ဆို၏။

ထိုစကားကိုကြားလျှင် ဓမ္မပါလပုဏ္ဏားကြီးသည် လက်ခုပ်လက်ဝါးတီးကာ ရယ်ရွှင်၏။ ဆရာကြီးလည်း အံ့အားသင့်စွာ။

"ပုဏ္ဏားကြီး၊ အသင်၏သားသေသည်ကို အဘယ့်ကြောင့် အားပါးတရ ရယ်ဘိသနည်း"

"အကျွန်ုပ်၏သား မသေပါ၊ အခြား တယောက်ယောက်သာလျှင် သေသည်ဖြစ်ပါလိမ့်မည်"

"အသင်၏ သား အမှန်ပင် သေဆုံး၍ ငါ လာ ရောက် အကြောင်းကြားခြင်း ဖြစ်သည်။ အသင့်သား၏ အရိုးစုတို့ကို ဤမှာကြည့်လေလော့"

ဆရာကြီးသည် အိတ်တွင်းမှအရိုးစုတို့ကိုထုတ်၍ပြ၏။ ပုဏ္ဏားကြီးက "အရှင်ဆရာကြီး ဤအရိုးတို့သည် သိုး၊ ဆိတ်၊ ခွေးတို့၏ အရိုးတို့သာ ဖြစ်ပါလိမ့်မည်။ ကျွန်ုပ်၏သားသည် ဘယ်နည်းနှင့်မျှ သေမည်မဟုတ်ပါ၊ အမျိုးခုနစ်ဆက်တိုင် ငယ်ငယ်ရွယ်ရွယ်နှင့် သေလွန်ဘူးသည်မရှိပါ၊ အရှင်ဆရာကြီးသည် လိမ်လည်လှည့်ဖျား၍သာ ပြောကြားခြင်းဖြစ်ပေသည်"

ထိုအခိုက် အနီးအပါး၌ ရှိကြကုန်သော အိမ်သူအိမ်သားအပေါင်းတို့သည်လည်း လက်ခုပ်လက်ဝါးတီး၍ ရယ်ကြကုန်၏။ ထိုအချင်းအရာကိုမြင့်လျှင် ဆရာကြီးသည် များစွာ ဝမ်းမြောက်၍။

"အို-အဆွေ ပုဏ္ဏားကြီး သင်၏စကား မှန်ကန်ပါသည်။ သင်၏သားသည် မသေပါ၊ သင်၏သား ဓမ္မပါလက ဓမ္မပါလ အမျိုးတို့သည် ငယ်ငယ်ရွယ်ရွယ်နှင့် မသေဘူးပါဟူသော စကားကို မယုံကြည်၍ လာရောက် စုံစမ်းခြင်းသည်သာ ဖြစ်ပါသည်။ အဆွေတို့၏ အသက်ရှည်ခြင်း အကြောင်း၊ ကောင်းမြတ်သော အကျင့်သည်ကားအဘယ်သို့နည်း၊ငါ့အားပြောကြားပါလော"

## တရားစောင့်လျှင် ငယ်ငယ်ရွယ်ရွယ်နှင့် မသေပါ

ထိုသို့မေးအပ်သောစကားကို ကြား၍ မဟာဓမ္မပါလပုဏ္ဏားကြီးသည် ဆယ်ဂါထာတို့ဖြင့် ဤသို့ပြောပြပေ၏။

"သားငယ် ဓမ္မပါလ၏ဆရာ၊ ငါတို့သည် ကုသိုလ် အပြားကမ္မပထတရား ဆယ်ပါးကို ကျင့်ကြပါကုန်၏။ မုသာဝါဒစကားကို အဘယ်တော့မျှ မပြောဆိုကြကုန်။ မကောင်းမှုတို့ကို ကြဉ်ရှောင်ကုန်၏။ သူတော်မဟုတ်၊ သူယုတ်တို့၏ အကျင့်ကို ကြဉ်ရှောင်ကုန်၏။

"သားငယ် ဓမ္မပါလ၏ဆရာ၊ ငါတို့သည် မသူတော်တို့၏ ယုတ်မာဖောက်ပြန်ကျင့်ကြံသောတရားကိုငင်း၊ သူတော်ကောင်းတို့၏ အကျင့်ကောင်း တရားတို့ကိုငင်း မှတ်သားမိအောင် နားထောင်ပါကုန်၏။ သူတော် သူယုတ် နှစ်ဦးစလုံး၏ တရားကို နာပါကုန်သော်လည်း သူယုတ်တို့၏တရားကို ပယ်၍ သူတော် သူမြတ်တို့ကိုမူကား တရံတဆစ်မျှ မစွန့်ပစ်ကြကုန်။

"သားငယ် ဓမ္မပါလ၏ဆရာ၊ ကိလေသာမှ ငြိမ်းကုန်ပြီးသော ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကိုငင်း၊ မကောင်းမှုမှ ကင်းစင်ပသော ပစ္စေကဗုဒ္ဓါတို့ကိုငင်း၊ ဝေးရပ် ဝေးရွာ သွားလာကြသော ခရီးသွားတို့ကိုငင်း၊သာယာချေင်သီချင်းသံဖြင့် တောင်းခံလာသော သူတို့ကိုငင်း၊ လက်ဝါးဖြန့်ကာ တောင်းခံလာသောသူတို့ကိုငင်း၊ ဆင်းရဲငြိုငြင် ပင်ပန်းသော သူတို့ကိုငင်း ထမင်းအဖျော်တို့ဖြင့် သဒ္ဒါပြည့်စွာ လှူဒါးကြပါကုန်၏။

"သားငယ် ဓမ္မပါလ၏ဆရာ၊ ပေးလှူပူဇော်သည်မှ မလှူမီကာလကပင်လျှင် ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါကုန်၏။အလှူခံလက်ထဲ ထည့်မည့်ဆဲဆဲလည်း နှစ်လိုဝမ်းသာကြည်ရွှင်စွာ ဖြစ်ကြပါကုန်၏။ ပေးလှူပြီးသည့် အခါလည်း နောင်တ တဖန်ပူပန်ခြင်းမရှိကုန်။ ဤသို့လျှင် မလှူမီ၊ လှူဆဲ၊ လှူပြီးသော နောက်တို့၌မဖောက်မပြန် ထက်သန်သော စေတနာသဒ္ဒါတရားဖွံ့ထွားညီညွတ်ခြင်း ရှိကြပေကုန်၏။

"သားငယ် ဓမ္မပါလ၏ဆရာ၊ငါတို့သည်သူ့အသက်ကိုသတ်ခြင်းမှ ကြဉ်ရှောင်ကြကုန်၏။ အရှင်မပေးသော သူတပါးဥစ္စာကိုကြဉ်ရှောင်ကြကုန်၏။သေအရက်ကိုလည်း မသောက်မစားကုန်။ ရယ်စရာစကား အဖြစ်မျှပင် မဟုတ်မမှန်သော စကားကို မဆိုကြကုန်။ ထိုသို့ ကြဉ်ရှောင်မြဲအောင် ဆောက်တည်ကြကုန်၏။

"သားငယ်ဖြစ်သော ဓမ္မပါလ၏ဆရာ၊ ငါတို့သည် မိမိ၏မယားမှတပါး အခြားသောမိန်းမတို့၌သွားလာခြင်းမရှိကြကုန်။ မယားတို့သည်လည်း ငါတို့မှ တပါးသော ယောကျ်ားတို့နှင့်

ပျော်မွေ့ခြင်း မရှိကြကုန်။ ထိုသို့ သူ့လင် သူ့မယားတို့မှ ကြဉ်ရှောင်၍ ဗြဟ္မစရိယအကျင့်ကို ကျင့်သုံးကြကုန်၏။ ကာမေသု မိစ္ဆာစာရကံမှ ကြဉ်ရှောင်ကြကုန်၏။

"သားငယ် ဓမ္မပါလ၏ဆရာ၊ ယခင်ဆိုအပ်ခဲ့ပြီးသောငါးပါးသော သိက္ခာတို့မှ မြဲစွာ ကြဉ်ရှောင် စောင့်ရှောက် သဖြင့် ကောင်းသော အကျင့်သီလရှိကုန်သော ထိုမိန်းမတို့မှ ဖွားမြင်လာကြသော သားသမီးတို့သည် ဝရဇိန်စက်ကဲ့သို့ ထက်မြက်လျင်မြန်သော ဉာဏ်ပညာ အမှုခပ်သိမ်းဟူသမျှ၌ တခုမှမကျန်ကြံဖန် ဖုံးလွှမ်းစွမ်း နိုင်သော ပညာတို့သည် ရှိကုန်၏။ အမှတ်အသား ပွားများလေ့ကျက် စွမ်းရှက် ထင်ရှား များသော အကြားအမြင်လည်း ရှိကုန်၏။ မြဲမြံကြံ့ခိုင်သော သီလဂုဏ်လည်း ရှိကြကုန်၏။

"သားငယ် ဓမ္မပါလ၏ဆရာ၊ ငါတို့အမျိုး၌ မိခင်သည်၎င်း၊ ဖခင်သည်၎င်း၊ နှမသည်၎င်း၊ ညီနောင်တို့သည်၎င်း၊ သားသမီးတို့သည်၎င်း၊ ငါတို့သည်၎င်း ခပ်သိမ်းသော သူတို့သည် တမလွန်လောက၊ နောင်ဘဝ၌ ဒုက္ခပြင်းထန် ပူပန်ဆင်းရဲငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံ တို့၌ ကျရောက်မည်ကို အလွန်ကြောက်လှသည်ဖြစ်၍ ဒုစရိုက် ဆယ်ပါး မသူတော်တို့၏တရားကို ပယ်ရှားဖြတ်တောက် စွန့်ပစ်လျက် ကုသိုလ်ဆယ်ပါး တရားအရသာ မြိုက်သြဇာကို ကောင်းစွာ ကျင့်သုံး ဆောက်တည်ကြကုန်၏။

"သားငယ် ဓမ္မပါလ၏ ဆရာ၊ ငါတို့၏ အမျိုး၌ ကျွန်ယောကျ်ားတို့သည်၎င်း၊ ကျွန်မိန်းမတို့သည်၎င်း၊ မှီခို အသက်

ဓမ္မးကြသူတို့သည်၎င်း၊ အလုပ်အကျွေးတို့သည်၎င်း အလုံးစုံသော သူတို့သည် နောက်သဝ၌ ဆင်းရဲရမည်ကို ကြောက်ခြင်း ကြောင့် ကုသိုလ်ဆယ်ပါးမြတ်တရားကို မနားမနေ အားတုတ်၍ ကျင့်ကြံကြကုန်၏''

''ဤသို့သော တရားများကို အားထုတ်ကျင့်ကြံကြသော ငါတို့၏အမျိုးအနွယ်၌ငယ်ရွယ်သောသူတို့သည်စုတိပြောင်းကြွေ သေလွန်ခြင်း မရှိကြပါကုန်''ဟုဆိုပြီးနောက်ပိုမိုလေးနက်စေရန် နှစ်ဂါထာဖြင့် ဆက်လက်ပြောကြားပြန်၏။

သားငယ် ဓမ္မပါလ၏ဆရာ၊ ကုသိုလ်ဆယ်ပါး တရားကို ကျင့်လေ့ရှိသောသူကို တရားသည် အမြဲပင်စောင့်ရှောက်တော်မူတတ်၏။ ကောင်းစွာ လေ့ကျင့်အပ်သောကုသိုလ်ဆယ်ပါး မြတ်တရားသည် ကိုယ်စိတ်နှစ်ဖြာ မြတ်မျမ်းသာကို ပေးကြ၏။ ကုသိုလ်ဆယ်ပါး မြတ်တရားကို ကြိုးစားကျင့်ကြံလေ့ရှိသော သူသည် အပါယ်လေးပါးသို့ မလား မကာပ်ရ။

''သားငယ် ဓမ္မပါလ၏ဆရာ၊ မိုးကြီးသည်းထန်စွာရွာသော အခါ၌ ကိုင်ဆောင်အပ်သော ထီးကြီးသည် မိုးရေစိုစွတ်ခြင်းမှ ကာကွယ်သကဲ့သို့၊ တရားကို စောင့်ရှောက်သောသူကို တရားသည် အမှန်မလွဲ စောင့်ရှောက်ပေ၏။

''သို့ဖြစ်၍ ဒိသာပါမောက္ခဆရာ၊ ကုသိုလ်ဆယ်ပါး မြတ်တရားဖြင့် လွှမ်းခြုံစေအပ်သော သားငယ်ဓမ္မပါလသည် ချမ်း

သာစွာရှိပေ၏။ ဆရာဆောင်ယူခဲ့သော အရိုးတို့သည် အခြားသော သူတဦး၏ အရိုးသာ ဖြစ်ပါကုန်လတံ့ သည်သာတည်း”

ဟူ၍ပြန်ကြားပြောဆိုသောအခါ ဒီသာပါမောက္ခဆရာသည် ငါ၏လာခြင်းမှာ အကျိုးကြီးလှပေ၏ဟု ဝမ်းမြောက် ဝမ်းသာဖြင့် ပုဏ္ဏားကြီးကိုသည်းခံစေပြီးလျှင်“ငါသည်စုံစမ်းရန်သာလာပါ၏။ အသင်၏သားဓမ္မပါလသည် ရောဂါကင်းစင် ကျန်းမာစွာပင်ရှိပါ၏။ အသင်တို့ စောင့်ရှောက် အပ်သော တရားကို ငါ့အားလည်း ပေးပါကုန်လော့” ဟု ပြောဆို တောင်းပန်လျက် ကမ္ဘည်းစာ၌ ရေးတင်လျက် နှစ်ရက် သုံးရက်နေပြီး ဟက္ကသိုလ်ပြည်သို့ ပြန်သွားလေ၏။

## ဇာတ်တော်ကို ပေါင်းခြင်း

ဤသို့လျှင် ဘုရားရှင်က ဟောကြားတော်မူပြီး ထိုအခါက ဒီသာပါမောက္ခဆရာသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။ မဟာဓမ္မပါလ ပုဏ္ဏားကြီးသည် ခမည်းတော် ဒါယကာမင်းကြီး ဖြစ်လာ၏။ ဓမ္မပါလ သတို့သားသည် ယခုအခါ ငါဘုရားဖြစ်လာသတည်းဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

ဒေသနာတော်၏အဆုံး၌ သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမ်ဖိုလ်၌တည်လေ၏။ ဤသို့လျှင် ခမည်းတော်မင်းတရားကို သုံးပါးသော မဂ်ဖိုလ်တို့၌ တည်စေတော်မူပြီး ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူ၏။ ထို့နောက် အနာထပိဏ် သဌေးကြီးသည် သာဝတ္ထိပြည်၌ ဇေတဝန်ကျောင်းတော် ဆောက်လုပ်ပြီးစီး၍ ကြွရောက် သီတင်းသုံး စံနေတော်မူ၏။

## အသဲထဲကဆူး

ဇေတဝန်ကျောင်းတော်၌ ညီတော်အရှင်နန္ဒသည် ဇနပဒ ကလျာဏီ၏ မှာကြားသော အသံမှာ အသဲဆိုင်တွင် နစ်မြုပ် စူးဝင်လျက်ရှိပြီး ရဟန်းဘဝမှာလည်း မပျော်မွေ့၊ နောင်တော် ဘုရားအားလည်း မလျှောက်ဝံ့၊ တရားအလုပ်ကိုလည်း အား မထုတ်လို၊ အချောအလှ ပဂေးဖြစ်သည့် ဇနပဒကလျာဏီကိုသာ မျက်စိထဲတွင် အမြဲထင်လျက် ပူပန်ငေးမှိုင် မထေ့နိုင်မအန်နိုင် ရှိနေရာမှ နောက်ဆုံးတွင် အဖော်ရဟန်းတို့အား သိက္ခာကို စွန့်လျက် လူအဖြစ်ဖြင့်သာ နေတော့အံ့ဟု ပြောကြား၏။

ထိုအကြောင်းကို မြတ်စွာဘုရားသခင် ကြားသိတော်မူလျှင် ညီတော် နန္ဒမင်းသားကိုခေါ်တော်မူ၍ မေးတော်မူ၏။ ညီတော် နန္ဒက–

“နောင်တော်ဘုရား၊ တပည့်တော် သပိတ်ကိုထမ်း၍ လိုက် ခဲ့ရာတွင် လမ်းမပေါ်အရောက်၌ နှမတော် ဇနပဒကလျာဏီ သည် ဆံကေသာကို ဖြီးဆဲတန်းလန်း ပြတင်းတံခါးသို့ အပြေး အလွှားလာ၍ မောင်တော်ဘုရား မြန်မြန်ပြန်ခဲ့ပါဟု မှာလိုက် သော စကားကို တစေ့စေ့ အောက်မေ့- တဝက်တပျက် ဆံကေသာဖြီးသည့်ဟန်မှာ မျက်စိထဲက မထွက်နိုင်ပဲ အမြဲပင် မြင်ယောင်လျက် ရှိနေပါသဖြင့် လူထွက်လိုသောဆန္ဒ ပြင်းပြရ ပါသည်” ဟု နောင်တော်ဘုရားအားအမှန်အတိုင်းပင်လျှောက် ထားလိုက်လေ၏။

## သစ်ငုတ်တိုပေါ်က မျောက်အိုမ

ထိုအခါ မြတ်စွာဘုရားသခင်သည် အရှင်နန္ဒလက်မောင်းကို ကိုင်ဆွဲလျက် တန်ခိုးတော်၏အစွမ်းဖြင့် အထက်တာဝတိံသာသို့ ခေါ်ဆောင်တော်မူ၏။ လမ်းခရီးအကြား တခုသော မီးလောင်ပြင်တွင် မီးလောင် သစ်ငုတ်တို၌ ထိုင်နေသော မျောက်အိုမ တကောင်ကိုပြတော်မူ၏။ တာဝတိံသာနတ်ပြည်သို့ရောက်သော် သိကြားမင်းအား ခစားလုပ်ကျွေးကြသည့် ခိုခြေ၏အဆင်းကဲ့သို့ ဝင်းဝင်းတောက်ပသော ကိုယ်ရောင်ဖြင့် ကြည့်ရှု၍ မငြီးနိုင်သော ငါးရာကုန်သော နတ်သမီးတို့ကို ပြတော်မူ၏။

သစ်ငုတ်ပေါ်က မျောက်အိုမကို တွေ့စဉ်က နောင်တော်ဘုရားက မျောက်အိုမနှင့် ဇနပဒကလျာဏီ အဘယ်သူက ပို၍ လှသနည်းဟု မေးတော်မူလိုက်သည့်စကားမှာ အသဲကိုအပ်ဖျားနှင့်ဆွသလို နောင်တော်ဘုရားသည် ရက်ရက်စက်စက် နှမတော် ဇနပဒကလျာဏီအား မျောက်အိုမနှင့် နှိုင်းရက်လေခြင်းဟု ရင်တွင်းမှာ ဆူးစူးသလို နာကျင်ခြင်း ဖြစ်မိသော်လည်း နောင်တော်ဘုရားမို့ စကားနှုတ်ဟ ပြန်လှန်မပြောတော့ပဲ ငြိမ်သက်စွာ နေခဲ့ရ၏။

ယခုတဖန် နောင်တော်ဘုရားက မေးတော်မူပြန်လေပြီ။ နှမတော် ဇနပဒကလျာဏီနှင့် ဤနတ်သမီးတို့ ဘယ်သူက လှသနည်းဟူသော အမေးစကားတွင် ကသစ်ပန်းကဲ့သို့နီမြန်းသော ခိုခြေအဆင်း ဝင်းဝင်း တောက်ပသော ကိုယ်ရောင်တို့ဖြင့် ကြည့်ရှု၍မငြီးနိုင်သောဤနတ်သမီးတို့၏ အလှသည်နှမတော်ဇန

ပဒုကလျှာကီနှင့်ကွာချင်တိုင်းကွာ၊ နှိုင်းယှဉ်၍ပင် မရ စကောင်းပါဟု သွက်သွက်စကားဖြင့် ပြန်လည်၍ လျှောက်ထားလိုက်၏။

ထိုအခါ မြတ်စွာဘုရားက "ညီချစ် နန္ဒ သာသနာတော်၏ မြတ်သောအကျင့်ကို ကျင့်ကြံပါက ထိုငါးရာကုန်သောနတ်သမီးတို့နှင့် မွေ့လျော်ပျော်ပါးခြင်းကို ရစေအံ့"ဟု မိန့်တော်မူပြီး တာဝတိံသာ နတ်ပြည်မှ ပြန်၍ကြွခဲ့တော့သည်။

## အရှင်နန္ဒ ရဟန္တာဖြစ်ခြင်း

ထိုအခါမှစ၍ နတ်သမီးကို ရလိုဇောဖြင့် တရားအလုပ်ကို အားထုတ်လေရာ ထိုအကြောင်းကိုသိသော အဖော်ရဟန်းတို့က အရှင်နန္ဒ တရားအလုပ် အားထုတ်သည်မှာ အကျိုး အမြတ်ကို လိုလား နတ်သမီးကိုရလိုခြင်းအားဖြင့် တရားကို အရင်းအနှီး ပြုပေသည်။ နောင်တော် မြတ်စွာဘုရားကလည်း နတ်သမီးကို ရပါစေမည်ဟု ဝန်ခံသည် ဟူ၍ ပျက်ရယ်စကား ပြောကြား ကြလေ၏။

ထိုသို့ ပျက်ရယ်ပြောကြား စကားများကြောင့် အရှင်နန္ဒသည် မိမိ၏နတ်သမီး ရလိုဇောလို စက်ဆုပ်၍ လာပြီး တပါးတည်းသာ ဆိတ်ငြိမ်ရာအရပ်သို့ကပ်လျက် မမေ့မလျော့ ပြင်းစွာသော လုံ့လဝီရိယဖြင့် သမထဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းပွားများ အားထုတ်လေရာ အာသဝေါကုန်ခန်း၊ ဝိမုတ္တိတည်းဟူသော အရဟတ္တဖိုလ်သို့ရောက်လေ၏။ ထိုအကြောင်းကို မြတ်စွာဘုရားသည် ကြို့တင်သိမြင်တော်မူရာ နောက်တနေ့ နံနက်

ရောက်သောကာလ အရှင်နန္ဒသည် မြတ်စွာဘုရားထံချဉ်းကပ်၍ လျှောက်ထားလေ၏။ မြတ်စွာဘုရားသခင်က....

အကြင်သူသည် ကာမဂုဏ် တည်းယူသော ညွှံပျောင်းမှ မင်္ဂဉာဏ် ဖိုလ်ဉာဏ် စွမ်းအင်ကြောင့် လျင်မြန် ကူးမြောက်ကြ လေသည်။ ကာမဂုဏ် တည်းဟူသော ဆူးငြောင့်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် တွန်းလှန် အပ်လေပြီ။ အဝိဇ္ဇာ တည်းဟူသော မောဟကုန်ခြင်းကြောင့် မဂ်အဆင့်ဆင့် တက်မြင့်အလျင် အစဉ် ရောက်ရလေသည်။ မောဟကုန်သော ထိုသူအားချမ်းသာခြင်း၊ ဆင်းရဲခြင်းကြောင့် တုန်လှုပ်မှု မရှိလေပြီတကား။

ဟူသော ဥဒါန်းကို ကျူးရင့်တော်မူ၏။

## ရဟန်းတို့ သောတာပန် တည်ကြခြင်း

ထိုမှ နောက်တနေ့ ရောက်သောအခါ ရဟန်းတို့က အရှင် နန္ဒကို....

"အရှင်နန္ဒ အသင်လူထွက်တော့မည်လော"ဟု မေးကြ၏။

"ယခုအခါ ငါသည် လူ့ဘောင်သို့ ကူးပြောင်း လူထွက် လိုသော အာသာဆန္ဒ အလျဉ်းမရှိပါပြီ"

ဟု ပြောဆို၏။ ဤစကားကို ရဟန်းများတို့က....

"အရှင်နန္ဒသည် အပြောင်းအလဲ မြန်လှချေသည်။ ယမန် တနေ့ကမှ လူထွက်လိုသည်ဟု ပြောပါလျက် ရက်များ မကြာ ယနေ့အခါ၌ စကားကို ပြောင်းပြန် လူထွက်ရန် စိတ်မကူးဟု ဆိုပြန်ချေပြီ"

ဟူ၍ ဝေဖန် ပြောဆိုကြပြီး ထိုအကြောင်းကို လျှောက်ထားကြပြန်၏။

မြတ်စွာဘုရားသခင်က ချစ်သား ရဟန်းများတို့၊ ယခင် နေ့များက နန္ဒ၏ခန္ဓာကိုယ် အတ္တဘောသည် ကျဲ တဲ ဟောင်း လောင်း မကောင်းသဖြင့် မိုးအုပ်အပ်သောဇရပ်၊ တန်ဆောင်း၊ အိမ်၊ ကျောင်း၊ မဏ္ဍပ်နှင့် တူပေ၏။ ယခု အခါ၌ကား ကောင်းစွာ မိုးထားအပ်သော ဇရပ်၊ တန်ဆောင်း၊ အိမ်၊ ကျောင်း၊မဏ္ဍပ်နှင့် တူပေသည်ဖြစ်၏။

ချစ်သားရဟန်းတို့၊ ဤနန္ဒသည် နတ်သမီးတို့ကို တွေ့မြင်သော နေ့မှစ၍ ရဟန်းကိစ္စ ပြီးဆုံးစေရန် ဝီရိယအထူးတို့ဖြင့် လွန်ကျူးစွာ အားထုတ်ခြင်းကြောင့် ရဟန်းကိစ္စသည် အမှန် ပြီးဆုံးခြင်းသို့ ရောက်ပေပြီဟု ဟောတော်မူပြီး၍-

(၁၃) ယထာ အဂါရံ၊ ဒုစ္ဆန္နံ၊ ဝုဋ္ဌီ သမတိ ဝိဇ္ဈတိ။
ဧဝံ အသာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ။

(၁၄) ယထာ အဂါရံ သုဆန္နံ၊ ဝုဋ္ဌီန သမတိ ဝိဇ္ဈတိ။
ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါန သမတိ ဝိဇ္ဈတိ။

(၁၃) ကျဲတဲဟောင်းလောင်း၊ အမိုးမကောင်းသော ဇရပ်၊ တန်ဆောင်း၊ အိမ်၊ ကျောင်း၊ မဏ္ဍပ်ကိုမိုးရေပေါက်တို့သည် ကောင်းစွာကျဆင်းဘိသကဲ့သို့ ထို့အတူ သမထ၊ ဝိပဿနာ၊ ဘာဝနာတို့ဖြင့် မမွမ်းထုံအပ်သောစိတ်ကို ရာဂ တည်းဟူသော ကိလေသာသည် ဝင် ရောက် နှိပ်စက်ဖျက်ဆီး၏။

(၁၄) ကောင်းစွာ မိုးထားအပ်သောဇရပ်၊ တန်ဆောင်း၊ အိမ်၊ ကျောင်း၊ မဏ္ဍပ်ကို မိုးရေပေါက်တို့သည် အတွင်းသို့ လျှိုးဆင်း၍ မကျနိုင်သကဲ့သို့ သမထ၊ ဝိပဿနာတို့ဖြင့် ကောင်းစွာ မွမ်းထုံအပ်သော စိတ်ကို ကိလေသာ ရာဂတို့သည် မထိုးကျင့်၊ မနှိပ်စက်၊ မဖျက်ဆီးနိုင်။

ဤသို့ ဟောကြားတော်မူသော် ရဟန်းတို့သည် မြတ်စွာဘုရား ဂုဏ်သတင်းကို လွန်မင်းစွာ အံ့ဩလျက် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်၏။

ရဟန်းတို့က ဘုရားသခင်သည် ဇနပဒကလျာဏီကို စွဲလမ်း၍ လူထွက်လိုသော အရှင်နန္ဒကို နတ်သမီးဖြင့် ဖြားယောင်း၍ ကျွတ်တန်းဝင်စေသည်မှာ အံ့ဩဖွယ် ရှိလှပါပေ၏ဟု ပြောဆိုနေကြကုန်၏။

ဘုရားသခင် ကြွလာတော်မူ၍ ချစ်သားတို့ အဘယ်စကားကို ပြောဆို နေကြသနည်းဟု မေးမြန်းသောကာလ အရှင်နန္ဒအား ကယ်ချွတ်ပုံအကြောင်းကို ပြောကြားကြပါသည်ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားသခင်က ချစ်သားတို့၊ ယခုအခါသာလျှင် ဤနန္ဒကို မာတုဂါမဖြင့် ဖြားယောင်း ဖျောင်းဖျဆုံးမရသည် မဟုတ်သေး ဟု ရှေးအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူပြန်၏။

## ညီတော်နန္ဒ အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တမင်းကြီး မင်းပြုသည်ရှိသော် ဗာရာဏသီပြည်မှ ကပ္ပဋမည်သော

ကုန်သည်တွင် မြည်းတကောင်ရှိ၏။ ထိုမြည်းသည် ကုန်အပြည့်ကို တင်၍တညတည်းနှင့်ခုနစ်ယူဇနာသွားနိုင်၏။ တနေ့တွင် မြည်းကို ဝန်တင်၍ တက္ကသိုလ်ပြည်သို့ ကုန်ရောင်း သွား၏။ တက္ကသိုလ် ပြည်သို့ရောက်လျှင် ကုန်များကိုချပြီး အရောင်းအဝယ် စကား ပြောနေစဉ် မြည်းကိုအစာစားရန် လွှတ်လိုက်၏။

မြည်းလည်း အစာကို လှည့်လည်စားယင်း မြည်းမတကောင် ကို မြင်၍ အနားသို့ကပ်သွား၏။ မြည်းမက စတင်၍ စကား ပြော၏။

"အသင်တို့ အဘယ်အရပ်က လာခဲ့သနည်း"

"ဗာရာဏသီပြည်က လာခဲ့ကြသည်"

"ဘာကိစ္စ"

"ကုန်ရောင်း ကုန်ဝယ်ကိစ္စပါ"

"ကုန် ဘယ်လောက် သယ်ခဲ့ရသလဲ"

"ငါ၌ အင်အား ကောင်းလှ၍ တကုမ္ဘမျှသော ဝန်ကို ဆောင်ခဲ့သည်"

"ဤမျှများသောကုန်ကို ဘယ်လောက်ဝေးဝေး သယ်ခဲ့ရ သလဲ"

"ခုနစ်ယူဇနာဝေးပါသည်"

"သည်လောက်ဝန်ကိုသယ်ပြီး သည်လောက်ဝေးတဲ့ခရီးကို လာရတော့ နားတဲ့အရပ်မှာ သင့်ကို အပန်းပြေစေဘို့ နှိပ်နယ် ပေးခြင်းများ၊ ပွတ်သပ်ခြင်းများကော ရှိပါသလား"

"ဘယ်ရှိမှာလဲ"

"အို....သင်က ဒုက္ခသယ်ပါလား၊ သင့်ဒုက္ခကကြီးလှချည့်"

မြည်းမ၏ စကားကို ကြားလေလျှင် မြည်းဖိုက သူ့သခင်အပေါ်မှာ စိတ်ကွက်၍ လာလေသည်။ ဟုတ်ပေသည်။ ငါ ဤမျှ ပြုစုလုပ်ကျွေးသော်လည်း ငါ့အဖို့အရာမှာ ကောင်းစွာ စားသောက်ရသည်မှလွဲ၍ ဘာတခုမှ ပြုစုခြင်းမခံရ။တန်ပါပြီ။ သူ့အလုပ်ကို ငါမလုပ်လို။ သူ့ထံမှ ခွာ၍ ထွက်တော့မည် ဟု မြည်းမ စကားကြောင့် စိတ်ထားဖောက်ပြန်၍ သွားလေတော့သည်။ ကုန်သည်လည်း အရောင်း အဝယ် ကိစ္စ ပြီး၍ ပြန်ရန် အလို့ငှာ မိမိမြည်းကို ရှာပြီးလျှင်....

"ချစ်သား ပြန်ကြစို့"ဟု ခေါ်၏။မြည်းက"အရှင်တို့သာ သွားကြတော့။ငါမလိုက်လိုတော့"ဟု ပြန်ပြော၏။ကုန်သည်က အတန်တန်ချော့၍ ခေါ်သော်လည်း မရသည့်အခါ....

"မိုက်မဲလှသည့် မြည်းသတ္တဝါ သင်မလိုက်လိုလျှင် ရိုက်၍ ငါခေါ်မည်ကို သင်မသိသလော"

"သင်က ရိုက်၍ခေါ်လျှင် ငါကရှေ့ခြေထောက်နှစ်ချောင်းကို ပဒရပ်၍ နောက်ခြေဖျားဖြင့် ကန်ထည့်လိုက်လျှင် အနာတရ သင့် ဒုက္ခရောက်ပေမပေါ့"

ကုန်သည်မှာ အံ့အား သင့်စွာဖြင့် မိမိမြည်းသည် မပြောစဘူး အပြောထူးလှသည်။ မည်သည့်အကြောင်းတည်းဟု အနီးအပါးသို့ လှည့်၍ စူးစမ်းကြည့်သော် မြည်းမကို မြင်သဖြင့် ဤမြည်းမ၏မထိတထိစကားကြောင့် စိတ်ထားပြောင်းလေပြီကို ရိပ်သဖြင့်....

"သခင်စကား နားထောင်လေ့ ရှိပြား အို....ငါ၏ သား၊ သင်သည် အရွယ်ရောက်၍ လာချေပြီ မဟုတ်လော။ သင့်အား လှပသော မယားတယောက်ကို ငါရှာ၍ပေးပါအံ့"

ဤစကားကို ကြားလျှင် ဝမ်းသာ အားရပင် မြည်းကပြော လေသည်။

"အကျွန်ုပ်အား မယားတယောက်ရှာ၍ပေးပါလျှင် ယခင် ကထက် နှစ်ဆတိုး၍ အလုပ်လုပ်ပေးပါမည်"ဟု ပြန်ပြော၏။ ထိုအခါ အပွင့္ဂကုန်သည်က "ကောင်းပြီချစ်သားသွားကြပါစို့" ဟု ဆိုကာ ဗာရာဏသီပြည်သို့ ပြန်ကြလေ၏။

ဗာရာဏသီသို့ ရောက်၍ နှစ်ရက် သုံးရက် ကြာလျှင် ထို မြည်းက....

"အို....အရှင်၊ ကျွန်ုပ်အား ခင်ပွန်းမယား ရှာဖွေ၍ ပေးမည် ဟု ပြောခဲ့သည်မဟုတ်ပါလော"

"အော်....ဟုတ်ပေ၏။ ငါ့စကားကို မဖျက်ဆီးပါ။ သင့် အတွက် မယားတယောက် ရှာ၍ ပေးပါအံ့။ သို့သော် အစား အသောက်ကိုမူ သင့်တယောက်စာထက် ပို၍ ပေးနိုင်မည်တော့ မဟုတ်။ယခု သင်တယောက်စာ ရသောအစားအစာကို သင်တို့ နှစ်ယောက် စားလောက်မည် မစားလောက်မည်ကို ကြိုတင်၍ စဉ်းစား ထားစေချင်သည်။ ထိုမှတပါး သားသမီးတို့ ဖွားမြင် ကြသော အခါ သူတို့အတွက် သင့်တယောက်စာ ထဲက ဖဲ့၍ ကျွေးနိုင် မကျွေးနိုင်ကိုလည်း ကြိုတင်၍ စဉ်းစားစေချင်သည်"

ဤသို့ အသေအချာ ပြောကြားသည့် အခါ ထိုမြည်းသည် မြည်းမ မယားလိုချင်သောဆန္ဒ တခါတည်း ပြေပျောက်၍သွား တော့၏။

မြတ်စွာဘုရားသခင်သည် ဓမ္မဒေသနာကို ဟောတော်မူပြီး အဆုံး၌ ဇာတ်တော်ကို ပေါင်းလို၍ ထိုအခါက ဖြားယောင်းသော မြည်းမသည် ယခုအခါ ဇနပဒကလျာဏီ ဖြစ်လာ၏။ မြည်းဖိုသည် နန္ဒ မထေရ် ဖြစ်လာ၏။ ကပ္ပဋ ကုန်သည် သည် ယခုအခါ ငါဘုရား ဖြစ်လာ၏ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

(ဓမ္မပဒ ယမကဝဂ် ကိုးခုမြောက် နန္ဒ မထေရ် ဝတ္ထု ပြီး၏။)

# ၁၀။ ကာလဝိပါက်—ချက်ချင်းတက်

## (စုန္ဒဝက်ထိုးသမားဝတ္ထု)

**မကောင်းမှုကိုပြုသောသူသည်ဤဘဝ၌လည်း ဝမ်းနည်းရ၏၊ နောင်ဘဝ၌လည်း ဝမ်းနည်းရ၏။ မိမိ၏ မကောင်းမှု ဒုစရိုက်ကံကို မြင်သဖြင့် ဝမ်းနည်းရ၏။ စိုးရိမ်သောက ရောက်ရ၏။**

(ဣလစ္ဆဝေတိ) အစရှိသော ဓမ္မဒေသနာကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ စံတော်မူစဉ် စုန္ဒ အမည်ရှိသော ဝက်သတ်သမားကို အကြောင်းပြု၍ ဟောတော်၏။

## ဝတ္ထုကြောင်း သည်ကား

စုန္ဒမည်သော ဝက်သတ်သမား ယောကျ်ားတယောက်သည် ဝက်တို့ကို နေ့စဉ် သတ်ဖြတ် ရောင်းချ၍ စားသောက်၏။ နှစ်ပေါင်းငါးဆယ်ပင် ရှိခဲ့ပေပြီ ထိုသူသည် ဝက်တို့ကို ရှာစဉ်လှည့်၍ ဝက်ပေါက်စ ကလေးများကို စပါးနှင့်လဲ၍ယူခဲ့ပြီး မိမိအိမ်နောက်ဖေးတွင် ခြံကြီးတခုကို ပြုလုပ်ကာ မွေးမြူထား၏။ သတ်ဖြတ်လောက်သော အရွယ်သို့ရောက်လျှင် ထိုဝက်၏ လက်ခြေတို့ကို ကြိုးဖြင့်တုတ်ကာ အာခေါင်ကို တုတ်ဖြင့် ထောက်၍

ကျက်ကျက်ဆူသော ရေနွေးဖြင့် အခေါင်တွင်းမှ လောင်းချကာ မစင်တို့ကို အရည်ပျော်၍ ထွက်ကျစေ၏။ ဤသို့ရေနွေးဖြင့် အကြိမ်ကြိမ်လောင်းချ ဆေးကြော၍ အူတွင်းမှ ကျဆင်းလာသော အရည်သည် ဖြူ၍လာသောအခါမှ ကျန်သော ရေနွေးတို့ဖြင့် ကိုယ်ကိုလောင်းချပြီး အပေါ်အရေကိုခြစ်၏။ ထို့နောက်မီးဖြင့် အမွေးတို့ကို မီးတိုက်လောင်ကျွမ်းစေပြီး ဦးခေါင်းကို သန်လျက်ဖြင့်ဖြတ်၍ သတ်၏။

ဤသို့လျှင် သတ်ဖြတ်ရောင်းချ စားသောက်သည်မှာ ငါးဆယ့်ငါးနှစ် ရှိသည့်တိုင်အောင် အနီးအနား၌ရှိသော မြတ်စွာဘုရားကျောင်းတော်သို့ တခါတခေါက်မျှလည်း မရောက်စဘူး။ ရဟန်း သံဃာတို့အားလည်း တကြိမ်တခါမျှ မလှူဒါန်းဘူးပေ။

မကြာမီပင် စုန္ဒဝက်သတ်သမား၌ ကြီးစွာသော ရောဂါသည် ဖြစ်၏။ ကိုယ်၌ အနာဖြစ်၍ ဖူးဖူးယောင်ထ ပူလောင်၏။ အဝီစိငရဲမီးသည် ထလေ၏။ ဝက်၏အသံကဲ့သို့ ကျယ်လောင်စွာအော်၍ ဟိုမှသည်မှလှည့်လည်ပြေး၏။ သတိကင်းလွတ်၍ အိမ်သူ အိမ်သားတို့သည် စုန္ဒအား အဝေးသို့ ထွက်မပြေးစေခြင်းငှာ အိမ်တံခါးတို့ကို လုံခြုံစွာ ပိတ်၍ထားရ၏။ အိမ်နီးပါးချင်းတို့သည် အိပ်၍မရကြကုန်။ လုံခြုံစွာပိတ်၍ထားသောအိမ်တွင်း၌ စုန္ဒသည် ဝက်ခြံတွင်း၌ အသတ်ခံရမည့် ဝက်အကောင် ထွက်ပေါက်ရှာသကဲ့သို့ လှည့်လည်၍ပြင်းထန်သော ဝက်၏အသံဖြင့်အော်၏။ စုန္ဒသည် အရှင်လတ်လတ် ပူပြင်းလှသော ငရဲမီးတောက်လောင်ခြင်းကို ခံစား၍နေရ၏။ သူပြုအပ်သော မကောင်းမှုကံနှင့်တူစွာ

သော အဖြစ်သည်ဖြစ်၏။ ခုနစ်ရက်ပတ်လုံး ဤသို့ခံစားရပြီးမှ သေဆုံး၍ အဝီစိငရဲသို့ ကျလေ၏။

စုန္ဒ၏အိမ်အနီးအပါးမှ ဖြတ်၍သွားသော ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထား၏။ စုန္ဒ၏အိမ်၌ ခုနစ်ရက်ပါတ်လုံး ဝက်တို့ကိုသတ်နေသည့် အသံကြားရပါသည်။ အလွန်ရက်စက်သောသူ ဖြစ်ပါသည်။ ဤမျှရက်စက်ကြမ်းကြုတ်သောသူ တစုံတယောက်ကို တပည့်တော်တို့သည် တရံတခါမျှ မမြင်ဘူးပါဟု လျှောက်ထားကြ၏။

ဘုရားသခင်က ချစ်သား ရဟန်းတို့ စုန္ဒသည် ခုနစ်ရက်ပတ်လုံး ဝက်တို့ကိုသတ်နေသည်မဟုတ် သူပြုခဲ့သော မကောင်းမှုကံသည် ဤပစ္စုပ္ပန်၌ပင် ဝိပါက်သို့လိုက်၍ ခုနစ်ရက်ပတ်လုံး လောကငရဲ၌ ခံစားရပြီးမှ ယနေ့တွင် အဝီစိငရဲသို့ ကျသွားလေပြီဟု မိန့်တော်မူပြီး—

**(၁၅) ဣဓ သောစတိ ပေစ္စ သောစတိ၊**
**ပါပကာရီ ဥဘယတ္ထ သောစတိ။**
**သော သောစတိ သော ဝိဟညတိ။**
**ဒိသွာ ကမ္မကိလိဋ္ဌ မတ္တနော။**

(၁၅) မကောင်းမှု ပြုသူသည် ဤဘဝ၌လည်း စိုးရိမ်ပူပန်ရ၏။ နောင်ဘဝ၌လည်း စိုးရိမ်ပူပန်ရ၏၊ နှစ်ဘဝလုံး၌ မိမိပြုအပ်သော အကုသိုလ်ကံ၏ မကောင်းမှုကို ကေံသိမြင်၍ စိုးရိမ်ရ၏၊ ပင်ပန်းရ၏။ ဝမ်းနည်းဆင်းရဲရ၏။

ထိုဒေသနာတော်၏ အဆုံး၌ များစွာသောသူတို့သည် သောတာပန်စသည် ဖြစ်ကြလေသတည်း။

(ဓမ္မပဒ ယမကဝဂ်ဆယ်ခုမြောက် စုန္ဒဝတ္ထုပြီး၏)

# ၁၁ / ကုသိုလ်တရားထင်ရှားအကျိုး

## (မဟာဓမ္မိကဉပါသကာ ဝတ္ထု)

**ကောင်းမှုကို ပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏။**

(ဣဓ မောဒတိ)အစရှိသော ဓမ္မဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မဟာဓမ္မိကာ ဥပါသကာကို အကြောင်းပြု၍ ဟောကြား ဆုံးမတော်မူ၏။

### ဝတ္ထုအကြောင်းကား

သာဝတ္ထိပြည်ကြီး၌ တရားစောင့်သုံးသော ဓမ္မိကအမည်ရှိသော ဥပါသကာတို့သည် ငါးရာမျှလောက်ရှိကုန်၏။ ထိုငါးရာတို့တွင် တဦးတဦးလျှင် ငါးရာမျှလောက်သော ဥပါသကာတို့ ခြံရံကုန်၏။ အကြီးအမှူးမှာ မဟာဓမ္မိက ဥပါသကာဖြစ်၏။ သားခုနစ်ယောက် သမီးခုနစ်ယောက်ရှိ၏။ မယားနှင့်တကွ တကျိပ်ခြောက်ယောက်သော အိမ်သားတို့သည် သံဃာတို့၏ ဝတ်ကို အလှည့်ကျ ဆောင်ရွက်ကြကုန်၏။

ဤသို့ဖြင့် သားသမီး သားမယားတို့နှင့်တကွ ဒါန သီလတို့ဖြင့် အထပ်ထပ်လှူဒါန်းပြုစုလျက်နေရာမှ တနေ့တွင် ရောဂါ

စွဲကပ်၍ ပြင်းထန်သော ဝေဒနာကို ခံစားရပြီး ဤရောဂါမှ လွတ်မြောက်ရန်လမ်းမရှိဟုယူဆသည့်အလျောက် မြတ်စွာဘုရားထံ ရဟန်းတို့ကိုစေလွှတ်၍ ပေးပါရန်လျှောက်ထားစေ၏။ရဟန်းတို့ရောက်လျှင် တပည့်တော်အား သုတ္တန်ဒေသနာတော်ကို ရွတ်ဖတ်ချီးမြှင့်တော်မူကြပါဟု လျှောက်ကြား၏။ အရှင်မြတ်တို့လည်း သတိပဋ္ဌာနသုတ္တန်ဒေသနာတော်မြတ်ကို ရွတ်ဖတ်ကြကုန်၏။

## နတ်ရထားတို့အပြိုင်ရောက်လာခြင်း

ထိုခဏ၌ နတ်ပြည်ခြောက်ထပ်မှ သိန္ဓဝနတ်မြင်းတထောင်ကသော နတ်ရထားခြောက်စင်းတို့သည်မဟာဓမ္မိကဥပါသကာ၏ အိမ်ကောင်းကင်ပြင်၌ရပ်ကြပြီးရထားထိန်းနတ်သားတို့သည် မဟာဓမ္မိက ဥပါသကာထံသို့လာရောက်၍နတ်ပြည်သို့ပင့်ကြ၏၊ မိမိတို့၏ နတ်ပြည်မှ သာယာပုံတို့ကို တမန်နတ်သားတို့သည် သူ့ထက်ငါ ချီးကျူးပြောဆိုကြကုန်လျက် သူ့နတ်ရထားတက်ပါ၊ ငါ့နတ်ရထားတက်ပါဟု ပင့်ခေါ်ကြချေ၏။ ထိုအခါ ဓမ္မိက ဥပါသကာကတရားနာယူစဉ် အနှောင့်အယှက်မဖြစ်လို၍ ရထားထိန်း နတ်သားတို့အား –

“ခဏနေပါဦး........ခဏနေပါဦး”ဟု ပြော၏။

ဓမ္မိက ဥပါသကာအသံထွက်၍ ပြောဆိုသည်ကို ကြားလျှင် ရဟန်းတော်တို့အား ဟန့်တားသည်ထင်မှတ်၍ ဒေသနာတော်မြတ် ရွတ်ဖတ်နေသည်ကို ရပ်နား၍ နေကြကုန်၏။

ထိုအခါ သားသမီးတို့က ငါတို့၏ဖခင်သည် ရှေးအခါ၌ ကာလက ဒေသနာတော်ကို နာကြားရာ မရောင့်ရဲနိုင်ခဲ့ပေ။ ယခုမူ မိမိကိုယ်တိုင် ရှတ်ဖတ်စေသည် ဖြစ်ပါလျက် တားမြစ်သည်မှာ သေလွန်ခြင်း၏သဘောကို ကြောက်ရွံ့၍သာ ဖြစ်ပေလိမ့်မည်ဟု များစွာငိုကြွေးကြလေကုန်၏။ ရဟန်းတော်များလည်း ကြွသွားကြကုန်၏။

ဓမ္မိကဥပါသကာသည် ခဏအကြာ သတိပြန်၍လည်လာသောအခါ သားသမီးတို့ငိုကြွေးနေကြသည်ကိုမြင်လျှင် အဘယ့်ကြောင့် ငိုကြွေးကြသနည်း၊ ယခုရဟန်းတော်များ အဘယ်မှာနည်းဟု မေး၏။ သားသမီးတို့က ရဟန်းတော်များရွတ်ဖတ်နေသည်ကို ခဏနေပါဦးဟု ဖခင်ကတားမြစ်သဖြင့် ရဟန်းတော်များ ကြွသွားတော်မူကြပါပြီဟု ပြော၏။

ငါသည် ရဟန်းတော်များနှင့် စကားမပြောမဆိုမိပါ။

သို့ဖြစ်လျှင် ဖခင်သည် မည်သူနှင့်စကားပြောဆိုပါသနည်းဟု မေးမြန်းသောကာလ။

ချစ်သား၊ ချစ်သမီးတို့ နတ်ပြည်ခြောက်ထပ်မှ နတ်ရထားခြောက်စင်းတို့သည် ဤအိမ်၏ကောင်းကင်ပြင်၌ တည်ကြကုန်၍ နတ်ရထားမှူးတို့သည် ငါ့အား နတ်ပြည်သို့အဖန်ဖန် တောင်းပန်ခေါ်ကြသဖြင့် ဖခင်က "ခဏနေကြပါဦး" ဟုပြောဆိုလိုက်ပေသည်ဟုပြောလျှင် သားသမီးတို့က နတ်ရထားကိုမမြင်ကြ၍ ယခု နတ်ရထားတို့ ဘယ်မှာရှိပါသနည်းဟု မေးလေလျှင်၊ ဤ

အိမ်၏ကောင်းကင်အပြင် သင်တို့ရှေ့တွင်ပင် ရှိပေသည်။ သင်တို့တွင် ပန်းကုံးများ ရှိကြသလောဟု မေး၏။ ရှိပါသည်ဟု ပြော၏။ ချစ်သား ချစ်သမီးတို့ နတ်ပြည် ခြောက်ထပ်တွင် အဘယ်နတ်ပြည်သည် ပိုမို၍ ကောင်းသနည်းဟု မေးပြန်သော အခါ တုသိတာနတ်ပြည်သည် အကောင်းဆုံး ဖြစ်ပါသည်ဟု ပြောကြလေလျှင်၊ ဤသို့ဆိုလျှင် "တုသိတာ နတ်ပြည်မှလာသော ရထားဦး၌ ဤပန်းကုံးသည် ငြိပါစေသတည်း" ဟု အဓိဋ္ဌာန်၍ စေလွှတ်လော့၊ ပန်းကုံးသည် ကောင်းကင်၌ တွဲလွဲဆွဲ၍ နေသောနေရာသည် တုသိတာနတ်ပြည်မှလာသော နတ်ရထား၏ နေရာတည်းဟု ပြော၏။ သားသမီးတို့သည် အဓိဋ္ဌာန်ပြု၍ ပန်းကုံးကိုလွှတ်၏။ ပန်းကုံးသည် ကောင်းကင်၌ တွဲလွဲဆွဲလျက်တည်၏။ ရထားကိုမူကား မမြင်ကြရပေ။

ဓမ္မိကဥပါသကာက ချစ်သား ချစ်သမီးတို့ ငါသည် တုသိတာနတ်ပြည်သို့လိုက်ပါသွားတော့အံ့၊ စိုးရိမ်ပူပန် ငိုကြွေးခြင်း မဖြစ်ကြကုန်လင့်။ ငါ၏ဖခင် ပြုပြင်လှူဒါန်း စောင့်ရှောက်အပ်သော အမှတ်ဖြင့် ဒါနသီလစသောတုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြကုန်လော့ဟု ပြောဆိုပြီး သေလွန်၏။ တုသိတာနတ်ပြည်သို့ နတ်ရထားနှင့်လိုက်ပါသွားပြီး တုသိတာနတ်ပြည်တွင် သုံးဂါဝုတ်ရှိသောခန္ဓာကိုယ်ဖြင့် နတ်သမီးတထောင် ခြံရံလျက် ယူဇနာနှစ်ရာငါးဆယ်ရှိသော ရတနာခုနစ်ပါးနှင့်တည်ဆောက်သည့် ဗိမာန်ကြီး၌ စံစားရလေ၏။

မြတ်စွာဘုရားသခင်သည် ရဟန်းတို့ မေးလျှောက်သည် ရှိသော်အထက်ပါအဖြစ်အပျက်တို့ကို ပြန်လည်ဟောပြ၍၊

(၁၆) ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သော ပမောဒတိ၊
ဒိသွာ ကမ္မဝိသုဒ္ဓိမတ္တနော။

(၁၆) ကောင်းမှုပြုသော သူသည် ပစ္စုပ္ပန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ နှစ်ဘဝစလုံး၌ပင် ဝမ်းမြောက်ရ၏။ မိမိ၏ စင်ကြယ်သောကုသိုလ်ကံ၏ ပြည့်စုံခြင်းကိုမြင်သောအခါ ဝမ်းမြောက်ရပေ၏။ အထူးထူးအပြားပြား ဝမ်းမြောက်ရပေ၏။

ဤဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပန်စသည် ဖြစ်ကြကုန်၏။

(ဓမ္မပဒ ယမကဝဂ် တဆယ့်တခုမြောက် မဟာဓမ္မိက ဥပါသကာဝတ္ထု ပြီး၏။)

# ၁၂/မကောင်းမှုပြုသူ၏ နောင်တ

## (အရှင်ဒေဝဒတ် ဝတ္ထု)

**မကောင်းမှုကို ပြုမိသောသူသည် ဤဘဝ၌လည်းပူဆွေးရ၏။ နောင်ဘဝ၌လည်း ပူဆွေးရ၏။ မကောင်းသောဂတိသို့ လားရသောအခါ ထို့ထက်ပင် ပူဆွေးရ၏။**

(ဣဓတပ္ပတိ)အစရှိသော ဒေသနာတော်ကို အရှင်ဒေဝဒတ်အား အကြောင်းပြု၍ ဟောတော်မူ၏။

### မင်းသားခြောက်ယောက်

မြတ်စွာဘုရားသခင်သည် မလ္လာမင်းတို့၏ အနုပိယ သရက်ဥယျာဉ်တွင် သီတင်းသုံး စံနေတော်မူသည့် အခါတွင် သိဒ္ဓတ္ထမင်းသားဘဝတွင် လက္ခဏာကြီးငယ်ဖတ်သောနေ့၌ မင်းအဖြစ်သော်ငြား၊ ဘုရားအဖြစ်သော်ငြား ရောက်သည့်အချိန်တွင် ဆွေတော်ရှစ်သောင်း မျိုးတော်အပေါင်းတို့သည် မင်းညီမင်းသားခတ္တိယတို့ဖြင့်ခြံရံရမည်ဟု ဝန်ခံခဲ့ကြသည်။ ထိုမင်းသားတို့သည် များသောအားဖြင့် ရဟန်းပြုကြကုန်၏။ ဘဒ္ဒိယ မင်းသား၊ အနုရုဒ္ဓါမင်းသား၊ အာနန္ဒာမင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသား၊ ဒေဝဒတ္တမင်းသားအားဖြင့် ခြောက်ယောက်သောမင်းသားတို့သည် ရဟန်းမပြုကြသည်ကို မြင်သောအခါ ငါတို့

၏သားကိုတော့ ရဟန်းပြုစေသည်။ ဤသာကီဝင် မင်းသား ခြောက်ယောက်သည်ကား ဘုရားနှင့် ဆွေမျိုးမတော်၊သာကီဝင် မင်းသားမဟုတ်ယောင်တကားဟု တီးတိုးပြောကြ၏။

ထိုအခါ မဟာနာမ်မင်းသားသည် အနုရုဒ္ဓါမင်းသားကို ညီတော် ငါတို့၏အိမ်မှ ရဟန်းပြုသူမရှိသေး၊ ညီတော်ပင် ရဟန်း ပြုမည်လော၊ နောင်တော်ပင် ရဟန်းပြုရမည်လောဟု မေး၏။

## အနုရုဒ္ဓါမင်းသားနှင့် မရှိမုန့်

အနုရုဒ္ဓါမင်းသားသည် သိမ်မွေ့နူးညံ့၏။ စည်းစိမ်ချမ်းသာ ပြည့်စုံ၏။ မရှိဟူသောစကားကို မကြားစဘူးပေ။

တနေ့တွင် ထိုမင်းသားခြောက်ယောက်တို့သည် မုန့်လောင်း တန်း ကစားကြ၏။ အနုရုဒ္ဓါမင်းသားသည် အကြိမ်ကြိမ်ပင် ရှုံး၏။ မယ်တော်ထံသို့ မုန့်ယူရန် အကြိမ်ကြိမ်ပင်လွှတ်၏။လေး ကြိမ်မြောက်၌ မယ်တော်က မုန့်မရှိတော့ပြီဟု ပြောလိုက်၏။ မရှိဟူသောစကားကို မကြားဘူး၍ မရှိဆိုသည်မှာ မုန့်၏နာမည် ပင်ထင်ပြီး မရှိမုန့်ကိုပင် ယူခဲ့စေဟုလွှတ်ပြန်၏။ မယ်တော်လည်း ရွှေခွက်ကို မုန့်မပါဘဲအဖုံးအုပ်၍ ပေးခိုင်းလိုက်၏။ မြို့စောင့် နတ်တို့သည် ဤအနုရုဒ္ဓါကား ရှေးဘဝ ဆင်းရဲလှသည့် အန္နဘာရလုလင်ဘဝတွင် မိမိစားမည့်ထမင်းကို ဉပရိဋ္ဌပစ္စေက ဗုဒ္ဓအား လှူ၍ "မရှိဟူသောစကားကို မကြားရသည်ဖြစ်စေ သတည်း။ မုန့် ထမင်းတို့၏ ဖြစ်ရာဌာနကို မသိရသည်ဖြစ်ပါစေ သတည်း"ဟု ဆုတောင်းခဲ့၏။ ဤဆုတောင်းကြောင့် ရွှေခွက် တွင် မုန့်ကိုမမြင်ခဲ့သော် ငါတို့သည် နတ်သဘင်အစည်းအဝေး

သို့ ဝင်ခွင့်ရမည် မဟုတ်ဟုကြံ၍ ရွှေခွက်ထဲတွင် နတ်သုဒ္ဓါတို့ကို အပြည့်ထည့်၍ ပေးလိုက်၏။ ကစားဝိုင်းအနီးတွင် ရွှေခွက်ကို ဖွင့်လိုက်လျှင် မုန့်၏အနံ့သည် တမြို့လုံးကို ဖုံးလွှမ်းမလောက် မွှေးကြိုင်၏။ မုန့်တပိုင်းကိုစားရုံဖြင့်အကြောပေါင်းခုနစ်ထောင် စိမ့်၏။

အနုရုဒ္ဓါက မိခင်သည် ငါ့အပေါ်၌မချစ်၊ ဤမုန့်မျိုးကို တခါမျှပြုလုပ်မပေးဘူး။ ယနေ့မှစ၍ မရှိမုန့်မှတပါး အခြား မုန့်ကို မစားတော့ဟု အိမ်ပြန်ရောက်လျှင် မိခင်ကိုပြောပြ၏။ မိခင်က ငါ့သား၏တုန်းကံပင်ဖြစ်မည်ဟု ထိုနေ့မှစ၍ မယ်တော် သည် ရွှေခွက်အလွတ်ကို ဖုံးအုပ်၍ပေး၏။ နတ်တို့က နတ်သုဒ္ဓါ မုန့်တို့ဖြင့် ထည့်ပေး၏။လူ့ဘောင်၌နေသမျှကာလပတ်လုံး နတ် တို့သည် နတ်မုန့်တို့ကိုသာထည့်၍ပေး၏။

## ရဟန်းပြု၍ရအပ်သော ဆုမြတ်များ

မရှိဟူသော စကားကို မကြားဘူးသော အနုရုဒ္ဓါသည် နောင်တော် မဟာနာမ မင်းသား ပြောသည့် ရဟန်းဟူသော စကားကိုလည်း မကြားဘူးသဖြင့် နောင်တော် မဟာနာမကို မေး၏။ နောင်တော်မဟာနာမ်က ရဟန်းဟူသည် ဆံမုတ်ဆိတ် ကိုပယ်၍ ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ပြီး သစ်သား အင်း ပျဉ်ကြိုး၊ ကြိမ်ညောင်စောင်းတို့တွင်အိပ်ကာ အာဟာရအလို့ ငှာ လှည့်လည် ဆွမ်းခံစားရသည်ဟု ရှင်းပြသောအခါ ကျွန်ုပ် သည် ငယ်လည်းငယ်ပါသေးသည်။ သိမ်မွေ့နူးညံ့လှပါသည်။

ရဟန်းမပြုနိုင်ပါဟုဆို၏။ ထိုအခါမဟာနာမမင်းသားက သို့ဖြစ်လျှင် ငါသည်လျှင် ရဟန်းပြုအံ့၊ ညီချစ်သည် ကိစ္စများမြောင်လူတို့ဘောင်၌သာ နေလေတော့ဟုဆို၏။ အနုရုဒ္ဓါမင်းသားက ထမင်းဖြစ်ရာဌာနကိုပင် မသိသဖြင့် လူ့ဘောင်လောက၌ လုပ်ဆောင်ဖွယ်တို့ကိုမေး၏။ နောင်တော် မဟာနာမက လယ်ယာထွန်သည်မှစ၍ တနှစ်အတွက်၊ တနှစ်အတွက် မည်သို့လုပ်ဆောင်ရသည်တို့ကို အစဉ်အတိုင်း ပြောပြ၏။ အနုရုဒ္ဓါက ဤအလုပ်များသည် ဘယ်အခါတွင်ပြီးဆုံးမည်နည်းဟု မေး၏။ အသက်ရှည်သမျှ ဘယ်အခါကာလမျှ ပြီးဆုံးခြင်း မရှိပေဟု ဖြေ၏။ သို့ဖြစ်လျှင် နောင်တော် လူ့ဘောင်၌နေပါ။ ညီတော်သည် ရဟန်းပြုပါအံ့ဟု မယ်တော်ထံခွင့်ပန်၏။ မယ်တော်လည်း အမျိုးမျိုး အကြောင်းပြ၍ သုံးကြိမ်တိုင်အောင် တား၏။ မရသည့်အခါ မယ်တော်က သင်၏သူငယ်ချင်း ဘဒ္ဒိယမင်းသား ရဟန်းပြုလျှင် ပြုပေတော့ဟုခွင့်ပေး၏။ အနုရုဒ္ဓါသည် ဘဒ္ဒိယမင်းသားအား ထိုအကြောင်းကိုပြောကြား၍ မိမိနှင့်အတူ ရဟန်းပြုရန် တောင်းပန်၏။ ထို့နောက်တွင် ဘဒ္ဒိယမင်းသား၊ အနုရုဒ္ဓါမင်းသား၊ အာနန္ဒာမင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသား၊ ဒေဝဒတ်မင်းသားနှင့် ဥပါလိဆတ္တာသည် ခုနစ်ယောက်တို့သည် ခုနစ်ရက်ပတ်လုံး နတ်စည်းစိမ်ကဲ့သို့ ခံစားကြပြီး ရဟန်းပြုရန် ထွက်ခွာခဲ့၏။ တပါးနိုင်ငံ(မလ္လာမင်းတို့နယ်မြေ) သို့ရောက်လျှင် မင်းသားခြောက်ယောက်တို့က မိမိတို့၏ အဝတ်တန်ဆာရတနာတို့ကိုချွတ်၍ ဥပါလိဆတ္တာသည်အားပေးပြီး ဤပစ္စည်းတို့ကိုယူ၍ သင်ပြန်လော့ဟုဆို၏။ ဥပါလိလည်း မပြန်လို၍ မင်းသား

တို့ခြေရင်း၌ ငိုကြွေးတောင်းပန်သော်လည်း အခွင့်မရ၍ အာ-ဏာကိုမလွန်ဆန်ဝံ့ဘဲ ပြန်ခဲ့ရ၏။

အနည်းငယ်သွားမိသည်ရှိသော် ဥပါလိသည် စဉ်းစားမိ၏။ ဤရွှေငွေရတနာ လက်ဝတ်တန်ဆာ တို့ကို ယူ၍ ပြန်ခဲ့သော်မင်းသားငယ်တို့ကိုသတ်ဖြတ်ပြီး ယူလာသည်ဟုဆိုကာ သာကီဝင်တိုက ငါ့ကိုသတ်ဖြတ်ကြလိမ့်မည်မှာ မလွဲပေ။ မင်းသားတို့ပင် ဤအဖိုးထိုက်သော လက်ဝတ်တန်ဆာတို့ကိုစွန့်ပစ်ပြီး ရဟန်းပြုကြသေးလျှင် ဘာတခုမျှ တွယ်တာစရာမရှိသော ငါသည် ဘာ့ကြောင့် ရဟန်းမပြုနိုင်ဘဲ ရှိပါအံ့နည်းဟု ရတနာတန်ဆာတို့ကို ဖြေပြီးလျှင် ထိုတန်ဆာတို့ကို သစ်ပင်၌ချိတ်ဆွဲ၍ လိုချင်သူတို့ယူကြလော့ဟု ကြွေးကြော်ပြီး မင်းသားတို့နောက်သို့အမှီလိုက်၏။ မင်းသားတို့က သင်အဘယ့်ကြောင့် ပြန်လာသနည်းဟု မေးလျှင် မိမိကြံစည်သမျှကို ပြန်၍လျှောက်၏။

မင်းသားတို့သည် ဥပါလိဆတ္တာသည်ကိုခေါ်ခဲ့ပြီး မြတ်စွာဘုရားထံသို့ရောက်လျှင် လျှောက်ထား၏။

အရှင်မြတ်ဘုရား တပည့်တော်တို့သည် သာကီဝင်မင်းသားတို့ပင်တည်း။ ဤဥပါလိသည် တပည့်တော်တို့၏ အလုပ်အကျွေးပါတည်း။ ဤဥပါလိကို ဦးစွာရဟန်းပြုတော်မူပါ။ တပည့်တော်တို့သည် ဥပါလိအား လက်အုပ်မိုး၍ရှိခိုးရပါကုန်လတံ့။ ဤသို့ဥပါလိကို ရှိခိုးရသည်ရှိသော် တပည့်တော်တို့၏ တက်ကြွသောမာန်မာနသည် လျော့ကျမည်သာ ဖြစ်ပါ၏ဟု လျှောက်ထား

ကြ၍ ဥပါလိကို ရှေးဦးစွာ ရဟန်းပြုစေပြီး နောက်မှမင်းသား ခြောက်ယောက်တို့သည် ရဟန်းပြုကြကုန်၏။

အရှင်ဘဒ္ဒိယသည် ထိုတဝါတည်း၌ပင် ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု အာသဝက္ခယတည်းဟူသော ဝိဇ္ဇာသုံးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ရရှိတော်မူ၏။

အရှင်အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရပြီးနောက်မှ မဟာပုရိသဝိတက္ကသုတ္တန်ဒေသနာတော်မြတ်ကို ကြားနာရသည် ရှိသော် အရဟတ္တဖိုလ်သို့ရောက်လေ၏။

အရှင်အာနန္ဒာသည် သောတာပတ္တိဖိုလ်၌ ဘဂုမထေရ်နှင့် ကိမိလမထေရ်တို့သည် နောက်တွင်မှ ဝိပဿနာကို အဆင့်ဆင့် ပွားစေ၍ အရဟတ္တဖိုလ်သို့ရောက်ကြကုန်၏။

ရှင်ဒေဝဒတ်သည်ကား ပုထုဇဉ်အဖြစ်ဖြင့်သာလျှင် လောကီစျာန် အဘိညာဉ်တန်ခိုးနှင့် ပြည်စုံသောအဖြစ်သို့ ရောက်၍ နောက်တွင် မြတ်စွာဘုရားသခင်သည် ကောသမ္ဗီပြည်၌ သီတင်းသုံး စံနေတော်မူသည့်အခါတွင် လူအပေါင်းတို့သည် အလှူဝတ္ထုတို့ကို စွဲကိုင်ကုန်လျက် မြတ်စွာဘုရားကိုသော်၎င်း၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်ဘဒ္ဒိယ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ဘဂု၊ အရှင်အာနန္ဒာ၊ အရှင်ကိမိလစသော ရှစ်ကျိပ်ကုန်သော မဟာသာဝကတို့ကိုသာ မေးမြန်းလှည့်လည် ဖူးမြော်လှူဒါန်းကြကုန်၏။ အရှင်ဒေဝဒတ်မထေရ်ကိုမူကား လှူဒါန်းမည့်သူ၊ ဖူးမြော်မည့်သူ တစုံတယောက်မျှမရှိပေ။

## ရှင်ဒေဝဒတ် အဇာတသတ်ကို စည်းရုံးပုံ

ထိုအခါ အရှင်ဒေဝဒတ်သည် ဤသို့စဉ်းစား၏။ ငါသည်လည်း မင်းမျိုးမှဖြစ်သောရဟန်း၊ သူတို့သည်လည်း မင်းမျိုးမှဖြစ်သောရဟန်း ဖြစ်ကြပါလျက် သူတို့ကိုသာလျှင်လာဘ်ပူဇော်သက္ကာရ ပြုကြသည်။ ငါ့အား မရှိ။ ရာဇဂြိုဟ်ပြည်မှ ဗိမ္ဗိသာရမင်းကြီးနှင့်တကွ ပုဏ္ဏား သူကြွယ် အပေါင်းတို့သည် သောတာပတ္တိဖိုလ်၌ တည်လေပြီ။ သာဝတ္ထိပြည် ကောသလမင်းကြီးနှင့်လည်း ထို့အတူ ဖြစ်ချေပြီ။ ထိုသူတို့ထံ ငါစည်းရုံး၍ ရမည်မဟုတ်။ ဗိမ္ဗိသာရမင်းကြီး၏တောင်ညာစံဒေဝီ ဝေဒေဟီမိဖုရား၏ သားဖြစ်တော အဇာတသတ် မင်းသားငယ်သည်ကား ငယ်ရွယ်သေး၍ ဘာကိုမျှ မသိတတ်သေး။ ထိုမင်းသားကို စည်းရုံး၍ တဆင့်တက်ကာ ငါကြံစည်မည်ဟု ကောသမ္ဗီပြည်မှ ရာဇဂြိုဟ်ပြည်သို့ခွဲ၍ ထွက်ခွာသွား၏

ရာဇဂြိုဟ်ပြည်သို့ ရောက်သော် မိမိကိုယ်ကို မင်းသားသူငယ်အသွင် ဖန်ဆင်းပြီး အဆိပ်ပြင်းထန်သော မြွေလေးကောင်တို့ကို လက် ခြေတို့၌ပတ်၍ကိုင်ပြီး၊ မြွေတကောင်ကို လည်ပင်း၌ဆွဲပြီး၊ မြွေတကောင်ကိုဦးခေါင်း၌ပတ်ကာ၊မြွေတကောင်ကိုပခုံးထက်၌ တင်ထားပြီး၊ မြွေတကောင်ကို ခါးကြိုးတန်ဆာအဖြစ်ဆင်ယင်ပြီး အာကာသ ကောင်းကင်မှ သက်ဆင်း၍ အဇာတသတ်မင်းသား၏ ရင်ခွင်၌ ထိုင်နေ၏။

အဇာတသတ်မင်းသားသည် အလွန်ပြင်းစွာ ကြောက်ရွံ့၍ သင်မည်သူနည်းဟု မေးမြန်း၏။ ငါသည်ကား အရှင်ဒေဝဒတ်

ပင်တည်းဟု ပြောဆိုပြီး မိမိ၏ မူလ ရဟန်း အသွင်ကို ပြန်လည် ဖန်ဆင်း၍ မင်းသား၏ရှေ့မှရပ်ပြီး မင်းသား၏ မြတ်နိုးကြည်ညို မှုကို ခံယူကာ များစွာသော လာဘ် ပူဇော်သက္ကာကို ဖြစ်စေ၏။

## မြတ်စွာဘုရားအား ရန်ငြိုးဖွဲ့ခြင်း

ထိုအရှင်ဒေဝဒတ်သည် အဇာတသတ်၏များစွာသော ပူဇော် သက္ကာရကို ရရှိသောအခါ ရဟန်းပရိသတ်ကို ရှာဖွေတည်ထောင် မည်ဟု ယုတ်မာသော စိတ်အကြံ ကြံစည်မိသည်နှင့် တပြိုင်နက် လောကီစျာန် အဘိညာဉ်တန်ခိုးမှ ပျက်စီးကျဆင်းလေ၏။

ထို့နောက် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူသောမြတ်စွာဘုရားထံ သွားရောက်၍ ရှိခိုးပြီးသော် အရှင်မြတ် ဘုရား၊ ကိုယ်တော်မြတ်သည် အိုမင်း ကြီးရင့်ခဲ့ပါပြီ။ တပည့် တော်သည် ရဟန်းသံဃာများကို အုပ်ချုပ်၍ပေးပါအံ့။ အရှင် ဘုရားကခွင့်ပြုပါဟုလျှောက်ထားလေလျှင် မြတ်စွာဘုရားသခင် သည် ဒေဝဒတ်အား များစွာသောစကားဖြင့် ဆုံးမ၍ ပယ်လိုက် ၏။ ဒေဝဒတ်သည် မြတ်စွာဘုရားအား ရန်ငြိုးဖွဲ့၍ ထွက်သွား လေ၏။

## မြတ်ဘုရားကို သတ်ရန်ကြံ

ထို့နောက်တွင် မြတ်စွာဘုရားသည် အရှင် ဒေဝဒတ် အား ရာဇဂြိုဟ်ပြည်၌ ပကာသနီယကံကို ပြုစေတော်မူ၏။ ထိုအခါ ဒေဝဒတ်သည် မြတ်စွာဘုရား၏ အကျိုးမဲ့ကို ပြုတော့အံ့ဟု ဆုံးဖြတ်၏။

အဇာတသတ်မင်းသားထံသွား၍ အသင်မင်းသား၊ ရှေးက လူအပေါင်းတို့သည် သက်တမ်း အလွန်ရှည်ကြ၏။ ယခု လူတို့ ကား သက်တမ်းတိုကြ၏။ သင်မင်းသားသည် ငယ်ငယ်ရွယ်ရွယ် နှင့်သေမည် မသေမည်ကို မသိနိုင်။ထို့ကြောင့်သင့်ခမည်းတော် ကို သတ်ဖြတ်၍ မင်းပြုလော့။ငါလည်း မြတ်စွာဘုရားကိုသတ်၍ ဘုရားအဖြစ် ယူအံ့ဟု ပြောဆိုကာ အကြံအစည်တို့ကို ညွှန်ပြ၏။

ဒေဝဒတ်၏ လမ်းညွှန်ချက်အရ အဇာတသတ်သည် ဗိမ္ဗိသာရ မင်းကြီးကို ဖမ်းဆီးအကျဉ်းချ၍ ခြေဖဝါးကို ခားခွဲသည်အထိ ရက်စက်စွာ သတ်ခဲ့သည်။

အဇာတသတ် မင်းဖြစ်သောအခါ အရှင်ဒေဝဒတ် အတွက် မြတ်စွာဘုရားသခင်အားကြံစည်ရန်အခွင့်အလမ်း ပို၍ရခဲ့သည်။

လေးသမားတို့အား မြတ်စွာဘုရားကို ပစ်ရန် စေခိုင်း၏။ လေးသမားတို့သည် မြတ်စွာဘုရား အထံတော်သို့ ရောက်လျှင် တရားတော်ကို နာယူပြီး သောတာပတ္တိဖိုလ်သို့ ရောက်၍ အရှင် ဒေဝဒတ် အကြံ ပျက်ခဲ့ရသည်။

ဂိဇ္ဈကုဋ်တောင်ထိပ်သို့ ဒေဝဒတ်ကိုယ်တိုင်တက်၍ ဘုရား သခင် ကြွအလာတွင် တောင်ပေါ်မှ ကျောက်တုံးကို လိမ့်ချပြီး သတ်ခဲ့၏။ ဘုရားသခင်၏ အသက်ကိုမူ မသတ်နိုင်။ ခြေမတော် တွင် သွေးစိမ်းရှင်ရှင် တည်ခဲ့သဖြင့် ဒေဝဒတ်သည် လောဟိ တုပ္ပါဒကံကို ဖြစ်စေ၏။

တဖန် နာဠာဂီရိဆင်ကို အရက်ကိုးမောင်းတိုက်၍ မြတ်စွာ ဘုရားသခင် ကြွလာတော်မူသည့် ရှေ့မှ လွှတ်၏။ ညီတော် အာနန္ဒာမထေရ်သည် ဘုရားကိုယ်တော်မြတ် ရှေ့မှ တက်၍ မိမိ

အသက်လိုပင် မမှုဘဲ ဘုရားသခင်အတွက် ကာကွယ်လိုက်၏။ သို့သော် မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ဖယ်ရှားပြီး ပြေးလာသော နာဠာဂီရိဆင်ကို ဆုံးမတော်မူလိုက်၏။

အရှင်အာနန္ဒာမထေရ် မြတ်စွာဘုရားရှေ့မှ အသက်ကိုစွန့်၍ ကာကွယ်သည့်အကြောင်းနှင့် ပတ်သက်ပြီး စူဠဟံသ မဟာဟံသ ဝတ္ထုတော်ကို ဟောကြား၍ ကက္ကဋ ဇာတ်တော်တို့ကို ဟောကြားတော်မူ၏။

## သင်းခွဲပြန်ခြင်း

အရှင်ဒေဝဒတ်သည် အဇာတသတ်မင်းသားကိုမြှောက်ပေး၍ ဗိမ္ဗိသာရဘုရင်ကိုသတ်ပြီး၊ နှန်းလုခဲ့စဉ်အချိန်က၊ ဒေဝဒတ်၏အကြံဟူ၍ မည်သူမျှမသိကြသေး။ လေးသမားတို့ကိုစေလွှတ်၍ မြတ်စွာဘုရားအားပစ်စေရန် စေခိုင်းစဉ်ကလည်း၊ အရှင်ဒေဝဒတ်ဟု မသိကြသေး။ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးဖြင့် လှိမ့်ချသူသည် အရှင်ဒေဝဒတ်ဟုလည်း မသိကြသေး။နာဠာဂီရိဆင်ကို လွှတ်သည့်အခါမှ ထိုစဉ်က လုပ်ကြံမှု အလုံးစုံသည် အရှင်ဒေဝဒတ်၏ အကြံညဏ်ပင်ဖြစ်ကြောင်း လူအပေါင်းတို့ သိပြီး မှူးမတ်တို့ကလည်း အဇာတသတ်မင်းအား အရှင်ဒေဝဒတ်၏မကောင်းသီတင်းကိုလူအပေါင်းတို့ရှုတ်ချပြောဆိုနေကြောင်း လျှောက်တင်ကြ၏။ အဇာတသတ်သည် အရှင်ဒေဝဒတ်အား ကိုးကွယ်ခြင်းမှ ရပ်စဲလိုက်၏။ အရှင်ဒေဝဒတ်သည် မိမိတို့၏ အမျိုးတို့အိမ်သို့သွား၍ ဆွမ်းခံသည့်တိုင် တဇွန်းတလေမျှသော ဆွမ် ကိုမျှသည်း မလှူကြကုန်။

အရှင်ဒေဝဒတ်သည် ဤသို့ဖြင့်အကြံတခုကိုကြံကာ မြတ်စွာဘုရားထံ ချဉ်းကပ်ပြန်၏။ ငါးပါးသော ဝတ္ထုကို တောင်း၏။ ဘုရားသခင်က ငါ့ရှင်ဒေဝဒတ်၊ သင်တောင်းသောအကြောင်းကား မသင့်လျော်ဟုဆိုလျှင် ရှင်ဒေဝဒတ်သည် သံဃာတော်တို့အား ဤသို့ကြွေးကြော်၏။

(က) ရဟန်း တို့သည် အသက် ရှည် သမျှ ကာလ ပတ်လုံး တောကျောင်းတွင်သာ နေကြရန်။

(ခ) ဆွမ်းခံ၍ရသမျှသာစားရမည်၊ ပင့်ဆွမ်းကိုမစားရ။

(ဂ) မြေမှုန့်အလိမ်းလိမ်းကပ်သော ပံ့သုကူသင်္ကန်းကိုသာ ဝတ်ဆင်ရမည်။ တကာ တကာမတို့ လှူဒါန်းသော သင်္ကန်းကိုမဝတ်ဆင်ရ။

(ဃ) ကျောင်း နှင့် မနေဘဲ၊ သစ်ပင်ရင်း တွင်သာ နေကြရမည်။

(င) အသားကို မစားမသောက်ကြရ။

ဤသို့လျှင် ကျင့်ကြံအားထုတ်မှသာ သံသရာဝဋ္ဋမှလွတ်နိုင်မည်။ ဤငါးချက်တို့ကို မြတ်စွာဘုရားထံတောင်းဆိုသော်လည်း ခွင့်မပြု၊ ငါ တောင်း ဆို သောအချက်တို့သည်သံသရာဝဋ္ဋဒုက္ခမှ ထွက်မြောက်ရာ လမ်းစဉ်ပင်ဖြစ်၍ ထွက်မြောက်လိုသူတိုင်း၊ ငါနှင့်အတူ လိုက်လာကြကုန်လော့ဟု ကြွေးကြော်ခေါ်ငင်လေ၏။ ရဟန်းပြုစတို့နှင့် ဉာဏ်ပညာနုံ့နှေးသော ရဟန်းတို့သည် ရှင်ဒေဝဒတ်နောက်သို့လိုက်ကြသည်မှာ ငါးရာမျှရှိ၏။ မြတ်စွာ

ဘုရားသည် ရှင်ဒေဝဒတ်အားသံဃာကိုဂိုဏ်းခွဲသောအပြစ်သည် အလွန်ကြီးလေးလှသော အပြစ်ဖြစ်ကြောင်းကို ပြဆိုတားမြစ်ပါသော်လည်း မနာယူဘဲ သံဃာငါးရာနှင့်ခွဲထွက်လေ၏။ မိမိတို့သည် ခြိုးခြံခေါင်းပါးစွာ ကျင့်သူများဖြစ်သည်ဟု ဂုဏ်ယူဝင့်ကြွားစွာ ဟောပြော၏။ ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွတော်မူသော အရှင် အာနန္ဒာကို မြင်လျှင်၊ အရှင် ဒေဝဒတ်က ဘုရားသခင်ထံမှ ခွဲထွက်ပြီဖြစ်ကြောင်း မှာကြားပြောဆို၏။ အရှင်အာနန္ဒာက ဘုရားသခင်ကို ကြားလျှောက်၏။

မြတ်စွာဘုရားသခင်သည် နတ်လူ ဗြဟ္မာ သတ္တဝါတို့အား၊ ဒေဝဒတ်သည်လှည့်ဖျား၍အကျိုးမဲ့သောအလုပ်ဖြင့် အဝီစိငရဲ၌ ခံစားလတံ့သောကံကြီးကို ကျူးလွန်ပေသည်ဟု ကြံဆင်ခြင်တော်မူ၍—

ချစ်သားတို့ မိမိ၏အကျိုးစီးပွား မရှိသည်ကိုငှင်း၊ ယုတ်မာသော အမှုတို့ကိုငှင်း၊ စိတ်အလိုလိုက်၍ ပြုလွယ်တတ်ကြကုန်၏။ စင်စစ် အကြင် ပြုလုပ် ဖွယ်သည် အကျိုးစီးပွားလည်းများ၏။ ချီးမွမ်းဖွယ်လည်းကောင်း၏။ ထိုအမှုကို အလွန်အကဲပြုနိုင်ခဲပေ၏ ဟောတော်မူပြီး၊ တဖန်—

ချစ်သားတို့၊ သူတော်ကောင်းသည် ချီးမွမ်းဖွယ်ကောင်းသောအမှုကိုပြုကျင့်လွယ်၏။ သူယုတ်မာသည် သူတော်ကောင်းအလုပ်ကို ပြုနိုင်ခဲ၏။ ယုတ်မာသောသူသည် မကောင်းမှုကို ပြုလွယ်ပေ၏။ သူတော်ကောင်းသည် မကောင်းမှုကို အဆိပ်ပမာ ကြောက်ရွံ့ကာဖြင့် လွန်စွာပြုကျင့်နိုင်ခဲ၏ ဟူ၍ ဥဒါန်းကျူးရင့်တော်မူ၏။

## အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ အစွမ်း

ရှင်ဒေဝဒတ်သည် ငါးရာကုန်သော ရဟန်းတို့နှင့် ဂယာသီသ အရပ်၌ သံဃာ သင်းခွဲ၍ နေလေ၏။ အရှင် သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် အဂ္ဂသာဝကနှစ်ပါးတို့သည် ဒေဝဒတ်နောက်သို့ ပါသွားသော ရဟန်းငါးရာကို ပြန်လည်ကယ်တင်ရန် ဂယာသီသအရပ်သို့ ကြွသွားတော်မူကြပြီး ဒေသနာတော်ကို ပြ၍ ဆုံးမတော်မူခြင်း၊ တန်ခိုးများကိုပြ၍ ဆုံးမတော်မူခြင်း တည်းဟူသော ဆုံးမခြင်းတို့ဖြင့် ရဟန်းတို့ကို တရားအမြိုက်ဆေး တိုက်ကျွေးသည့်အခါ ရဟန်းငါးရာတို့သည် သတိသံဝေ ဂရ၍ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့နှင့်အတူ ကောင်းကင်ခရီးဖြင့် မြတ်စွာဘုရားကျောင်းတော်သို့ ပြန်၍ ကြွလာကြကုန်၏။

ရဟန်း သံဃာအပေါင်း ခြံရံလျက် ကောင်းကင်မှ ကြွလာတော်မူကြသော အရှင် သာရိပုတ္တရာ တို့ကို မြင်ကြလေလျှင် ရဟန်းတို့က မြတ်စွာဘုရားသခင်အား အရှင်သာရိပုတ္တရာတို့၏ ဤသို့ ကြွလာခြင်းသည် အလွန်အကြူး အထူးတင့်တယ်လှပါပေ၏ ဟု လျှောက်ထား၏။

မြတ်စွာဘုရားသခင်သည် အရှင် သာရိပုတ္တရာသည် ယခုမှ မဟုတ်သေး။ ရှေးအခါကလည်း ဤသို့ ဆောင်ရွက်တော်မူခဲ့ဘူးပြီဟု ကေနိပ္ပ ါတ်လက္ခဏ ဇာတ်တော်ကို ဟောတော်မူ၏။

တဖန်ရဟန်းတို့က မြတ်စွာဘုရား၊ ရှင်ဒေဝဒတ်သည် မြတ်စွာဘုရားကို အတုယူလျက် လက်ဝဲရံ၊ လက်ယာရံအဂ္ဂသာဝကနှစ်ပါး ထား၍ တရားဟောရန် စီစဉ်ကြောင်း လျှောက်ထားလေလျှင်

ချစ်သား ရဟန်းတို့၊ ဒေဝဒတ်သည် ယခုမှသာလျှင် ငါဘုရား၏ အပြုအမူကို အတုလိုက်၍ ပြုမူသည်မဟုတ်။ ရှေးအခါကလည်း ဤသို့ ပြုမူခဲ့ဘူးသည်ဟု ဒုကနိပါတ် ဝိရက ဇာတ်တော်နှင့် ဒုက နိပါတ် ကလန္ဒုက ဇာတ်တော်ကိုင်း၊ ဧကနိပါတ် ဝိရောစန ဇာတ်တော်ကိုင်း ဟောတော်မူ၏။

တဖန် အရှင်ဒေဝဒတ်သည် သူပြုဘူးသော ကျေးဇူးကို မသိ တတ်ကြောင်း လျှောက်ထားပြန် လေလျှင် စတုက္က နိပါတ် သကုဏ ဇာတ်တော်ကို ဟောကြားတော်မူ၏။

တဖန် အရှင်ဒေဝဒတ်က အသက်တော်ကို လုပ်ကြံခြင်းကို အကြောင်းပြု၍ဧကနိပါတ်ကုရုင်ဇာတ်ကိုဟောကြားတော်မူ၏။

နောက်တနေ့တွင် ရဟန်းတို့က အရှင်မြတ်ဘုရား၊ အရှင် ဒေဝဒတ်သည် မပြုအပ်သော အရာများကို ပြုခြင်းကြောင့် လာဘ်ပူဇော်သက္ကာရကိုင်း၊ရဟန်းအဖြစ်မှုင်း အကျိုးနှစ်ပါး စလုံးဆုံးရှုံးရပါသည်ဘုရားဟု လျှောက်ထားသော် ဧကနိပါတ် ဥဘတောဘဋ္ဌဇာတ်ကို ဟောတော်မူ၏။

ဤသို့ဖြင့်ပင်လျှင် ရှင်ဒေဝဒတ်ကို အကြောင်းပြု၍ များစွာ သော ဇာတ်တို့ကို ဟောတော်မူပြီး ရာဇဂြိုဟ်မှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွရောက် သီတင်းသုံးတော်မူ၏။

## နောက်ဆုံး ဖူးမြင်ခြင်း

ဤသို့ဖြင့်ပင် ရှင်ဒေဝဒတ်သည်မြတ်စွာဘုရားကို အန်တုပြိုင် သော်လည်း မနိုင်။ မိမိမှာလည်း အထီးကျန်ဘဝ၊မြတ်စွာဘုရား အထံတော်သို့ ပြန်ရန်မှာလည်း မဖြစ်နိုင်။ မလွှေးနိုင် မအန်နိုင်

ဖြစ်ရာမှ ရောဂါဝေဒနာ စွဲကပ်လာ၏။ ကိုးလပတ်လုံး မကျန်းမမာရာမှ မိမိမနေရတော့အံ့သည်ကို သိလေလျှင် မြတ်စွာဘုရားသခင်ကို နောက်ဆုံးအကြိမ် ဖူးမြော်ဝန်ချ ကန်တော့ရအောင်ကြိုးစား အားခဲ၍ သွားတော့မည်ဟု မိမိ၏ တပည့်တို့ကိုခေါ်၍ဘုရားထံ ပို့ပေးကြပါဟု ပြောဆို၏။ တပည့်တို့ကလည်း ဘုရားအထံ ပို့ခြင်းငှာ မစံ့ပါဟု ဆိုကြ၏။ အရှင်ဒေဝဒတ်က ငါ့ကိုပို့ဖြစ်အောင်သာ ပို့ပေးကြပါ။ ငါကသာ မြတ်စွာဘုရားသခင်ကို ရန်ငြိုးဖွဲ့ခြင်း ဖြစ်သည်။ မြတ်စွာဘုရားက ငါ့အပေါ်၌ဆံချည်တဖျားမျှ ရန်ငြိုးဖွဲ့ခြင်းမရှိပါ။ ပို့ဖြစ်အောင်ပို့ပေးပါဟု ဆို၏။ ဤသို့လျှင် အဖန်တလဲလဲသာ တပည့်တို့အားတောင်းပန်သည့် အခါ တပည့်တို့သည် ရှင်ဒေဝဒတ် အားညောင်စောင်း (ခုတင်) ဖြင့် ထမ်း၍ လာကြကုန်၏။

ရဟန်းတို့သည် ဒေဝဒတ်လာနေကြောင်း လျှောက်ထားကြ၏။ မြတ်စွာဘုရားက ရဟန်းတို့၊ ဒေဝဒတ်သည် အတ္တဘောဤခန္ဓာကိုယ်ဖြင့် ငါဘုရားအား ဖူးမြော်ခြင်း မရနိုင်ပေဟုမိန့်တော်မူ၏။

အရှင်ဒေဝဒတ်သည် ငါးပါးကုန်သော ဝတ္ထုတို့ကိုတောင်း၍သံဃာကို သင်းခွဲရန်ကြံစည်သည်မှစ၍ မြတ်စွာဘုရားကို ဖူးမြော်ခွင့် မရပေ။ ဤသို့ ဖူးမြော်ခွင့်မရခြင်းသည် ဓမ္မတာသဘောပင်ဖြစ်ပေ၏။

## ရှင်ဒေဝဒတ် သရဏဂုံ တည်ခြင်း

ရဟန်းတို့က ဒေဝဒတ်သည် ဤသို့သော အရပ်သို့ ရောက်လာပါပြီဟု လျှောက်ပြန်၏။ ဘုရားသခင်က ချစ်သားရဟန်းတို့၊ ဇေတဝန် ကျောင်းတော်အတွင်းသို့ ရောက်လာစေကာမူ ငါဘုရားကို ဖူးမြင်ခြင်းငှာ မရပေ ဟု မိန့်တော်မူ၏။

ရှင်ဒေဝဒတ်ကို ထမ်းဆောင်လာသော သူတို့သည် ဇေတဝန်ကျောင်းတော်အနီးရောက်သော် ရေချိုးပြီးမှ ဘုရားသခင်ထံသို့ ဝင်လိုကြသဖြင့် ဇေတဝန်ကျောင်းတော်အနီး ရေကန်၏ ကန်ဘောင်ရိုး၌ ညောင်စောင်းကို ချပြီးလျှင် ရေကန်သို့ ဆင်း၍ ရေချိုးကြ၏။

အရှင်ဒေဝဒတ်သည် ညောင်စောင်းမှ ထ၍ ခြေနှစ်ဘက်ကို မြေကြီးတွင်ချ၍ ထိုင်နေ၏။ ဒေဝဒတ်၏ ခြေနှစ်ဘက်တို့သည် မြေကြီးထဲသို့ ဝင်၍ သွား၏။ ဒေဝဒတ်သည် အလန့်တကြား ထ၏။ ခြေမျက်စိတိုင်အောင် နစ်၏။အောက်ဟစ် ရုန်းကန်ယင်းပင် ခြေသလုံး၊ ပေါင်၊ ခါး၊ ရင်သို့တိုင်အောင် မြုပ်၍မြုပ်၍သွားပြီး မေးရိုးအထိ ရောက်သောအခါ ဤသို့သော ဂါထာကို ရွတ်၏။

များစွာထိုထို ပုဂ္ဂိုလ်အပေါင်းတို့ထက် ဆဆတက်၍ ပိုင်ဘက်မအပ်၊ မြတ်တော်မူသသောနတ်များသေဋ္ဌနင်း နတ်မင်းအစစ်ဖြစ်တော်မူသော၊ လူနတ်ပြဟ္မာ သတ္တဝါတို့ကို နတ်ရွာနိဗ္ဗာန်သို့ရောက်အောင် အတန်တန်သော ဆုံးမဖြစ်တားခြင်း၌ ရထားထိန်းသဖွယ် ဖြစ်တော်မူပေထသော ထက်ဝန်းကျင်ကို အကြွင်းမရှိသိမြင်တော်မူနိုင်သောသဗ္ဗညုတဉာဏ်တော်ရှိတော်မူ

ထသော၊ အရာမက များပြားလှသော ဘုန်းလက္ခဏာတော်နှင့် ပြည့်စုံတော်မူသော အစိန္တေယျ လောကသေဋ္ဌနှင်း ထိုတရားမင်းဘုရားကို အကျွန်ုပ်သည် ဤအရိုးတို့ဖြင့်ရင်း၊ ဤအသက်တို့ဖြင့်ရင်း လက်ယှက်တင်မိုး ဦးညွှတ်ချိုး၍ ရှိခိုး လည်းလျှောင်း ပုန်းအောင်းမှီခိုရာအဖြစ်သို့ ရောက်ပါပြီဟု လျှောက်ကြား၏။

မြတ်စွာဘုရားသခင်သည် အရှင်ဒေဝဒတ်၏ နောက်ဆုံးသောအချိန်၌ ဤသို့ပင် ဘုရားသခင်အား ဝန်ချတောင်းပန်၍ သရဏဂုံ တည်မည့်အရေးကို ကြိုတင်သိမြင်တော်မူ၍ ရှင်ဒေဝဒတ်ကို ရဟန်းပြုပေးခဲ့ခြင်းဖြစ်၏။ အကယ်၍ ရဟန်းမပြုပေးခဲ့သော် ဤမျှဝန်လေးသောကံကို မပြုနိုင်။ ဤသို့ ဝန်လေးသောကံကို မပြုနိုင်သော်လည်း ရဟန်းမပြုဘဲ နောင်အခါ၌ ဘဝမှထွက်မြောက်ခြင်းအကြောင်းကို မပြုနိုင်ပေရာ၊ ရဟန်းပြုရသည်ဖြစ်၍ ဤဝန်လေးသောကံကိုပြုလေငြားသော်လည်း ဒေဝဒတ်သည် ဝဋ်မှ လွတ်မြောက်ခြင်း အကြောင်းကို ပြုခြင်းငှာ စွမ်းလတံ့ဟု မြင်တော်မူ၍ အရှင်ဒေဝဒတ်ကို ရဟန်းပြုတော်မူခြင်းဖြစ်သည်။

ထို ရှင်ဒေဝဒတ်သည် ဤကမ္ဘာမှ ကပ်တသိန်း ထက်၌ အဋ္ဌိဿရအမည်ရှိသော ပစ္စေကဗုဒ္ဓါ ဖြစ်ပေလတံ့။

## အဝီစိငရဲ၌ဖြစ်ခြင်း

အရှင်ဒေဝဒတ်သည် မြေကြီးအတွင်းသို့ဆင်းဝင်၍ အဝီစိငရဲသို့ရောက်အောင်ကျ၏။

မြတ်စွာဘုရားသခင်သည် ရှေးအခါက မြေမျိုသည့်အကြောင်းကို ကေနိပါတ်သီလဝနာဂရာဇ သီလဝဆင်မင်း ဇာတ်တော်ကို ဟောတော်မူ၏။

ထို့ပြင်တဖန် ခန္တိဝါဒီရသေ့ မြတ်ဖြစ်တော်မူသော အခါ၌ မိမိအား ပြစ်မှားပုတ်ခတ်၍ ကလာဗုမင်းကြီးအား မြေကြီးသို့ ခွဲဝင်ရသည်အဖြစ်ကို ပြတော်မူခြင်းငှာ ခန္တိဝါဒီဇာတ်ကိုရင်း၊ စူဠဓမ္မပါလမင်းသားငယ် ဖြစ်စဉ်အခါ၌ ပြစ်မှားပုတ်ခတ်သတ် ဖြတ်သော မဟာတာပမင်းကြီး မြေမျိုသည့်အဖြစ်ကို ပြတော်မူခြင်းငှာ စူဠဓမ္မပါလဇာတ်တော်ကိုရင်း ဟောကြားတော်မူ၏။

အရှင်ဒေဝဒတ် မြေမျို၍ လူအပေါင်းတို့သည် အားရဝမ်းသာ အောင်ပွဲခံကြ၏။ ထိုအကြောင်းကို မြတ်စွာဘုရားသခင်အား လျှောက်ကြားကြ၏။ ဘုရားသခင်က ချစ်သားရဟန်းတို့ ဒေဝဒတ်သေလွန်၍ လူအပေါင်းတို့ ဝမ်းမြောက်ကြသည်မှာ ယခုအခါသာမဟုတ်။ ရှေးအခါကလည်း အလွန်ရက်စက်ကြမ်းကြုတ်သော ဗာရာဏသီပြည့်ရှင် ပိင်္ဂလဘဝတွင်လည်း မင်းကြီးသေလွန်သည့်အခါ လူအပေါင်းတို့ နှစ်ထောင်းအားရဖြစ်ကြပုံကို ဒုကနိပါတ် မဟာပိင်္ဂလဇာတ်တော်ကို ဟောကြားတော်မူ၏။

ရဟန်းတို့သည် မြတ်စွာဘုရားသခင်အား ယခုအခါ ရှင်ဒေဝဒတ်သည် အဘယ်အရပ်၌ဖြစ်ပါလေသနည်းဟု လျှောက်ထားလေလျှင် ဒေဝဒတ်သည် အဝီစိငရဲကြီး၌ ဖြစ်ပေသည်ဟု မိန့်တော်မူ၏။

ရဟန်းတို့က အရှင်မြတ်ဘုရား ရှင်ဒေဝဒတ်သည် မိမိ၏

မကောင်းမှုကြောင့် ယခုဘဝ၌သာ ပူပန်လှည့်လည်ရပြီး တမလွန် ဘဝ၌လည်း ပူပန်ရသောနေရာ၌သာဖြစ်ရပြန်သည်ဟု ဟောကြား လှော်ကြည့်ရပြန်သည်ဟု လျှောက် ထားလေလျှင် မြတ်စွာဘုရားသခင်က—

(၁၇) ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ၊
ပါပကာရီ ဥဘယတ္ထ တပ္ပတိ။
ပါပံ မေ ကတန္တိ တပ္ပတိ၊
ဘိယျော တပ္ပတိ ဒုဂ္ဂတိံ ဂတော။

(၁၇) မကောင်းမှုကို ပြုလေ့ရှိသောသူသည် ဤဘဝ၌လည်း ပူပန်ကြေကွဲဆင်းရဲရ၏။ နောင်တမလွန် ဘဝ၌လည်း ပူပန်ကြေကွဲ ဆင်းရဲရ၏။ ယခုဘဝ၊ နောက်ဘဝ နှစ်ဘဝလုံး၌လည်း ပူပန်ကြေ ကွဲ ဆင်းရဲရ၏။

ငါသည် မကောင်းမှုကံကို ပြုမိလေသည်ဟူ၍ ပူပန်ကြေကွဲ ဆင်းရဲ ရ၏။ နောင်တမလွန်ဘဝ ဒုဂ္ဂတိဘုံသို့ ရောက်ရှိသည့် အခါမှုကား လွန်စွာပင် ပူပန်ကြေကွဲ ဆင်းရဲရ၏။

ထိုဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပန်စသည် ဖြစ်ကြကုန်၏။

(ဓမ္မပဒယ မကာဝဂ် တဆယ့်နှစ်ခုမြောက် ရှင်ဒေဝဒတ်၏ ဝတ္ထုပြီး၏)

# ၁၃/အဖေထက်ကြီးသောသမီး

(သုမနဒေဝီ ဝတ္ထု)

**ကောင်းမှုကိုပြုသောသူသည် ဤဘဝ၌လည်း နှစ်သိမ့်ရ၏။ နောင်ဘဝ၌လည်း နှစ်သိမ့်ရ၏။ နှစ်ဘဝစလုံး၌ပင် နှစ်သိမ့်ရ၏။ ငါသည် ကောင်းမှုကိုပြုခဲ့၏ဟု နှစ်သိမ့်ရ၏။ ကောင်းရာသုဂတိသို့ လားရသောအခါ ထို့ထက်ပင် နှစ်သိမ့်ရ၏။**

(ဣဓ နန္ဒတိ) အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သုမနဒေဝီကို အကြောင်းပြုသော အားဖြင့် ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား

သာဝတ္ထိပြည်ကြီး၌ အလှူဒါနပြုကြသူတိုင်း၏ အလှူမဏ္ဍပ်တွင် အနာထပိဏ်သဌေးကြီးသော်၎င်း၊ဝိသာခါဒါယိကာမကြီး သော်၎င်း အလှူမဏ္ဍပ်သို့ လာရောက်စီစဉ်ပေးမှသာ အလှူ ထမြောက်သည်ဟု အယူရှိကြ၏။ ထိုပုဂ္ဂိုလ်နှစ်ယောက်အနက် တယောက်ယောက်မှ လာရောက်မစီစဉ်လျှင် ထိုအလှူကို အထ မြောက်သည်ဟုမယူဆကြပေ။ အကြောင်းမူကား အနာထပိဏ်

သဌေးကြီးနှင့် ဝိသာခါ တကာမကြီးတို့အိမ်တွင် တနေ့လျှင် နှစ်ထောင်မျှလောက်သော ရဟန်းတော်တို့သည် ဆွမ်းဘုဉ်းပေး ကြကုန်၏။ ထို့ကြောင့်ပင် ထိုဝိသာခါ အနာထပိဏ်တို့သည် သံဃာတော်များ ကြိုက်နှစ်သက်အပ်သည်တို့ကိုရင်း၊ မည်ကဲ့သို့ တည်ထားပြုစုရမည်ကိုရင်း သံဃာတော်တို့အကြိုက်၊ သံဃာ တော်တို့ကိုပြုစုအပ်သော တရားတို့ကို အထူးအားဖြင့်သိကြ၏။ ထို့ကြောင့်လည်း ဝိသာခါနှင့် အနာထပိဏ်တို့ ဦးစီး၍ စီစဉ် ပေးသော အလှူတွင် ရဟန်းတော်များသည် ဝမ်းမြောက် ဝမ်းသာ ဘုဉ်းပေးကြကုန်၏။

ဤသို့ဖြင့် အလှူတိုင်းအလှူတိုင်းတွင် ဝိသာခါနှင့် အနာ ထပိဏ်တို့ သွားရောက်စီစဉ်ရသဖြင့် မိမိတို့အိမ်တွင်ကြွရောက် ကြသည့် ရဟန်းတော်များကို ပြုစုလုပ်ကျွေးချိန်မရကြပေ။

ဝိသာခါ ဒါယိကာမကြီးသည် မြေးမကို မိမိကိုယ်စားပြုစု စေ၏။

အနာထပိဏ်သဌေးကြီးသည် မဟာသုဘဒ္ဒါ အမည်ရှိသော သမီးကြီးကိုထား၏။ သုဘဒ္ဒါသည် ရဟန်းတော်တို့၏အမှုကြီး ငယ်ကို ဆောင်ရွက်ပြုစုလျက် တရားတော်ကို မပြတ်နာကြားရ သဖြင့် သောတာပန်ဖြစ်၏။ မကြာမီ မိမိခင်ပွန်းအိမ်သို့ လိုက် သွားရ၏။ ထို့နောက် ဤနေ့ရာတွင် စူဠသုဘဒ္ဒါအမည်ရှိသော သမီးငယ်ကိုထား၏။ ထိုသမီးလည်း ဝတ်ကြီးဝတ်ငယ်ပြုပြီး သောတာပန်ဖြစ်ပြီး မိမိခင်ပွန်းအိမ်သို့ လိုက်ပါသွားရပြန်၏။

ထို့နောက်သမီးအငယ်သုမနဒေဝီကိုထား၏။သုမနဒေဝီသည် သကဒါဂါမိဖိုလ်သို့ ရောက်၏။ သုမနဒေဝီသည် ရဟန်းတော်

များကို နေ့စဉ်မပြတ်ပူဇော်လုပ်ကျွေးယင်း တရားတော်ကိုနာခြင်းဖြင့် အနာရောဂါ မကျန်းမာ၍ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် အစာရေစာ မဝင်သည်အထိ ဖြစ်လာသောအခါ အလှူမင်္ဂလာပ်တခုတွင် စီစဉ်ပေးနေသော ဖခင် အနာထပိဏ်ကြွားသိ၍ အိမ်သို့အမြန်ပြန်လာ၏။ သမီးအနီးသို့ကပ်၍–

"ဘယ်လိုနေသလဲသမီး"ဟုမေးမြန်း၏။

"ဘာကိုလဲ မောင်ငယ်"ဟု သုမနဒေဝီက ပြော၏။

"သမီး ယောင်ယမ်းပြောနေသလော" ဟုမေး၏။

"မောင်ငယ် မယောင်ယမ်းပါ"ဟု ဖြေ၏။

"သမီး သုမနဒေဝီ သေခြင်း တရားကို ကြောက်ရွံ့နေသလော"ဟုမေး၏။

"မောင်ငယ် ငါသည် သေခြင်းကိုမကြောက်ပါ"ဟုပြောကြားပြီး မကြာမီပင် သေလွန်ခြင်းကိုရောက်၏။

အနာထပိဏ် သဌေးကြီးသည် သောတာပန်ပင် ဖြစ်သော်လည်း သမီး၏သောကကို ဟန်မဆောင်နိုင်ဘဲ အလောင်းကိုသင်္ဂြိုဟ်ပြီးသော် ငိုကြွေးပြီး မြတ်စွာဘုရားထံ သွားရောက်လျှောက်ထား၏။

မြတ်စွာဘုရားက "ဒါယကာသဌေးကြီး သမီးငယ်အတွက် အဘယ့်ကြောင့် ဤမျှပူပန်ရသနည်း။ သတ္တဝါအားလုံးတို့သည် မလွဲကေန် အမှန်သေလွန်ကြရကုန်သည်မဟုတ်တုံလော"ဟု မိန့်တော်မူ၏။

အနာထပိဏ်သဌေးကြီးက "မလွဲကေန်သေရမည့်အဖြစ်ကိုသိမြင်ပါ၏။ သို့သော် တပည့်တော်၏သမီးသည် သေခါနီး ကာ

လည်း သတိကိုရှေးမရှုနိုင်ဘဲ ဂယောင်ဂတမ်း ပြောဆိုလျက် သေလွန်ရသည့်အတွက် တပည့်တော်သည် ကြီးစွာသော သောကဖြစ်ရပါသည်''ဟု လျှောက်ထား၏။

မြတ်စွာဘုရားသခင်က ''သင်၏သမီးသည်အဘယ်သို့ယောင်ယမ်းပြောဆိုသနည်း''ဟု မေးတော်မူလျှင်၊ ''ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား တပည့်တော်အား မောင်ငယ်-မောင်ငယ် ဟူသောစကားကို အဖန်တလဲလဲ ပြောဆိုသုံးစွဲယင်း သေဆုံးသွားရပါသည်''ဟု လျှောက်၏။

ဘုရားသခင်က ''အသင်၏သမီးငယ်သည် ယောင်ယမ်းပြောဆိုခြင်းမဟုတ်''ဟု မိန့်တော်မူ၏။

''သို့ဖြစ်လျှင် အဘယ့်ကြောင့်တပည့်တော်အား မောင်ငယ် ဟုခေါ်ပါသနည်း''ဟု လျှောက်၏။

''ဒါယကာကြီး သုမနဒေဝီသည် အသင် သဌေးကြီးထက် မဂ်ဖိုလ်တို့ဖြင့်ကြီးပေ၏။ သဌေးကြီးသည် သောတာပန်သာဖြစ်သေး၏။ အသင်၏သမီးငယ်ကား သကဒါဂါမိဖိုလ်၌တည်ပြီးဖြစ်လေသည်။ ဤသို့ မဂ်ဖိုလ်တို့ဖြင့် ကြီးသောကြောင့် မောင်ငယ်ဟုခေါ်ခြင်းဖြစ်သည်ဟု မိန့်တော်မူ၏။

''သို့ဖြစ်လျှင်သမီးငယ်သုမနဒေဝီသည်ယခုအခါဘယ်အရပ်၌ ဖြစ်ပါသနည်း'' ဟုလျှောက်၏။ ''ဒါယကာကြီးသုမနဒေဝီသည် တုသိတာနတ်ပြည်သို့ရောက်လေ၏''ဟု မိန့်တော်မူ၏။

''အရှင်မြတ်ဘုရား တပည့်တော်၏သမီးသည် ယခုဘဝ၌ နှစ်ဘက်သော ဆွေမျိုးအကြားတွင် စည်းစိမ်ချမ်းသာ ကြီးစွာဖြင့် ပျော်ပါးစွာနေခဲ့ရပြီး ဘဝတပါး ပြောင်းသွားပါသော်လည်း

နှစ်သက်ရွှင်လန်း ကောင်းမြတ်သော နေရာ၌သာ ဖြစ်ပါပေသည်''ဟု လျှောက်၏။

သဌေးကြီး မမေ့မလျော့သောလူသည်ဖြစ်စေ၊ ရဟန်းသည်ဖြစ်စေ၊ ပစ္စုပ္ပန်လောက ယခုဘဝ၌ရင်း တမလွန်လောကနောင်ဘဝ၌ရင်း၊ နှစ်သက်ဖွယ်ရာ ခံစားရကုန်သည်သာတည်းဟုမိန့်တော်မူပြီး—

(၁၈) **ဣဓ နန္ဒတိ ပေစ္စ နန္ဒတိ၊**
**ကတပုညော ဥဘယတ္ထ နန္ဒတိ။**
**ပုညံ မေ ကတန္တိ နန္ဒတိ၊**
**ဘိယျော နန္ဒတိ သုဂတိံ ဂတော။**

(၁၈) ကုသိုလ်ကောင်းမှုပြုစုဆည်းပူးသူသည်ယခုဘဝ၌လည်း နှစ်သက်ရွှင်လန်း စံမြန်းရ၏။ တမလွန်ဘဝ၌လည်း နှစ်သက်ရွှင်လန်း စံမြန်းရ၏။ ပစ္စုပ္ပန်တမလွန် နှစ်ပါးသော ကာလ၌လည်း နှစ်သက်ရွှင်လန်း စံမြန်းရ၏။ ငါသည် ကုသိုလ်ကောင်းမှုကို ဆည်းပူးပြုခဲ့လေသည်ဟူ၍ နှစ်သက်ရွှင်လန်း၏။ သေရွာပြောင်းကြွ သုဂတိဘဝသို့ လားရလျှင်မူကား လွန်စွာပင် နှစ်သက်ရွှင်လန်းရပေသတည်း။

ဤဒေသနာတော်ဂါထာ၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပန်စသည်ဖြစ်လေ၏။

(ဓမ္မပဒ ယမကဝဂ် တဆယ့်သုံးခုမြောက် သုမနဒေဝီ ဝတ္ထု ပြီး၏)

# ၁၄/ နွားကျောင်းသားနှင့် နွားပိုင်ရှင် ဥပမာ

(ရဟန်းနှစ်ပါး ဝတ္ထု)

> တရားစကား များများ ပြောပြီး တရားကို မကျင့်ဘဲ မေ့လျော့၍နေသောသူသည် သူတပါး၏ နွားကို ရေတွက်၍ နေရသော နွားကျောင်းသားကဲ့သို့ နွား၏ အကျိုးကျေးဇူးကို မခံရ။
> တရား စကားကို နည်းနည်း ပြောသော်လည်း တရားကို အစဉ်လိုက်၍ ကျင့်သောသူသည်နွားနို့၏အရသာကို အလိုရှိတိုင်း ခံစားရသကဲ့သို့ ကျေးဇူးခံစားရ၏။

(ဗဟုမ္ပိစေ)အစရှိသော ဒေသနာတော်ကို နှစ်ပါးကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## အကြောင်းစဉ်ကား ဤသို့တည်း

သာဝတ္ထိပြည်မှသူငယ်ချင်းနှစ်ယောက်တို့သည်တရားတော်ကို နာကြားရသဖြင့် သာသနာတော်၌ ရဟန်းပြုကြ၏။ ငါးဝါတို့ ပတ်လုံး ဉပဇ္ဈာယ်ဆရာထံ၌နေ၍ ဘုရားကိုယ်တော်မြတ်ထံ မေးလျှောက်၏။ ဂန္ထဓုရကိုင်း၊ ဝိပဿနာဓုရကိုင်း အကျယ်

ကြားနာရပြီးတပါးသော ရဟန်းက အရှင်ဘုရား၊တပည့်တော်သည် အသက်ကြီးမှ ရဟန်းပြုရပါသဖြင့် ဝိပဿနာဒုရ ကိုသာ ကျင့်ပါတော့အံ့ဟု လျှောက်ထား၍ မမေ့မလျော့သော လုံ့လဖြင့် ကျင့်ကြံ အားထုတ်သောကြောင့် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

အခြား ရဟန်းတပါး သည်ကား ဂန္ထဓုရကို သင်ကြား၍ ပိဋကတ်သုံးပုံတည်းဟူသော တရားတော်ကို လိုက်လံ ဟောပြ၍ ရဟန်းငါးရာတို့အား ပိဋကတ်တော်တို့ကို ပို့ချလျက် တဆယ့်ရှစ်ရပ်ကုန်သော ဂိုဏ်းကြီးတို့၏ ဆရာဖြစ်လာ၏။

အခြားရဟန်းတို့သည် မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်းကို သင်ယူ၍ ဝိပဿနာဓုရကို ဆောင်သော မူလရဟန်းတပါး ဖြစ်သည့် ရဟန္တာမထေရ်၏ထံသို့သွား၍ထိုမထေရ်၏ ဩဝါဒ၌တည်လျက် အရဟတ္တဖိုလ်သို့ ရောက်ကြပြီးမထေရ်ထံခွင့်ပန်၍ မြတ်စွာဘုရားထံ ဖူးမြော်ရန် သွားကြ၏။ မထေရ်က သင်တို့သည် မြတ်စွာဘုရားကို ရှိခိုးပြီး ရှစ်ကျိပ်ကုန်သော မထေရ်တို့ကိုလည်း ရှိခိုးကြပါကုန်လော့။ ငါ၏မိတ်ဆွေဟောင်း ဖြစ်သော မထေရ်ကိုလည်း တပည့်တော်တို့၏ဆရာသည် အရှင်မြတ်ကို ရှိခိုးလိုက်ပါသည်ဟု လျှောက်ကြားကုန်လော့ဟု မှာကြားပြီး လွှတ်လိုက်၏။ ထိုရဟန်းတို့သည် ဆရာမထေရ် မှာသည့်အတိုင်း မြတ်စွာဘုရားနှင့် ရဟန္တာ ရှစ်ကျိပ်တို့ကို ရှိခိုးပြီး ပိဋကတ်ဝန်ဆောင်မထေရ်ကို ရှိခိုးပြီး မှာကြားသည့် အတိုင်း လျှောက်ကြားကြ၏။ ထိုမထေရ်က အသင်တို့ဆရာ မည်သူနည်းဟု မေး၏။ အရှင်မြတ်၏ မိတ်ဆွေဟောင်းပါ ဟု လျှောက်၏။

## ဂန္ထဓုရ ပုဂ္ဂိုလ်၏ မှားယွင်းချက်

ဤသို့လျှင် မြတ်စွာဘုရားထံ အဖူးအမြော် ရောက်ကြသော မထေရ်တို့က မကြာခဏလာ၍ အမှာစကားကို လျှောက်ထားကြသည်ရှိသော် ဂါထာမျှလည်း နားမလည် မသိ၊ ပံ့သုကူ သင်္ကန်းကို ကောက်၍ ရဟန်းပြုသော ကာလမှစ၍ တောသို့ ဝင်ပြီး နေပါလျက် တပည့်တပန်း များပေ၏။ ထိုရဟန်းလာသောအခါ ငါသည် ပြဿနာကို မေးမည်ဟု ကြံ၏။

အရဟတ္တဖိုလ် ရောက်ပြီးသော မထေရ်သည် မြတ်စွာဘုရားကို ဖူးမြော်ရန် လာသည့်အခါ မိမိ၏ အဖော်ဟောင်းဖြစ်သော ပိဋကတ်ဝန်ဆောင် မထေရ်၏အထံ၌ မြတ်စွာဘုရားနှင့် ရှစ်ကျိပ်ကုန်သော မဟာထေရ်တို့အထံရှိခိုးပြီး၍ ပြန်လာခဲ့၏။ ထိုရဟန္တာမထေရ်အား ပိဋကတ်မထေရ်က ဝတ်ကြီးဝတ်ငယ်ပြုစေပြီးလျှင် နေရာတန်းတူယူ၍ အမေးပုစ္ဆာကို မေးမည်ဟု ထိုင်နေ၏။

## မြတ်စွာဘုရားက ပြဿနာတော်ကို မေးတော်မူခြင်း

ထိုခဏ၌ ဘုရားသခင်သည် ဂန္ထဓုရ ပိဋကတ်ကို ဆောင်သော ရဟန်းသည် ရဟန္တာဖြစ်ပြီးသော ဝိပဿနာမထေရ်ကို အထင်သေးစွာ ပြဿနာမေးလေလျှင် ငရဲ၌ ဖြစ်လေမည်ကို မြင်တော်မူသဖြင့် အစဉ်သနားသောအားဖြင့် ကျောင်းစဉ်ကို လှည့်လည်ကြည့်ရှုတော်မူဘိသကဲ့သို့ ထိုရဟန်းနှစ်ပါးတို့နေရာအရပ်သို့ ကြွတော်မူ၏။ ကျောင်းတိုင်းတွင် မြတ်စွာဘုရားသခင် အတွက် ထိုင်နေသီတင်းသုံးရန် နေရာကို အစဉ်သဖြင့် ခင်းထားကြကုန်

သည်ဖြစ်၍ မြတ်စွာဘုရား သခင်သည် ခင်းထား အပ်သော နေရာ၌ သီတင်းသုံးတော်မူ၏။

ဘုရားသခင်သည် ပိဋကတ် ဝန်ဆောင် ဂန္ထဓုရ ရဟန်းကို ပထမစျာန်၊ ဒုတိယစျာန် စ၍ ရှစ်ပါးသော သမာပတ်ကိုင်း၊ ရုပ်နာမ်တို့ကိုင်း အမေးပုစ္ဆာ မေးတော်မူ၏။ ထို့နောက် သောတာပတ္တိမဂ်အကြောင်းကို မေးတော်မူလျှင် ထိုရဟန်းသည် (တစုံတခုကိုမျှ) မဖြေဆိုနိုင်ပေ။

ထိုသို့ မဖြေဆိုနိုင်တော့မှ ရဟန္တာဖြစ်ပြီးသော ဝိပဿနာဓုရ ဆောင် မထေရ်ကို မေးတော်မူ၏။ မထေရ်သည် ကောင်းစွာ ဖြေဆို၏။

မြတ်စွာဘုရားက ကောင်း လှ ပေ ၏၊ ကောင်းလှပေ၏ဟု ကောင်းချီးပေးတော်မူ၏။

ထိုနောက်တဖန် ကြွင်းသော မဂ်တို့၌ အစဉ်အတိုင်း အမေး ပုစ္ဆာ မေးတော်မူ၏။

ဂန္ထဓုရဆောင်သော ရဟန်းသည် တစုံတခုမျှ မဖြေဆိုနိုင်။

ရဟန္တာဖြစ်သော မထေရ်သည်ကား မေးတိုင်း မေးတိုင်း ဖြေဆို၏။

မြတ်စွာဘုရားလည်း ရဟန္တာမထေရ်အား ကောင်းချီးကို ပေးတော်မူ၏။

မြတ်စွာဘုရား ကောင်းချီးပေးတော်မူသော အသံကိုကြား လျှင် ဘုမ္မဇိုဝ်းနတ်မှစ၍ ဗြဟ္မာပြည်တိုင်အောင် အလုံးစုံသော နတ် ဗြဟ္မာ အပေါင်းတို့သည်ရှင်း၊ နဂါး ဂဠုန် တို့သည်ရှင်း ကောင်းချီးကို ပေးကြကုန်၏။

## သောတာပန် တည်ခြင်း

ထိုသို့ ကောင်းချီး ပေးသည်ကို ကြားသောကာလ ဂန္ထဓုရကို ဆောင်သောပိဋကတ်တော်တို့ကိုသင်ကြားနေသည့် ထိုမထေရ်၏ တပည့်တို့သည် မြတ်စွာဘုရားသခင်ကို ကဲ့ရဲ့ရှုတ်ချကုန်၏၊

မြတ်စွာဘုရားသည် တစုံတခုမျှမသိသော သက်ကြီးရွယ်ရင့် မထေရ်အား လေးပါးကုန်သော အရာတို့၌ ကောင်းချီးပေးတော်မူ၏။ ပရိယာယ်ကို ဆောင်တော်မူသော ရဟန်းငါးရာတို့၏ ဆရာ ဖြစ်သည်ကိုမူ မထောက်ထား ချီးမွမ်းခြင်းကို တစုံတရာ မပြုဟု ဆိုကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား အသင်တို့သည် အဘယ်အကြောင်းကို ပြောကြသနည်းဟု မေးတော်မူ၏။ ထို အကြောင်းကို လျှောက်ကြားကြလျှင်—

ချစ်သားရဟန်းတို့၊ အသင်တို့၏ ဆရာသည် ငါဘုရား၏ သာသနာတော်၌ အဘိုးအခဖြင့် နွားတို့ကို စောင့်ရှောက် ထိန်းကျောင်း ရသော သူနှင့် တူ၏။ ငါ၏ သားတော် သည်ကား ငါးပါးကုန်သောအရသာရှိသည့် နွားနို့တို့ကို အလိုရှိတိုင်း သုံးဆောင် စားရသော နွားရှင်နှင့်တူလေသည်ဟု မိန့်တော်မူပြီး

(၁၉) ဗဟုမ္ပိ စေ သံဟိတ ဘာသမာနော၊
န တက္ကရော ဟောတိ နရော ပမတ္တော။
ဂေါပေါဝ ဂါဝေါ၊ ဂဏယံ ပရေသံ
န ဘာဂဝါ သာမညဿ ဟောတိ။ ။

(၂၀) အပ္ပမ္ပိ စေ သံဟိတ ဘာသမာနော၊
ဓမ္မဿ ဟောတိ အနုဓမ္မစာရီ၊
ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ၊
သမ္မပ္ပဇာနော သုဝိမုတ္တစိတ္တော။
အနုပါဒိယာနော ဣဓ ဝါ ဟုရံ ဝါ၊
သ ဘာဂဝါ သာမညဿ ဟောတိ။

(၁၉) အကြင်သူတစ်ယောက်သည် ပိဋကတ်သုံးပုံကိုအကြိမ်များစွာ သင်ကြားပို့ချ ပြောဟောသော်လည်း သတိမေ့လျော့စွာ ပြုသင့်ပြုအပ်သော နှလုံးသွင်းခြင်းကို မပြုခဲ့ငြားအံ့၊ ထိုသူသည် မိမိ နွားများကို မပျောက်ပျက်အောင် ရေတွက်လျက် နွားရှင်အား ပြန်၍ အပ်နှံရသော နွားကျောင်းသား ကဲ့သို့ ကျင့်လိုကြသော သူတော်ကောင်းတို့အား ဆောင်နှင်းပေးအပ်လိုက်ရ၏။ ထိုသူသည် မဂ်ဖိုလ်အထူး ရဟန်းကျေးဇူးမနှံ့ဖြစ်၏။

(၂၀) အကြင်သူသည် အကျိုးရှိသော ဘုရားစကားတော်ကို အနည်းငယ် ပို့ချသော်လည်း တရားတော်အား ကျင့်ခဲ့သည်ဖြစ်အံ့။ ထိုသူသည် တဏှာကိုင်း၊ ဒေါသကိုင်း၊ မောဟကိုင်း ပယ်၍ ကောင်းစွာသိသည်ဖြစ်၍၊ ကောင်းစွာလွတ်သောစိတ်ရှိသည်ဖြစ်၍ ဤဘဝ၌၎င်း၊ နောင်ဘဝ၌၎င်း ဒိဋ္ဌိတဏှာဖြင့် ပြင်းစွာစွဲလမ်းခြင်းမရှိဘဲ မဂ်ဖိုလ်အထူး ရဟန်းကျေးဇူးကို ခံစားရသည်ဖြစ်၏။

ထိုဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပန်စသည် ဖြစ်ကြကုန်၏။

(ဓမ္မပဒ ယမကဝဂ် တဆယ့်လေးခုမြောက် ရဟန်းနှစ်ပါး ဝတ္ထုပြီး၏)

## ယမကဝဂ်ပြီး၏။

# (၂)အပ္ပမာဒဝဂ်

## ၁/ကောသမ္ဗီပြည်မှဇာတ်လမ်းရှည်ကြီး

### (သာမာဝတီဝတ္ထု)

**မမေ့မလျော့ခြင်းသည် နိဗ္ဗာန်ကိုရခြင်း၊အကြောင်းတည်း။ မေ့လျော့ခြင်းသည်အမန်တလဲလဲသေရခြင်း၏အကြောင်း တည်း။**

(အပ္ပမာဒေါ အမတံပဒံ)အစခံသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရား သခင်သည် ကောသမ္ဗီပြည် ဃောသက သဌေး ကြီး၏ ဃောသိတာရုံ ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာမာဝတီနှင့် မောင်းမငါးရာ သေလွန်ရခြင်းကိုရင်း၊ မာဂဏ္ဍီ နှင့် ဆွေမျိုးများ သေဆုံးရခြင်းအကြောင်းကိုရင်း အကြောင်း ပြု၍ ဟောတော်မူ၏။'

(ဤ၌ ကောသမ္ဗီပြည်—ဥတေနမင်း နန်းတွင်းပြဿနာများ နှင့် ဆက်စပ်နွယ်ယှက်သော ရှေးဘဝ အကြောင်းကံ များကို ဗဟုဟုတတိုးပွားကြစေရန် အကျယ်တဝင့်ဖော်ပြအပ်ပါသည်)

# ပထမပိုင်း

## ဥတေနမင်း ဝတ္ထု

လွန်လေပြီးသော အခါ အလ္လကပ္ပနှင့် ဝေဋ္ဌဒီပက တို့သည် ကျောင်းတော်တွင် အတူနေယင်း ချစ်လှသောသူငယ်ချင်းများ ဖြစ်ကြလေသည်။ မိဘတို့သေလွန်လျှင် နှစ်ဦးစလုံး မင်းဖြစ်ကြသည်၊ နှစ်ပြည့်တပြည် စိတ်ဝမ်းညီစွာ နှစ်ကာလရှည်မြင့်စွာ မင်းပြုကြပြီးနောက် တရားသံဝေဂရ၍ နှစ်ပါးလုံးပင် နန်းကို စွန့်ပြီး ရသေ့ရဟန်းပြုကာ တောရမှိုး၍ တသီးတခြားစီတရား အားထုတ်၍နေကြ၏။

တဦးနှင့်တဦး ၁၅–ရက်ဘကြိမ် ဆီမီးကို ထွန်း၍ပြကာ အမှက်အသား ပြု၍နေကြယင်း ဝေဋ္ဌဒီပက ရသေ့သည် အနိစ္စ ရောက်ပြီး တန်ခိုးကြီးသောနတ်ဖြစ်လေသည်။ ၁၅–ရက်တကြိမ် ဆီမီးကိုမမြင်လေသော် ဝေဋ္ဌဒီပက ရသေ့ ကွယ်လွန် ပြီကို အလ္လကပ္ပရသေ့ သိလေ၏။

ဝေဋ္ဌဒီပကနတ်သားသည် မိမိအဖြစ်ကိုဆင်ခြင်သော် မင်း၏ အဖြာ်ကိုငုန့်၍ တောထွက်ပြီးတရားအားထုတ်လေသောကြောင့်

နတ်စည်းစိမ်ရသည်ကို သိရသည်။ ငါ၏အဆွေ အလ္လကပ္ပရသေ့ ထံသွားရောက် အကူအညီပေးရန် ကြံပြီး လူ့အသွင်ကိုဖန်ဆင်း၍သွားလေ၏။

အလ္လကပ္ပရသေ့က "ဒါယကာ အဘယ်ကလာသနည်း"ဟု မေးလျှင် "ငါကား ဝေဋ္ဌဒိပကရသေ့ဖြစ်သည်။ ငါသေလွန်ခဲ့ပြီး ယခု တန်ခိုးကြီးသော နတ်ဖြစ်၍ အဖူးအမြော် လာပါသည်"ဟုပြော၏။

"အရှင်အလ္လကပ္ပ၊ ဤအရပ်တွင် ဘေးရန်များကင်းရှင်းပါ၏လော"ဟုမေး၏။

"အဆွေ ဤအရပ်တွင် ဆင်တို့သည် မြေကိုယက်ကြသဖြင့် တွင်းကျင်းဖြစ်သည်။ ငါသည် မြေကိုဖို့ရသဖြင့် ပင်ပန်းလှသည်"ဟုဆို၏။

"အရှင် အလ္လကပ္ပ၊ ဆင်တို့ကို မလာစေသောမန္တရား၊ ဆင်တို့ကို လာစေတတ်သောမန္တရား(မန္တာန်)သည်ရှိ၏။ ဟတ္ထိကန္တမည်၏။စောင်းညှို့သုံးချောင်းပုံပြီးသော် ပဌမစောင်းကြိုးကို ညှို့၍ မန္တာန်ကိုဆိုသော် ဆင်တို့သည် ပြေးကြလိမ့်မည်။ ဒုတိယစောင်းကြိုးကို ညှို့၍တီးပြီး မန္တာန်ကိုရွတ်သော် ဆင်တို့သည် လှည့်ကြည့်၍ပြေးကြလိမ့်မည်။ တတိယစောင်းကြိုးကိုညှို့၍တီးပြီး ဤမန္တာန်ကိုရွတ်သော် ဆင်တို့သည်လာလည်း ဆင်တို့၏ အန္တရာယ်မှ ကင်းဝေးစွာနေရလေ၏။

ထိုအချိန်တွင် ကောသမ္ဗီပြည် ပူရန္တပ္ပမင်းသည် မိဖုရားနှင့်တကွ လေသာ ပြတင်းတွင် နေပူစာလှုံခိုက် ကိုယ်ဝန်အရင့်အမာနှင့် မိဖုရား ကမ္ဗလာနီခြုံ၍ထားသည်ကို ဟတ္ထိလိင် ငှက်

မင်းသည် သားတစ်ထင်မှတ်၍ သုတ်လေ၏။ ဟတ္ထိလိင်ငှက်သည် ဆင်ပြောင်ငါးစီးမျှ အားမာန်ရှိ၏။ ဟိမဝန္တာ တောအရပ် ညောင်ပင်ကြီးတခု၏ ခွကြားတွင် သားတစ်ကိုချ၍ စားအံ့ဟု ပြင်လေသော် မိဖုရားက လက်ခုတ်လက်ဝါးတီးကာ အော်ဟစ်၍လှုန့်သောကြောင့် ငှက်ဆင်လည်း လန့်၍ပျံသွားလေ၏။

မိဖုရား၏ကံကြောင့် လေမိုးကြီးစွာကျလေရာ ငှက်ကြီးသည် တဖန်ပြန်မလာတော့။ နံနက်မိုးသောက် ရောက်သော် မိုးလေကင်းစင်ချိန်၌သားကိုဖွားလေ၏။ "ဥတေန"ဟုအမည်မှည့်၏။

အလ္လကပ္ပရသေ့သည် ထိုညောင်ပင်အနီးတွင် နေထိုင်သည် ဖြစ်၍ ညောင်ပင်ရင်းသို့ ရောက်လတ်သောအခါ ညောင်ပင်ထက်က သားငယ်ငိုသံကြား၍ မော့၍ကြည့်လျှင် မိဖုရားကို မြင်၍ အကြောင်းကိုမေးလေသော် ငှက်စွန်ချီ၍လာသော လူမိန်းမအဖြစ်ကိုလည်းကောင်း၊ သားငယ်ဖွားမြင်သည်ကို လည်းကောင်း သိသဖြင့် အောက်သို့ဆင်းစေ၏။ မိဖုရားက–

"အရှင်ဘုရား ဇာတိပျက်မည်ကို ကြောက်ပါသည်"

"အဘယ်အမျိုးအနွယ်နည်း"

"မိဖုရားပါတည်း"

"ငါလည်း မင်းတည်း"

"မင်းဖြစ်ဘိမူ မင်းတို့၏ မာယာကို ဆိုပါလော့"

အလ္လကပ္ပရသေ့လည်း မင်းတို့ ပရိယာယ်ကို ဆိုလေသော် မိဖုရားက "သို့ဖြစ်လျှင် တက်၍ သားကို ချပါလော့"ဟုဆို၏။

အလ္လကပ္ပ ရသေ့သည် ညောင်ပင်ကို လှေကား ထောင်၍ တက်ပြီးလျှင်သားငယ်ကိုယူ၍ ဆင်း၏။မိဖုရားလည်း လှေကားမှ

ဆင်း၍ ကျောင်းသခ်မ်းသို့ လိုက်လေ၏။ သီတင်း သီလမပျက်စေပဲ နေထိုင်၏။ ပျား၊ နို့ရေဖြင့် သလေးစပါးကို ယာဂုကျိုချက် စားသောက်နေကြလေ၏။

## မိဖုရား မာဃာ

ကာလကြာသော် မိဖုရားတွင် အကြံဖြစ်၏။ "ငါကား လာလမ်းကိုလည်း မသိ။ သွားလမ်းကိုလည်းမသိ။ ဤရသေ့ ငါ့ကို ပစ်၍သွားခဲ့သော် ငါတို့သားအမိ ဤတောဌ်ပင် သေရလတံ့။ သို့ဖြစ်၍ ရသေ့ကို ဖြားယောင်းမှ ငါတို့သားအမိ အသက်ရှင်နိုင်တော့မည်"ဟု ရသေ့ကို ဖြားယောင်းလေတော့၏။ ရသေ့လည်း မိဖုရား မာဃာကျော့ကွင်းတွင် ငြိစွန်း၍ သီလပျက်လေတော့၏။

## ဥတေနပြည်တော်ပြန်

တနေ့တွင် အလ္လကပ္ပရသေ့သည် ပူရန္တပ္ပမင်း၏ နက္ခတ် ညှိုးနွမ်းသည်ကို မြင်၍–

"မိဖုရား၊ ယခု ကောသမ္ဗီပြည်မင်း နတ်ရွာစံလေပြီ"

"အရှင်ရသေ့ အဘယ့်ကြောင့် သိသနည်း"

"နက္ခတ် သို့းနွမ်းသည်ကိုမြင်၍ သိသည်"ဟု ဆိုလေသော် မိဖုရားသည် ငိုကြွေးလေ၏။

"ရှင်မိဖုရား ဘယ့်ကြောင့် ငိုသနည်း"

"ကောသမ္ဗီမင်းသည် ကျွန်ုပ်၏ ခင်ပွန်းဖြစ်၍ ငိုပါသည်"

ရသေ့လည်း အနိစ္စတရားကိုပြ၍ တရားဟော၏။

"ရှင်ရသေ့ အနိစ္စတရားကို သိပါ၏။ သားငယ်သည် ကောသမ္ဗီတွင်သာ ရှိပါက အရိပ်အရောင်ကို ဆက်ခံ၍ မင်းဖြစ်ရမည်သာဖြစ်၏။ ဤအကြောင်းကြောင့် ငိုပါသည်"ဟုဆို၏။

"ဤသို့ဖြစ်လျှင် မစိုးရိမ်လင့်၊ မင်းဖြစ်အောင် ငါစီစဉ်ပေးမည်"ဟု ဆို၏။

မကြာမြင့်ပင် ဥတေနမင်းသားအား ဟတ္ထိကန္တ စောင်းကိုပေး၍ ဟတ္ထိကန္တ မန္တာန်ကို သင်ကြားပေး၏။ မင်းတို့တတ်အပ်သော ပညာတို့ကို သင်ကြားပေး၏၊ အလုံးစုံ တတ်မြောက်ပြီးသော် ဥတေနမင်းသားအား ညောင်ပင်ထက်သို့ တက်စေ၍ ဆင်လာစေသော မန္တာန်ကို ရွတ်ဆိုပြီး စောင်းကို တီးစေ၏။ ကြီးစွာသော ဆင်သည် အထောင်မကသော ဆင်တို့ကိုခေါ်၍ ညောင်ပင်ရင်း၌ရပ်ပြီးလျှင် ဥတေန မင်းသား စီးရန် အသင့်ပြင်ဆင်၍ နေ၏။ ရသေ့လည်း ဥတေနမင်းသားကို ဆင်ကျောက်ကုန်း၌ စီးစေပြီး မိဖုရားကိုခေါ်၍ "သင်၏သားကို မှာကြားစရာရှိသမျှ မှာကြား ပြောဆိုလေလော့။ ကေန်မချွတ် မင်းဖြစ်လိမ့်မည်"ဟု ဆို၏။မိဖုရားလည်းမင်းသားထံသို့လာ၍–

"ချစ်သား၊ သင်သည် ကောသမ္ဗီပြည် ပူရန္တပမင်း၏ သားဖြစ်သည်။ ကမ္ဗလာနီနှင့် ငှက်စွန် ချီ၍ လာခဲ့ကြောင်းကို အမတ်တို့အား ပြောပြ၍ မယုံကြည်လျှင် ဤနန်းစဉ်ပတ္တမြားလက်စွပ်နှင့် ဤကမ္ဗလာနီကို ပြလေလော့"ဟု မှာကြားပြီး အမတ်စစ်သူကြီးတို့ အမည်ကိုပါ ပြောပြလိုက်၏။

ဥတေန မင်းသားက မယ်တော်နှင့် ရသေ့တို့ကို ရှိခိုးပြီး ဆင်တပ်ကြီး ခြံရံလျက် အစဉ်အတိုင်း သွားလေ၏။ လမ်းတွင်

ဇတ္တသော ရွာတိုင်းအား စည်းရုံးခေါ်ဆောင်၍ ကောသမ္ဗီမြို့ရိုး အပြင်တွင် သစ်ခက်တဲနန်းထိုး၍—

"စစ်ကိုလည်း ထိုးမည်လော။ ပြည်ကိုလည်း အပ်မည်လော" ဟု တမန်လွှတ်၍ အကြောင်းကြား၏။

ကောသမ္ဗီအမတ်စစ်သူကြီးတို့ကလည်း—

"စစ်ကိုလည်း ငါတို့မထိုးလို။ ပြည်ကိုလည်းမအပ်နိုင်။ ငါတို့ အရှင် မိဖုရားသည် ကိုယ်ဝန်နှင့်တကွ ငှက်စွန် ချီ၍ သွားလေသည်။ မိဖုရား ရှိသည်ကိုလည်း မသိကုန်။ သားဖွားသည်လော၊ သမီးဖွားသည်လောဟုလည်း မသိကုန်။ ငံ့လင့် စောင့်ဆိုင်း၍ နေကြဆဲပင် ဖြစ်သည်" ဟု ဆို၏။

"ငါသည် မိဖုရား၏သားတည်း" ဟုဆို၏။ အမတ်စစ်သူကြီး တို့အမည်ကို ပြောပြီးလျှင် နန်းစဉ်လက်စွပ်နှင့် ကမ္ဗလာနီတို့ကို ပြလေလျှင် ဤသူသည်ကား ငါတို့အရှင်၏ သား အစစ်အမှန် တည်းဟု ပြည်ကို အပ်နှင်း၍ မင်းအဖြစ် တင်မြှောက်ကြလေ သတည်း။

# ဒုတိယပိုင်း

## မကောင်းမှုဝဋ်ကြွေးကိုခံ၊ ကောင်းမှုကြောင့်စံရသောဃောသကသဋ္ဌေးကြီး၏ ဘဝအထွေထွေ

(ဃောသက ဝတ္ထု)

**သားကိုစွန့်ပစ်ခြင်း၏ ဝိပါက**

အာလကပ္ပတိုင်း၌ ကပ်ရောဂါဆိုးကြီး ကပ်ရောက်လေလျှင် လူတို့သည် အလောင်းချင်းထပ်မျှ သေကြေပျက်စီးကြ၏။ လွတ်အံ့သော သူတို့သည် အသက်ဘေးမှ အလွတ်ရုန်း၍ အိုးအိမ်တို့ကို စွန့်ခွာ ထွက်ပြေးကြရကုန်၏။

ထိုသို့ ထွက်ပြေးကြ သူများ အနက် ကောတုဟလိကနှင့် ကာဠီတို့ လင်မယားသည် သားကလေးကို ပိုက်၍ ကောသမ္ဗီပြည်သို့ ဦးတည်၍ ထွက်ပြေးကြ၏။

လမ်းခရီး၌ ပါလာသော ရိက္ခာ ကုန်ကြ၍ အားပြတ်ပြီး လဲတောမတတ် ဖြစ်ကြ၏။ လင်ဖြစ်သူက မယား ကာဠီကို

တိုင်ပင်သည်။ ငါတို့သည် အသက်မသေသေးလျှင် သားတယောက် ရနိုင်ပါသေးသည်။ ဤကလေးကို လမ်းတွင် စွန့်ပစ်၍ထားခဲ့ပါအံ့ဟု ဆို၏။ မယားလုပ်သူက ခါးခါးသီးသီးငြင်း၏။ ကလေးကို တယောက်တလှည့်စီ ချီ၍ လာကြစဉ် ကလေးသည် အဖေ၏ လက်၌ အိပ်ပျော်သွားခိုက် ရှေ့မှ သွားနှင့်သော မယားကို လှမ်းကြည့်ပြီး ချုံတခု၏အောက်၌ သစ်ရွက်တို့ကို ခင်းပြီး စွန့်ပစ်ထားခဲ့၏။ မယားသိသောအခါ သားမရှိလျှင်သူပါသေရပါလိမ့်မည်ဟု ငိုကြွေးသဖြင့် သားကို တခေါက်ပြန်ယူပေးရ၏။ သို့သော် ကလေးငယ်မှာ သက်ဆိုးမရှည်ရှာ၊ လမ်းခရီးတွင်ပင်သေဆုံး၍ သွား၏။

သို့သော် ကောတုဟလိကသည် ဤသို့ သားကို လမ်းခရီးတွင် စွန့်ပစ်ခဲ့သဖြင့် နောက်ဘဝ၌ ခုနစ်ကြိမ် တိုင်တိုင် စွန့်ပစ်ခြင်းခံရသော ဝိပါကလိုက်ခြင်း ခံရ၏။

## ခွေးမ၏ ဘဝကို ခံမင်မိ၍

လင်မယားနှစ်ယောက် ခရီးအစဉ်အတိုင်း သွားကြရာ နွားကျောင်းသား တယောက်၏ အိမ်သို့ ရောက်၏။ ထိုနေ့သည် နွားကျောင်းသား၏ အိမ်၌ နို့ညှစ်မင်္ဂလာပွဲနှင့် ကြုံကြိုက်၍ အစားအစာ ပေါများနေ၏။ နွားကျောင်းသားသည် လင်မယားနှစ်ယောက်၏ ဒုက္ခကို ကြားသိရသဖြင့် များစွာသော အစားအစာတို့ကို ချ၍ကျွေး၏။ ကောတုဟလိကသည် ငတ်ငတ်နှင့် များစွာစား၏။ မယားဖြစ်သူက လင်ကိုညာ၍ လျှော့ပြီး

စား၏။ အိမ်ရှင်သည် မိမိလည်း စား၏၊ ပိုလျှံသမျှကို အိမ်၌ မွေးထားသော ခွေးမကို ကျွေး၏။

ကောတုဟာလိကသည် ဆီဦးထောပတ် စားကောင်း သောက်ဖွယ်တို့ကို ခွေးမကြီးက အားရပါးရ စားနေသည်ကို ကြည့်၍ ဤအိမ်၌ ခွေးဖြစ်ရသည်ပင် မြတ်သေး၏ဟု စိတ်၌ ဖြစ်ပေါ်၏။ ထိုညတွင် ကောတုဟာလိက အစာမကြေသော ရောဂါဖြင့် သေလွန်လေ၏။ စိတ်၏ စွဲလမ်းမှုဖြင့် ထိုအိမ်မှ ခွေးမကြီး၏ ဝမ်း၌ ပဋိသန္ဓေ စွဲလေ၏။

ကာဠိသည် လင်ယောကျ်ား မရှိတော့သဖြင့် ခရီးမဆက်တော့ဘဲ ဤအိမ်၌ပင်အခစားဖြင့် လုပ်ကိုင်၍ နေထိုင်၏။ တနေ့တွင် ကာဠိမ ထမင်းချက်နေစဉ် စားမည့်ဆဲဆဲ ရှင်ပစ္စေကဗုဒ္ဓါ တပါး ဆွမ်းခံကြွလာသည်ကိုမြင်သဖြင့် သပိတ်၌ လောင်းလှူပြီး ဤကုသိုလ်၏ အဘိုဘာဂကို ခင်ပွန်း လင်သည် အမျှ ရပါစေသတည်းဟု ဆုတောင်း၏။ ရှင်ပစ္စေကဗုဒ္ဓါကို နေ့စဉ်ပင် ထတ်အားသမျှ လှူဒါန်း၏။ ဝေယျာဝစ္စ ကုသိုလ်တို့ကို ပြု၏။

ခွေးမသည်ကောတုဟာလိက ဝင်စားသောခွေးငယ်တကောင် ဖွားမြင်၏။ ထိုခွေးငယ်သည် ကြီးပြင်းလာသောအခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို အလွန် ချစ်ခင်ခြင်း ဖြစ်၏။

အိမ်ရှင် နွားကျောင်းသားသည် အရှင်မြတ်အား တပည့်တော် လာရောက်မပင့်နိုင်သော နေ့များတွင် ဤခွေးကိုလွှတ်၍ ပင့်စေပါလျှင် ကြွတော်မူပါဟု လျှောက်ထား၏။ တနေ့တွင် နွားကျောင်းသား မအားလပ်၍ ခွေးကို ''ငါ့သား၊ ရှင်ပစ္စေကဗုဒ္ဓါကို သွားရောက်ပင့်ချေ''ဟု စေခိုင်းလျှင်အားရပါးရပြေး၍

လမ်းခရီး၌ တောတွင် ချုံပုတ်အတွင်းရှိ သားရဲတို့ကို ချောက်လှန့် ရှင်းလင်းပြီး ကျောင်းသို့ အပြေးသွားကာ ကျောင်းရှေ့မှ ဟောင်၏။ ရှင်ပစ္စေကဗုဒ္ဓါလည်း ပင့်လာသည် အဖြစ်ကိုသိ၍ သင်္ကန်းကိုရုံပြီး ကြွ၏။ ခွေးသည် ရှေ့မှပြေး၍ သားရဲကင်းရှင်းစိမ့်သောငှာ ချုံပုတ်တို့ကို တိုးဝှေ့ ရှင်းလင်းပေး၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ခွေး၏စိတ်ကိုသိလို၍ ခရီးကိုလွှဲဖယ်သွား၏။ ခွေးသည် ပစ္စေကဗုဒ္ဓါရှေ့မှ ဆီး၍ဟောင်ပြီး လမ်းမှန်ကိုပြ၏။ နောက်တနေ့တွင် ခွေး၏သဘောကို ပို၍သိလိုသဖြင့် ဤသို့ပင် လမ်းကိုလွှဲ၍သွားပြီး ခွေးက ရှေ့မှဆီး၍ ဟောင်သည်ကို တိုးဝှေ့ပြီး ရှေ့သို့ဆက်၍ကြွသည်ရှိသော် ခွေးသည် နောက်မှ သင်္ကန်းစကိုကိုက်၍ဆွဲခေါ်၏။ ဤသို့ဖြင့် ခွေး၏အစွမ်းကိုသိရ၏။

ဤသို့ ကာလအတန်ကြာသော် ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ သင်္ကန်းတို့ ဟောင်းနွမ်း၍ နွားကျောင်းသားက သင်္ကန်းကို လှူ၏။ အရှင်မြတ်သည် သင်္ကန်းချုပ်ရန်အတွက် တပါးတည်းဖြင့် မဖြစ်နိုင်၊ အခြားတနေရာသို့ သွားရောက်ချုပ်ရမည်ဖြစ်၍ နွားကျောင်းသားအား ပြောကြား၏။ ခွေးသည် နွားထောင်နေ၏။ နွားကျောင်းသားသည် လိုက်၍ လမ်းခရီးရောက်အောင်ပို့၏။ ဒါယကာနေခဲ့လော့ဟု မိန့်ဆိုသည့်အရပ်တွင်ရပ်၍နေ၏။ ရှင်ပစ္စေကဗုဒ္ဓါသည် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ကြွ၏။ ခွေးသည် အရှင်မြတ်ကို မျက်စိတဆုံးကြည့်၍ မမြင်ရသည့်အခါတွင် နှလုံးကွဲ၍သေလေ၏။

ထိုခွေးသည် ဖြောင့်မတ်မှန်ကန်သောစိတ်ကြောင့် သေလွန်

ခြင်းနှင့် ရှင်ပစ္စေကဗုဒ္ဓါအပေါ်တွင် မြတ်နိုးသောစိတ်ဖြင့်သေ ရခြင်း အကြောင်း များကြောင့် သေသည်နှင့် တပြိုင်နက် တာဝတိံသာနတ်ပြည်၌နတ်သမီးတထောင်တို့ဖြင့်ကြီးစွာသော စည်းစိမ်ချမ်းသာ ခံစားသုံးဆောင်ရ၏။

ထိုနတ်သားသည် ရှေးဘဝက ရှင်ပစ္စေကဗုဒ္ဓါအား အုဟောင်၍ ဝမ်းမြောက်ခြင်း၊ မြူးထူးခြင်း၏အကျိုးဆက်ကြောင့် နတ်ပြည်၌ ကျယ်လောင်သောစကားသံဖြင့် ထူးခြားသောနတ် တပါးဖြစ်၍ ဃောသကနတ်သားဟူ၍ အမည်တွင်၏။

## ပထမဝင်္ဂကြွေး

ဃောသက နတ်သားသည် အစဉ်အတိုင်း ခံစားစံစားပြီး နတ်ပြည်မှစုတိခဲ့သော် ကောသမ္ဗီပြည်၌ ပြည့်တန်ဆာမ၏ ဝမ်းဝယ် ပဋိသန္ဓေဖြစ်၏။ သားယောကျ်ားဖွားသော် အမှိုက်ပုံတွင် စွန့်ပစ်ခြင်းဝင်္ဂကြွေးကိုခံရ၏။

အမှိုက်ပုံမှ ကလေးကို ခွေး၊ ကျီးတို့သည် ဝိုင်းရံကုန်၏။ ပစ္စေကဗုဒ္ဓါ၏ ချစ်ခင်သောအကျိုးဆက်ဖြင့် အနီးသို့တကောင် မျှမချဉ်းကပ်နိုင်ကြ။ လူတို့မြင်သည်ရှိသော် တယောက်သော သူသည် သားအဖြစ်ချစ်ခင်၍ ကောက်ယူသွား၏။

ကောသမ္ဗီသဌေးကြီးသည်မင်းအိမ်သို့အသွားတွင်ပုရောဟိတ် ပုဏ္ဏားကြီးကိုတွေ့သဖြင့် ယနေ့ဂြိုဟ်သွားနက္ခတ် အကြောင်းကို မေး၏။ ပုဏ္ဏားကြီးက ယနေ့ မင်းအတွက်ရင်း၊ တိုင်းပြည် အတွက်ရင်း၊ သဌေးကြီးအတွက်ရင်း တစုံတရာ အကျိုးအပြစ် မဖြစ်ပါ။ သို့သော် ယနေ့မွေးသောကလေးသည် ဤတိုင်းပြည်

၌ သဌေးကြီးဖြစ်လတံ့ဟုဆို၏။ ထိုစကားကိုကြားလျှင်သဌေးကြီးသည် နောက်၌ပါလာသော ကာဠီကျွန်မအား အိမ်တွင်နေ့စေ့လစေ့နှင့် သဌေးကတော်ကြီး မီးဖွားသည်မဖွားသည်ကို ကြည့်စေ၏။ မဖွားမြင်သေးသည်ကို သိလျှင် ကာဠီအား ဤအသပြာတထောင်ကိုယူ၍ ယနေ့မွေးသောသားယောကျ်ား တယောက်ကိုတွေ့လျှင် အသပြာတထောင်ပေး၍ ယူခဲ့လော့ဟု မှာကြား၏။

## ဒုတိယအကြိမ် ဝင်္ကြေးခံရခြင်း

ကာဠီသည် လှည့်လည် ရှာဖွေ၍ သူငယ်အား အသပြာ တထောင်ပေးပြီး ယူခဲ့၏။ သဌေးကြီးသည် ငါ၏ဇနီး၌ သမီး မိန်းကလေး မွေးသော် ဤသူငယ်နှင့် ပေးစားမည်။ သား ယောကျ်ားမွေးသော် သတ်မည်ဟု ကြံထား၏။ နှစ်ရက် သုံးရက် ကြာလျှင် သဌေးကတော်၌ သားယောကျ်ားမွေး၏။

သဌေးကြီးသည် ကာဠီကျွန်မအား နွားခြံဝ၌ ဤသူငယ်ကို ချ၍ထား၊ နွားတို့ခြံမှထွက်လျှင် နွားအုပ်ကြီးနင်း၍ သေသည်ကို မြင်မှ ပြန်လာခဲ့ဟု မှာကြား၏။ ကာဠီသည် မှာတိုင်းပြု၏။ နွားထိန်းသည် ခြံကိုဖွင့်၍ နွားတို့ကိုလွှတ်သည်ရှိသော် နွားလား ဥသဘကြီးသည် ရှေ့ဆုံးမှ ထွက်လာပြီး သူငယ်၏အပေါ်၌ ရပ်၍ ကာကွယ်ပေး၏။ တထောင်မျှသော နွားတို့သည် နွားလား ဥသဘကြီးကို ဖယ်၍ သွားကြ၏။ နွားထိန်းသည် ခါတိုင်းနေ့ များ၌ ဤနွားလားကြီးသည် နောက်ဆုံးမှထွက်ပါလျက် ယနေ့ မှုပင် ထူးထူးခြားခြား အဘယ်ကြောင့် ခြံဝမှ ရပ်ပြီး နေရပါ

သနည်းဟု ကြည့်သည်ရှိသော် နွားကြီး၏အောက်၌ သူငယ်ကို မြင်၍ အားရဝမ်းသာ ကောက်ယူပြီး မွေး၏။

ကာဠီသည် သဌေးကြီးအား မြင်သမျှကို ပြန်ပြောပြ၏။ သဌေးကြီးက အသပြာ တထောင်ပေး၍ သူငယ်ကို ဝယ်ယူစေပြန်၏။

## တတိယအကြိမ် ဝဋ်ကြွေးခံရပြန်ခြင်း

သားငယ်ကိုလမ်း၌ စွန့်ပစ်ခဲ့သော ဝဋ်ကြွေးသည်မရပ်သေး။ သဌေးကြီးက ကာဠီအား ယနေ့နံနက် စောစောတွင် လှည်းကုန်သည် ငါးရာတို့ခရီးထွက်ကြမည်။လှည်းလမ်း၌ မိုးမလင်းမီ ဤသူငယ်ကို ချ၍ထား။ နွားတို့၊ လှည်းတို့နင်း၍ စိစိညက်ညက် ကြေသည်ကို မြင်မှ ပြန်လာခဲ့ဟု မှာ၏။ ကာဠီသည် ထိုအတိုင်း ပြု၏။ လှည်းကုန်သည်တို့ လှည်း တန်း ကြီး ထွက်လာ၏။ ကလေး၏ နေရာသို့ရောက်လျှင် ရှေ့ဆုံးမှနွားသည် ခရီးမဆက်။ ကြိမ်ဖြင့်ရိုက်သော်လည်း ပေ၍ ခံနေ၏။ အလင်းရောင် တက်လာလျှင် လှည်းမှူးသည် ဆင်း၍ ကြည့်သည်ရှိသော် သူငယ်ကို မြင်၏။ သားအဖြစ် မွေး စား ၏။ သဌေးကြီးက အသပြာ တထောင်ပေး၍ ဝယ်စေပြန်၏။

## စတုတ္ထအကြိမ် ဝဋ်ကြွေးခံရပြန်ခြင်း

သဌေးကြီးသည် ကျွန်မကို သင်္ချိုင်း ချုံထဲ၌ ညအခါ စွန့်ပစ်ခိုင်းပြန်၏။ ခွေးအ,တို့ လာရောက် စားသည်၊ မစားသည်

ကို ကြည့်ပြီး ပြန်ခဲ့ဟု မှာ၏။ ကျွန်မသည် စောင့်၍ ကြည့်၏။ ခွေးအုတို့သည် သူငယ်ကိုမြင်သော် အနီးသို့ မကပ်နိုင်။

ရှင်ပစ္စေကဗုဒ္ဓါအား ကြည်ညိုပူဇော်ခဲ့သော၊ ရှင်ပစ္စေကဗုဒ္ဓါ၏ သွားရာ ခရီးတွင် သားရဲ တောကောင်တို့ကို ရှေ့မှ ကြိုတင် ချောက်လှန့်ပေးခဲ့သော ကုသိုလ်အဟုန်ကြောင့် ခွေးအုတို့သည် သူငယ်၏အနီးသို့ မချဉ်းကပ်နိုင်ကြကုန်။

နံနက်လင်းလျှင် တထောင် မျှလောက်သော ဆိတ်တို့ကို သင်္ချိုင်းအနီး၌ လွှတ်၍ ကျောင်း၏။ နို့စား ဆိတ်မကြီး တကောင်သည် သူငယ်ကိုမြင်လျှင် ချစ်ခင်ခြင်းဖြင့် သူငယ်ကို ခွလျက် နို့တိုက်၏။ဆိတ်ကျောင်းသားမြင်လျှင် ဝမ်းသာအားရ မွေးမြူမည်ဟု အိမ်သို့ ယူဆောင်၏။ သဌေးကြီးက အသပြာ တထောင်ပေး၍ ဝယ်စေပြန်၏။

## ပဉ္စမအကြိမ် ဝင်္ကြေးခံရပြန်ခြင်း

သားကိုစွန့်ပစ်ခဲ့သော ဝင်္ကြေးသည် မရပ်သေး။ သဌေးကြီးက မြင့်မားသော တောင်ပေါ်မှ ပစ်ချ၍ သတ်စေပြန်၏။ ကျွန်မလည်း တောင်ပေါ်တက်၍ တောင်ချောက်သို့ ပစ်ချလိုက်၏။ တောင်နံရံတွင် ဝါးချုံတို့သည် ပေါက်နေ၏။ ဝါးချုံပေါ်၌ ချင်ရွေးနွယ်တို့သည် ဖုံးအုပ်နေ၏။ သူငယ်သည် ကော်ဇောပေါ်သို့ ကျသကဲ့သို့ တည်၏။ ထရံယက်သူတို့ ဝါးခုတ်ရန် အလာတွင် သူငယ်သည် ကျယ်လောင်သော အသံဖြင့် ငို၏။ ထရံယက်သူတို့ သူငယ်၏ အသံကိုကြား၍ တောင်ကမ်းပါးသို့

တက်ပြီးကြည့်လျှင် သူငယ်ကိုတွေ့၍ ချစ်သောစိတ်ဖြင့် ကောက်ယူ မွေးထား၏။ သဌေးလည်း အသပြာ တထောင် ပေး၍ ဝယ်ပြန်၏။

## ဆင္ဒမအကြိမ်ဝင်ကြေးခံရပြန်ခြင်း

ဤသို့ဖြင့် သူငယ်သည် တဖြေးဖြေးကြီးလာ၏။ သဌေးကြီး၏စိတ်၌ ဤသူငယ်ကို ဆူးငြောင့်ကဲ့သို့ဖြစ်နေ၏။အရွယ်ကလေး အတန် ကြီးလာသောအခါ အိုးဖုတ်သူတယောက်ကို ခေါ်၍ တိုင်ပင်၏။ "ငါ့တွင် သားတယောက်ရှိသည်။ အလွန်ဆိုးသွမ်း၍ ဆုံးမ၍မရ။ သူ့ကို အိုးဖုတ်မည့်နေ့တွင် သင့်ထံသို့လွှတ်လိုက်မည်။ ငါလွှတ်လိုက်သောသားကိုသတ်ပြီး မီးထဲသို့ထည့်၍ အစတုံးအောင် ဖုတ်လေတော့"ဟုမှာထားပြီး အိုးဖုတ်မည့်နေ့တွင် ထိုသူငယ်အား အိုးထိန်းသည်ရှိရာအရပ်သို့ လွှတ်လိုက်၏။

သူငယ်သည် ဃောသက အမည်ကိုပင် ရ၏။ ဖခင်စေလွှတ်သည့်အတိုင်း အိုးဖုတ်ရာအရပ်သို့သွားသည်ရှိသော် လမ်းတွင် သဌေးကြီး၏သားအရင်း ဂုံညင်းကစား နေသည်ကို တွေ့၏။ သဌေးသားက ဃောသကကိုမြင်လျှင် "အကို ငါ့တွင်ဂုံညင်း ရှုံးနေသည်။ အကိုကူ၍ကစားပေးပါ"ဟုဆို၏။

ဃောသက က "ငါ့တွင် ဖခင်ခိုင်းလိုက်သော ကိစ္စရှိသည်။ ငါသွားရမည်"ဟုဆို၏။ သဌေးသားအရင်းက "အကို ကျွန်တော် သွားပေးပါမည်။ အကို နိုင်အောင် ကစားပေးပါ။ ကျွန်တော်ပြန်လာလျှင် ဆက်၍ကစားပါမည်"ဟုဆို၏။ ဃောသကလည်း ညီငယ် အတန်တန်တောင်းပန်သည်ဖြစ်၍ မြန်မြန်

သာပြန်လာခဲ့ပါ။ မှာကြားသည်ကို ငါ့ကိုပြန်ပြောပြလျှင် ငါက ဖခင်ကို ပြန်ပြောပါမည် ဟုဆို၍ ဂုံညင်းကိုကစားပေး၏။ ဃောသကသည် ဂုံညင်းကစားရာတွင် တော်သည်ဖြစ်၍ များစွာနိုင်၏။ ညီငယ်ကိုစောင့်မျှော်သော်လည်း မိုးချုပ်၍ပြန်မလာလျှင် အိမ်သို့ပြန်၏။

သဌေးကြီးက ဃောသကကိုမြင်လျှင် သင်မသွားသလော ဟုမေး၏။ ညီငယ်ဂုံညင်းရှုံး၍ ကစားပေးနေရသည်။ညီငယ်သွားပါသည်ဟုဆိုလျှင် သဌေးကြီးသည် ရင်ပတ်စည်တီးငိုကြွေးပြီး အိုးဖုတ်ရာသို့ပြေးသွား၏။ လက်လွန်ခဲ့ချေပြီ။သဌေးကြီးမှာ သားအရင်း ဆုံးရှုံးရသဖြင့် ကြီးစွာသောပူပန်ခြင်းကို အတိုင်းအဆမရှိ ခံစားရလေ၏။

## သတ္တမအကြိမ်လုပ်ကြံခံရပြန်ခြင်း

သဌေးကြီးသည် သားအရင်းဆုံးရသဖြင့် ဃောသကကိုပို၍ စိတ်နာ၏။ တစိမျှကြည့်၍မရ။ သို့ဖြစ်၍ သဌေးကြီး၏ရွာတရွာကို စီမံခန့်ခွဲရသော သဌေး ကိုယ်စားလှယ်သည် ရှိ၏။ ထိုကိုယ်စားလှယ်ထံသို့ စာကိုရေး၍ ဃောသကကိုစေလွှတ်၏။ ဤစာယူလာသူသည် များစွာယုတ်မာသော ငါ၏သားဖြစ်သည်။သူ့ကိုသတ်၍ မစင်တွင်းထဲသို့ပစ်ချလိုက်ပါလေဟု စာခွေတွင်ရေး၍ ဃောသကကိုစေလွှတ်၏။ လမ်းတွင် ငါ့မိတ်ဆွေသဌေးတဦးရှိသည်။ ဤအိမ်တွင် နံနက်စာစား၍ ဆက်၍သွားလေဟုမှာကြားလိုက်၏။

**ဘဝဟောင်းကဖူးစာရှင်**

ဃောသကသည် စာခွေကို ခါးပုံတွင်ညှပ်၍သွား၏။ တောသဌေးအိမ်သို့ဝင်ပြီး အကျိုးအကြောင်း ပြောပြ နံနက်စာစား၏။ တောသဌေးသမီးသည် ဃောသကကိုမြင်လျှင်မြင်ချင်း စုံမက်ချစ်ခင်ခြင်းဖြစ်၏။

ထိုတောသဌေးသမီးသည် ရှင်ပစ္စေကဗုဒ္ဓါအား အလှူပေးခဲ့သော ဇနီးဟောင်း ကာဠီဖြစ်၏။ ဒါနအကျိုးကြောင့် သဌေးသမီးဖြစ်လာ၏။ဘဝဟောင်းရေစက်ကြောင့် ဃောသကအား စုံမက်ချစ်ခင်ခြင်းဖြစ်မိ၏။

ဃောသကသည် ထမင်းစားပြီး အိမ်အောက်ထပ် ကွပ်ပျစ်၌ အိပ်နေ၏။ ခါးပုံစမှစာခွေသည် ထွက်၍ကျနေ၏။ သဌေးသမီးသည် စာခွေကိုယူ၍ဖတ်သည်ရှိသော် မျက်လုံးပြူးမိ၏။ ဤသူသည် စာမျှမတတ်ချေတကား။ကိုယ့်ကိုသတ်ရန်စာကိုယူဆောင်လာရသည်ကိုပင် မသိချေတကားဟု မျှားစွာသနားမိခြင်းဖြစ်၍ ထိုစာခွေကိုဖျက်ဆီးလိုက်ပြီး စာခွေအသစ်တခုရေး၍ ဃောသက၏ ခါးပုံနား၌ ပြန်ချထား၏။

တောသဌေးသမီး ရေးသောစာတွင် ယခုလာသော ငါ၏သားအား ဤမည်သောအရပ်မှ ငါ၏မိတ်ဆွေ တောသဌေးသမီးနှင့် တောင်းရမ်း၍ ကြီးကျယ်ခမ်းနားစွာ လက်ထပ်၍ပေးလိုက်ပါ။ ထို့နောက်ရွာလယ်တွင် ဘုံခုနစ်ဆင့်ရှိသောအိမ်ကိုဆောက်၍ အကာအရံလုံခြုံစွာ ကာရံထားပြီး အစောင့်

အရှောက်များ ချထားပေး၍ ကောင်းမွန်စွာထားပါဟု ရေးထား၏။

ဃောသကလည်း အိပ်ရာမှနိုး၍ ခရီးဆက်သော် သဌေးကြီး၏ ကိုယ်စားလှယ်ထံသို့ရောက်လျှင် စာကိုဖတ်၍ စာပါအတိုင်းပင် မိမိလက်အောက်ခံ ရွာပေါင်းတရာမှ သဌေးငယ်တို့ကို ဖိတ်ကြား၍ လက်ဆောင်ပဏ္ဏာများယူခဲ့စေပြီး ကြီးစွာသော မင်္ဂလာကိုပြု၍ စာပါအတိုင်း ညီညွတ်အောင် ဆောင်ရွက်ပြီး ဤသို့ဆောင်ရွက်ပြီးကြောင်းကို သဌေးကြီးအား အကြောင်းကြား၏။

## ပညာရှိသော မယားလိမ္မာ

သဌေးကြီးသည် အကြောင်းစုံသိရလျှင် များစွာစိတ်ဆိုးဒေါသဖြစ်ရပြန်၏။ ငါကြံတိုင်း ကြံတိုင်း တမျိုးတဖုံသာဖြစ်ရချေသည်ဟု စိတ်နှလုံးပြင်းစွာပူပန်ပြီး အိပ်ရာထဲ၌ ဘုံးဘုံးလဲတော့၏။ ငါသည်မကြာမီသေရပေတော့အံ့။ ငါ၏အမွေအနှစ်ကို ဃောသကအား မရစေရန်စီစဉ်မည်ဟု ကြံပြီးလျှင် ဃောသကအား လူလွှတ်၍ခေါ်ခိုင်း၏။

တောသဌေး သမီးသည် သဌေးကြီးက မည်သို့ကြံမည်ကို မသိ၍ သဌေးကြီးထံမှ စာသော်ရင်း၊ လူသော်ရင်း လာလျှင် ဃောသကအားမပြောကြားဘဲ ငါ့ကိုသာ ဦးစွာပြောကြားပါဟု အစောင့်အရှောက်တို့အား မှာထား၏။

သဌေးကြီးစေလွှတ်သူတို့ ရောက်လာလျှင် သဌေးသမီးသည် ထိုသူတို့နှင့်အရင်တွေ့ဆုံ၏။ သဌေးကြီးမှာကြားသည့်စကားကို

ကြားရလျှင် ဖခင်သည် စားသောက်နိုင်သေး၏လော။ခွန်အား ရှိသေး၏လောဟု မေးကြည့်၏။ စားသောက်နိုင်ကြောင်း၊ ခွန်အားရှိသေးကြောင်းသိရလျှင် လာသောသူတို့အား အိမ်တအိမ်၌ထား၍ ခေတ္တဆိုင်းငံ့ ပါဦးဟုဆိုကာ အစားအသောက်အနေအထိုင်တို့ဖြင့် ကောင်းစွာပြုစုစောင့်ရှောက်၍ထား၏။

သဌေးကြီးသည် ဃောသကထံ မစေလွှတ်သလောဟု မေး၏။ စေလွှတ်ပါသည်။ စေလွှတ်သူတို့ ပြန်မလာကြသေးပါဟု ပြော၏။ နောက်ထပ်တဖန် စေလွှတ်ပြန်၏။ သဌေးသမီးသည် ဒုတိယအကြိမ်ရောက်လာသူတို့ကို တနေရာခွဲ၍ ကောင်းစွာပြုစုထား၏။ သဌေးကြီး၏ရောဂါသည် ပြင်းထန်လာ၏။ ဝမ်းတို့သည် ဒလစပ်သွား၏။ အိုးကို တလုံးပြီးတလုံး ဆက်တိုက်ခံပေးရသည်အထိဖြစ်၏။

သဌေးကြီးသည် ဃောသက မလာကြောင်းကို မေး၏။ တတိယ အကြိမ်မြောက် စေလွှတ်ပြန်၏။ ထိုသူတို့ရောက်လျှင် သဌေးသမီးကမေး၏။ အစာရေစာပြတ်၍ ဝမ်းတို့ဒလစပ်သွားပြီး အိုးတို့ကို မပြတ်ခံပေးနေရကြောင်း၊ သေဖို့သာ ရှိတော့ကြောင်း ပြောကြား၏။

သဌေးသမီးသည် သွားဖို့တန်လေပြီဟုကြံ၍ဃောသကအား အရှင်၏ဖခင်သည် မကျန်းမမာ ဖြစ်နေသည်။ သွားကြအံ့ဟု တိုင်ပင်၍ သွားကြ၏။ အိမ်သို့မရောက်မီ လမ်းတွင် သဌေးသမီးက အရှင့်ဖခင်ထံသို့ရောက်လျှင် အရှင်သည် ခြေရင်း၌နေပါ။ ကျွန်တော်မသည် ခေါင်းရင်း၌ နေပါမည်ဟု မှာကြား၏။ အစေခံအရှောက်တို့အားလည်း သဌေးကြီးအိမ်သို့ရောက်လျှင်

အိမ်၏အရှေ့ပေါက်၊ အနောက်ပေါက်တို့၌ အမှတ်မထင်စောင့်ရှောက်၍ နေရန် မှာကြား၏။

သဌေးကြီးအိမ်သို့ရောက်လျှင် သဌေးကြီး၏ပစ္စည်းအရပ်ရပ်ကို စီမံခန့်ခွဲရသော ကိုယ်စားလှယ်ကြီးသည် သဌေးကြီးအား နှိပ်နယ်၍ပေးနေ၏။ ဃောသကသည် ခြေရင်းမှဝင်၍ ထိုင်၏။ တောသဌေးသမီးက ခေါင်းရင်း၌ ဝင်၍ ထိုင်၏။ ကိုယ်စားလှယ်ကြီးက ဃောသကရောက်ကြောင်း သဌေးကြီးအားပြောလျှင် သဌေးကြီးသည် မျက်လုံးကို အနိုင်နိုင်ဖွင့်ပြီး ကြည့်၏။ ထိုနောက် စာရင်းကိုင်ကို ခေါ်၍ ပစ္စည်းဥစ္စာ စာရင်းကို မေး၏။ အတွင်းဥစ္စာ ကုဋေ လေးဆယ်ရှိပါသည်။ နွား၊ ကျွဲ၊ ဆင်၊ မြင်း၊ လှည်းနှင့် လယ်ကျွန် စသည်တို့ စာရင်းကို ဖတ်၍ ပြသည်ရှိသော် ဤပစ္စည်းတို့ကို ဃောသကအား မပေးမကမ်းနှင့်ဟု ဆိုလိုသော်လည်း နှုတ်မှ ပေးကမ်းပါဟုအလိုလို ဆိုမိ၏။

သဌေးသမီးသည် သဌေးကြီး နောက်တကြိမ်ပြင်၍ ပြောမည်ကို သိသဖြင့် စိုးရိမ်ပူဆွေးသော ဟန်ဖြင့် သဌေးကြီးနောက်ထပ် စကားမပြောနိုင်အောင်ဖခင်မသေနိုင်ပါ။ အဘယ့်ကြောင့် မင်္ဂလာမရှိသော စကားကို ပြောပါဘိသနည်းဟု ပြင်းစွာ အော်ဟစ် ငိုကြွေးလျက် သဌေးကြီး၏ ရင်ဘတ်ပေါ်သို့ ဖိ၍ဖိ၍ ငိုကြွေးစဉ်ပင် သဌေးကြီး အသက်ထွက်၍ သွားရှာလေသတည်း။

## သင်္ဘေးဘွဲ့ထူးရခြင်း

သင်္ဘေးကြီး သေဆုံးကြောင်းကို ဉတေနမင်းအား လျှောက်ထား၍ပစ္စည်းဥစ္စာတို့ကို သားဖြစ်သူဃောသကအား အပ်နှင်းခဲ့ကြောင်း လျှောက်ထားကြ၏။ ဃောသကအား ဉတေနမင်းက ခေါ်စေ၏။ ဉတေနမင်းသည် လေသာ ပြတင်းမှ ကြည့်နေစဉ် ဃောသကသည် လာ၏။ လမ်းတွင် ရေအိုင်ငယ်တခုကို တွေ့လျှင် ခုန်၍လာ၏။ ဉတေနမင်းထံ ရောက်လျှင် သင့်အား သင်္ဘေးရာထူးကို ဖြစ်စေမည်ဟု နှစ်သိမ့်၍ ပြန်လွှတ်လိုက်၏။ အပြန်တွင် ဉတေနမင်းက ပြတင်းမှ လှမ်း၍ ကြည့်၏။ ရေအိုင်ငယ်သို့ ရောက်လျှင် အသာအရာဆင်း၍ ရေထဲမှဖြတ်သွား၏။

ဉတေနမင်းသည် ဃောသကအား ပြန်၍ ခေါ်စေ၏။ ရောက်လျှင် သင်သည် လာစဉ်က ရေအိုင်ငယ်ကို ခုန်လွှား၍ လာခဲ့၏။ အပြန်တွင် ရေအိုင်ငယ်ကို ဆင်း၍ ဖြတ်လျှောက်၏။ အဘယ့်ကြောင့် အပြန်တွင် ရေအိုင်ငယ်ကို မခုန်သနည်းဟု မေး၏။ ဃောသကကလာစဉ်ကသာမန်ဃောသက အဖြစ်နှင့် လာခဲ့ရ၍ ရေအိုင်ကို ခုန်၍လာခြင်းသည် သင့်လျော်ပါ၏။ အရှင်မင်းမြတ်က ချီးမြှောက်ခဲ့၍ အပြန်တွင် ရာထူး ဌာနန္တရကို ပေးသနားတော် မူမည်ဟု မိန့်ကြားတော်မူသဖြင့် အပြန်၌ ခုန်လွှားခြင်းငှာ မသင့်တော်၊ သိမ်မွေ့စွာ နေထိုင် သွားလာရမည် ဖြစ်သောကြောင့် ဤကဲ့သို့ ရေထဲမှ ဆင်း၍ လျှောက်သွားခြင်းဖြစ်ပါသည်ဟု လျှောက်ထားလေလျှင် မင်းကြီးက ဤသူ

သည် ပညာရှိပေ၏ဟု သဌေးကြီးသုံးဆောင်ခံစားခဲ့သမျှသော စည်းစိမ် ချမ်းသာနှင့်တကွ သဌေးရာထူးကို ပေးလိုက်တော့၏။

## မယ်ကာဠီကသက်သေခံခြင်း

ဃောသက သဌေးသစ်သည်ရထားစီး၍ မြို့ကို လက်ယာရစ်လှည့်၏။ သဌေးသမီးသည် ကာဠီကျွန်မနှင့် စကား ပြောကြယင်းက သဌေးသမီးသည် ဃောသကအား ဤအသက်နှင့် ဤစည်းစိမ်သည် ငါ့ကြောင့် ရပေသည်ဟုပြော၏။ ကာဠီက အဘယ့်ကြောင့်ပါနည်းဟု မေးလျှင် ခါးပုံကြားမှ စာခွေကို တွေ့၍ စာချင်း လဲလှယ်သည့် အဖြစ်ကို ပြောပြ၏။ ထိုအခါ ကာဠီက အရှင်ချစ်သမီး အသင်သည် ဤမျှသာသိသည် သဌေးကြီးသည် အရှင်ဃောသကအား အကြိမ်ကြိမ် လုပ်ကြံခြင်းဖြင့် ထောင်ပေါင်းများစွာသော အသပြာတို့သည် ကုန်ခဲ့သည် ဟု အကြောင်းစုံကို ပြောပြ၍ နှစ်ယောက်သား ရယ်ကြ၏။

ဃောသက သဌေးသစ်သည် မြို့လှည့်ရာမှ ပြန်ရောက်လျှင် သဌေးသမီးနှင့် မယ်ကာဠီတို့ ရယ်ကြသည်ကို မြင်လျှင် မိမိ အကြောင်းကိုပြော၍ရယ်ကြသည်ဟုရိပ်မိပြီးအကျိုးအကြောင်း ကို မေး၏။ သဌေးသမီးက မပြောဘဲနေ၏။ မပြောလျှင်သတ်မည်ဟု ဃောသကဆိုမှ သဌေးသမီးသည် ဃောသကကို သတ်ရန် စာခွေကိုယူလာခဲ့ပုံ၊ ထိုစာခွေကို ဖျက်ဆီး၍ သဌေးသမီးနှင့် ပေးစားရန်စာအသစ်ရေးပြီး ထည့်ပေးခဲ့ပုံတို့ကို ပြောကြားသည့်ကာလ၊ ဃောသက က မိမိ၏ ဖခင်သည် မိမိအား ဤမျှ

ရက်စက်မည်မဟုတ်၊ လည်ဆယ်ပြောဆိုခြင်းသာဟု ထင်နေ၏။ မယ်ကာဠီအား သက်သေတည်၍ မယ်ကာဠီက သဌေးကြီး လုပ်ကြံပုံအစီအစဉ်တို့ကို အကြောင်းစုံ ပြောပြလေမှ ဃောသက သဌေးသည် ကြီးစွာသော သံဝေဂရပြီး မိမိ၏ ပစ္စည်းဥစ္စာ တို့ကို အလှူမဏ္ဍပ်ကြီး ဆောက်၍ နေ့စဉ်အသပြာ တသိန်း ဖိုးထား၍ ခရီးသွားတို့အားငင်း၊ ဆင်းရဲသားတို့အားငင်း လှူဒါန်းပေးကမ်းခြင်းပြု၏။ မိတ္တအမည်ရှိသော သူကြွယ်သည် ဃောသက၏ နေ့စဉ်အလှူကို စီရင်၍ပေးရ၏။

## သာမာဝတီ မိဖုရားဖြစ်ခြင်း

ဘဒ္ဒဝတီပြည်၌ ဘဒ္ဒဝတီမည်သော သဌေးသည် ဃောသက သဌေး၏ သတင်းကို ကုန်သည်တို့ထံမှ ကြား၍ လေးမြတ် ချစ်ခင်လျက်ရှိ၏။ ဃောသက သဌေးသည်လည်း ဘဒ္ဒဝတီ သဌေး၏ သတင်းစကားကိုကုန်သည်တို့ထံမှ ကြားသိရ၍ ချစ်ခင် လေးမြတ်လျက်ရှိ၏။ လက်ဆောင် ပဏ္ဏာ အပြန်အလှန်ပို့ယင်း တဦးနှင့်တဦး မမြင်ဘူးကြသော အဆွေခင်ပွန်းဖြစ်ကြ၏။

တနေ့တွင် ဘဒ္ဒဝတီပြည်၌ ကပ်ရောဂါ ကျရောက်သဖြင့် ထွက်ပြေးကြရ၏။ ဘဒ္ဒဝတီ သဌေး ကတော်နှင့် သမီးတို့သည် ထွက်ပြေးလာကြ၍ ဃောသက သဌေးထံ သွားမည်ဟု ရည်စူး ခဲ့ကြ၏။ လမ်းတွင်စားနပ်ရိက္ခာကုန်သဖြင့် ပင်ပန်းနွမ်းနယ်ခြင်း ဖြစ်ကြ၏။ လမ်းခရီး၏ ပင်ပန်းမှုကြောင့် ဖုံအလိမ်းလိမ်း အဝတ်စုတ်စုတ်ဖြင့် ကောသမ္ဗီပြည် ဇရပ်တခုသို့ ဝင်နားကြ၏။ သဌေးကြီးက ဤပုံအတိုင်း ဃောသက သဌေးထံ သွားလျှင်

ယုံနိုင်မည်မဟုတ်။ တဦးနှင့်တဦးလည်း မြင်ဘူးကြသည်မရှိ။ သို့ဖြစ်၍ ဤဇရပ်၌ တရက်နှစ်ရက် နားနေပြီး ဃောသက သဌေး၏ အလှူမဏ္ဍပ်သို့ သမီးကို စေလွှတ် အစာအာဟာရ ရယူစေပြီးမှ နှစ်ရက်သုံးရက် အားအင် ဖြည့်တင်း ရေမိုး သန့်စင်ပြီးမှ သွားကြကုန်အံ့ဟု တိုင်ပင်၍ သမီးအား အလှူ မဏ္ဍပ်သို့ စေလွှတ်၏။ သဌေးသမီးလည်း ခွက်ကို လက်စွဲလျက် သုံးယောက်စာကို တောင်းပြီး ယူလာခဲ့၏။ ရောက်လျှင် မိခင် နှင့် သမီးတို့သည် သဌေးကြီးအား အလိုရှိသမျှ သုံးဆောင်ပါ ရန် အရင်ကျွေး၏။ သဌေးလည်း အားပါးတရ သုံးယောက် စာ အာဟာရကို စားသည်ရှိသော် အစာမကြေရောဂါဖြင့် သေ ဆုံးလေ၏။ နောက်တနေ့တွင် သဌေးသမီးသည် ခွက်ကိုစွဲလျက် နှစ်ယောက်စာတောင်း၏။ မိခင်ကို နှစ်ယောက်စာစလုံးကျွေး၏။ မိခင်လည်း များစွာစား၍ အစာမကြေ ရောဂါဖြင့်ပင် သေဆုံး ပြန်၏။

နောက်တနေ့တွင် သဌေးသမီးသည် ပူဆွေးငိုကြွေးလျက် တယောက်စာသာ ပေးပါဟု တောင်း၏။ အလှူကို ကြီးကဲ သော မိတ္တသူကြွယ်က သင်သည် လိုသည်ထက်ပို၍တောင်းသည်။ သင့်အတွက် မပေးနိုင်၊ သွားလေတော့ဟု ကြိမ်းမောင်းရေရွတ် လျက် နှင်ထုတ်၏၊

အရှက်အကြောက်နှင့် ပြည့်စုံသော အမျိုးသမီးဖြစ်၍ ဤသို့ ပြောဆိုသည်ကို ရင်၌ နာသဖြင့် ဘာ့ကြောင့် ဤသို့ ကြိမ်း မောင်းပြောဆို ရသနည်းဟု မေး၏။ မိတ္တသူကြွယ်က ပထမ ရက်၌ သုံး ယောက် စာ တောင်း သည်၊ နောက် တနေ့၌

နှစ်ယောက်စာ၊ယနေ့ တယောက်စာ တောင်းသည့်အကြောင်း ကို ပြောလျှင် သဌေးသမီးသည် ငိုကြွေး၍ဖြစ်သည့်အကြောင်း စုံကို ပြောပြ၏။ မိတ္တသူကြွယ်သည် ထိုအကြောင်းကို ကြားရ လေလျှင် များစွာ ကြေကွဲ၍ မျက်ရည်တို့သည် ကျ၏။ ထို့နောက် ချစ်သမီး မစိုးရိမ်နှင့် ယနေ့မှစ၍ငါ၏ သမီးဖြစ် လေလော့ဟုဆို၍ သမီးအကြီးအရာ၌ ထား၏။

အလှူခံတို့သည်အလှူမကျောပ်၌ဆူညံစွာ တိုးဝှေ့ယူကြသည်ကို သဌေးသမီးက ထိုဆူညံသံမဖြစ်စိမ့်သောငှာ ဖခင် မိတ္တသူကြွယ် အား အကြံပေးသဖြင့် တန်းစီ၍ယူသော စနစ်ကို တီထွင် ပြီး အဝင်တပေါက် အထွက်တပေါက်သာ ထား၍ ထမင်း အဖျော်ယာဂုမျာကို ပေးလှူရာ အလှူခံတို့သည် ဆူညံ တိုးဝှေ့ယူခြင်း မရှိဘဲ နေသဖြင့် ဃောသက သဌေးသည် အလှူမှ ပြုကြလေသလားဟု မိတ္တသူကြွယ်အား ခေါ်၍ မေး၏။

မိတ္တသူကြွယ်က ဤသို့သော စနစ်ဖြင့် ပြုပြင်ပြောင်းလဲခြင်း ကြောင့် အလှူခံတို့မှာ ပင်ပန်းခြင်းမရှိဘဲ ရကြလေသဖြင့် တိုးဝှေ့ဆူညံ လုယက်သံ မကြားရခြင်း ဖြစ်ပါကြောင်း ရှင်း ပြလေ၏။ ဃောသကသူဌေးက ယခင်က ဤအစီအစဉ်မျိုးကို အဘယ့်ကြောင့် မပြုလုပ်သေသနည်းဟု မေးလျှင် ယခု အကျွန်ုပ် ၏ သမီး စီစဉ်ပေး၍ ဤအစီအစဉ်ကို ပြောင်းလဲရခြင်းပါဟု ဆိုလျှင် ဃောသကသဌေးသည် တအံ့တဩဖြစ်ရပြန်၏။သင့်တွင် ငါမသိသော သမီးရှိသေးသလောဟု မေးမြန်းရာမှ အစ မိတ္တသူကြွယ်က ဘဒ္ဒဝတီ သဌေး၏ ဖြစ်ကြောင်းကုန်စင်နှင့်

သာမာဝတီ အလှူခံလာရာမှ မိခင် ဖခင်တို့ သေဆုံးကြောင်း သိရပြီး သမီးအဖြစ် မွေးစားထားပုံတို့အထိ ပြောပြလေလျှင် ဃောသကသဌေးကား ရင်ထုမနာဖြစ်ရပြီး ဣဘဒ္ဒဝတီ သဌေးသည် ငါ၏ အလွန်ချစ်သော မိတ်ဆွေဖြစ်၍ ငါ၏ သမီးသာလျှင် ဖြစ်ရမည်ဟု ဆိုပြီး သာမာဝတီကို တောင်းယူ၍ အချွေအရံ ငါးရာမျှပေးပြီး သမီးအကြီးအရာ၌ ထားလေ၏။

## ဥတေနမင်းက မိဖုရားမြှောက်ခြင်း

သာမာဝတီ သဌေးသမီးသည် အလွန်လျှင် အဆင်းလှ၍ ဝင်းဝါသော အသားအရေသည် ရွှေအဆင်းကဲ့သို့ တည်၏။ တနေ့တွင် သာမာဝတီနှင့် အပျော်ငါးရာတို့သည် ရေဆိပ်သို့ ရေချိုးဆင်းသည်ကို ဥတေနမင်း မြင်ရာမှ သတင်းကို စုံစမ်းရာ ဃောသကသဌေး၏ သမီးဖြစ်သည်ကို သိပြီးလျှင် ဃောသကသဌေး၏ အိမ်သို့ သမီးကို ဆက်သရန် အမိန့်စာချွန်ဖြင့် စေလွှတ်၏။ ဃောသကသဌေးကလည်း သမီး၏ သဘောကို မသိရသေးသဖြင့် ယခုချက်ချင်း မဆက်သနိုင်သေးကြောင်း ပြန်ပြောရာမှ ဥတေနမင်းက စိတ်ဆိုးပြီး ဃောသကသဌေး၏ တိုက်နှင့်တကွ ဝင်းတံခါးကို မင်းတံဆိပ် ခတ်နှိပ်ချိပ်ပိတ်စေ၏၊

ရေဆိပ်မှ ပြန်လာသော သာမာဝတီမြင်လျှင် အကျိုးအကြောင်းကို မေးရာ သာမာဝတီက အကြောင်းစုံသိရလေလျှင် ဖခင်အား ဥတေနမင်းထံ အချွေအရံနှင့်တကွ လာရောက်ခေါ်ဆောင်လျှင် ပို့ဆက်ပါမည်ဟု ပြန်ကြားရန်နှင့် မင်းကိုမဆန့်

ကျင်ရန် ဖခင်အားပြောကြားလေလျှင် ဖခင်ဖြစ်သူက ဥတေနမင်းသို့ ပြန်ကြားလိုက်၏။

ဥတေနမင်းသည် သာမာဝတီအား အခမ်းအနားဖြင့် သိမ်းပိုက်ပြီး အခြွေအရံငါးရာကုန်သော အမျိုးသမီးတို့နှင့်တကွ ကြီးစွာသော ပြာသာဒ်ထက်၌ထားရှိပြီး မိဖုရားကြီးအရာသို့ ဘိသိက်သွန်း၍ ထားရှိလေသတည်း။ လိမ္မာရေးခြား ဉာဏ်ပညာနှင့် ပြည့်စုံသော သာမာဝတီ မိဖုရားအား ဥတေနမင်းသည် များစွာမြတ်နိုးတော်မူလေသတည်း။

# တတိယပိုင်း

# ဝါသုလဒ္ဓတ္တမင်းသမီး မိဖုရား မြောက်ခန်း

## ဥတေနနှင့် စဏ္ဍပဇ္ဇောတမင်းတို့ စစ်ထိုးခန်း

ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတမင်းသည် မိမိ၏ ဆင်မြင်းဗိုလ်ပါ အခြံအရံတို့ ကြီးမားလှသည်ကို နှစ်သိမ့်၍နေရာမှ မိမိထက် ဆင်မြင်းဗိုလ်ပါ အခြံအရံများသော အခြားမင်းများ ရှိနေသေးသလောဟု အမတ်တို့ကို မေးလေ၏။

"မှန်လှပါ။ ကောသမ္ဗီပြည် ဥတေနမင်း၏ ဆင်မြင်းဗိုလ်ပါ အခြံအရံတို့သည် အရှင်မင်းမြတ်ထက် သာလွန်ပါကြောင်း ပါဘုရား"

"သို့ဖြစ်လျှင် ဥတေနမင်းကို စစ်ခင်း၍ ဖမ်းယူမည်"

"ဥတေနမင်းကို စစ်ခင်း၍ ဖမ်းယူခြင်းငှာ မတတ်နိုင်ကောင်းပါဘုရား"

"အဘယ့်ကြောင့်နည်း"

"ဥတေနမင်းသည် ဆင်တို့ကို ပြေးစေတတ်သော၊ ဆင်တို့ကို လာစေတတ်သော ဟတ္ထိကန္တမန္တရားနှင့် စောင်းအတတ်ကို တတ်၍ ဥတေနမင်းအား စစ်ထိုး၍ မရနိုင်ကြောင်းပါဘုရား"

"ကောင်းပြီ၊ ငါရအောင် စစ်ထိုးအံ့"ဟု ဆို၍ စစ်ကို စီရင်၏။

စဏ္ဍပဇ္ဇောတမင်းသည် ဥတေနမင်းအား စစ်ဆင်အံ့သော ငှာ သစ်သားကို ဆင်ရုပ်ပြီးသစ္စာ ထုစေ၍ ပန်းချီတို့နှင့် ဆေးခြယ်ပြီးလျှင် ဆင်ရုပ်ကို လှုပ်ရှား ပြေး လွှား စေ နိုင် သော ယန္တရားတို့ကို တပ်ဆင်ပြီး ဆင်ရုပ်၏ ဝမ်းတွင်း၌ လူခြောက်ကျိပ်တို့ကို နေစေ၏။ ကောသမ္ဗီပြည်၏ ရေအိုင်တခု အနီးတွင် ဆင်ရုပ်ကို လှုပ်ရှားသွားလာစေ၏။ ဆင်ချေးတို့ကိုလည်း ရေအိုင်အနီးတွင် ကြဲဖြန့်ထားစေ၏။

တောသွားမုဆိုးတယောက် မြင်လေလျှင် ဥတေနမင်းအား ရေအိုင်အနီး ဆင်ကြီးတစီး တွေ့ကြောင်း လျှောက်ထား၏။ ဥတေနမင်းကြီးလည်း ဆင်ကိုဖမ်းရန် ထွက်လာ၏။ စဏ္ဍပဇ္ဇောတမင်းသည် စစ်သည်ဗိုလ်ပါ အလုံးအရင်းကို ဆင်ရုပ်သွားမည့် လမ်းဘေးတချက်တွင် ပုန်းအောင်း၍ နေစေ၏။ ဥတေနမင်း လာလေလျှင် စက်ယန္တရားဆင်ကြီးကို သတ်မှတ်သော လမ်းအတိုင်း ပြေးစေလေ၏။ ဥတေနမင်းလည်း မန္တန်ကိုရွတ်ပြီး စောင်းကိုတီး၏။ ယန္တရားဆင်က ပြေးမြဲပြေးလေ၏။ ဥတေနမင်းလည်း မြင်းကိုပြောင်း၍စီးကာ အပြေးလိုက်လေရာ နောက်ပါဗိုလ်ပါတို့ မမီနိုင်ဘဲ ရှိလေသည်။ ဥတေနမင်း ခရီး

ကျွံလေသော် စဏ္ဍပဇ္ဇောတမင်း၏ စစ်သည်တို့က ဉတေနမင်းအား ဖမ်းဆီးပြီး ဆက်လေ၏။

ဉတေနမင်း၏ စစ်သည်တို့ကား မြို့၏အပြင်တွင် သစ်ခက်မြို့တည်၍ နေကြ၏။

## ဉတေနမင်းနှင့် ဝါသုလဒတ္တမင်းသမီး

စဏ္ဍပဇ္ဇောတမင်းသည် သုံးရက်ပတ်လုံး စစ်သည်ဗိုလ်ပါတို့အား အောင်ပွဲကြီး ကျင်းပပေး၏။

သုံးရက်မြောက်နေ့၌ ဉတေနမင်းက အစောင့်ချထားသူများအား မေး၏။

"သင်တို့ပြည်က ဆူညံလှစွာ၏။ အဘယ် ပွဲလမ်းသဘင်ကို ကျင်းပကြသနည်း"

"ရန်သူကို အောင်နိုင်၍ အောင်ပွဲကျင်းပသော အသံများ ဖြစ်ပါသည်။

"သင်တို့မင်းကား မိန်းမကဲ့သို့ ကျင့်၏။ ရန်သူကို အောင်နိုင်လျှင် သတ်လိုသော်သတ်၊ လွှတ်လိုသော်လွှတ်၊ ယခုမူ ငါ့အား စိတ်ဆင်းရဲအောင်ပြုသည်"ဟု ဆို၏။ အစောင့်တို့က မင်းထံ သတင်းပို့ကြ၏။စဏ္ဍပဇ္ဇောတမင်း လာလတ်ပြီး "ဤသို့ပြောသည်မှာ မှန်သလော"ဟု မေး၏။ ဉတေနက "မှန်၏"ဟု ဖြေ၏။

သင့်ကို လွှတ်စေလိုသော် သင်တတ်သော မန္တန်ကို ငါ့အား သင်ပေးလျှင် လွှတ်မည်" ဆို၏။

"ငါ့ကို ရှိခိုးသော် သင်ပေးမည်"

"ငါ ရှိမခိုး"

"ရှိမခိုးသော် သင်မပေးနိုင်"

"ငါ့ကို သင်ကြားမပေးသော် မင်းဒဏ်ပေးရ ပေမည်။"

"ငါ့ကိုယ်ကိုသာ သင်ထင်သလို ပြုနိုင်မည်။ ငါ့စိတ်ကို သင် စိုးမိုးနိုင်သလော"

စဏ္ဍာပဇ္ဇောတမင်းသည် ဥတေနမင်း၏ ရဲရင့်သော စကားကို ကြားလေလျှင် သူ့ထံမှ မန္တန်ကို ငါ အဘယ်သို့ ရအောင် ကြံရပါအံ့နည်း"ဟု စဉ်းစား၏။ ဤမန္တန်ကို သူတပါးလည်း မသိစကောင်း၊ ငါ၏ သမီးကို သင်စေမည်။ ငါ့သမီးထံမှ ငါ သင်ယူမည်"ဟု ကြံ၏။

"သင့်ကို တစုံတယောက်က ရှိခိုးလျှင်လည်း သင်ကြားပေး မည်လော"

"ငါ့ကို ရှိခိုးသောသူအားသင်ကြားပေးမည်"

"သို့ဖြစ်လျှင် ငါ့အိမ်တွင် ဂုံးမတယောက်ရှိ၏။ သင်သည် တင်းတိမ်အတွင်းမှနေ၍ ဂုံးမကို တင်းတိမ်အပြင်က နေစေပြီး သင်ကြားပေးနိုင်မည်လော"

"ငါ့ကို ရှိခိုးသူအား သင်ကြားပေးမည်"

စဏ္ဍာပဇ္ဇောတမင်းသည်သမီးတော်ဝါသုလဒတ္တာအားခေါ်ပြီး ဤသို့ပြော၏။

"ချစ်သမီး အနူတယောက်ထံတွင် အဖိုးတသိန်းထိုက်သော မန္တန်တပုဒ်ကို သင်ယူရန်ရှိသည်။ ချစ်သမီးသည် တင်းတိမ် အပြင်မှနေ၍ အနူကို ရှိခိုးပြီး အနူရွတ်ဆိုပေးသော မန္တန်ကို မှတ်သား၍ သင်ယူပါချေ"ဟု ဆို၏။ သမီးတော်ကလည်း

"ကောင်းပါပြီ"ဟု ဝန်ခံ၏။ စဏ္ဍပဇ္ဇောတမင်းကား ဥတေနမင်းနှင့် သမီးတော်တို့ ရင်းနှီးမည်စိုး၍ အနူနှင့် ဂုံးမအဖြစ်သို့ ထားစေပြီး တင်းတိမ်ခြား၍ သင်ကြားစေခြင်းဖြစ်၏။

ဤသို့ တင်းတိမ်ခြား၍သင်ကြားရာ အကြိမ်ကြိမ် အထပ်ထပ် ချပေးသော်လည်း မရသဖြင့် ဥတေနမင်းက အမျက်ထွက်၍.... "ဟယ် ...ဂုံးမ၊ နှင့်နှုတ်သီး ထူလှချည့်၊ အိုးခြမ်းကွဲနှင့် ပွတ်လေဦး...." ဟု ဆို၏။ မင်းသမီးကလည်း အမျက်ထွက်၍ "ဟယ် အနူ ငါသို့သော မင်းသမီးကို ဂုံးမဟု ဆိုရသလောဟု" ပြန်လည်ကြိမ်းမောင်းလေလျှင် ဥတေနသည် တင်းတိမ်ကို ဖွင့်၍ ကြည့်၏။ မင်းသမီးကိုမြင်လျှင် "သင့်ခမည်းတော်က သင့်ကို ဂုံးမ ဟု ပြောသောကြောင့် ငါက ဂုံးမဟု ဆိုမိခြင်းဖြစ်သည်။ ငါ့ကိုလည်း အနူဟူ၍ ထင်မှတ်စေသည်။ ငါက ဥတေနမင်းတည်း။ တင်းတိမ်တွင်း၌သာ လာရောက် သင်ကြားလော" ဟု ခေါ်ပြီး တင် တိမ်တွင်း၌ သင်ကြားပေးရာမှ ချစ်ခင်စုံမက်သွားကြ၏။

စဏ္ဍပဇ္ဇောတမင်းက သမီးတော်အား "သင်ကြား၍ တတ်ပြီလား"ဟု မေး၏။ သမီးတော်က မပြည့်စုံသေးပါ၊ ဆက်၍ သင်ရပါဦးမည်"ဟု ပြော၏။ ဆက်၍ သင်စေ၏။

နောက်တနေ့တွင် ဥတေနမင်းသည် မင်းသမီးအား ပြော၏။ "မိန်းမဟူသည် လင်၏အလိုကို လိုက်လိုလျှင် မောင်သည်လည်းကောင်း၊ ညီမသည်လည်းကောင်းမဖျက်စီးနိုင်၊ ငါ့အသက်ရှင်စေလိုပါလျှင် ငါ့အကြံကိုလိုက်ပါ၊ သင့်ကို ငါးရာသော

မောင်းမအပေါင်း ခြံရံလျက် မိဖုရားကြီးအရာကို ပေးပါမည်" ဟု ဆို၏။ မင်းသမီးက....

"အရှင့်ကတိ တည်ပါစေ"ဟု ကကိကဝတ်ပြုကြပြီး ဥတေန မင်း အကြံအစည်ကို ပြောပြ၏။ မင်းသမီးလည်း ခမည်းတော် ထံ ဤသို့ ဆို၏။ "ခမည်းတော်မင်းကြီး မန္တန်သင်ကြားခြင်း အဆုံးတိုင် လူပါပြီ၊ နက္ခတ်ကြုံကြိုက်သော ညဉ့်ဘွင် နက္ခတ် တာရာတို့ကိုကြည့်ပြီး မန္တန်းကိုရွတ်၍ ဆေးမြစ်တခုကို တူးယူ ပြီးလျှင် သင်ကြားခြင်း အပြီးတိုင်ပါတော့မည်၊ သို့ဖြစ်၍ မင်းဆင်တစီးကိုပေးပါ။ တံခါးတခုကိုလည်း ဖွင့်ခွင့်ပြုပါ" ဟု လျှောက်ထား၏။ မင်းကြီးလည်း....

"ချစ်သမီး ကြိုက်ရာဆင်ကိုယူ၍ ကြိုက်ရာ တံခါးတခုကို ဖွင့်လော"ဟု အမိန့်ပေး၏။

## စဏ္ဍပဇ္ဇောတမင်း၏ ရှေးဆုတောင်း

စဏ္ဍပဇ္ဇောတမင်းသည်ယာဉ်လျှင်ငါးမျိုးကိုပိုင်ဆိုင်၏။(၁) ယူဇနာ ငါးဆယ်ကို နေ့ချင်းရောက်နိုင်သော ဘဒ္ဒဝတီသင်မ၊ (၂) ယူဇနာခြောက်ဆယ်ကို နေ့ချင်းရောက်နိုင်သော ကာက မည်သော ကျွန်၊ (၃) ယူဇနာ ခုနစ်ဆယ် နေ့ချင်းရောက်နိုင် သော စေလကဏ္ဍကုလိမြင်း၊ (၄)မုဥ္ဇကေလမြင်း၊ (၅) ယူဇနာ တရာ နေ့ချင်းရောက်နိုင်သော နာဠာဂိရိဆင်။

ဤသို့သော ယာဉ်လျှင် ငါးမျိုးကို ရသည့် ရှေးအတိတ် အကြောင်းကား ရှေးဘဝ သူ့ကျွန်ဖြစ်ခဲ့စဉ် အရှင်၏နောက် တွင် ပါလေသည်။ အရှင်က ပစ္စေကဗုဒ္ဓါကို တွေ့လျှင် ဆွမ်း

လောင်းလှူရန် "အိမ်မှာသွားရှာဆွမ်းယူချေ"ဟု စေလိုက်၏။ ကျွန်လည်း အလျင်အမြန် သွားယူပေး၍ အရှင်ကဆွမ်းအကျိုးကို တဝက်ပေး၏ဟု ဆိုလေလျှင် ကျွန်က "လျင်မြန်စွာ သွားယူရသော အကျိုးအားဖြင့် နောင်လာလတံ့သော ဘဝ၌ ယာဉ်လျင်ငါးပါးနှင့် ပြည့်စုံရပါလို၏" ဟု ဆုတောင်း၏။ ထိုကျွန်သည် ယခု စဏ္ဍပဇ္ဇောတမင်း ဖြစ်လာ၏။

**ဥတေနမင်း ပရိယာယ်ဖြင့်လွတ်ခြင်း**

ဤမျှ အစွမ်းထက်လှသော ယာဉ်လျင် ၅-မျိုးပိုင်ရှင် ဥဇ္ဇေနီဘုရင် စဏ္ဍပဇ္ဇောတမင်း၏ လက်မှထွက်ပြေး လွတ်မြောက်နိုင်ရန်မှာ လွယ်ကူသော အလုပ် မဟုတ်ပေ။

သို့သော် ဥတေနနှင့် သမီးတော် ဝါသုလဒတ္တာတို့က နက္ခတ်ကြုံမည့်ရက်ဟု အကြောင်းပြကာ အခွင့်ကောင်းကို စောင့်စားနေကြရာစဏ္ဍပဇ္ဇောတမင်း ဥယျာဉ်ကစားထွက်ခိုက်တွင် ဥတေနမင်းလည်း မင်းသမီးကို အချိန်းအချက်ပြုကာ သားရေအိတ်တို့ဖြင့် ရွှေငွေတို့ကို ထည့်ပြီး ခြေလျင် ဆင်ကိုစီး၍ ထွက်ပြေးတော့သည်။ အစောင့်တို့သည် မင်းကို အကြောင်းကြား၍ အလျင်အမြန် လိုက်ကြ၏။ ဥတေနမင်းက နောက်မှလိုက်လာသော စစ်သည်တို့အား ရွှေငွေတို့ကို တောချုံတို့၌ ပစ်ချလေရာ နောက်မှလိုက်သူတို့သည် တောချုံတို့အကြားမှ ရွှေငွေတို့ကို ရှာရင်း ကျန်ခဲ့စဉ် ဥတေနမင်း ဗိုလ်ပါတို့နေသော သစ်ခက်မြို့ကို ရောက်လေ၏။ ဥတေနမင်းလည်း ဗိုလ်ပါတို့နှင့် အတူ ကောသမ္ဗီပြည်တွင်းသို့ ဝင်၏။ ဝါသုလဒတ္တာ မင်းသမီးကို မောင်းမငါးရာဖြင့် မိဖုရားမြှောက်လေသည်။

# စတုတ္ထပိုင်း

## မာဂဏ္ဍီ၏ ရန်စ

ကုရုတိုင်း တခုသော နိဂုံးတွင် အဖေ မာဂဏ္ဍီ၊ အမေ မာဂဏ္ဍီ၊ သမီးမာဂဏ္ဍီ နာမည်တမျိုးတည်းနှင့် သားအဖသုံးယောက် ရှိကြသည်။ ဘထွေးကားစူဠမာဂဏ္ဍီဟုအမည်တွင်၏။ သမီးသည် နတ်သမီးတမျှအလွန်ချောလှ၏။ မင်းသား သူဌေးသားတို့ လာရောက် စပ်ဟပ်ကြသော်လည်း ငါ့သမီးနှင့် မတန်ဟု ဆိုကာ လွှတ်၏။

မြတ်စွာဘုရားသခင်သည် မိုးသောက်သောအခါ လောကသုံးပြင် ဘုံတခွင်ဝယ် ကျွတ်ထိုက်သသူ များဗိုလ်လူတို့ကို ကရုဏာ ရွှေကွန်ယက်ဖြင့် ဖြန့်ကျက်၍ ကြည့်တော်မူလတ်သော် မာဂဏ္ဍီ ပုဏ္ဏားလင်မယားတို့ အနာဂါမ်တည်မည့်အဖြစ်ကို သိတော်မူ၍ သပိတ်ကိုယူပြီး ကိုယ်တော်တပါးတည်းလျှင် နိဂုံးရွာသို့ ကြွတော်မူ၏။

မာဂဏ္ဍီ ပုဏ္ဏားသည် ခရီးအကြားဌ ဘုရားသခင်ကို တွေ့မြင်လေရာတွင် ယောကျ်ားမြတ်တို့၏ လက္ခဏာကို မြင်လျှင်

"ဤသူသာ ငါ့သမီးနှင့် ထိုက်တန်၏"ဟု မြတ်စွာဘုရားထံချဉ်းကပ်၍ နတ်သမီးတမျှ လှပသော သမီးကို ပေးလိုပါ၍ ဤနေရာမှ ခေတ္တစောင့်ပါဟု ဆိုကာ အိမ်သို့ပြန်၍ ပုဏ္ဏေးမအား သမီးကို တန်ဆာဆင်စေ၍ ခေါ်လာခဲ့၏။ မာဂဏ္ဍီ မိသားစု လှုပ်ရှားဟန်ကို မြင်သဖြင့် ရွာသူတို့သည် လိုက်၍ ကြည့်ကြလေ၏။

ဘုရားသခင်ကား မူလရပ်တော်မူရာ၌ ခြေတော်ရာကိုပြခဲ့၍ မနီးမဝေး၌ နေတော်မူ၏။ (မြတ်စွာဘုရားတို့၏ ခြေတော်ရာသည် ဓိဋ္ဌာန်၍ နင်းရာအရပ်၌သာ ထင်တော်မူ၏။ သာမန်ကြွသွားရာအရပ်တို့၌ ခြေတော်ရာမထင်ကုန်။ အကြင်သူတို့သည် ခြေတော်ရာကို အလိုရှိ၍ဆောက်တည်တောင်းပန်၏။ ထိုဆောက်တည်သော ခြေတော်ရာကား မည်သူမျှဖျက်ခြင်းငှာ မတတ်နိုင်ကုန်။ ။ဤကားမှတ်ချက်

မာဂဏ္ဍီ မိသားစုလည်း ဘုရားရှင်ကိုမူလနေရာ၌ ရှာကြ၏။ ဘုရားရှင်ကိုမတွေ့၊ ခြေတော်ရာကိုသာ တွေ့လေလျှင် ဗေဒင်သုံးပုံမကြွင်းအောင် ကုန်စင်တတ်မြောက်သော ပုဏ္ဏေးမက ဆို၏။

"ဤခြေရာကား ကိလေသာကုန်ပြီးသော ဘုရားရှင်တို့၏ ခြေရာပေတည်း"ဟု ဆို၏။ ပုဏ္ဏားသည် ထိုမှ ဤမှရှာသော် မြတ်စွာဘုရားသခင်ကို တွေ့မြင်လေ၏။ လျင်မြန်စွာ ချဉ်းကပ်ပြီးသော်—

"ရှင်ရဟန်း။ ငါ့သမီးကို သင့်အားပေး၏"ဟု ဆို၏။

မြတ်စွာဘုရားက....

"အချင်းပုဏ္ဏား နားထောင်လော့၊ မာရ်နတ်၏သမီး ရာဂါ

တကျ၁၊ အာရတီတို့သည် နတ်တို့၏အဆင်းဖြင့် ဖြားယောင်း သော်လည်း တဆံချည်မျှ မဖောက်ပြန်၊ ကျင်ကြီး ကျင်ငယ် မစင်ဘင်ပုပ်တို့ဖြင့် မွမ်းထုံးပြည့်လျှမ်းနေသော သင်၏သမီးကို ခြေဖျားနှင့်ပင်မထိလို” ဟု ဟောတော်မူ၏။ ဂါထာ၏အဆုံး၌ ပုဏ္ဏားလင်မယားတို့သည် အနာဂါမိဖိုလ်၌ တည်လေ၏။

အလှဂုဏ်မာနရှင်မာဂဏ္ဍီကားတရားကိုမမြင်ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ကာ “တနေ့တော့ သိစေ့မယ်” ဟူသော စိတ်ထားဖြင့် အံကြိတ်၍ ထားခဲ့လေသတည်း။

(မာဂဏ္ဍီ ရန်ငြိုးဖွဲ့မည်ကို ဘုရားရှင် သိတော်မမူ၍ ပြော ဆိုခြင်း မဟုတ်၊ သိတော်မူသည်သာဖြစ်၏။ ဤသို့သော တရား အမြင်ဖြင့် ဟောကြားတော်မူပါမှ မာဂဏ္ဍီ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမတို့ အကျွတ်တရားရကာ အနာဂါမ် တည်နိုင်သည်ကို သိရှိ၍ ကယ်ချွတ်ခြင်း အလို့ငှာ ဟောကြားတော်မူခြင်းဖြစ် သည်။ ဘုရားရှင်တို့မည်သည် ရန်ငြိုးဖွဲ့ခြင်းကို ရေတွက်တော် မမူ၊ မဂ်ဖိုကို ရထိုက်သူတို့အတွက်သာ ရည်မှတ်တော်မူမြဲဖြစ် သည်။ ။မှတ်ချက်)

ပုဏ္ဏားလင်မယားလည်းအနာဂါမိဖိုလ်ကိုရပြီး သမီးကို ဘထွေး ပုဏ္ဏားအားအပ်၍ ရဟန်းပြုကြသဖြင့် အရဟတ္တဖိုလ်၌ တည်ကြ လေသည်။ စူဠမာဂဏ္ဍီကို ဥတေနမင်းကြီးအား ဆက်သရာ ဥတေနမင်းလည်း မြတ်နိုးလှစွာ မောင်းမငါးရာ အခြံအရံတို့ ဖြင့် မိဖုရားကြီးအရာ ချီးမြှောက်လေသည်။

# ပဉ္စမပိုင်း

## ဘုရားသခင် ကောသမ္ဗီသို့ ကြွရောက်တော်မူခြင်း၏ အစ

# ရသေ့ငါးရာ သဌေးသုံးဦး

ကောသမ္ဗီပြည်ရှင် ဘုရင်ဥတေနမင်းသည် မိဖုရားကြီးသုံးဦး၊ မောင်းမ အခြွေအရံ တထောင့်ငါးရာတို့ ရှိကုန်၏။ ကောသမ္ဗီပြည်တွင် ဃောသကသဌေး၊ ကုက္ကုဋသဌေး၊ ပါဝါရိကသဌေးဟူ၍ သဌေးကြီးသုံးဦးလည်းရှိ၏။ ဟိမဝန္တာ၌ နေကုန်ကြသော ရသေ့ငါးရာတို့သည် မိုးတွင်းအခါ ကောသမ္ဗီပြည်၌ ဆွမ်းခံကြွရာ ထိုသဌေးကြီးသုံးဦးတို့က လောင်းလှူကြရုံမျှမက နှစ်စဉ်ပင် မိုးတွင်းလေးလတွင် ကောသမ္ဗီပြည်၌ကြွရောက်သီတင်းသုံးပါဟု ပင့်ဖိတ်၏။ ရသေ့တို့လည်း ဝန်ခံကြ၍ ဟိမဝန္တာတွင် နွေ ဆောင်းရှစ်လနေ၍ မိုးဦးကျတွင် ကောသမ္ဗီသို့ ကြွမြဲဖြစ်၏။

## ရသေ့ငါးရာနှင့် ညောင်စောင့်နတ်

ဤနှစ် မိုးဦးကျအခါ ဟိမဝန္တာမှ ရသေ့ငါးရာတို့ ကြွလာကြရာ တောအုပ်အလယ်၌ ညောင်ပင်ကြီးတပင်ကို တွေ့လျှင်

ညောင်ပင်၌နေသော နတ်သည် ငါတို့အား သောက်ရေလှူလျှင် ကောင်းလေစွဟု ကြံ၏။ ညောင်စောင့်နတ်သည် သောက်ရေကို လှူဒါန်း၏။ ရသေ့ကြီးသည် ချိုးရေကို ကြံစည်ပြန်လျှင် ချိုးရေကို လှူဒါန်း၏။ ဘောဇဉ်ကိုကြံစည်လျှင် ဆွမ်းဘောဇဉ်ကို ပေးလှူ၏။

## ရှက်တတ်သော ညောင်စောင့်နတ်

ရသေ့ကြီးသည် ဤနတ်မင်းကို မြင်ရလျှင် ကောင်းလေစွဟု ကြံစည်လျှင် ညောင်ပင်၏ ပင်စည်ကို ဖောက်၍ ကိုယ်ထင်ရှားပြ၏။ ရသေ့တို့သည် နတ်မင်း၏ စည်းစိမ်ကား ကြီးမားလှ၏။ အဘယ် ကုသိုလ်ကောင်းမှုကြောင့် ဤစည်းစိမ်ကို ရသနည်းဟု မေးလျှင် နတ်မင်းသည် မိမိပြုသော ကုသိုလ်နည်းပါးသောကြောင့် ရှက်လှ၍ မပြောဝံ့ဘဲ ဖြစ်နေ၏။ ရသေ့တို့ကထပ်ခါထပ်ခါမေးသည့်အခါသို့ဖြစ်လျှင်နာကြကုန်လော့ဟု ပြောကြား၏။

## အနာထပိဏ်သဌေး၏ အိမ်တွင်

ဘုရားကျောင်းတကာ တနာထပိဏ် သဌေးကြီး၏ နေအိမ်တွင် ဥပုသ်နေ့တိုင်း ရှိသမျှ လူအားလုံး ဥပုသ်စောင့်ကြကုန်၏။ ဥပုသ်နေ့တွင် ညစာကိုမချက်ပြုတ်ကြ၊ ကလေးများကိုပင် ခံတွင်းကို ဆေးကြော၍ စတုမဓုကို ခွန့်ပေး၏။ ညောင်စောင့်နတ်သည် ထိုအခါက ဆင်းရဲလှသဖြင့် အနာထပိဏ်သဌေးထံတွင် အခစား အလုပ်ကိုရ၍ ပြင်ပသို့ထွက်၍ အလုပ်လုပ်ရ၏။

သဌေးကြီးသည် ကျောင်းတော်မှ ပြန်လာလျှင် အိမ်သားတို့အား လူသစ် အခစား အလုပ်သမားအား ယနေ့ ဥပုသ်နေ့ဖြစ်ကြောင်း ပြောမိသလောကိုမေး၏။မပြောမိကြောင်း ဖြေကြလျှင် ထိုသူအတွက် ထမင်းဟင်းလျာ ချက်ထားလော့ဟု မှာကြား၏။

## နေ့တဝက် ပုသ်

လုပ်ခစားသည် အလုပ်မှ ပြန်ရောက်သော် ထမင်းချက်က ထမင်းကို ခူးခတ်ပြင်ဆင်၍ ကျွေး၏။ ထိုသူသည် ဆာလှသော်လည်းချက်ချင်းမစားသေးဘဲအကဲခတ်ကြည့်ရာမှ ထမင်းချက်ကို မေး၏။ နေ့တိုင်းတွင် ဤအချိန်၌ ထမင်းပေးပါ၊ဟင်းပေးပါဟု ဆူညံလှုပ်ရှား စားသောက်ကြကုန်၏။ယနေ့တွင် တိတ်ဆိတ်လှ၏ဟု ဆိုလျှင် ထမင်းချက်က ယနေ့ ဥပုသ်နေ့ဖြစ်၍ တအိမ်လုံး ဥပုသ်စောင့်ကြသည်။ နို့စို့သူငယ်ပင် မကျန်ပါ။ ဆီမီးထွန်းချိန်တွင် လူကြီးလူငယ်အားလုံးပင် အိပ်ရာသို့ဝင်လျက် ဒွတ္တိံသကမ္မဋ္ဌာန်းကို စီးဖြန်းကြ၏။ သင့်အား ဥပုသ်နေ့ ဖြစ်ကြောင်း မပြောမိ၍ သင်တယောက်အတွက်သာ ထမင်းချက်ထားရခြင်း ဖြစ်သည်ဟု ဖြေ၏။

ယခု ဥပုသ်စောင့်၍ ဖြစ်သေးလျှင် ဥပုသ်စောင့်ချင်ပါ၏ ဆိုသော် သဌေးကြီးကို မေးကြည့်ပါမည်ဟု ထမင်းချက်က သဌေးကြီးကို သွားရောက်မေး၏။

ယခု ထမင်းမစားဘဲ ခံတွင်းကို ဆေးကြော၍ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သီလကိုခံယူ၍ ဥပုသ်စောင့်လျှင် ဖြစ်၏ဟု

ဆိုသော် သူရင်းငှားသည် ညစာထမင်းကို မစားဘဲ ခံတွင်းကို ဆေးကြော၍ သီလကို ခံယူပြီး ဥပုသ်စောင့်ပေ၏။

## ကြင်နာသော အနာထပိဏ်နှင့် ဇွဲရှိသောသူ

တနေ့လုံး အလုပ်လုပ်၍ ဆာလောင်လှသဖြင့် သူရင်းငှားသည် လေထ၍ လူးလိမ့်နေရ၏။ ကြိုးတချောင်းဖြင့် ရင်ကို ချည်၍ လူးလိမ့်နေရပြန်၏။ သဌေးကြီး သိလေလျှင် ဆီးမီး တို့ကို ထွန်းညှိစေ၍စတုမဓုကို ယူဆောင်ကာ အမောင်ဤဆေး ကို စားလော့ဟု ပေး၏။ သူရင်းငှါးက သဌေးကြီးတို့ စားကြ ပါသလောဟု မေး၏။ ငါတို့၌ ရောဂါမရှိ၍ မစားကြကုန် ဟု ဆိုလျှင် အကျွန်ုပ်သည် ဥပုသ်ကို အပြည့်အဝ မစောင့်နိုင်ခဲ့ပါ။ နေ့တဝက်မျှသာ ဥပုသ်စောင့်ခြင်းကို အပျက်မခံနိုင်ပါ။ မစား ပါရစေနှင့်ဟု တောင်းပန်၏။ အမောင် ဤသို့မပြောပါလင့် ဟု ဆိုသော်လည်း ဝေဒနာကို ကြိတ်မှိတ်ခံ၍ ဥပုသ်ကို အပျက် မခံ စောင့်ထိန်းယင်း အရုဏ်တက်ချိန်၌ ထို ဝေဒနာဖြင့်ပင် ကွယ်လွန်ခဲ့ရာမှ ထိုပညောင်ပင်ကြီး၌ ရုက္ခစိုးနတ် ဖြစ်ခဲ့လေး သည်။

## ဘုရား တရား သံဃာ

ညောင်စောင့်နတ်က "ထိုအနာထပိဏ်သဌေးကြီးသည်ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး၌ အလွန်ကြည်ညိုမြတ်နိုး ၏။ ထိုသဌေးကြီးကို အမှီပြု၍ စောင့်လိုက်ရသော နေ့တဝက် ဥပုသ်၏ အကျိုးဖြင့် ဤစည်းစိမ်ချမ်းသာကို ရပါသည်"ဟု ပြော၏။

ရသေ့ငါးရာတို့သည် (ဘုရား)ဟူသော အသံကို ကြားရသည်နှင့် နေရာမှ ထ၍ လက်အုပ်ချီကြပြီး။

"ဘုရားဟု သင်ဆိုသလော၊ ဘုရားဟု သင်ဆိုသလော" ဟု သုံးကြိမ်တိုင်မေး၏။

"ဘုရားဟူ၍ ကျွန်ုပ်ဆိုပါသည်။ ဘုရားဟူ၍ ကျွန်ုပ်ဆိုပါသည်"ဟု သုံးကြိမ်တိုင်ဝန်ခံလေလျှင် "ဤဘုရားဟူသော စကားသည် ကမ္ဘာသိန်းပေါင်းများစွာပင် မကြားရဘူးသော စကားကို နတ်မင်းသည် ပြောကြားပေ၏"ဟု ဆို၏။

ရသေ့တို့က "ဆရာရသေ့ကြီးမြတ်စွာဘုရားထံသွားကြပါကုန်အံ့"ဟုပြောကြ၏။

"တပည့်တို့ သဌေးကြီးသုံးဦးတို့သည် ငါတို့အား စောင့်ကြပေကုန်အံ့။နက်ဖြန်ဆွမ်းအလှူကိုခံယူပြီးသဌေးကြီးသုံးဦးတို့အားလည်း ဘုရားပွင့်တော်မူကြောင်း ပြောကြားပြီးမှ သွားကြကုန်"ဟု ပြော၏။

## ရသေ့ငါးရာ အရဟတ္တဖိုလ်ရကြပုံ

နောက်တနေ့တွင် ကောသမ္ဗီပြည်သို့ သွား၍ သဌေးကြီးလေးဦးတို့ထံ ဆွမ်းအလှူခံယူဆွမ်းစားကြပြီးနောက် "သဌေးကြီး လောက၌ ဘုရားပွင့်တော်မူလေပြီ။ တရားတော်သည် ထင်ရှား ရှိနေပြီ၊ သံဃာ တော်သည် ဖြစ်ပေါ် နေပေပြီ။ ထို့ကြောင့် မြတ်စွာဘုရားအထံသို့ ငါတို့ သွားကြတော့မည်" ဟု ဆိုလေလျှင် သဌေးကြီးက

"အရှင်ရသေ့တို့သာလျှင် မြတ်ဘုရားအထံတော်သို့ သွားအပ်ပါသလော"

"ဒါယကာတို့ သူတပါးကိုလည်း မတားမြစ်နိုင်ပါ"

သို့ဖြစ်လျှင် အရှင်ရသေ့တို့ ဆိုင်းငံ့တော်မူပါ။ တပည့်တော်တို့လည်းလိုက်ကြပါကုန်အံ့။ ခရီးကို စီစဉ်ပါအံ့ဟုဆို၏။

"သင်တို့ အစီအစဉ်ပြုနေလျှင် ငါတို့ ကြံ့ကြာနေတော့မည်။ငါတို့သွားနှင့်ကြမည်သင်တို့လိုက်ခဲ့ကြကုန်"ဟုဆိုပြီးလျှင် ရှေးဦးစွာပင် သွားကြကုန်၏။

မြတ်စွာဘုရား အထံတော်သို့ရောက်လျှင် ကြည်နူးသဒ္ဓါချီးမွမ်း ထောမနာ၍ ရှိခိုးကြကုန်၏။ဘုရားသည် အစဉ်အတိုင်း တရားစကားဟောကြားတော်မူရာ ဒေသနတော် အဆုံး၌ရသေ့အားလုံးပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြပြီးနောက် ရဟန်းအဖြစ်ကို တောင်းပန်ကြသဖြင့် "ဧဟိဘိက္ခု"အဖြစ် တန်ခိုးဖြင့် ပြီးသောသပိတ်သင်္ကန်းဆောင်သည့်ရဟန်းများ ဖြစ်ကြကုန်၏။

## ကောသမ္ဗီသို့ပင့်ကြခြင်း

သဋ္ဌေးကြီးသုံးဦးတို့သည်လည်းငါးရာစီဖြင့် ဆွမ်း၊ သင်္ကန်း၊ ထောပတ်၊ ပျား၊ တင်လဲ စသော လှူဖွယ်တို့ကို တင်ပြီး သာဝတ္ထိပြည်သို့ရောက်လာ၍မြတ်စွာဘုရား တရားတော်ကိုနာကြားကြပြီး သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။ တဆယ့်ငါးရက်မျှ အလှူကြီးပေး၍ တရားတော်ကို နာယူကြပြီး ကောသမ္ဗီပြည်သို့ ကြွရောက်ပါရန် ပင့်ဆောင့်ကြ၏။

မြတ်စွာဘုရားက "ဒါယကာကြီးတို့ မြတ်စွာဘုရားတို့သည် ဆိတ်ငြိမ်ရာ၌ မွေ့ကုန်၏"ဟု မိန့်တော်မူ၏။ "တပည့်တော်တို့ သိပါကုန်၏။ တပည့်တော်တို့ သတင်းစကား စေလွှတ်လျှောက် ထားပါလျှင် ကြွတော်မူပါ" ဟု လျှောက်ထားခဲ့ကြ၏။

ကောသမ္ဗီပြည်သို့ ပြန်ရောက်လျှင် ဃောသကသဌေးကြီးက ဃောသိတာရုံကျောင်း၊ ကုက္ကုဋ သဌေးကြီးက ကုက္ကုဋာရုံ ကျောင်း၊ ပါဝါရိက သဌေးကြီးက ပါဝါရိကာရုံကျောင်း ဟူ၍ ကျောင်းတော်ကြီး သုံးကျောင်း ဆောက်လုပ်၍ မြတ်စွာ ဘုရားအားပင့်ပြီးလျှင်ဒါန်းလုပ်ကျွေးကြကုန်၏။ ဘုရားသခင်သည် တနေ့လျှင် ကျောင်းတကျောင်း၌သီတင်းသုံးတော်မူ၍ သီတင်း သုံးရာကျောင်းတကာ အိမ်၌ ဆွမ်းခံကြွတော်မူ၏။

## သုမနပန်းသည်

ထိုသဌေးကြီး သုံးဦး အိမ်သို့ ပန်းများပေးသွင်းရသော သုမနပန်းသည်က သဌေးကြီးတို့အား "အကျွန်ုပ်သည် သဌေး ကြီးတို့အား ရက်ပေါင်းများစွာ ကျေးဇူးပြုခဲ့ပါ၏။ မြတ်စွာ ဘုရားကို ဆွမ်းလှူရန် တရက်မျှ အကျွန်ုပ်အား ပေးပါဟု တောင်းပန်၏။ သဌေးကြီးက "အော်....ဟုတ်ပေ၏"ဟု ခွင့်ပြု ၏။ သုမနပန်းသည်လည်း အားရဝမ်းသာ ဆွမ်းအတွက် ပြင် ဆင်ရန်ပြန်၍ သွား၏။

# ဆဋ္ဌမပိုင်း

## သာမာဝတီနှင့်ခုဇ္ဇုတ္တရာတို့အခန်း

### ခုဇ္ဇုတ္တရာ သောတာပန်တည်ခြင်း

ဥဒေနမင်းကြီးသည် မိဖုရားကြီး သုံးယောက်ကို ပြာသာဒ် သုံးဆောင်၌မောင်းမ ငါးရာစီနှင့်ထားသည်။ မိဖုရားသုံးယောက်တွင် သာမာဝတီကို ပိုလွန်မြတ်နိုးသည်။ ထို့ကြောင့်လည်း သာမာဝတီ ပန်းပန်ရန်အတွက် တနေ့ ရှစ်သပြာပေးထားသည်။ တနေ့ ပန်း ရှစ်သပြာဖိုးဝယ်ရန် ကျွန်မ ခုဇ္ဇုတ္တရာသည် သုမန ပန်းသည်ထံမှ ဝယ်ပေးရသည်။ သို့သော် ကျွန်မ ခုဇ္ဇုတ္တရာက တနေ့လျှင် ပန်း လေးသပြာဘိုးသာဝယ်ပြီး နေ့စဉ် လေးသပြာ ခိုးယူထားသည်။

ထိုနေ့တွင် သုမနပန်းသည်အိမ်၌ ဘုရားရှင်အား ဆွမ်းကျွေးရန် ပင့်ထား၍ ချက်ပြုတ် လုပ်ကိုင်နေကြရသဖြင့် ခုဇ္ဇုတ္တရာအား စောင့်ခိုင်း၏။ ခုဇ္ဇုတ္တရာလည်း ကူညီချက်ပြုတ် လုပ်ကိုင်ပေး၏။ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးနောက် တရားတော်ကို

ဒေဟာကြားရာတွင် တရားတော်ကိုနာကြရသဖြင့်မြတ်စွာဘုရား၏ တရားတော်တွင် ကြည်ညိုသဒ္ဓါပေါက်ပြီး သောတာပတ္တိဖိုလ်၌ တည်လေ၏။ ခုဇ္ဇုတ္တရာသည် သောတာပတ္တိဖိုလ်၌ တည်ပြီး ပန်း ရှစ်သပြာဖိုး ဝယ်၍ သွားလေသည်။

## သာမာဝတီ တရားတော်ကို နာကြားရခြင်း

''အလို....ဒီနေ့ပန်းတွေတယ်များပါလား၊မင်းကြီးကပန်းဖိုး နှစ်ဆတိုးပြီး ပေးလိုက်ပြီထင်တယ်''

''မဟုတ်ပေါင်ပါ သခင်မ၊ ပေးနေကျ ရှစ်သပြာပါဘဲ။ ယခင်အခါများက ကျွန်တော်မျိုးမသည် လေးသပြာဖိုးသာ ဝယ်ယူဆက်သပြီး လေးသပြာဖိုးကို ခိုးယူခဲ့ပါသည်။ ယနေ့ ပန်းဝယ်သွားရာမှာ သုမန ပန်းသည်အိမ်တွင် ဂေါတမ ဘုရား ရှင်အား ဆွမ်းကျွေးခိုက်နှင့် ကြုံကြိုက်ပြီး ဂေါတမ မြတ်စွာ ဘုရား၏ တရားတော်ကို နာကြားရသဖြင့် သူတပါး၏ ဥစ္စာ ပစ္စည်းကို ခိုးယူခြင်းကို စက်ဆုတ်ရွံရှာသည့် အလျောက် ပေးအပ် သည့်ရှစ်သပြာဖိုးကို အပြည့်အဝဝယ်ယူခဲ့ခြင်းကြောင့် ခါတိုင်း ထက် ပန်းများ ပိုမိုများပြားလာကြောင်းပါ သခင်မ''

ပါရမီဓာတ်ခံ နှိုးဆော်ဖန်သဖြင့် သာမာဝတီသည် ဂေါတမ ဘုရားဟူသော အသံကို ကြားရကတည်းက နှင်းတွေသော ပန်း ကဲ့သို့ နှလုံးသားတွင် အေးမြကြည်လင် ဘဝင်ချမ်းမြေ့သည်မျှ မက တရားတော်ကို နာကြားလိုစိတ် ပြင်းပြသည်နှင့်....

''အချင်း ခုဇ္ဇုတ္တရာ သင်ကြားနာခဲ့ရသော တရားတော် တို့ကို ငါ့အား ဟောကြားပါလော''ဟု ဆို၏။ ခုဇ္ဇုတ္တရာက

ကလည်း "ကောင်းပါပြီ၊ ရေမိုးချိုး အဝတ်အစားလဲပြီး ဟော ပါအံ့"ဟု ဆို၏။သာမာဝတီလည်း မောင်းမတို့အား ခုဇ္ဇုတ္တရာကို ရေမိုးချိုး အမွှေးနံ့သာ ထုံစေပြီး အဝတ်သစ်များကို ထုတ်ပေးဝတ်စေ၍ တထည်ကို လက်ကတော့ထိုးကာ မြတ်သောနေနေရာ၌ နေစေပြီး တရားတော်ကို နာကြားကြကုန်၏။ တရားတော်၏ အဆုံး၌ သာမာဝတီက ခုဇ္ဇုတ္တရာအား ရှိခိုး၏။

"မိခင်....ယနေ့မှစ၍ ကျွန်ဟူသော စကားကို မဆိုတော့ပါပြီ၊ မိခင်ဟူ၍ပင် ခေါ်ပါရစေတော့။ မိခင်အရာ၊ ဆရာသမားအရာ၌ ထားပါမည်။ ကျွန်အမှုကို မပြုပါနှင့်တော့၊ နေ့စဉ်ပင် မြတ်စွာဘုရား၏ တရားတော်ကို သွားရောက်နာကြားပြီး အမိက တဖန် နေ့စဉ်ပင်ပြန်၍ ဟောကြားပါလော့"ဟု ဆို၏။

အစဉ်အတိုင်းပင် မိခင် ခုဇ္ဇုတ္တရာထံမှ ဘုရား၏ တရားတော်ကို မောင်းမငါးရာနှင့်တကွ ကြားနာရပြီး ကြည်ညိုခြင်းပီတိဖြင့်....

"မိခင်၊ မြတ်စွာဘုရားကို ဖူးမြင်ချင်ပါသည်။ ပင့်ဆောင်ခဲ့ပါ"ဟု ဆို၏။

"အရှင်မတို့ မင်းအိမ်မည်သည် အဝင်ခက်၊ အထွက်ခက်လှပါသည်။

"သို့ဆိုလျှင် ဘုရားသခင်ဆွမ်းခံကြွလာလျှင် ဤကား ဘုရားသခင်၊ ဤကား ရှင်သာရိပုတ္တရာ၊ ဤကား ရှင်မောဂ္ဂလာန်၍ ပြပါတိ"

"ကောင်းလှပါပြီ၊ပြာသာဒ်အဆောင်တို့ကိုအပေါက်ဖောက်၍ ထိုအပေါက်မှ ကြည့်ကြကုန်လော" ဟု ဆို၏။ သာမာဝတီ မိဖုရားနှင့် မောင်းမငါးရာတို့လည်း မိမိတို့အခန်း အသီးသီးမှ အပေါက်တို့ကိုဖောက်၍ မြတ်စွာဘုရား ဆွမ်းခံကြွလာတိုင်း ရှိခိုး ပူဇော်ကြရကုန်၏။

# သတ္တမပိုင်း

## မာဂဏ္ဍီ၏ရန်ငြိုး

တနေ့သော် မာဂဏ္ဍီမိဖုရားသည် မိမိအဆောင်မှ သာမာဝတီ၏ အဆောင်သို့ ရောက်လတ်သော် အပေါက်တို့ကို မြင်၍ မေးလေ၏။ သာမာဝတီတို့ကလည်း ရိုးသားစွာပင် "မြတ်စွာဘုရားဆွမ်းခံကြွလာသည့်အခါ ဖူးမြော်ရန်ဖောက်၏" ဟုဆို၏။

မြတ်စွာဘုရားအပေါ် အချက်တွေ့လျှင်လက်စားချေလိုသော မာဂဏ္ဍီက ဥတေနမင်းကြီးအား....

"အရှင်မင်းကြီး သာမာဝတီသည် ဖောက်ပြားလော်လီလိုသဖြင့် တစုံတယောက်သောသူအား ငံ့မျှော်နေသည်ကို တွေ့ရပေသည်။ တနေ့တွင် အရှင်မင်းကြီး၏ အသက်ကိုပင် ရန်ရှာမည်စိုးရပါသည်။ မယုံလျှင် သာမာဝတီ၏ အဆောင်တော်ကို စစ်ဆေး ကြည့်ရှုတော်မူပါလော့" ဟု ဂုံးစကားကို ဆို၏။ ဥတေနမင်းက မယုံကြည်လေ၊ သာမာဝတီအဆောင်သို့သွား၍ "ဤအပေါက်များ အဘယ့်ကြောင့် ဖောက်သနည်း" ဟု မေး၏။ "မြတ်စွာဘုရား ဆွမ်းခံကြွချ၌ ဖူးမြော်ရန် ဖောက်ပါသည်" ဟု

ဆိုလျှင် တစုံတရာ အပြစ်မတင်၊ အပေါက်တို့ကိုသာ ပိတ်စေ၏။ သာမာဝတီတို့လည်း အထက်လေသာတို့ကို ဖောက်၍ ဖူးမြော် ပြန်လေသည်။

မာဂဏ္ဍီသည်ဂုံ းချော၍ မရလေသော် သူမိုက်တို့အားငွေ ပေး၍ မြတ်စွာဘုရား ဆွမ်းခံကြွရာနောက်သို့ အမျိုးမျိုး ကဲ့ရဲ့ စွပ်စွဲ ဆဲရေးစေ၏။

## ဆဲရေးကဲ့ရဲ့မှုကို မတုန်လှုပ်လေနှင့်

ဤသို့ ဆွမ်းခံဝင်တိုင်း နောက်မှ အမျိုးမျိုးသော ဆဲရေး မှုကို ပြုလေလျှင် အရှင်အာနန္ဒာက....

''အရှင်ဘုရား ကောသမ္ဗီပြည်သူတို့သည် တပည့်တော်တို့ ဆွမ်းခံရာအရပ်သို့ တကောက်ကောက်လိုက်၍ ဆဲရေးကြကုန် သည်။ အရပ်တပါးသို့ ဆွမ်းခံ ဝင်သင့်ပါသည် ဘုရား''ဟု လျှောက်၏။

မြတ်စွာဘုရားက....

''အာနန္ဒာ၊ တပါးသောပြည်၌လည်းဤသို့ ဆဲရေးပြန်သော် အဘယ်သို့ သွားမည်နည်း။

''အာနန္ဒာ၊ အရပ်လေးမျက်နှာသို့ သွားသော် သင်သည် အရပ်လေးမျက်နှာမှ ရောက်လာသော ရန်သူတို့ကို ရင်ဆိုင်ရမည် သာတည်း။ ငါတို့သည်လည်း အယူမှားသူတို့ ဆဲရေးသည်ကို သည်းခံဘို့ရာမှာ ငါတို့ တာဝန်သာတည်း။

''အာနန္ဒာ မကြောင့်ကြလင့်၊ ဆဲရေးသူတို့သည် ခုနစ်ရက်သာ

လျှင် ဆဲရေးနိုင်ကြမည်။ ရှစ်ရက်မြောက်နေ့၌ တိတ်ဆိတ်နေကြကုန်လတံ့”ဟု မိန့်တော်မူ၏။

## မာဂဏ္ဍီ တဖန်ကြံစည်ပြန်ခြင်း

မာဂဏ္ဍီ၏အကြံသည် ရှစ်ရက်မြောက်နေ့၌ ပျက်လေ၏။ ဆဲရေးသူတို့ လက်လျှော့ကြလေကုန်လျှင် မာဂဏ္ဍီသည် တနည်းတဖုံ အကြံထုတ်ပြန်လေသည်။

သာမာဝတီနှင့် မောင်းမ ငါးရာတို့သည် ဘုရားကို ကြည်ညိုသူများဖြစ်သည်။ ထိုသူတို့ ပျက်စီးအောင် ကြံဆောင်အံ့ဟု ဘထွေးဖြစ်သူစူဠမာဂဏ္ဍီ ပုဏ္ဏားအားကြက်အသေလေးကောင်၊ ကြက်အရှင် လေးကောင် တိတ်တဆိတ်ယူခဲ့ရန် မှာကြား၏။ ရောက်လျှင် ဥတေနမင်း အရက်သောက်ရာ အရပ်သို့ ကြက်အရှင်လေးကောင်ယူ၍ဆက်၏။ သာမာဝတီသည် ဟင်းချက်ကောင်း၍ သာမာဝတီကိုချက်စေလျှင်သင့်ပါမည်ဟု လျှောက်ထား၏။ မင်းကြီးလည်း ကြက်အရှင်လေးကောင်ကို သာမာဝတီထံပို့၍ချက်စေ၏။ သာမာဝတီနှင့်တကွ မောင်းမ ငါးရာတို့က ငါတို့ သူတပါးအသက်သို့ မသတ်ဟု ပြန်၍ ပေးလိုက်၏။ မာဂဏ္ဍီက “မင်းကြီး သိပြီမဟုတ်လောမင်းကြီးစားတော်ခေါ်လိုသည်မျှပြုလုပ်ပေးလိုစိတ်မရှိ၊ရဟန်းဂေါတမအတွက် ချက်၍ပို့စေဟုတဖန်စေလွှတ်ကြည့်ပါဦး”ဟုဆို၏။ဥတေနမင်းလည်းစေလွှတ်ပြန်၏။ မာဂဏ္ဍီသည် ကြက်အရှင်လေးကောင်ကို ယူ၍ ကြက်အသေလေးကောင်နှင့်လဲလှယ်ပို့စေ၏။ သာမာဝတီလည်းကြက်အသေဖြစ်၍ ယူထားလိုက်၏။ မာဂဏ္ဍီက “အရှင်မင်းကြီး မြင်

ပြီမဟုတ်လော'' ဟု ဆို၏။ မင်းကြီးက မယုံ၍ ဆိတ်ဆိတ်နေလိုက်၏။

## သာမာဝတီကိုမြားဖြင့် ခွင်းခြင်း

မာဂဏ္ဍီသည် ထပ်မံအကောက်ကြံပြန်၏။

ဥတေနမင်းသည် မိဖုရားကြီး သုံးယောက်၏ ပြာသာဒ်သုံးဆောင်၌ ခုနစ်ရက် တလှည့်စီ စံစား၏။ မာဂဏ္ဍီသည် ဘထွေးပုဏ္ဏားအား မြွေဟောက်တကောင်ကို အစွယ်ချိုး၍တိတ်တဆိတ်ယူခဲ့ရန်မှာကြားပြီး မင်းကြီး၏ လက်သုံးတော်စောင်းအတွင်း၌ထည့်၍အပေါ်မှ ပန်းကုံးတို့ဖြင့် ပိတ်ဆို့ထား၏။

ဥတေနမင်း သာမာဝတီအဆောင်သို့ သွားမည်ပြုသောအခါ မာဂဏ္ဍီက။

''အရှင်မင်းကြီး။ အကျွန်ုပ် အိမ်မက်များမကောင်း၍ဤအဆောင်သို့မကူးပါလင့်'' ဟု တား၏။ မင်းကြီးက မနာယူဘဲ သွားလေသော် စိတ်မချဟုဆိုကာ လိုက်၏။ မင်းကြီးသလွန်၌ လျောင်းလေလျှင် စောင်းဝ၌ ဆို့ထားသော ပန်းကုံးကို အမှတ်မထင် ဖွင့်ကာ မလှမ်းမကမ်းသို့ ရှောင်နေလိုက်၏။ မြွေဟောက်လည်း နှစ်ရက်သုံးရက် ပိတ်လှောင် ခံနေရသဖြင့် ပါးပြင်းထောင်၍ ထွက်လာ၏။ မာဂဏ္ဍီက အလန့်တကြားအော်ပြီး သာမာဝတီအား အော်ဟစ်ဆဲရေး၏။ မင်းကြီးလည်း အထိတ်တလန့်ဖြစ်ကာ အမျက်ပြင်းစွာထွက်၏။

သာမာဝတီလည်း ငါးရာသော မောင်းမတို့အား

''အချင်းတို့ မင်းကြီးကိုလည်းကောင်း၊ မာဂဏ္ဍီကို လည်

ကောင်း အမျက်မထွက်ကြကုန်လင့် မိမိကိုယ်နှင့်အတူ မေတ္တာစိတ်ကို ဖြစ်စေကြပါကုန်။ ဆောက်တည်သော ရတနာသုံးပါးဂုဏ်တော်များကိုသာ အောက်မေ့ကြကုန်လော့''ဟုဆို၏။

ဥတေနမင်းသည် သာမာဝတီအား ရှေ့ဆုံးမှနေစေပြီး ငါးရာသော မောင်းမတို့ကိုတန်းစေ၍ ဗိုလ်ခြေတထောင်တင်သောလေးတွင် ဆိပ်လူးမြားတပ်၍ ကိုယ်တော်တိုင် စီရင်မည်ဟုအမိန့်ချမှတ်လိုက်၏။

## ဥတေနမင်း သာသနာတော်၌ တည်ခြင်း

မင်းကြီးသည် သာမာဝတီကို ကိုယ်တိုင် လေးဖြင့် ပစ်ခွင်း၏။

မြားသည် သာမာဝတီ၏ စူးရှသော မေတ္တာဓာတ်ကြောင့် ကျောက်ဖျာကိုထိသကဲ့သို့ ပြန်ပြီး ဥတေနမင်း၏ ရင်ဝတည့်တည့်သို့လာ၏။ မင်းကြီးလည်းကြောက်ရွံ့ပြီး ''ငါပစ်သော မြားသည် ကျောက်ဖျာကိုပင်လျှင် ထွင်းဖောက်နိုင်၏။ အသက်မရှိသော မြားသည် သာမာဝတီ၏ ဂုဏ်ကျေးဇူးကို သိသေး၏။ ငါကားလူဖြစ်ပါလျက်မသိတကား''ဟု နောင်တရပြီး လေးကိုပစ်ချပြီး သာမာဝတီကို လက်အုပ်ချီလျက် ''ငါသည် တွေဝေမိလေ၏။ ခပ်သိမ်းသော အရပ်မျက်နှာတို့သည်လည်း ငါ့ကိုဤသို့ တွေဝေစေကုန်၏။ သင်သည် ငါ့ကို ကယ်ပါ။ ငါ၏ကိုးကွယ်ရာ ဖြစ်စေပါဟု ကန်တော့၏။

သာမာဝတီက–

''မင်းကြီး။ ငါ့ကို မကိုးကွယ်လင့်၊ ငါသည် ဘုရားသခင်

ကို ကိုးကွယ်၏။ မင်းကြီးလည်းဘုရားသခင်ကို ကိုးကွယ်လော့” ဟု ဆို၏။

ဥတေနမင်းလည်း မြတ်စွာဘုရားကို ခုနစ်ရက်တိုင်တိုင်ပင့်၍ ဆွမ်းလုပ်ကျွေးပြီး တရားတော်ကိုနာ၏။ သာမာဝတီကိုလည်း မြတ်သောဆုကိုပေး၏။ သာမာဝတီက ရွှေငွေတို့ကို မလိုပါ။ မြတ်စွာဘုရားကိုသာသံဃာတော်မြတ်များနှင့်တကွမပြတ်ကြွလာ၍ တရားတော်ကိုသာ နာကြားရအောင် ပြုပေးတော် မူပါ”ဟု တောင်း၏။ မင်းကြီးလည်း ခွင့်ပြု၏။ အရှင်အာနန္ဒာမထေရ်နှင့် တကွ ရဟန်းတော်ငါးရာတို့အား အသပြာ ငါးရာ ထိုက်သော အပေါ်ရုံတို့ကို လှူဒါန်းကြ၏။

## သင်္ကန်းကို အဆင့်ဆင့်အသုံးချပုံ

နန်းတွင်းသူငါးရာတို့ အပေါ်ရုံအဝတ်များကို လှူလိုက်ကြသဖြင့်ဥတေနမင်းကြီးက အပေါ်ရုံအဝတ်များဝတ်ဆင်ကြသည်ကိုမမြင်၍မေးလေလျှင် အရှင်မြတ်များအား လှူလိုက်ပါသည်ဟု ဖြေ၏။

မင်းကြီးသည် အရှင်အာနန္ဒာအား ချဉ်းကပ်ရှိခိုး၍ မေးလျှောက်၏။ဟုတ်မှန်ကြောင်း ဖြေကြားလေလျှင် မင်းကြီးက “အရှင်ဘုရားတို့အလွန်များပြားသော အဝတ်တို့ကို အဘယ်သို့ ပြုကြကုန်သနည်း”ဟု လျှောက်၏။

“ငါတို့အား လုံလောက်ရုံမျှသာ ယူ၍ ကျန်သမျှကိုသင်္ကန်း ဟောင်းနွမ်းသော ရဟန်းတို့အားပေး၏”ဟု ဖြေ၏။ မင်းကြီး ကခံယူရရှိသော ရဟန်းသည် မိမိ၏ ဟောင်းနွမ်းသော သင်္ကန်း

ကို အဘယ်သို့ ပြုကြကုန်သနည်းဟု လျှောက်ပြန်၏။ အရှင်ဒြာနန္ဒာက ဟောင်းနွမ်းသော သင်္ကန်းတို့ကို သင်္ကန်းဆွေးမြေ့သည့်ရဟန်းအားလှူကုန်၏ဟု ဖြေ၏။

"ဆွေးမြေ့သော သင်္ကန်းကို အသို့ပြုပါသနည်း"

"အိပ်ရာခင်း စသည်ပြုလုပ်ကုန်၏"

"အိပ်ရာခင်းအဟောင်းတို့ကို အဘယ်သို့ပြုပါသနည်း"

"မြေအခင်းအဖြစ်ပြုကြ၏"

"မြေအခင်းအဟောင်းတို့ကို အသို့ပြုပါသနည်း"

"ခြေသုတ်အဝတ်အဖြစ် အသုံးပြုကြ၏"

"ခြေသုတ်အဝတ်တို့ကို အသို့ပြုပါသနည်း"

"ခြေသုတ်အဝတ် ဟောင်းလျှင်နုတ်နုတ်စင်း၍ ရွှံ့ မြေဖြင့်နယ်ကာ နံရံတို့ကို လိမ်းကျံကြ၏"ဟု ဖြေတော်မူလျှင် ဥတေနမင်းလည်း များစွာ အားရဝမ်းသာဖြစ်လှ၍ အခြားသော အဝတ်ငါးရာတို့ယူပြီး အရှင်အာနန္ဒာမထေရ်၏ ခြေတော်ရင်း၌ ပုံကာ လှူဒါန်းပြန်လေ၏။

## သာမာဝတီ၏ ပြာသာဒ်ကို မီးတင်ရှို့ခြင်း

မာဂဏ္ဍီသည် မိမိအကြံ ဆုံးရှုံးရပြီဖြစ်၍ အဆုံးတိုင်သော အကြံကို ကြံစည်ပြန်၏။

မင်းကြီး တောကစားထွက်ခိုက်တွင် ဘထွေးပုဏ္ဏား စူဠမာဂဏ္ဍီကို ခေါ်ပြီး သာမာဝတီ၏ ပြာသာဒ်ကို မီးတိုက်စေလေသည်။

သာမာဝတီနှင့် မောင်းမ ငါးရာတို့သည် ပြာသာဒ်ကိုမီး လောင်၍ထွက်ပေါက်မရှိသည်ကို မြင်သောအခါ သာမာဝတီက "ရှင်မတို့ ငါတို့သည် အစမထင်သော သံသရာ၌ အကြိမ်များစွာ မီးလောင်၍ သေခဲ့ရသော ဘဝပေါင်းမှာ မရေတွက်နိုင်ခဲ့ကုန်။ မမေ့မလျော့ကြကုန်လင့်" ဟု သတိပေး၍ ပူလောင်သော ဝေဒနာကို လက္ခဏာယဉ်တင်၍ စီးဖြန်းကြကုန်၏။

အချို့သော မောင်းမတို့သည် သောတာပတ္တိဖိုလ်၊ အချို့သည် သကဒါဂါမိဖိုလ်၊ အချို့သည် အနာဂါမိဖိုလ်၌ တည်လေကုန်၏။ ပြာသာဒ်သည် အဆုံးစွန် မီးကျွမ်းခြင်းသို့ ရောက်၏။

ရဟန်းတို့ မေးလျှောက်လျှင် မြတ်စွာဘုရားက သာမာဝတီနှင့် မောင်းမငါးရာတို့ မဂ်ဖိုလ်တို့၌တည်ကြောင်းနှင့် ဝဋ်၌ ကျင်လည်ကုန်သောသူတိုင်းသည် ချမ်းသာဆင်းရဲကို အစဉ်ခံရမြဲတည်းဟု ဟောတော်မူသည်။

## ဆုကြီးလာဘ်ကြီးများပေးခြင်း

မင်းကြီးသည် သာမာဝတီတို့ ပြာသာဒ် မီးလောင်သည် ကြား၍ အလျင်အမြန်လာသော်လည်း မကယ်နိုင်တော့ပေ။ ကြည့်၍သာ နေရပေ၏။

နောက်တနေ့တွင် မင်းကြီးက သာမာဝတီတို့သည် ငါ့အသက်ကို အကြိမ်ကြိမ်ကြံစည်ကြသည်။ ငါ့တွင် အထိတ်တလန့်နှင့် နေရသည်။ ယခုမှ အိပ်ကောင်းခြင်း အိပ်ရပေတော့မည်။ ဤပြာသာဒ် မီးရှို့သူများကိုပင် ကျေးဇူးတင်ရပေတော့မည်ဟု ဆို၏။

မာဂဏ္ဍိက ဝမ်းမြောက်ဝမ်းသာပင် "ဤသည်မှာ ဖုရားကျွန်မ အကြံအစည်ဖြစ်ပါသည်။အဆွေအမျိုးတို့ကို ပြုလုပ်ခိုင်းခဲ့ပါသည်"ဟု ပြော၏။ မင်းကြီးလည်း ကိစ္စဆောင်ရွက်သူတို့ကိုခေါ်ပါ၊ ငါသည်ဆုလာဘ်များစွာပေးမည်ဟု ဆို၏။မာဂဏ္ဍိ၏ဆွေမျိုးတို့လာကြသော် ဆုလာဘ်များစွာ ချီးမြှင့်၏။ ဆုကြီးလာဘ်ကြီးများ ချီးမြှင့်သည်ကြားသော် ဆွေနီးမျိုးစပ်များပင်လာရောက် စာရင်းပေးကြကုန်၏။

နောက်ဆုံးတွင် ဆုယူသူ တဆွေလုံး တမျိုးလုံးကိုဖမ်းဆီးပြီးမင်းရင်ပြင်၌ မြေတွင်းကို တူးစေပြီး ချက်အထိမြှုပ်ကာ အမိုက်ကောက်ရိုးတို့ကို ပုံပြီး မီးရှို့စေ၏။ ဆံပင်မွေးညှင်း အသားအရေတို့ကို မီးလောင်စေပြီးနောက် သံထွန်သွားတို့ဖြင့် ကိုယ်ကိုအပိုင်းပိုင်း ပြတ်စေကုန်၏။

မျက်ထားတော်သို ရန်ငြိုးသိုသော အလှဘုရင် မာနရှင်မာဂဏ္ဍီ မိဖုရားကိုကား တဆူဖြိုးရော အသားတို့ကို ခေါးပါးပါးနှင့် နည်းနည်းစီလှီးဖြတ်၍ ကြော်စေပြီး၊ ထိုကြော်ပြီးသောအသားစကိုပင် မာဂဏ္ဍီအား စားစေ၏။ဝေဒနာကြီးစွာခံစား၍ကွယ်လွန်ရရှာလေ၏။

# အင္ဂမပိုင်း

## အတိတ်ကံ

မြတ်စွာဘုရားသခင်၌ ပြင်းပြစွာ ကြည်ညိုခြင်းဖြင့် တရားတော်၌ ကျင့်ဆောင် အားထုတ်ကြသော သာမာဝတီ မိဖုရားကြီးနှင့်မောင်းမငါးရာတို့ ပြာသာဒ် မီးလောင်၍ သေဆုံးရခြင်းမှာ မသင့်တကားဟု ရဟန်းများကမြတ်စွာဘုရားအား လျှောက်ထားလေလျှင် မြတ်စွာဘုရားသခင်သည် ဤသို့ မိန့်တော်မူ၏၊

ရဟန်းတို့ ဘဝသံသရာ၌ မကောင်းမှုပြုသောကံသည် နွား၏ ခြေရာနောက်သို့ အစဉ်လိုက်သကဲ့သို့၊မကောင်းမှုကံသည် ထပ်တူထပ်မျှ အစဉ်ပင်လိုက်၏။ ကောင်းမှုပြုသောသူတို့၌ လူ၏ ကိုယ်နှင့်အတူ အရိပ်သည် ကပ်၍ ပါလာသကဲ့သို့ ကောင်းမှုကုသိုလ်၏ အကျိုးကို ခံစားကြရ၏။ ချမ်းသာခြင်း၊ ဒုက္ခဆင်းရဲရောက်ခြင်း ဟူသည်ကား မိမိ၏ အတိတ်ကံ အကျိုးပေးအရ ဖြစ်ကြကုန်သည်သာ ဖြစ်၏။

သာမာဝတီနှင့် မောင်းမငါးရာတို့သည် လွန်လေပြီးသော အတိတ်က မိဖုရားကြီးနှင့် မောင်းမငါးရာတို့ပင် ဖြစ်ခဲ့ဘူး၏။ ဘုရင်မင်းမြတ် ဥယျာဉ်တော်ကစားထွက်ရာသို့ အတူပါသွား

ကြရာ မိဖုရားနှင့် မောင်းမငါးရာတို့သည် ချမ်းအေးသဖြင့် မီးလှုံရာကို ရှာကြလေရာအမှိုက်ပုံတခုကိုတွေ့၍ မီးရှို့ပြီးမီးလှုံကြ၏။ မီးတောက် အရှိန်အဟုန်ပြင်းစွာ လောင်ကျွမ်းလေလျှင် မီးပုံတွင်း၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ် နိရောဓ သမာပါတ် ဝင်စားနေသည်ကို တွေ့မြင်ကြရသောအခါ ဘုရင်မင်းမြတ် ကိုးကွယ်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ငါတို့ မီးရှို့သလိမ့်ပြီ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ အလောင်းကောင်ကို ဘုရင်မင်းမြတ်တွေ့ရှိခဲ့သော် ငါတို့အား အပြက်ပြင်းစွာထွက်၍ ဒဏ်ထားလိမ့်မည်။

ထိုအလောင်းကောင်ကို မီးကျွမ်းအောင်ဖုတ်ကြကုန်အံ့ဟု မိဖုရားနှင့် မောင်းမငါးရာတို့သည် တယောက်လျှင် ထင်းတချောင်းကျစီရှာ၍ ပစ္စေကဗုဒ္ဓါ၏ ကိုယ်ပေါ်သို့ ထင်းများကို စုပုံ၍ မီးရှို့ကြကုန်၏။

နိရောဓသမာပါတ်ဝင်စားသော ပစ္စေကဗုဒ္ဓါ၏ ကိုယ်တွင် မိဖုရားနှင့်မောင်းမငါးရာတို့ရှို့သော မီးသည် သီတာရေကဲ့သို့ အစွမ်းမထင်ဖြစ်သတည်း။ ခုနစ်ရက်ပြည့်၍ နိရောဓသမာပတ်ဖြင့် ကောင်းကင်ခရီးဖြင့် ကြွသွားလေသည်။

ထိုမိဖုရားနှင့်မောင်းမတို့သည်ထိုအကုသိုလ်ကံပြုခဲ့ခြင်းကြောင့် နှစ် သိန်းပေါင်းများစွာ ငရဲ၌ ကျခံရ၍ ကျိုက်ကြွင်းဖြင့် ဘဝတရာတိုင်တိုင် ဤနည်းဖြင့်သာလျှင် အိမ်မီးလောင်၍ သေကြရကုန်သည်။

## ခုဇ္ဇုတ္တရာ၏ အတိတ်ကံ

မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူပြီးသော် ရဟန်းတို့က အရှင်ဘုရား ခုဇ္ဇုတ္တရာ၏ အတိတ်ကံ အကြောင်းကို ဟောကြားတော်မူပါဟု မေးလျှောက်ကြ၏။

ရဟန်းတို့ ထိုဗြဟ္မဒတ်မင်းသည်ပင် ဗာရာဏသီပြည်၌ မင်းပြုစဉ်မှာအရှင်ပစ္စေကဗုဒ္ဓါတပါးသည် အနည်းငယ်ခါးကုန်း၏။ ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါအား အလုပ်အကျွေး ပြုနေသော မိန်းမတယောက်သည် ငါတို့အရှင် ပစ္စေကဗုဒ္ဓါသည် ဤသို့ ဤပုံ ကြွတော်မူ၏ဟု ခါးကုန်း၍ အရှင်ပစ္စေကဗုဒ္ဓါပုံကိုပြ၏။ ဤအကျိုးဆက်ကြောင့် ခါးကုန်းရ၏။

ထိုအရှင် ပစ္စေကဗုဒ္ဓါတို့ကိုနန်းတော်တွင် သီတင်းသုံးစေပြီး နို့ဃနာတို့ကို သပိတ်အပြည့်ထည့်လှူ၏။ သပိတ်တွင် ပူ၍ အရှင်ပစ္စေကဗုဒ္ဓါတို့ လက်ပြောင်း၍ ခံယူတော်မူကြသည်ကို မြင်လျှင် ထိုမိန်းမသည် ဆင်စွယ်လက်ကောက် ရှစ်ကွင်းတို့ကို သပိတ်ခြေအဖြစ် ချွတ်၍ လှူ၏။ ယခုတိုင်ပင် နန္ဒမူလိုဏ်ဂူ၌ ထိုသပိတ်ခြေလက်ကောက်တို့သည် မပျက်စီးကုန်၊ ထိုသပိတ်ခြေ လှူသောအကျိုးဆက်ကြောင့် ယခုအခါ၌ ပိဋကတ်သုံးပုံကို အောင်နိုင်ခြင်း၊ ပညာကြီးခြင်းတို့ ရောက်ရ၏။ အရှင် ပစ္စေကဗုဒ္ဓါအား အလုပ်အကျွေးပြုရသော ကံအကျိုးဆက်ကြောင့် သောတာပတ္တိဖိုလ်သို့ ရောက်ရလေ၏။

ကဿပဘုရား ပွင့်တော်မူသော ကာလ၌ ခုဇ္ဇုတ္တရာသည် ဗာရာဏသီ သဌေးသမီးဖြစ်၍ မွန်းလွဲချိန်၌ ကြေးမုံ (မှန်)

ဖြင့် တန်ဆာဆင်ရာ၌ ရဟန္တာမတဦး ကြွလာရာနှင့်ကြုံ၍ အလှူပြင်သေတ္တာကို လှမ်း၍ ယူပေးပါဟု ခိုင်း၏။ ရဟန္တာမသည် ဤသဌေးသမီးကို ငါလှမ်းယူ၍ မပေးခဲ့သော် ငါ့အပေါ်၌ ဒေါသဖြစ်၍ ငရဲ၌ ကျတော့အံ့၊ ယူပေးလျှင် နောက်ကာလ၌ အစေခံ ကျွန်ဖြစ်လေအံ့၊ ငရဲ၌ ကျသည်ထက် အစေခံကျွန်ဖြစ်သည်က တော်သေး၏ဟု ကြံ၍ အလှုပြင်သေတ္တာကို ယူ၍ ပေးလေ၏။ ထိုအကျိုးဆက်ကြောင့် ခုဇ္ဇုတ္တရာသည် ယခုဘဝ အစေခံကျွန်ဘဝ၌ ဖြစ်ရလေ၏ဟု ဟောတော်မူ၏။

## ဒေသနာတော်

တနေ့တွင် ရဟန်းတို့သည် သာမာဝတီနှင့် မောင်းမငါးရာတို့၏အကြောင်းကို စကားစပ်မိ၍ငင်း၊ မာဂဏ္ဍီ၏ ဆွေမျိုးတို့နှင့် မာဂဏ္ဍီ၏ အကြောင်းကိုငင်း စကားစပ်၍ ပြောကြားယင်း ထိုသူတို့အနက် "အဘယ်သူတို့သည် အသက်ရှည်သည် မည်ပါကုန်သနည်း"

"အဘယ်သူတို့သည် သေသည်မည်ပါကုန်သနည်း"ဟု မေးလျှောက်ကြကုန်၏။

မြတ်စွာဘုရားသခင်က ချစ်သားရဟန်းတို့။

အကြင် အလုံးစုံသော သတ္တဝါတို့သည် မေ့လျော့ကုန်၏။ ထိုမေ့လျော့ကုန်သော သတ္တဝါတို့သည် အနှစ်တရာပင် အသက်ရှည်သော်လည်း သေသည်မည်ကုန်၏။

အကြင်သူတို့သည်ကား (တရားတော်၌)မမေ့မလျော့ကုန်။

ထိုမမေ့မလျော့ကုန်သော သူတို့သည် သေလွန်သော်လည်း အသက်ရှည်သည်မည်ကုန်၏ဟု မိန့်တော်မူပြီး—

(၂၁) အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ၊
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

(၂၂) ဧဝံ ဝိသေသတော ဉတွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ။
အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေ ရတာ။

(၂၃) တေ ဈာယိနော သာတတိကာ နိစ္စံ ဒဠှပရက္ကမာ။
ဖုသန္တိ ဓီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။

(၂၁) သတိအပေါင်း မမေ့မလျော့ခြင်းသည် သေခြင်းကင်းသော နိဗ္ဗာန်ကို ရခြင်းအကြောင်းသည် ဖြစ်၏။ သတိလွတ်ကင်း မေ့လျော့ခြင်းသည်၊ အဖန်တလဲလဲ သေရခြင်း၏ အကြောင်းသည် ဖြစ်၏။

မမေ့မလျော့ကုန်သော သူတို့သည် သေသည်မမည်ကုန်၊ အကြင်သူတို့သည် မေ့လျော့ကုန်၏။ ထိုသူတို့သည် သေသောသူကဲ့သို့တည်း။

(၂၂) မမေ့မလျော့ခြင်း၌ နိဗ္ဗာန်ကိုရကြောင်း အထူးကို သိကုန်သော ပညာရှိတို့သည် အရိယာ သူတော်ကောင်းတို့၏ ကျက်စားရာဖြစ်သော မမေ့မလျော့ခြင်းနှင့် မွေ့လျော်၍ နှစ်သက်ချီးမွမ်း ဝမ်းမြောက်ကုန်၏။

(၂၃) ထိုပညာရှိတို့သည် (သမထ၊ ဝိပဿနာ ဈာန်နှစ်ပါးဖြင့်) လုံ့လပြု၍ အမြဲသဖြင့် ပြင်းစွာ အားထုတ်ကုန်သည်ဖြစ်၍ ယောဂ လေးပါးတို့၏ကုန်ရာ၊ အတုမရှိ မြတ်သော နိဗ္ဗာန်သို့ ရောက်ကြကုန်၏။

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပန် စသည်တည်ကြ၍ များစွာ အကျိုးရှိကြကုန်၏။

(အပ္ပမာဒဝဂ် ရှေးဦးစွာသော သာမာဝတီဝတ္ထု ပြီး၏။)

# ၂/ ရာထူး ဂုဏ်သိန် စည်းစိမ် ဥစ္စာ တိုးပွားနည်း

(ကုမ္ဘဃောသက သဋ္ဌေးသား ဝတ္ထု)

ထကြွလုံ့လ ဝီရိယရှိသူ၊ အမြဲမပြတ် သတိရှိသူ၊ စင်ကြယ်သော အမှုပြုသူ၊ ရှုးရှုးစမ်းစမ်း ပြုလေ့ရှိသူ၊ တရားကိုစောင့်၍အသက်မွေးသူ၊ မမေ့မလျော့သောသူ တို့မှာ ရာထူး ဂုဏ်သိန် စည်းစိမ်ဥစ္စာ ကျေးဇူးသတင်း ကျော်စောခြင်းသည် တနေ့တခြား တိုးပွားလာပေ၏။

(ဥဋ္ဌာနဝတော)အစရှိသော ဤ ဓမ္မဒေသနာတော်ကို ကုမ္ဘဃောသက သဋ္ဌေးသားအား အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား

ရာဇဂြိုဟ်ပြည်၌ သဋ္ဌေးကြီးတဦးရှိ၏။ ထိုသဋ္ဌေးကြီးအိမ်၌ ရောဂန္တရကပ် ဆိုက်ရောက်၏။ ယင်နာဟုခေါ်၏။ အိမ်လုံးကျွတ် မလွတ်ရအောင် ကူးစက် ပျံ့ပွားလွယ်၍ သေဆုံးကြကုန်၏။ သဋ္ဌေးလင်မယားတို့သာ နောက်ဆုံးကျန်၍ ၎င်းတို့ကိုလည်း ထိုယင်နာ စွဲကပ်သည်ရှိသော် အရွယ်မရောက်သေးသော

သားငယ်အား ဤရောဂါဖြစ်ပွားလျှင် လွတ်အောင် ပြေးမှ အသက်ချမ်းသာရရသည်။ ငါ့သားသည် ငါတို့ကို တွယ်တာ မနေနှင့် နံရံကိုဖောက်၍ ပြေးလေလော့၊ ငါတို့တွင် ကုဋေ လေးဆယ်မျှ ပစ္စည်းဥစ္စာတို့ကို ဤမည်သောအရပ်၌မြှုပ်နှံထား သည်။ သင် အသက်ချမ်းသာ ရသည့်အခါ ဤဥစ္စာပစ္စည်း တို့ကို ဖော်၍ ယူလော့ဟု မှာကြားပြီး သေဆုံးသွားကြ၏။ သဌေးသားလည်း နံရံကိုဖောက်၍ထွက်ပြေးပြီး မထင်ရှားသော ရွာ၌ တဆယ့်နှစ်နှစ်ပတ်လုံး နေခဲ့၏။

တဆယ့်နှစ်နှစ် နေပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ပြန်လာ၏။ ငယ် စဉ်ကာလ လူလားမမြောက်ခင် တကိုယ်တည်းထည်း ထွက်ပြေး သွားရ၍ ယခုပြန်လာသောအခါ ဆံမုတ်ဆိတ်ကျင်စွယ်တို့ ရှိလာ သောကြောင့် မှတ်မိသူမရှိချေ။ ထိုလုလင်ကလည်း ဆွေမျိုး သညာ မည်သူမည်ဝါဟူ၍ မသိလေ၊ မိဘတို့မှာထားသော နေ ရာတွင် သွားရောက်ကြည့်ရှုရာ ပစ္စည်း ဥစ္စာတို့သည် လက်ရာ မပျက် တွေ့ရ၏။

## ပညာရှိညာဏ် ဆင်ခြင်ပြန်သော်

ဤရာဇဂြိုဟ်တွင် ငါ့ကိုလည်း မည်သူတစုံတယောက်မျှမသိ၊ ငါကလည်း မည်သူ့ကိုမျှမသိ၊ သဌေးသားဟူ၍ အထောက် အထားပြစရာလည်း ဘာတခုမျှမရှိ၊ အကယ်၍ ဤ ကုဋေ လေးဆယ်တို့ကို ဖော်ထုတ်၍ သုံးစွဲခဲ့သော် ဆင်းရဲသားတဦးက မြေတွင်းမှ ရတနာများ မတော်တဆတွေ့ပြီး ဖော်ယူသုံးစွဲသည် ဟု ဆိုကာ ပစ္စည်းကိုလည်း သိမ်းမည်၊ လူကိုလည်း ဖမ်းမည်။

ငါသည် ထိုရတနာတို့ကို ဖော်ယူသုံးစွဲခြင်းငှာ အချိန်အခါ မဟုတ်သေး၊ ယခုအခါတွင် မထင်မရှား အခစားလုပ်၍ ထမင်း တလုပ်စားရအောင် နေရမည်၊ လုပ်ရမည်ဟု ပုဆိုးစုတ်ကိုဝတ်၍ ငှားရမ်းမည့်သူကို လိုက်လံရှာဖွေ၏။

ထိုအခါတွင် ငှားရမ်းလိုသူတို့က လုလင်အား သင့်ကိုထမင်း အတွက် အစာ ရေစာပေးမည်။ သင်သည် ဆော်သြရေးအလုပ် ကို လုပ်ရမည်။ နံနက်စောစောထ၍ အလုပ်သမားများကို နှိုး ဆော်ပေးရမည်။ ရာဂုထမင်းချက်ရန် လှည့်လည်၍ နှိုးဆော် ပေးရမည်။ လုပ်နိုင်ပါမည်လောဟု မေး၏။ လုလင်လည်း လုပ် ပါမည်ဟု ဝန်ခံ၏။ လုလင်အတွက် အိမ်တခုကို ပေးကြ၏။

## အသံကြားရုံနှင့် သိသောပညာ

လုလင်သည်နေ့တိုင်းနေ့တိုင်းနံနက်စောစောထ၍ဆော်သြ၏။ နှိုးဆော်၏။

တနေ့တွင်ဗိမ္ဗိသာရမင်းကြီးသည်ထိုလုလင်၏အသံကိုကြား၏။ မင်းကြီးသည် အသံကြားရုံနှင့် ထိုသူ၏ သဘောကို သိတတ် သော ပညာရှိ၏။ ဤအသံသည် ပစ္စည်းဥစ္စာများစွာ ပိုင်ဆိုင် သော ယောကျ်ားတယောက်၏ အသံပေတည်းဟုဆို၏။

မင်းကြီးစကားကို အနီး၌ရှိသော ကိုယ်လုပ်တော် မောင်းမ တယောက်ကကြားလျှင် မင်းကြီးသည် အကြောင်း မရှိဘဲ ဤစကားကို ဆိုမည်မဟုတ်၊ ဤသူကို ငါစုံစမ်းအံ့ဟု ကြံ၍ ယောကျ်ားတယောက်ကိုလွှတ်ပြီး သိစေ၏။ ကြည့်စေ၏။

ကြည့်သောသူက စုံစမ်း၍ ပြန်လာပြီး ဤသူငယ်သည်

သူများ၏ အခစား တကောင်ကြွက် အထီးကျန်ပင် ဖြစ်၏ ဟု ပြော၏။ မင်းကြီးလည်း ဆိတ်ဆိတ်နေ၏။

နှစ်ရက်မြောက်သောနေ့၌ရင်း၊ သုံးရက်မြောက်သောနေ့၌ ရင်း ထိုလုလင်၏အသံကိုကြားလျှင် မင်းကြီးသည် ဤစကားကို ပင်ထပ်၍ ပြော၏။

## သမီးနှင့် သွေးဆောင်ပုံ

ကိုယ်လုပ်တော် မောင်းမကလည်း ဤသို့ပင် စေလွှတ်၍ ကြည့်စေ၏။ မင်းကြီးက တကောင်ကြွက် အထီးကျန်ဆိုသော စကားကို မယုံကြည်ဘဲ ထပ်တလဲလဲသာ များစွာသော ပစ္စည်း ဥစ္စာရှိသည့်ယောကျ်ား၏ အသံပါဟု ပြောနေသည်။အကြောင်း တစုံတရာရှိလိမ့်မည်။ စုံစမ်းလျှင် ကောင်းမည်ဟု မင်းကြီးကို မိမိအကြံ လျှောက်ထား၍ အသပြာတထောင်ကို တောင်း၏။ မင်းကြီးလည်း ခွင့်ပြုလိုက်၏။

ထိုမောင်းမသည်သမီးကိုညစ်နွမ်းသောအဝတ်ကိုဝတ်ဆင်စေပြီး သားအမိ နှစ်ယောက် ခရီးသွား ဧည့်သည်ကဲ့သို့ ဟန်ဆောင်၍ ဆင်းရဲသားတို့ရပ်ကွက် အိမ်တအိမ်တွင် တရက်နှစ်ရက်နားပါရစေဟု တောင်းပန်၏။ အိမ်ရှင်တို့က ငါတို့အိမ်မှာ လူများ၍ နေရာကျပ်တည်းလှပါသည်။ ကုမ္ဘဃောသက၏ အိမ်၌ တယောက်တည်းနေသည်။ ထိုအိမ်သို့ သွားကြပါဟု ညွှန်၏။ ထိုမိန်းမလည်း ကုမ္ဘဃောသကအိမ်သို့သွား၍ အိုလုလင် ငါတို့သည် ခရီးသွားဧည့်သည်များပါ၊ တရက်နှစ်ရက် နေပါရစေဟု ဆို၏။ ကုမ္ဘဃောသကက မိန်းမပျိုတယောက်ပါလာ

သဖြင့် မဖြစ်နိုင်ကြောင်း ငြင်း၏။ ယနေ့တနေ့တော့ တည်းပါရစေ၊ နံနက်စောစောမှာ သွားပါမည်ဟု ဆို၍ အတင်းကပ်နေ၏။

ထိုတည တည်းခိုပြီး နံနက်ရောက်လျှင် ကုမ္ဘဃောသက လုလင်တောသို့ သွားရန် ပြင်ဆင်သောအခါ၌ အို လုလင်သင်၏ ဆန် ပေးခဲ့ပါ၊ ငါတို့ ချက်ပြုတ်၍ ထားပါမည်ဟု မိခင်က ပြော၏။ ကုမ္ဘဃောသကလည်း ငြင်း၏။ မိခင်လည်း ထပ်တလဲလဲ တောင်းပန်၍ လုလင်သည် ဆန်ပေးခဲ့၏။

ကုမ္ဘဃောသက ထွက်သွားလျှင် ထိုမိန်းမသည် ဈေးသို့ သွား၍ အိုးခွက်အသစ်တို့ကို ဝယ်ပြီး နန်းတွင်းသူတို့စားသည့် ဟင်းလျာများဖြင့် ချက်၏။ တောမှပြန်လာသော လုလင်သည် ထိုအစာတို့ကို စားရသော် မိခင်ကို ကျေးဇူးဘင်၏။ မိခင်လည်း လုလင်အား ငါတို့သည် ခရီးပန်း၍ လာခဲ့ကြပါသည်။ တရက်နှစ်ရက်တော့နေပါရစေဟုတောင်းပန်၏။ လုလင်ကလည်း ကြည်သာစွာခွင့်ပြု၏။ မိခင်လည်း ကောင်းသော အစားအစာ တို့ကို ချက်ပြုတ်ကျွေး၏။

တနေ့တွင် ကုမ္ဘဃောသက၏ ခုတင်မှ ကြိုးအချို့ကို ဖြတ်၍ ထား၏။ လုလင်ရောက်၍ ထိုင်ရုံနှင့်အောက်သို့ကျွံကျ၏။ မိခင်က အိမ်နီးချင်း ကလေးတို့သည် ဤခုတင်၌ လာရောက်၍ ဆော့ကြသည်။ မိခင်တို့မှာ ညှော်သည်ဖြစ်၍ မတာ မြစ်သာဘဲ ကြည့်နေရသည်ဟု ဆို၏။

ကုမ္ဘဃောသကက ငါတွင် အိပ်ရာနေရာ မရှိတော့ သင်တို့ သွားကြကုန်လော့ဟု နှင်ထုတ်၏။ မိခင်က ဤအချိန်ကြီး၌

ငါတို့ ဘယ်သို့သွားရမည်နည်းဟု ပြောပြီး သမီးမောင်ကြီး အတွက် အိပ်ရာကို ပြင်ပေးလော့ဟု ဆို၏။

သမီးက မိမိအိပ်ရာ၏ တဖက်ခြမ်းကိုခင်း၍ မောင်ကြီး ဒီကိုလာအိပ်ပါဟု နေရာပေး၏။ ကုမ္ဘဃောသကလည်း သတို့ သမီး၏ အိပ်ရာဘေးတွင် ဝင်၍ အိပ်၏။

သန်းခေါင်အချိန်တွင် သတို့သမီးသည် ထ၍ ငို၏။ မိခင်ကို တိုင်၏။

မိခင်ကသမီးဘာတတ်နိုင်မည်လဲ၊သမီးအတွက်မိုခိုကိုးကွယ်ဘို့ လင်ကောင်းတယောက်ရဘို့လိုသည်၊လုလင်အတွက်လည်းမယား ကောင်းတယောက်ရဘို့လိုသည်ဟု ပြော၍ သမီးနှင့် ထိမ်းမြား ပေးစားလိုက်၏။ သူတို့သည် ပျော်ရွှင် ချမ်းမြေ့စွာပင် အိမ်၌ နေကြ၏။

နှစ်ရက် သုံးရက်ကြာလျှင် မိခင်ဖြစ်သော မိန်းမသည် ဘုရင့် ထံ အကြောင်းကြား၏၊ လက်လုပ်လက်စား ရပ်ကွက်အတွင်း၌ အိမ်တိုင်းအိမ်တိုင်း ဤနေ့ဤရက်၌ သဘင်ကို ကျင်းပရမည်။ မကျင်းပသောအိမ်၌ ဤသို့သော အပြစ်ဒဏ်ခံရမည်ဟု အမိန့် ချမှတ်ပါရန် စေလွှတ် ပြောကြား၏။ ဗိမ္ဗိသာရမင်းကြီးသည် ထိုအတိုင်း အမိန့်ချ၏။

ကုမ္ဘဃောသကကို ယောက္ခမက သဘင်ကို စီစဉ်စေ၏။ ငွေမရှိပါဟု ပြော၏။ မိခင်က မင်းမိန့်ကို လွန်ဆန်၍မဖြစ်၊ ငွေ ချေးငှား၍ပင်ပြုလုပ်ရပါမည်။ ချေးငှား၍ ပြုလုပ်လျှင် တနေ့၌ ပြန်၍ ဆပ်နိုင်သေး၏။ မင်းပြစ်မင်းဒဏ်ကိုမူကား မခံစကောင်း ဟု ပြော၏။ ကုမ္ဘဃောသကက အဘယ်မှာ ချေးငှား၍ ရမည်

နည်းဟု ဆို၏။ မိခင်က ငွေကို ရအောင်ရှာပါ၊ သွားပါဟု ဇွတ်ပြောလေလျှင် လုလင်သည် နှုတ်မှ တတွတ်တွတ် ရေရွတ်ယင်း အိမ်မှဆင်းသွား၏။ မကြာမီပြန်လာပြီးအသပြာအချို့ကို ပေးအပ်၏။

ထိုအသပြာကို တိတ်တဆိတ် မင်းကြီးထံပို့စေ၏။ နှစ်ရက်သုံးရက်ကြာလျှင် သဘင်ပွဲရန် အမိန့်ထွက်လာပြန်၏။ မိခင်နှင့်လုလင်တို့ အငြင်းအခုံဖြစ်ကြပြီး အသပြာသုံးခုကို ယူ၍ပေးပြန်၏။ ထိုမိန်းမလည်း ထိုအသပြာကို မင်းကြီးထံ ပို့စေ၏။ ထို့နောက် မင်းကြီးကို မှာကြားလိုက်၏။ ကုမ္ဘဃောသကကို ခေါ်ယူ၍ စစ်ဆေးပါဟု မှာကြားလိုက်၏။

မင်းကြီးလည်း မင်းစေလုလင်တို့ကို စေလွှတ်၍ ခေါ်စေ၏။ လုလင်က ငါ့တွင် မင်းကြီးနှင့်တွေ့ရန် အကြောင်းမရှိဟု ငြင်း၏။ မင်းစေတို့လည်း လုလင်ကို အနိုင်အထက်ပြု၍ ခေါ်သွား၏။ မိခင်နှင့် သမီးတို့လည်း နန်းတော်သို့ပြန်၍ ကောင်းစွာ ဆင်ယင်ကုန်လျက် ညီလာခံသို့ ဝင်၏။

မင်းကြီးသည် လုလင်ကို စစ်မေး၏။ အသပြာတို့ကိုပြ၏။ ကုမ္ဘဃောသကသည် မိမိ ကုဋ္ဌေလေးဆယ်ထဲမှ ဖြုတ်ယူခဲ့သော အသပြာကို မှတ်မိ၍ ဤအသပြာသည် အဘယ့်ကြောင့် မင်းကြီးလက်သို့ ရောက်ရသနည်းဟု စဉ်းစားပြီး ဟိုမှသည်မှကြည့်သော် နန်းတွင်းသူတို့ အဝတ်များဖြင့် ထိုင်၍ နေကြသော သားအမိကို မြင်သဖြင့် မင်းကြီးသည် ဤမိန်းမတို့ကို စေလွှတ်၍ ငါ့ကို စုံစမ်းစေသည်ဟု သိသဖြင့် အရှင်မင်းကြီး၊ အကျွန်ုပ်တွင် မို

အားထားစရာမရှိပါဟု ဆို၏။ မင်းကြီးက သင့်ကို ငါစောင့်ရှောက်မည် အမှန်အတိုင်းသာ ဝန်ခံလော့ဟု ဆို၏။

ကုမ္ဘဃောသကသည် မိဘတို့ အမွေအနှစ်အကြောင်းပြောပြပြီး မိမိ ဤဘဝ ဤအခြေအနေတွင် မိဘအမွေအနှစ်ကို ထုတ်ဖော်သုံးစွဲပါက လူအပေါင်းတို့ မယုံမည်စိုး၍ တကြောင်း၊ မိမိကိုယ်ကို မည်သူမျှ မမှတ်မိ၍ သက်သေခံမည့်သူမရှိဘဲ အထင်အမြင်လွဲကြမည်စိုး၍တကြောင်း ဤငွေတို့ကို မတူးမဖော်ဘဲ မိမိလုပ်အားဖြင့်သာရှာဖွေစားသောက်မည်ဟုအခစားအလုပ်ကို ဝင်ရောက် လုပ်ကိုင်ရခြင်းပါဟု ဆိုပြီး ဤကုဋေလေးဆယ်ကို အရှင်မင်းအား အပ်ပါ၏ဟု လျှောက်၏။ မင်းကြီးလည်း လှည်းတို့ဖြင့် ထိုလုလင် တူးဖော်ပေးသော ရွှေငွေဘဏ္ဍာတို့ကို မင်းရင်ပြင်၌ ပုံစေပြီး ရာဇဂြိုဟ် ပြည်သူပြည်သားများကို စုဝေးစေ၍ ပြ၏။ ပြည်သူ ပြည်သားတို့က သဘောညီညွတ်သဖြင့် သဌေးအရာ၌ထား၍ ကုမ္ဘဃောသကကို သမီးနှင့်ပင် ပေးစားလေ၏။

နောက်တနေ့တွင် ကုမ္ဘဃောသကနှင့်အတူ မြတ်စွာဘုရားထံတော်သို့ ဝင်ရောက်ဖူးမြော်ယင်း အရှင်မြတ်ဘုရား ဤသူငယ်သည် မိဘအမွေအနှစ်များစွာရှိပါလျက် ဝင့်ဝါသော မာနကိုမထားဘဲ အထီးကျန် သူဆင်းရဲကဲ့သို့ ပုဆိုးပိုင်းကိုဝတ်လျက် မိမိလုပ်အားကို အားကိုးပြီး အခစားအလုပ်ဖြင့် အသက်မွေးပါသည်။ ဤအကြောင်းကို တကာတော်သည် သိအောင်ပြု၍ ဝန်ခံစေပြီး ပစ္စည်းတို့ကို လုလင်အားသာလျှင် ပြန်လည်ပေးအပ်၍ သဌေးဘွဲ့ကိုပေးပြီး သမီးတော်နှင့် ထိမ်းမြားပါသည်။

ဒကာတော်သည်ဤကဲ့သို့တည်ကြည်သောသူကိုမမြင်ဘူးသေးပါ ဘုရားဟု လျှောက်ထား၏။

မြတ်စွာဘုရားသခင်က တကာတော် တစုံတယောက်သော သူသည် စီးပွားဥစ္စာပျက်စီးသောအခါ၌ လယ်ထွန်ခြင်းကိုသော်ရင်း၊ အခစားပြု၍ အသက်မွေးခြင်းသည်သော်ရင်း၊ တရားသဖြင့် အသက်မွေးခြင်းမည်၏။ သူတပါး၏ ပစ္စည်းဘဏ္ဍာကို ခိုးခြင်းအမှုသည်ကား ဤဘဝ၌လည်း နှိပ်စက် ဖျက်စီးခံရတတ်၏။ နောင်ဘဝ၌လည်း နှိပ်စက် ဖျက်စီးခံရတတ်၏ဟု မိန့်တော်မူပြီး....

(၂၄) **ဥဋ္ဌာနဝတော သတီမတော၊**
**သုစိကမ္မဿ နိသမ္မကာရိနော။**
**သညတဿ ဓမ္မဇီဝိနော၊**
**အပ္ပမတ္တဿ ယသော ဘိဝဍ္ဎတိ။**

(၂၄) ထကြွလုံ့လ၊ဝီရိယရှိသော၊သတိရှိသော၊စင်ကြယ်သော အမှုရှိသော၊ စူးစမ်း၍ ပြုလေ့ရှိသော၊ကိုယ်နှုတ်နှစ်ပါး စောင့်စည်းထသော၊ တရားသဖြင့် အသက်မွေးသော၊ မမေ့မလျော့သောသူအား၊ စည်းစိမ်ဥစ္စာ ရာထူးဂုဏ်သိန်၊ ကျေးဇူးသတင်း ကျော်စောခြင်းသည် တနေ့တခြားတိုးပွားလေ၏။

ဤဒေသနာတော်၏အဆုံး၌ ကုမ္ဘဃောသက သဋ္ဌေးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ များစွာကုန်သော သူတို့သည်လည်း သောတာပတ္တိဖိုလ် စသည်သို့ ရောက်လေ၏။

(ဓမ္မပဒ အပ္ပမာဒဝဂ် နှစ်ခုမြောက်သော ကုမ္ဘဃောသက ဝတ္ထု ပြီး၏။)

# ၃/လုံ့လဝီရိယဖွမ်းအင်

(စူဠပန္ထကဝတ္ထု)

လုံ့လဝီရိယ ရှိသော မမေ့ မလျော့သော သီလသိက္ခာ စောင့်စည်း၍ ဇာနန္ဒကိုလုံခြုံအောင် ဆုံးမသောပညာ ရှိသည် သံသရာ တည်းဟူသော သမုဒ္ဒရာ၌ အရဟတ္တမိုလ်ဟူသော ကျွန်းကြီးကို တည်ဆောက်၏။ ထိုကျွန်းကို ကိလေသာ ရေအယဉ်သည် မဖျက်ဆီးနိုင်တော့ပြီ။

(ဥဋ္ဌာနေနပ္ပမာဒေန) စသည် ဓမ္မဒေသနာကိုဗိမ္ဗိသာရ မင်းဆောက်လုပ် လှူဒါန်းအပ်သော ဝေဠုဝန် ကျောင်းတော်၌ စူဠပန္ထကကို အကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား

ရာဇဂြိုဟ်ပြည်မှ"ဓနသေဋ္ဌေ"သဌေးကြီးသည်တဦးတည်းသော သမီးကို ချစ်မြတ်နိုးလှသည်ဖြစ်၍ ယောကျ်ားဆိုလျှင် ယင်ဖိုမသန်းရအောင် ဘုံခုနစ်ဆင့်တွင် ထားခဲ့သည်။ သဌေးသမီးက အရွယ်ရောက်လာပြီးနောက် ယောကျ်ားတပါးကို တွေ့မြင်ခဲ့လှသည်ဖြစ်၍ အိမ်တွင်းအလုပ်ကျွန်နှင့် တိတ်တဆိတ် ချစ်ကြိုက်မိကြလေသည်။

ဤသို့ချစ်ကြိုက်ရာမှ ကိုယ်ဝန်ရှိလာသည်ကို သိလျှင် ကျွန်ယောကျ်ားကိုလည်း မခွဲနိုင်။ မိဘများသိလျှင်ကျွန်ယောကျ်ားကို သတ်မည်စိုးရိမ်၍ တိတ်တဆိတ် ရာဇဂြိုဟ်မြို့မှဝေးကွာသောအရပ်သို့ ထွက်ပြေးကြပြီး ဆင်းရဲပင်ပန်းစွာ နေကြရလေ၏။

ကိုယ်ဝန်အရင့်အမာရှိလျှင်သဌေးသမီးကမိဘရှိရာ ရာဇဂြိုဟ်မြို့၌ သွားရောက်ပြီး မီးဖွားလိုသည် လင်ယောကျ်ားကို တိုင်ပင်ရာ လင်ယောကျ်ားက မသွားရန်တောင်းပန်သည်။သဌေးသမီးကလည်း မိဘတို့မည်သည် သားဆိုးသမီးဆိုးကို စွန့်ပစ်ရိုး မရှိဟု ယုံမှတ်၍ လင်ယောကျ်ား မရှိခိုက် တိတ်တဆိတ်မိဘတို့ရှိရာသို့ ထွက်ခွာသွားရာ လမ်းခရီး တောတွင်းတနေရာ၌ မီးဖွားလေ၏။ နောက်မှ လိုက်၍ လာသော လင်ယောကျ်ားနှင့် တွေ့ရှိချော့မော့ခေါ်၍ လင်ယောကျ်ားနောက်သို့ ပြန်၍ ပါသွားခဲ့လေသည်။ ထိုလမ်းခရီးအကြား၌ မွေးဖွားသော သားကို "မဟာပန္ထက" ဟု အမည်တွင်လေသည်။

ဒုတိယတဖန် ကိုယ်ဝန်ရှိပြန်ရာ ဤသို့ပင် မိဘများအထံ၌ မီးဖွားလို၍ တိတ်တဆိတ်သွားပြန်လေ၏။ တောလမ်းခရီး၌ပင် သားတယောက် ဖွားမြင်ခိုက် လင်ယောကျ်ား လိုက်လာခေါ်ငင်သဖြင့် ပြန်၍ လိုက်ပါသွားရပြန်သည်။ ဒုတိယ သားသည်လည်း လမ်းခရီးအကြား၌ ဖွားမြင်သည်ဖြစ်၍ "စူဠပန္ထက" ဟူ၍ အမည်တွင်ပြန်လေသည်။

ညီနောင်နှစ်ပါးတို့ လူမှန်းသူမှန်း သိလာသောအခါ မိမိတို့မှာ မိသားစုလေးယောက်သာရှိပြီး အခြား ဆွေမျိုးညာတိ တစုံတရာမရှိ၊ မသိ၊ မတွေ့၊ မမြင်ရ၍ မိခင်အား မေးမြန်းကြ

သည်။ မိခင်ကလည်း "သင်တို့၏ အဘိုးအဘွားတို့ကား ရာဇဂြိုဟ်ပြည်မှ ဓနသေဋ္ဌေး သဋ္ဌေးကြီးပင်တည်း" ဟုအမြွက်မျှပြောပြလေ၏။

သားငယ်တို့က ဤသို့ အဘိုးအဘွားတို့သည် သဋ္ဌေးကြီးဖြစ်ပါလျက် အဘယ်ကြောင့် ဤရွာငယ်တွင် ဆင်းရဲစွာ နေရပါသနည်းဟု ထပ်ဆင့်မေးလာပြန်သောအခါ မိခင်မှာ မနေသာတော့ဘဲ အကြောင်းစုံကို ပြန်ပြောရလေတော့၏။

## အဘိုးအဘွားတို့ထံ

သားနှစ်ယောက်ကမိခင်ကို အတန်တန်ပူဆာကြ၏။ မိခင်လည်းသားတို့၏ရှေ့ရေးကို မျှော်တွေးလျက် သားနှစ်ယောက်ကို ခေါ်ပြီး ရာဇဂြိုဟ်ပြည်သို့သွား၍ မြို့ပြင်ဇရပ်၌တည်းခိုနေထိုင်ကြ၏။

သဋ္ဌေးသမီးကို သိကြသူတို့က ဓနသေဋ္ဌေး သဋ္ဌေးကြီးထံ သတင်းပို့ကြလေလျှင် သဋ္ဌေးကတော်ကြီး လိုက်လာပြီး သမီးတို့ ဤဇရပ်မှာ ဆက်၍နေလျှင် တဆွေလုံးတမျိုးလုံး မျက်နှာပျက်၍ အရှက်ရကြလိမ့်မည်။ဤသို့ဖြစ်၍ ဤရွှေငွေပစ္စည်းတို့ကို ယူပြီး နေရင်းအရပ်သို့ ပြန်သွားပါလေ၊ မြေးနှစ်ယောက်ကိုမူ ငါတို့မွေးမြူအံ့ဟု မြေးနှစ်ယောက်ကို ခေါ်ထားပြီး သမီးကို ရွှေငွေပစ္စည်းများပေး၍ ပြန်လွှတ်လိုက်၏။

## မဟာပန္ထက–ရဟန္တာဖြစ်ခြင်း

သဋ္ဌေးကြီးသည်မြေးအကြီး မဟာပန္ထကကို ဘုရားကျောင်းတော်သို့တရားနာသွားတိုင်း ခေါ်၍သွား၏။ မဟာပန္ထကသည်

မြတ်စွာဘုရား တရားတော်ကိုနာကြားရပါမျှသော် သက်နိုး ဝတ်လိုသော ဆန္ဒဖြစ်ပေါ်လာ၏။

အဘိုးဖြစ်သော သဋ္ဌေးကြီးကို ပြောသောအခါ အားရ ဝမ်းသာ သာမဏေပြုပေးပြီး အသက်နှစ်ဆယ်ပြည့်လျှင် ရဟန်း ပြု၍ ကမ္မဋ္ဌာန်းတရားများအားထုတ်ရာမှရဟန္တာအဖြစ်သို့ ရောက် လေ၏။ (မဟာပန်)ဟု ထင်ရှားသော ရဟန္တာတပါး ဖြစ်လာ ပြီး မြတ်စွာဘုရား၏ ကျောင်းတော်၌ ဆွမ်းများ စီစဉ်ရသော တာဝန်ကို ယူရလေသည်။

စူဠပန္ထကလည်း နောင်တော်ကို အားကျ၍ ရဟန်းပြုလေ သော်လည်း အခြေခံပညာနည်းပါးလှသည့်ပြင် ဉာဏ်ကလည်း ထိုင်းသဖြင့် ဂါထာတပုဒ်ကိုလေးလသင်ကြားသည့်တိုင် မရနိုင် ဖြစ်လေ၏။

(စူဠပန္ထက ဤသို့ ဉာဏ်ထိုင်းရသည်မှာ ကဿပ ဘုရားသခင် လက်ထက်၌ ပညာနည်းသော ရဟန်းတပါး စာကျက်၍ မရနိုင် သည်ကို ပျက်ရယ်ပြု၍ထိုရဟန်းမှာရှက်ပြီးစာကိုဆက်၍ မသင်ဘဲ နေလေသဖြင့် ယခုဘဝတွင် ဉာဏ်ထိုင်းရသည်ဖြစ်၏။)

## ဆွမ်းစားပင့်ရာ သူမပါ၍

**တနေ့တွင် သမားတော် ဇီဝကသည် မြတ်စွာဘုရားသခင်နှင့်** တကွ ကျောင်းတော်ရှိ သံဃာကုန်ဆွမ်းစားပင့်ရာတွင် မဟာ ပန်က ဆွမ်းစားကြွရန် သံဃာတော်တို့ကို စီစဉ်ရသည်ဖြစ်ရာ စူဠပန်သည် ပညာနည်းသည်ဖြစ်၍ကျွတ်ထိုက်သူ မဟုတ်ဟု ယူဆ

သည့်အလျောက် ဆွမ်းစားပင့်ရာတွင် စူဠပန်ကို အရေအတွက် ထဲတွင် မထည့်သွင်းဘဲ ထားလိုက်၏။

ဆွမ်းစား ပင့်ရာတွင် မပါဝင်သဖြင့် ညီဖြစ်သူ စူဠပန်က နောင်တော် မဟာပန်သည် ငါ့အပေါ်တွင် အချစ်တရား ပျက်ပြားလေပြီ၊ ငါရဟန်းဘဝတွင်ဆက်လက်နေ၍ အချည်းနှီး ပင်၊ ငါနံနက် အာရုံတွင် လူဝတ်လဲတော့မည်ဟု စိတ်ကူး၍ အိပ်လေ၏။

## မြတ်စွာဘုရား ကယ်ချွတ်ခြင်း

မြတ်စွာဘုရားသခင်သည်မိုးသောက်အခါ ကျွတ်ထိုက်သော သတ္တဝါတို့ကို ရှုကြည့်တော်မူလတ်သော် စူဠပန်၏ အဖြစ်ကို မြင်တော်မူသဖြင့် စူဠပန် ထွက်မည့်တံခါးဝ၌ စင်္ကြံသွား၍ နေတော်မူသည်။

စူဠပန်လည်း လူထွက်မည်အကြံဖြင့် လာလေလျှင် မြတ်စွာ ဘုရားသခင်ကို မြင်တော်မူ၍ ရှိခိုး၏။ မြတ်စွာဘုရားသခင်က-

''စူဠပန်၊ စောစီးစွာထ၍ လာသည်။ အဘယ်သို့ သွားမည် နည်း''ဟုမေးတော်မူ၏။ စူဠပန်က ''တပည့်တော်၏ နောင်တော် က ရဟန်းအဖြစ် အသိအမှတ် မပြုတော့၍ လူထွက်ရန် လာပါ သည်ဘုရား''ဟု လျှောက်ထား၏။ မြတ်စွာဘုရားက-

''သင့်နောင်တော် အသိအမှတ်မပြုလျှင် အဘယ့်ကြောင့် ငါ့ထံသို့ မလာသနည်း''

''သင်လူထွက်၍အဘယ်အကျိုးရှိမည်နည်း၊ငါ့ထံ၌နေလော့''

ဟု စူဠပန်အား လက်တော်နှင့် သုံးသပ်တော်မူပြီး ကျောင်းတော်သို့ ခေါ် သွားတော်မူ၏။

### ရဇောဟရဏ ကမ္မဋ္ဌာန်း

မြတ်စွာဘုရားသခင်သည် ကျောင်းတော်သို့ ရောက်လျှင် စူဠပန်အားဂန္ဓကုဋီတိုက်တံခါးတွင်အရှေ့သို့မျက်နှာပြုကာနေစေပြီးသော် ပုဆိုးကြမ်းတထည်ကို ယူ၍ 'ဤပုဆိုးကြမ်းကို(ရဇောဟရဏံ)ဟူ၍ သုံးသပ်ပြီးနေလော့''ဟု ဖြူစင်စွာသော ပုဆိုးကြမ်းကို ပေးတော်မူပြီး ဇီဝက အိမ်သို့ ဆွမ်းစားကြွတော်မူသွား၏။

စူဠပန်သည် အရုဏ်ကိုကြည့်၍ ပုဆိုးကြမ်းကို ပွတ်ချေလျက် (ရဇောဟရဏံ) ဟူ၍ စီးဖြန်းလျက်နေလေရာ ဖြူစင်သော ပုဆိုးကြမ်းသည် ညစ်ညူး၍သွားခဲ့၏။ စူဠပန်၏ ဉာဏ်အစဉ်၌ ''ဤမျှစင်ကြယ်စွာသော ပုဆိုးကြမ်းသည်ပင် ညစ်ညူးရချေ၏တကား၊ သင်္ခါရတရားသည် အမြဲမရှိပါတကား''ဟု ဝိပဿနာဉာဏ်ကို တင်ရှု၍နေ၏။ မြတ်စွာဘုရားသည် ဇီဝကအိမ်မှနေ၍ စူဠပန္ထက၏ စိတ်သည် ဝိပဿနာသို့ တက်ပြီဟု သိတော်မူလျက် ''စူဠပန္ထက ဤအဝတ်သည်သာလျှင် မှုအညစ်အကြေး(ရဇောဟရဏံ)ဟူ၍မမှတ်လင့်၊ သင့်ကိုယ်တွင်းမှာ ရာဂတည်းဟူသော မှုအကြေးတို့ကိုပယ်လော့''ဟု မိန့်တော်မူ၍ ရောင်တော်ကိုလွှတ်တော်မူကာ စူဠပန်၏ရှေ့တွင် ဘုရားသခင်ကိုယ်ပွားတော် ထင်ရှားပြတော်မူလျက် (ရာဂေါ ရဇော န စ ပန ရေဏု ဝုစ္စတိ) စသောသုံးဂါထာကို ဟောတော်မူ၏။

(၁) မြူအညစ်အကြေးဟူသည် ရာဂတည်း။ ဤမြူအညစ် အကြေးဟူသောအမည်သည် ရာဂ၏အမည်တည်း။ ဤ ရာဂမြူအညစ်အကြေးကိုပယ်၍ နေကုန်သော ရဟန်း တို့သည် ရာဂမြူအညစ်အကြေး ကင်းသော သာသနာ တော်၌ နေကုန်၏။

(၂) မြူအညစ်အကြေးဟူသည် ဒေါသတည်း။ ဤမြူအညစ် အကြေး ဟူသောအမည်သည် ဒေါသ၏အမည်တည်း။ ဤဒေါသ မြူအညစ်အကြေးကို ပယ်၍ နေကုန်သော ရဟန်းတို့သည် ဒေါသ မြူအညစ်အကြေး ကင်းသော သာသနာတော်၌ နေကုန်၏။

(၃) မြူအညစ်အကြေးဟူသည် မောဟတည်း။ ဤမြူအညစ် အကြေးဟူသောအမည်သည် မောဟ၏ အမည်တည်း။ ဤမောဟ မြူအညစ်အကြေးကို ပယ်၍ နေကုန်သော ရဟန်းတို့သည် မောဟ မြူအညစ်အကြေး ကင်းသော သာသနာတော်၌ နေကုန်၏။

ဂါထာတို့၏အဆုံး၌ စူဠပန္ထကသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ ပိဋကသုံးပုံတို့သည် နှုတ်၌လာကုန်သ တည်း (စူဠပန္ထကသည် ရှေးမင်းဖြစ်စဉ်ဘဝတခု၌ နဖူးမှချွေးကို သုတ်ယင်းဖြူစင်သောအဝတ်သည်ညစ်နွမ်းသည်ကိုမြင်၍သခါရ သဘောကိုမြင်၍ အနိစ္စသညာကို ရခဲ့ဘူးလေသော အကြောင်း ကြောင့် ရဇောဟရဏကမ္မဋ္ဌာန်းသည်ရဟန္တာဖြစ်ရန်အကြောင်း တရားဖြစ်လာရ၏)။

## ကျောင်းမှာကျန်သော ရဟန်း ၁ပါး

ဆရာဇီဝကလည်း မြတ်စွာဘုရားကို ဆွမ်းဘုဉ်းပေးရန် လက်ဆေးရေကို ကပ်လေ၏။ မြတ်စွာဘုရားသည် သပိတ်တော်ကို ပိတ်၍–

"ဒါယကာ ကျောင်း၌ ရဟန်းတပါးရှိသေး၏"ဟုမိန့်တော်မူသဖြင့် ဇီဝကလည်း ကျောင်းသို့ ရဟန်းတပါး ပင့်ရန် စေလွှတ်လေ၏။

## စူဠပန်တန်ခိုးတော်ပြခြင်း

ရဟန္တာဖြစ်လေသော စူဠပန်သည် ဆရာဇီဝက အိမ်မှပင့်ရန် လာသည်ကို သိတော်မူလေလျှင် ကျောင်းတိုင်း ကျောင်းတိုင်းတွင်လည်းကောင်း၊ သရက်ဥယျာဉ်ရှိ သစ်ပင်ရင်းတို့တွင်လည်းကောင်း ရဟန်းတထောင်ကို ဖန်ဆင်းတော်မူပြီး အချို့က စာဖတ်နေဟန်၊ အချို့ကသင်္ကန်းချုပ်ဟန်၊ အချို့က တရားဘာဝနာပွားများနေဟန် အစရှိသဖြင့် လှုပ်ရှားမှုချင်း မတူညီအောင် ဖန်ဆင်း၍ထား၏။

ဆရာဇီဝကအိမ်မှ စေလွှတ်သူတို့ ရောက်လာသော် ရဟန်းတထောင်ကိုတွေ့မြင်ရသဖြင့်ပြန်၍သွားကြလေ၏။အိမ်သို့ရောက်လျှင် မြင်တွေ့ရသမျှ လျှောက်ထားလေလျှင် မြတ်စွာဘုရားက–

"စူဠပန်ကိုသာပင့်ချေ"ဟုစေခိုင်းတော်မူ၏။ စေသူတို့လည်း သွားရောက်၍ "အရှင်စူဠပန်အား ဘုရားသခင် ခေါ်တော်မူ၏"ဟုလျှောက်ထားရာ ရဟန်းတထောင်လုံးကပင် "ငါစူဠပန်"

ဟုဆိုတော်မူလျှင် စေသူတို့လည်း အကြောင်းကို ပြန်၍လျှောက်ကြပြန်၏။ ဘုရားသခင်က–

"သို့ဆိုလျှင် သွားချေဦး၊ အရင်ဆုံးတွေ့သော ရဟန်း၏လက်ကိုကိုင်၍ ပင့်ချေတော့"ဟု မိန့်၏။ ဒါယကာ တို့လည်း ဘုရားသခင်မိန့်တော်မူသည့်အတိုင်းအရင်ဆုံးတွေ့သောရဟန်း၏လက်ကိုကိုင်၍ "အရှင်စူဠပန် ဘုရားသခင် ခေါ်တော်မူ၏"ဟု ပင့်သော် ကျန်သောရဟန်းတထောင်လုံး ကွယ်ပျောက်လေ၏။ စူဠပန်လည်း ပင့်လာသူတို့နှင့် အတူလိုက်၍ ဘုရားသခင်ရှေ့တော်တွင် ဆွမ်းဘုဉ်းပေးတော်မူ၏။

မြတ်စွာဘုရားသခင်သည်ဆွမ်းဘုဉ်းပေးပြီးသော်"ဒါယကာဇီဝက၊ စူဠပန် တရားဟောလိမ့်မည်။ စူဠပန်၏ထံမှ သပိတ်ကိုယူလေလော့"ဟု မိန့်တော်မူသဖြင့် ဆရာဇီဝကလည်းစူဠပန်မထေရ်ထံမှ သပိတ်တော်ကိုယူရ၏။

စူဠပန်မထေရ်သည် ဘုရားသခင်၏အလိုတော်အတိုင်း ခြသေ့်မင်း၏အသံကဲ့သို့ ပိဋကတ်သုံးပုံကို ချောက်ချားစေလျက် အနုမောဒနာတရားကို ဟောကြားတော်မူသတည်း။

## အတိတ်ဇာတ်ကြောင်း

ထိုနေ့ညချမ်းတွင် ရဟန်း သံဃာတို့က ဘုရားသခင်သည် တနံနက်အတွင်း၌ပင် ဉာဏ်နုံ့သော စူဠပန်ကို ရဟန္တာ အဖြစ်ရောက်စေနိုင်ကြောင်း တအံ့တသြ ပြောဆိုကြရာ မြတ်စွာဘုရားသခင်က–

"ရဟန်းတို့။ ယခုအခါ၌သာ စူဠပန်အား ငါထောက်ပံ့ခဲ့သည်မဟုတ်။ ရှေး၌လည်း ထောက်ပံ့ခဲ့ဘူးပြီ"ဟု အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်း၍ ဟောတော်မူရာ....

"ချစ်သား ရဟန်းတို့။ စူဠပန်သည် လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ မထင်ရှားသော လုလင်တဦးဖြစ်၍ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီး အထံ၌ အလုပ်အကျွေးပြု၍ သုံးနှစ်ပတ်လုံး ပညာသင်ကြားရာ ဉာဏ်နုံ့နည်းသည် ဖြစ်၍ ပညာတခုမှ မတတ်မြောက်ခဲ့ချေ။ သုံးနှစ် စေ့သောအခါ ဗာရာဏသီပြည်သို့ပြန်ရန် ဆရာအား လျှောက်ထားလေလျှင် ဆရာက ဤသူငယ်သည် ငါ့အဲား သုံးနှစ်သုံးမိုး ရိုကျိုးစွာ လုပ်ကျွေးခဲ့သည်။ ယခု ဗာရာဏသီပြည်သို့ အပြန်တွင် ပညာတစုံတရာမျှ ပါ၍မသွားချေ။ သူ့အတွက် ဂါထာတပုဒ်ကို သင်ပေးရသော် သင့်တော်လိမ့်မည်ဟု ကြံဆ၍ လုလင်အား....

"ဃဋ္ဋေသိ ဃဋ္ဋေသိ၊ ကိံ ကရဏာ ဃဋ္ဋေသိ၊ အဟမ္ပိ တံဇာနာမိ၊ ဇာနာမိ" ဟူ၍ သင်ကြား ပေးလိုက်၏။ ဤမန္တန်ဖြင့် သင် အသက်မွေးရလိမ့်မည်ဟု မှာကြားလိုက်၏။ လုလင်လည်း ဤမန္တန်ကို မပြတ်ရွတ်၍ ပြန်လေ၏။ မိဘတို့လည်း သားရောက်လာ၍ ဝမ်းသာကြ၏။ (သင်သည် ချုပ်ချယ်ဘိ၏။ ချုပ်ချယ်ဘိ၏။ အဘယ်ကြောင့် ချုပ်ချယ်ဘိသနည်း။ ငါသိ၏။ ငါသိ၏။)

**အသပြာ တထောင် ရခြင်း**

တနေ့သော် ဗာရာဏသီ ပြည့်ရှင် မင်းသည် မြို့ စနည်းနာအံ့သောငှာ ရုပ်ဖျက်၍ ရွာစဉ် လှည့်လည်စဉ် ထိုလုလင်၏ အိမ်

နှစ်ဘက်အကြားတွင်ခိုးသူတို့ ဖောက်ထွင်းနေကြစဉ်လုလင်သည် မန္တန်ကို ဆရာမှာကြားသည့်အတိုင်း ရွတ်ဆိုနေသံကို ကြားကြသဖြင့် ခိုးသူတို့သည် အိမ်ရှင်တို့ သိလေပြီဟု ပြေးကြလေ၏။ ဗာရာဏသီမင်းလည်း လုလင်၏ အိမ်ကို အသေအချာ မှတ်၍ နန်းတော်သို့ ပြန်သွားလေသည်။

နံနက်မိုးသောက်သော် မင်းချင်းတို့အား အိမ်အမှတ်အသား ပြောပြ၍ လုလင်ကို ခေါ်စေ၏။ လုလင်ရောက်လျှင် မင်းကြီးက "သင် ညက ရွတ်သော မန္တန်ကို ငါ့ကို သင်ပေးပါ"ဟု ဆို၏။ လုလင်လည်း မင်းကြီးအား ထိုမန္တန်ကို သင်ကြားပေး၏။ မင်းကြီးက အသပြာတထောင် ချီးမြှင့်လိုက်၏။

## စစ်သူကြီးအရာ ရရှိပြန်ခြင်း

ဗာရာဏသီမင်းကြီး၏ စစ်သူကြီးသည် နန်းကို လုမည် ကြံရွယ်ပြီး မင်းကြီး၏ ဆတ္တာသည်ကို တိတ်တဆိတ် ညှိနှိုင်း၍ မင်းကြီး၏လည်ကို သင်ဓုန်းဓားနှင့် ဖြတ်ပေးရန် စီစဉ်ကြ၏။

မင်းကြီးလည်း ဆတ္တာသည် မုတ်ဆိတ်ရိတ်ရန် ပြင်ဆင်ခိုက် လုလင်သင်ပေးသော မန္တန်ကိုရွတ်ဆိုရာ ဆတ္တာသည်က ငါတို့၏ အကြံကို မင်းကြီးသိလေပြီဟု မင်းကြီး၏ ခြေအစုံကို ဖက်ကာ ရှိခိုးပြီး အပြစ်မှ ခွင့်လွှတ်ပါရန်နှင့် စစ်သူကြီး၏ အကြံအစည် အားလုံးကို ဖွင့်၍ လျှောက်ထား၏။

မင်းကြီးလည်း စစ်သူကြီးအား အပြစ်အလျောက် စီရင်၍ ဤလုလင်၏မန္တန်သည် ငါ့အသက်ကို ကယ်ခဲ့ပေသည်ဟု လုလင်အား စစ်သူကြီးအရာသို့ ချီးမြှောက်လေ၏။

ဤလုလင်သည် ယခု စူဠပန္ထက ဖြစ်လာလေသည်။ ဒိသာပါမောက္ခဆရာကြီးကား ငါဘုရား ဖြစ်သတည်းဟု ဟောတော်မူပြီး....

(၂၅) **ဥဋ္ဌာနေနပ္ပ မာဒေန၊**
**သံယမေန ဒမေန စ၊**
**ဒီပံ ကယိရာထ မေဓာဝီ၊**
**ယံ ဩဃော နာဘိကီရတိ။**

(၂၅) ထကြွလုံ့လဖြင့်၎င်း၊ မမေ့လျော့ခြင်းဖြင့်၎င်း၊ သီလကို စောင့်စည်းခြင်းဖြင့်၎င်း၊ ဣန္ဒြေကို ချုပ်တည်းခြင်းဖြင့်၎င်း ပညာရှိတို့သည် ကိလေသာ ရေအလျဉ် မဖျက်ဆီးနိုင်သော (မဂ်ဖိုလ် နိဗ္ဗာန်တည်းဟူသော)ကျွန်းကို ပြုလုပ်ဖန်ဆင်းရာ၏။

ဟူ၍ ဟောတော်မူသတည်း။

ဂါထာ၏အဆုံး၌ များစွာသော သူတို့သည် သောတာပန်စသည် ဖြစ်သတည်း။

(ဓမ္မပဒ အပ္ပမာဒဝဂ် သုံးခုမြောက် စူဠပန္ထကမထေရ်ဝတ္ထု ပြီး၏။)

# ၄/ စောင့်ရှောက်အပ်သော အမြတ်ဆုံး ဥစ္စာ

## (ဗာလနက္ခတ်ပွဲဝတ္ထု)

မိုက်မဲ၍ ပညာမဲ့သောသူတို့သည် မေ့လျော့ခြင်းကို
လေ့လာလိုက်စားကြကုန်၏။
ပညာရှိတို့သည်ကား မမေ့မလျော့ခြင်းကို အမြတ်
ဆုံးသော ဥစ္စာကဲ့သို့ စောင့်ရှောက်ကုန်၏။

(ပမာဒမနုယုဉ္ဇန္တိ)အစရှိသော ဒေသနာတော်မြတ်ကိုမြတ်စွာဘုရားသခင်သည် ဗာလနက္ခတ်ပွဲကို အကြောင်းပြု၍ ဟောတော်မူ၏။

### အကြောင်းစဉ်ကား ဤသို့တည်း

သာဝတ္ထိပြည်၌ဗာလနက္ခတ်ပွဲရက်သို့ရောက်လျှင်မိုက်မဲသောသူတို့သည် ပြာဖြင့်ရင်း နွားချေးတို့ဖြင့်ရင်း ကိုယ်ကိုလိမ်းကျံ၍ ခုနစ်ရက်တိုင်တိုင် ယုတ်မာညစ်ညမ်းသော စကားတို့ကို ပြော

ကြားပြောင်နေခက်လျက်မြို့တွင်းသို့ မကြားဝံ့ မနေသာ ဟစ်အော်လှည့်လည်၍ အိမ်ရှေ့တို့၌ထိုင်ကာ ဟစ်အော်ကြ၏။ သူအာပေါင်းတို့သည် မကြားဝံ့ မနေသာ၍ ပိုက်ဆံကိုပေးကြ၏။ ပေးကြသည့်အခါမှ အိမ်ရှေ့မှ ထွက်ခွာသွားကြ၏။

## သာဝတ္ထိပြည်မှ အရိယာပေါင်းငါးကုဋေ

ထိုစဉ်အခါက သာဝတ္ထိပြည်တွင် ငါးကုဋေမျှသော အရိယာ တို့သည် ရှိနေကြ၏။

ထိုသူတို့သည် မြတ်စွာဘုရားသခင်ထံ ချဉ်းကပ်၍ အရှင်မြတ်ဘုရား ဗာလနက္ခတ်ပွဲရက်တွင် ခုနစ်ရက်တာမျှ သံဃာတော်တို့နှင့် ဆွမ်းခံမကြွဘဲ ကျောင်းတော်၌သာလျှင်သီတင်းသုံးတော်မူကြပါဟု လျှောက်ထားပြီး ကျောင်းတော်တွင် ခုနစ်ရက်စာမျှ ဆွမ်း၊ ကွမ်း ပြည့်စုံအောင် စီစဉ်ထားပေ၏။ မိမိတို့သည်လည်း အိမ်မှမထွက်ကုန်။

နက္ခတ်ပွဲပြီးဆုံးမှပင် မြတ်စွာဘုရားနှင့်တကွ သံဃာတော်များကို မြို့တွင်းသို့ပင့်၍ ကြီးစွာသော အလှူကို ပြုကြပေသည်။ မြတ်စွာဘုရားအား ဤသို့ လျှောက်ထားကြ၏။

တပည့်တော်တို့သည် ခုနစ်ရက်ပတ်လုံး အလွန်တရာ စိတ်ဆင်းရဲသော ဒုက္ခကို ခံစားခဲ့ကြရပါသည်။ လူတို့သည် တဦးကို တဦး အရှက်တရား၊ အကြောက်တရားဟူ၍ လုံးဝမရှိကြတော့ပါ။ မသင့်လျော်သောစကားများဖြင့် ညစ်ညမ်းစွာပြောဆိုကြ

ပြုမူကြပါသည်။ အိမ်မှ ထပြင်ဘက်သို့ပင် မပြု့ထွက်ဝံ့ပါဟု လျှောက်ကြ၏။ ထိုအခါ မြတ်စွာဘုရားသခင်က....

(၂၆) ပမာဒ နုယုဉ္ဇန္တိ၊ ဗာလာ ဒုမ္မေဓိနော ဇနာ။
အပ္ပမာဒဉ္စ မေဓာဝီ၊ ဓနံ သေဋ္ဌံဝ ရက္ခတိ။

(၂၇) မာ ပမာဒမနုယုဉ္ဇေထ၊ မာ ကာမရတိသန္ထဝံ။
အပ္ပမတ္တော ဟိ ဈာယန္တော၊ ပပ္ပေါတိ ဝိပုလံ
သုခံ။

(၂၆) မိုက်မဲကုန်သော ပညာမဲ့ကုန်သော လူတို့သည် မေ့လျော့ခြင်းကို ဖြစ်စေကြကုန်၏။ ပညာရှိသည်မမေ့မလျော့ခြင်းကိုသာ လျှင်မြတ်သောဥစ္စာကဲ့သို့စောင့်ရှောက်ပေ၏။ မေ့လျော့ခြင်းကို လုံ့လဥဿာဟ၊ ဝီရိယဖြင့် မဖြစ်ကြစေနှင့်။

(၂၇) ကာမဂုဏ်ကို ခံမင်မွေ့လျော်ကာ အားမထုတ်ကြပါကုန်လင့်၊ ထိုစကားသည် သင့်ပေစွ။ (သမထ ဝိပဿနာ) ဈာန်နှစ်ပါးဖြင့် မမေ့မလျော့သည်ဖြစ်၍ ကိလေသာကို မီးမြှိက်လေ့ရှိသော ပုဂ္ဂိုလ်သည် မြင့်မြတ်သော နိဗ္ဗာန်ချမ်းသာသို့ လျင်မြန်စွာ ရောက်ရလေ၏။

ဟူသော နှစ်ဂါထာတို့ကို ဟောတော်မူသည်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပန်စသည် ဖြစ်ကြကုန်၏။

(ဓမ္မပဒ အပ္ပမာဒဝဂ် လေးခုမြောက် ဗာလနက္ခတ်ပွဲပြီး၏။)

# ၅ အချိန်ကုန်ခံ ကြိုဆမနေပါနှင့်

(မဟာကဿပမထေရ်ဝတ္ထု)

တောင်ထိပ်ပေါ်၌ နေသူက၊ မြေပြင်၌နေသူကို မြင်ရသကဲ့သို့၊
စိုးရိမ်ကြောင့်ကြ၍နေသော သူမိုက်တို့အား၊ ပညာရှိသည် စိုးရိမ် ကြောင့်ကြခြင်း ကင်းမဲ့လျက် မြင်နေရ၏။

(ပမာဒမပ္ပမာဒေန) အစရှိသော ဒေသနာတော်ကို အရှင်မဟာကဿပမထေရ်မြတ်ကို ရည်ညွှန်း၍ ဟောကြားတော်မူပေ၏။

## အကြောင်းစဉ်ကား ဤသို့တည်း

တနေ့သောအခါ ရှင်မဟာကဿပမထေရ်မြတ်သည် ပိတ်ချဉ်း ညောင်ကျတ်ရေစပ်တည်ရာ လိုဏ်ဂူတခုဝယ် လေးဖြာ အရိယပထမျှတတော်မူလျက် ရာဇဂြိုဟ်ပြည်ကြီး၌ ဆွမ်းခံပြီး ညချမ်းအခါ ဆွမ်းခံရွာမှကြွပြီး အာလောကကသိုဏ်းကို ပွားများပြီး လောက၌ မေ့လျော့ သတ္တဝါတို့ကိုငှင်း၊ မမေ့လျော့သော သတ္တဝါတို့ကိုငှင်း၊ စုတိဆဲ သတ္တဝါတို့ကိုငှင်း ပဋိသန္ဓေဖြစ်ဆဲ သတ္တဝါတို့ကိုငှင်း၊ ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုတော်မူလျက် သီတင်းသုံး စံနေတော်မူ၏။

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်မှ နေ၍ ရှင်မဟာကဿပအား ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုတော်မူသည်ရှိသော် ရှင်မဟာကဿပသည် သတ္တဝါတို့၏ စုတိခြင်း၊ ပဋိသန္ဓေ

နေခြင်းတည်း ဟူသော စုတူပပါတကို ဆင်ခြင်လျက်နေသည့် အဖြစ်ကို သိမြင်တော်မူ၍ စုတေခြင်း၊ ပဋိသန္ဓေ နေခြင်းတည်း ဟူသော စုတူပပါတ မည်သည်ကား၊ ဘုရားသခင်၏ သဗ္ဗညုတ ဉာဏ်တော်ဖြင့်ပင် ပိုင်းခြား ရေတွက်၍ မရနိုင်၊ အမိဝမ်း၌ ပဋိသန္ဓေ စွဲနေပြီးမှ အမိအဘတို့ပင် မသိဘဲ ပြောင်းရွှေ့ သေလွန်သော သတ္တဝါတို့၏ အပိုင်းအခြားကိုပင်လျှင် သိခြင်း ငှာ မစွမ်းနိုင်၊ ဤအရာကား သင်၏အရာမဟုတ်ချေဟု မိန့် တော်မူပြီး ကိုယ်ရောင်တော်ကို နှံ့စေပြီးလျှင် ရှေ့မှောက်၌ သီတင်းသုံးတော်မူဘိသကဲ့သို့ ဤသို့ ဟောကြားတော်မူ၏။

(၂၈) **ပမာဒံ အပ္ပမာဒေန၊ ယဒါ နုဒတိ ပဏ္ဍိတော။**
**ပညာပါသာဒ မာရုယှ၊ အသောကော သောကိနိံ**
**ပဇံ။**

**ပဗ္ဗတဋ္ဌောဝ ဘူမဋ္ဌေ၊ ဓီရော ဗာလေ အဝေက္ခတိ။**

(၂၈) သတိရှိသော ပညာရှိသည် အကြင်အခါ၌ မမေ့လျော့ ခြင်းဖြင့် မေ့လျော့ခြင်းကို ပယ်ဖျက်လေ၏။

ထိုအခါ၌ ပညာတန်ဆောင်၊ ထိန်ရောင်ဝင်းလက်၊ ပြာသာဒ် ထက်သို့ ကောင်းစွာတက်၍သောကကင်းသည်ဖြစ်၍ သောကထန် ပြင်းသော၊ ထင်ရှားဖြစ်သော သတ္တဝါအပေါင်းကို ကြည့်ရှုထင်ထင် ပြပေ၏။တောင်ထိပ်၌ တက်သျက်နေသော သူသည် မြေပြင်၌ နေသော သူကို မြင်ရသကဲ့သို့ မမေ့လျော့ကုန်သော ပညာရှိသည် မေ့လျော့ ကုန်သော သူမိုက်တို့ကို ကြည့်ရှုထင်ထင် မြင်ရပေ၏။

ဟူ၍ ဟောတော်မူသည်အဆုံး၌ များစွာကုန်သော သူတို့ သည် သောတာပတ္တိစသည်တို့၌ တည်ကုန်၏။

(ဓမ္မပဒ အပ္ပမာဒဝဂ် ငါးခုမြောက်ကဿပမဟထေရ်ဝတ္ထုပြီး၏။)

## ၆ / သိန္ဓဝနှင့်မြင်းပိန်

(မမေ့မလျော့သော၊ မေ့လျော့သော ရဟန်းနှစ်ပါးဝတ္ထု)

**အိပ်ပျော်၍ နေသော သူတို့အလယ်၌ အလွန်နိုးကြား သော သူသည် (မေ့လျော့အိပ်ပျော်၍နေသော သူမိုက်ကို) ကျော်လွန်ခွန့်ပစ်၍သွား၏။**

(အပ္ပမတ္တော ပမတ္တေသု) အစရှိသော ဓမ္မဒေသနာတော်ကို ချစ်ကျွမ်းဝင်ကုန်သော ရဟန်းနှစ်ပါးကို အကြောင်းပြု၍ ဟော တော်မူ၏။

### အကြောင်းအစဉ်က ဤသို့တည်း

မိတ်ဆွေဖြစ်၍ အလွန်ချစ်ကြကုန်သော ရဟန်းနှစ်ပါးသည် ဘုရားသခင်ထံ၌ ကမ္မဋ္ဌာန်းကို ယူသွား၍ တောကျောင်းသို့ ဝင်နေကြ၏။

ရဟန်းတပါးသည် စောစောကပင်လျှင် ထင်းတို့ကို ယူ၍ မီးလင်းဖို၌ သာမဏေငယ်တို့နှင့်အတူ စကားပြောပြီး ပထမ ယာမ်ပတ်လုံး မီးလှုံလျက်သာနေ၏။

အခြားရဟန်းသည် မမေ့မလျော့ခြင်းဖြင့် ရဟန်းတရားကို ကြိုးစားအားထုတ်၏။

မိမိ၏ မိတ်ဆွေရဟန်းကို ငါ့ရှင် ဤသို့မနေပါနှင့် မေ့လျော့ သော သူအတွက် အပါယ်လေးပါးသည် မိမိအိမ်နှင့်တူပါကုန်

သည်။ ဘုရားသခင်ကို လိမ်၍မရ၊ လှည့်ပတ်သော စကားဖြင့် နှစ်သက်စေခြင်းငှာ မပြုအပ်ဟု ကောင်းစွာပြောဆိုပေ၏။ မေ့လျော့သော ရဟန်းသည် မနာယူ၍ နောက်ထပ်တဖန်မပြောဆိုတော့ဘဲ မမေ့မလျော့သာလျှင် ကြိုးစားအားထုတ်ခြင်းပြု၏။

ပျင်းရိသော ရဟန်းသည် ပထမယာမ်၌ မီးလှုံ၍ အခန်းတွင်းသို့ ဝင်၍ အိပ်ပြန်၏။

အားထုတ်သော ရဟန်းသည် ပထမယာမ်၌ စင်္ကြံကြွ၍ မဇ္ဈိခေတ်တမေ့းမှိတ်ပြီး ပစ္ဆိမယာမ်၌ စောစောထပြီး တရား အားထုတ်ပြန်၏။ မမေ့မလျော့ခြင်းကြောင့် မကြာမြင့်မီပင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ပျင်းရိသော ရဟန်းသည် မေ့လျော့သဖြင့်သာ အချိန်ကို ကုန်ခဲ့စေ၏။

## မြတ်စွာဘုရားထံရောက်ကြခြင်း

ဝါကျွတ်လျှင် ရဟန်းနှစ်ပါးတို့သည် မြတ်စွာဘုရားထံသို့ ဝင်၍ ရှိခိုးပြီး သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်ကြ၏။ ဘုရားသခင်လည်း ထိုရဟန်းနှစ်ပါးအား ချစ်သားတို့အား ရဟန်းကိစ္စ ပြီးဆုံးခြင်းသို့ ရောက်ကြပြီလားဟု မေးတော်မူ၏။

ပျင်းရိသော ရဟန်းက လျှောက်၏။ ဤရဟန်းသည် အရှင်မြတ်အထံမှ သွားသည်ကစ၍ အိပ်ခြင်းနှင့် ငိုက်မြည်းလျက်သာ အချိန်ကုန်ခဲ့သည် ဟုလျှောက်ထားလျှင် ဘုရားသခင်က အသင်သည်အဘယ်သို့ အချိန်ကို အသုံးချသနည်း ဟု မေးတော်မူ၏။ ပျင်း ရိ သော ရ ဟန်း က တပည့် တော် သည် စောစော

ကပင်လျှင် ထင်းတို့ကို ရှာဖွေ၍ မီးဖိုပြီးပထမယာမ်၌မီးလှုံလျက် မငိုက်မြည်း၊ မအိပ်ဘဲသာ အချိန်ကို ကုန်လွန်စေခဲ့ပါသည်ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက ချစ်သားရဟန်း၊ အသင်သည် မေ့လျော့ခြင်းဖြင့် အချိန်ကို ကုန်စေခဲ့ပြီး မမေ့မလျော့ပါဟုဆိုသည်။ မမေ့မလျော့သော ငါ၏ သားတော်ကိုမူကား မေ့လျော့သည်ဟု ပြောပေသည်။ သင်သည် မြင်းပိန်ကဲ့သို့ ဖြစ်၏။ ငါ၏ သားတော်ကား သိန္ဓဝအဿမိုရ်မြင်းကဲ့သို့ ဖြစ်လေ၏ဟု မိန့်တော်မူပြီး၊

**(၂၉) အပ္ပမတ္တော ပမတ္တေသု၊ သုတ္တေသု ဗဟုဇာဂရော။**
**အဗလဿံဝ သီဃဿော၊ ဟိတွာ ယာတိ သုမေဓသော။**

(၂၉) အိပ်ပျော်၍ နေသူတို့နှင့်တူကုန်သော မေ့လျော့သူတို့၏ အလယ်၌များစွာနိုးကြားတတ်သောသူနှင့်တူသော၊မမေ့မလျော့သော ကောင်းသောပညာရှိသည်မြင်းကောင်းသည် မြင်းပိန်ကိုစွန့်၍ထားပြီး မဆိုင်းမနားသွားလေပြီးသကဲ့သို့ မေ့လျော့သောသူကို သံသရာပြင် ကျယ်၌ထားခဲ့ပြီး နိဗ္ဗာန်တိုင်အောင် မဆိုင်းမနား သွားလေ၏။

(ဓမ္မပဒအပ္ပမာဒဝဂ် ခြောက်ခုမြောက် ရဟန်းနှစ်ပါး ဝတ္ထု ပြီး၏။)

# ၇ / အထွဋ်အထိပ်သို့

## (မဃလုလင်ဝတ္ထု)

**မမေ့မလျော့ခြင်း ကြောင့် သိကြားမင်းသည် နတ်တကာတို့၏အထွဋ်အထိပ်သို့ ရောက်၏။**

(အပ္ပမာဒေန မဃဝါ) အစရှိသော ဤ ဓမ္မဒေသနာကို သိကြားနတ်မင်းအား အကြောင်းပြု၍ဝေသာလီပြည်၌ ဟောကြားတော်မူပေ၏။

### ဝတ္ထုဇာတ်လမ်းကား ဤသို့တည်း

ဝေသာလီပြည်မှ မဟာလိမည်သော လိစ္ဆဝီမင်းသားသည် မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်ကို နာပြီး ဘုရားသခင် အရှင်မြတ်သည် သိကြားမင်း စည်းစိမ်ချမ်းသာကို ကြီးကျယ်စွာ ဖော်ပြလျက် ဟောတော်မူသည်မှာ သိကြားမင်းကို သိ၍လော၊ မြင်တော်မူ၍လောဟု လျှောက်ကြား၏။ ဘုရားသခင်က ငါဘုရားသည် သိကြားမင်းကို မြင်သည်ဟု မိန့်၏။ မဟာလိက သိကြားအတုဖြစ်ပါလိမ့်မည်၊သိကြားမင်းကို မြင်နိုင်ခဲသည် ဟု လျှောက်ထား၏။

မဟာလိမ်းသား ငါဘုရားသည် သိကြားမင်းကိုလည်း သိ၏။ သိကြားဖြစ်နိုင်သော တရားကိုလည်းသိ၏။ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ရှေးဘဝက မဃမည်သောလူ ဖြစ်ခဲ့၏။ ထို့ကြောင့် သိကြားမင်းကို မဃဝဟူ၍လည်းခေါ် အပ်၏ဟု သိကြားမင်းအား ခေါ်ဝေါ်ပုံတို့ကို ဟောပြတော် မူပြီးနောက်။

မဟာလိမ်းသား သိကြားမင်းသည် လူ့ဘဝ၌ ခုနစ်ပါး ကုန်သော ကျင့်ဝတ်တို့ကို ကျင့်ကြံ၍ သိကြားအဖြစ်ကို ရောက် ခဲ့၏။

## သိကြားမင်းကျင့်ဝတ်ခုနစ်ပါး

သိကြား ဖြစ်ကြောင်း ကောင်းစွာ ကျင့်သုံးအပ်သော ကျင့်ဝတ်ခုနစ်ပါးကိုအသက်ထက်ဆုံး ဆောက်တည်အပ်၏။

၁။ အသက်ထက်ဆုံးအမိအဘကို လုပ်ကျွေးရာ၏။

၂။ အသက်ထက်ဆုံး အမျိုးတို့၌ ကြီးသူတို့ကို ရိုသေရာ၏။

၃။ အသက်ထက်ဆုံး ချိုသာစွာ စကားကို ပြောဆိုရာ၏။

၄။ အသက်ထက်ဆုံး ကုန်းတိုက်ချောပစ်သော စကားကို မဆိုရာ။

၅။ အသက်ထက်ဆုံး ဝန်တိုမှု ကင်းသောစိတ်ဖြင့် လူ့ ဘောင်၌နေရာ၏။ ကျွတ်ကျွတ်လွတ်လွတ်စွန့်ကြဲခြင်း ရှိရာ၏။ မလှူမတန်းလိုဘဲ ဥစ္စာကိုထုတ်၍ ထားခြင်းမရှိ ရ၊ ဥစ္စာကို လက်တွင်မထား၊ ဖြန့်ကြဲ လှူဒါန်းလျှင် ကိုယ်သွားရာ ပါသော အရိပ်ကဲ့သို့ ဖြစ်လေမည်ဟု

ယုံကြည်ပြီး ကြဲဖြန့် လှူဒါန်းခြင်း ရှိကြသည်ကိုရင်း ပေးကမ်းစွန့်ကြဲရာ၌ မွေ့လျော်သော စိတ်နှလုံး ရှိသည် ကိုရင်း၊ တောင်းလာသော ခရီးသွား ဧည့်သည်၊ အထီး ကျန်သောသူ၊ အနာတရ ဖြစ်သောသူတို့ကို စွန့်ကြဲ ခြင်းရှိသည်ရင်း၊ စားမည့် ဆဲဆဲ ထမင်း အစား အစာမှ ခွဲဝေ၍ ပေးလှူခြင်း၌ မွေ့လျော်သော စိတ်နှလုံးရှိသည်ရင်း ဖြစ်ပေရာ၏။

၆။ အသက်ထက်ဆုံးဖြောင့်မှန်သောစကားရှိသည်ဖြစ်ရာ၏။

၇။ အသက်ထက်ဆုံး အမျက်ဒေါသမထွက်သည်ဖြစ်ရာ၏။ အကယ်၍ အမျက်ထွက်ခဲ့လျှင် ချက်ချင်း ထိုအမျက် ကို ပယ်ဖျက်နိုင်စေရာ၏။

ဤသို့ဟောတော်မူလျှင် မဟာလိမင်းသားက မြတ်စွာဘုရား မဃလုလင်၏အကြောင်းကို ဟောကြားတော်မူပါ။ နာကြား လိုပါသည်ဟု မေးလျှောက်လေလျှင်အတိတ်ကို ဆောင်၍ဟော တော်မူ၏။

## မဃလုလင်ဇာတ်လမ်း

ရှေးလွန်လေပြီးသောအခါ မာဂဓရောင်တိုင်း မစလရွာ၌ မဃအမည်ရှိသော လုလင်သည် ရွာသူရွာသားတို့၏ အလုပ် လုပ်သောနေရာသို့သွား၍ မိမိထိုင်ရန် နေရာကို ရှင်းလင်းပြီး နေ၏။ လူတယောက်က မဃလုလင်ကို ပုတ်ခတ်၍ နှင်ထုတ်ပြီး မဃလုလင်ပြုပြင်ထားသော နေရာ၌ထိုင်၏။ မဃလုလင်သည် အမျက်မထွက်ဘဲ နောက်တနေရာ၌ မြေကြီးကို ပြုပြင်ပြီး ရှင်း

လင်း၍ ထိုင်ပြန်၏။ နောက်တယောက်က သူ့ကို နှင်ထုတ်ပြီး သူ့နေရာ၌ ထိုင်ပြန်၏။ မဃလုလင်သည် နောက်တနေရာကို သေသေချာချာရှင်းလင်း၍ ပြုပြင်ပြန်၏။ နောက်တယောက်က ဤသို့ပင် သူ့ကို နှင်ထုတ်၍ သူ့နေရာကို ယူပြန်၏။ မဃလုလင်သည် စိတ်မဆိုးဘဲ (ထိုသူတို့သည် ငါ့ကြောင့် ကောင်းမွန်ချမ်းသာစွာ နေထိုင်ကြရပေသည်။ ဤကောင်းမှုကံဖြင့် ငါ့အား ချမ်းသာခြင်းကို ပေးတတ်သော ကောင်းမှုသည် ဖြစ်ပေရာ၏) ဟု ကြံပြီးလျှင် နောက်တနေ့၌ ပေါက်တူးဖြင့် ကောက်ငယ်တလင်းမျှလောက်ရှိသော နေရာကို သေချာစွာ ရှင်းလင်း၍ နေစချင့်ဖွယ် ပြုလုပ်ထားပေ၏။ မဃလုလင် ပြုလုပ်ထားသော နေရာသို့ လာ၍ နေကြ၏။ မဃလုလင်သည် ထိုသူတို့ကို ချမ်းအေးသော ဆောင်းကာလ၌ မီးလှုံရန် မီးကိုထည့်ပေး၏။

မဃလုလင်သည် ဤသို့ သဘောပေါက်၏။ နှလုံးမွေ့လျော်ပျော်ဖွယ်ရာရှိသော နေရာကို မည်သူမဆို နှစ်သက်ကြ၏။ မနှစ်သက်သူ တယောက်မျှမရှိ၊ ယနေ့မှစ၍ ငါသည် ကြီးကျယ်စွာသော လမ်းခရီးကို အညီအညွတ်ဖြစ်အောင် ဖောက်လုပ်အံ့ဟု ကြံ၏။

နောက်တနေ့ နံနက်စောစော အိမ်ကထွက်၍ ခရီးလမ်းမကို ညီညွတ်အောင်ပြု၏။ တံတားတို့ကို ပြုလုပ်၏။

## အဖော်သုံးဆယ့်သုံးယောက်

မဃလုလင် လမ်းပြုပြင်သည်ကို မြင်သောသူတယောက်က သင်ဘာလုပ်သလဲဟု မေး၏။ မဃလုလင်က ငါသည် နတ်ပြည်

သို့ သွားရန်လမ်းကို ဖောက်၏ဟု ဆို၏။ ငါလည်း ပါဝင်ပါအံ့ဟု ဆိုကာ ဝင်ရောက် အတူလုပ်ကိုင်၏။ ဤသို့ဖြင့် တယောက်ပြီး တယောက် အားကျ၍ ဝင်ရောက် လုပ်ကိုင်လာကြရာ သုံးကျိပ် သုံးယောက်ဖြစ်လာ၏။ ဤသို့ဖြင့် သူတို့ဖောက်သော လမ်းသည် ခဏခြင်းပင် တယူဇနာ၊ နှစ်ယူဇနာသို့ ရောက်၏။

## ရွာစားကြီး မကောင်းကြံ

ထိုသုံးကျိပ်သုံးယောက်သောသူတို့ အလုပ်ကြိုးစားကြသည်ကို မြင်လျှင် ဤသူတို့သည် တော၌ အမဲသား ငါးကို ရှာလာခဲ့လျှင်၊ သေအရက်ကိုချက်သောက်ကြလျှင်၊ ငါ့၌လည်းတစုံတခု ရပေရာ၏ဟု ကြံ၍ ထိုသူတို့ကို တိုက်တွန်း၏။ ထိုသူတို့သည် မိမိတို့ ရည်ရွယ်ရင်းကို ရွာစားကြီး သဘောမပေါက်၍ သူလိုရာ ဆွဲဆောင်သည်ကို မလိုက်နာ၊ အကြိမ်ကြိမ်လာ၍ပင် ရွာစားက ဆွယ်၏။ သူ့စကားကို မည်သူမျှမလိုက်နာ၊ ဤသို့ဖြင့် ရွာစားသည် စိတ်ဆိုး၏။ ဘုရင့်ထံသို့ သူ၏ရွာ၌ ခိုးသူ သုံးကျိပ် သုံးယောက်ရှိပါသည်ဟု လျှောက်တင်၏။မင်းကြီးကဖမ်းစေ၏။ ရွာစားပြောသည့်အတိုင်း မင်းကြီးသည် လုပ်ကြံရန် လူစုနေသော သုံးကျိပ်သုံးယောက်သော သူတို့အား ဆင်ဖြင့်နင်း၍ သတ်စေ၏။

## မေတ္တာ၏တန်ခိုး ကြီးမားပုံ

မဃလုလင်သည် မိမိအဖော်တို့အား ငါတို့၌ အခြား ကိုးကွယ်မှီခိုရာမရှိ၊ သတ္တဝါအားလုံးတို့ကို မေတ္တာထားကြပါ။

ပြည့်ရှင်မင်းကိုရင်း၊ ရွာစားကိုရင်း၊ နှင်းအပ်သော ဆင်၌ရင်း အမျက်ဒေါသမထားဘဲ ကိုယ့်ကိုယ်ကိုယ် ထားသော မေတ္တာစိတ်နှင့်တူသည့် မေတ္တာတရားကို အားထားကြကုန်လော့ဟု အဆုံးအမပေး၏။ ထိုသူသို့သည် မဃလုလင်ပေးသော ဩဝါဒအတိုင်း ပြုကြ၏။

သူတို့၏ မေတ္တာစိတ်အာနုဘော်ကြောင့် ဆင်သည် အနားသို့မကပ်၊ မင်းကြီးသည် ထိုအကြောင်းကိုကြားလျှင် လူများကိုမြင်၍ ဆင်မနင်းဝံ့သည်ဟု ထင်ပြီး ထိုသူတို့ကို ဖျာဖြင့် ဖုံး၍ နင်းစေပြန်၏။ ဆင်သည် အဝေးမှပင် ပြေးလေ၏။ ပြည့်ရှင်မင်းသည် ထိုအကြောင်းကို ကြားပြန်လျှင် ဤသူတို့တွင် အကြောင်းတစုံတရာ ရှိပေလိမ့်မည်ဟု ရှေ့တော်သို့သွင်း၍ မေးမြန်း၏။ သင်တို့သည် အစုအသင်းဖွဲ့ပြီး တောခို၍ လုယက်တိုက်ခိုက်ကြသည် မဟုတ်လောဟု မေး၏။ မဟုတ်ပါ၊ ကျွန်ုပ်တို့သည် နတ်ရွာလမ်းခရီးကို ရောက်စေခြင်းငှာ လမ်းတို့ကိုပြုပြင်၏၊ တံတားတို့ကိုခင်း၏။ ရွာစားသည် ကျွန်ုပ်တို့ကို အကုသိုလ်ဖြစ်စေသော အလုပ်တို့ဖြင့် တိုက်တွန်းခိုင်းစေ၏။ ကျွန်ုပ်တို့ ငြင်းပယ်သည်ရှိသော် အမျက်ထွက်၍ အရှင်မင်းကြီးအား မဟုတ်မမှန်သော စကားကိုပြောကြားခြင်းဖြစ်ပါသည်ဟု လျှောက်တင်၏။

အမောင်တို့ ဆင်သည် အမောင်တို့၏ ဂုဏ်ကျေးဇူးကိုသိတုံသေး၏။ ငါသည် လူဖြစ်ပါလျက် မသိခဲ့။ ငါ့အား သည်းခံကြပါလော့ဟုဆို၍ ရွာစားနှင့်တကွ သားမယားတို့ကို မဃလုလင်နှင့် သုံးကျိပ်သုံးယောက်သော သူတို့အား ကျွန်အလို့ငှာ

ပေးလေ၏။ ဆင်ကိုလည်း စေခိုင်းစီးသုံးရန်အလို့ငှာ ပေး၏။ မဃလုလင်အား ရွာစားအရာကို ပေးလေ၏။

မဃလုလင်အမှူးရှိသော သုံးကျိပ်သုံးယောက်သော သူတို့သည် ငါတို့ပြုအပ်သောကောင်းမှုအကျိုးကို ယခုဘဝ၌ပင်မြင်ရပေပြီဟု အတိုင်းထက်အလွန် ကြည်ညို၍ ငါတို့သည် ဤထက်ကောင်းသောကုသိုလ်ကို အဘယ်သို့ပြုအံ့နည်းဟု တိုင်ပင်ကြ၏။

## သုဓမ္မာဇရပ်ကြီးဆောက်ခြင်း

လမ်းလေးခွဆုံ၌ ရဟန်းရှင်လူတို့ နားနေရန် ဇရပ်ကြီး တဆောင် ဆောက်ကြအံ့ဟုတိုင်ပင်၏။လက်သမားတို့ကိုခေါ်၍ ဇရပ်ကြီးတဆောင်ဆောက်၏။ ထိုဇရပ်တွင် အခန်းကြီးသုံးခန်းထား၏။ အခန်းကြီးတခန်းသည် အစိုးရသော မင်းတို့အတွက်နေရာ၊ နောက်တခန်းသည် ဆင်းရဲသားတို့၏ နေရာ၊ နောက်တခန်းသည် သူနာတို့အတွက်နေရာဟူ၍ ခွဲခြားထား၏။

ထိုဇရပ်တွင် သုံးဆယ့်သုံးခုသော ခုတင်တို့ကိုထား၍ သုံးကျိပ်သုံးယောက်သောသူတို့၏ အမှတ်အသားဖြင့် ဆင်ကိုအသိအမှတ်ပေးပြီး တစုံတယောက်သည် ခုတင်တလုံး၌ တက်၍နေ၏။ ဆင်သည် ထိုခုတင်ထားသူ၏အိမ်သို့ ဧည့်သည်ကို ခေါ်သွားစေ၏။ သုံးကျိပ်သုံးယောက်အနက်မှ ကုတင်ပိုင်ရှင်သည် ထိုဧည့်သည်အား ခြေလက်ဆုပ်နယ်ခြင်း၊ ချေးတွန်းခြင်း၊ ခဲဖွယ်ဘောဇဉ်ပေးခြင်း၊ အိပ်ရာပေးခြင်းတို့ကိုပြုလုပ်ကြရန် ကတိကဝတ်ထားကြ၏။

## မဃလုလင်၏မယား သုဓမ္မာ၏အကြံ

မဃလုလင်တွင်မယားလေးယောက်ရှိ၏။ သုနန္ဒာ၊ သုစိတ္တာ၊ သုဓမ္မာ၊ သုဇာတာတို့ဖြစ်၏။ သုံးကျိပ်သုံးယောက်သော သူတို့၏ ကုသိုလ်အဖို့ကို သားမယားများ မပါဝင်ရဟု တားမြစ်ထား၏။

သုဓမ္မာသည် စောစောကပင် လက်သမားနှင့် ကြိုတ်၍ကြံထား၏။ အထက်ချက်ထုပိကာအတွက် သစ်ကိုခြောက်သွေ့အောင်ထားပြီး ညီညွတ်စွာရွေလျက် လုပသောပန်းပု၊ပန်းခက်တို့ဖြင့်ထွင်းပြီး သုဓမ္မာဟူသောအမည်ကို ထိုထုပိကာတွင် ထွင်းထားစေ၏။

ကာလရှည်လျားစွာဆောက်လုပ်၍ ဇရပ်ကိုအပြီးသတ်သောနေ့၌ လက်သမားက အရှင်တို့ အရေးကြီးသောတခုကို မေ့နေကြပါပြီ။ ဤဇရပ်တွင် အထက်အထွဋ်ထုပိကာမပါရှိပါ။ ထုပိကာတပ်မှ ဖြစ်ပါမည်ဟု ဆို၏။ လုလင်တို့က ဤသို့ဆိုလျှင် ထုပိကာကို ပြုလုပ်ပါဟုစေခိုင်း၏။ ထုပိကာ ပြုလုပ်ရသည်မှာ မလွယ်ပါ။ အမျက်လွတ်သော သစ်ချောသစ်ကောင်းကိုရှာဖွေ၍ အသားသေအောင် ကာလကြာမြင့်စွာထားပြီးမှ ပန်းခက်ပန်းရွက်တို့ဖြင့် ထုလုပ်ရပါမည်ဟုဆို၏။

ဤသို့ဆိုလျှင် ကာလကြာအောင်စောင့်ရဦးမည်။ ချက်ချင်းဖြစ်နိုင်သောနည်းကို ရှာကြံပါဦးဟုဆို၏။

လက်သမားက တစုံတယောက်သော သူ၏ထံတွင် ထုပိကာ ပြုလုပ်ပြီးသားရှိလျှင် လက်ခံပါမည်လောဟုမေး၏။ သုံးကျိပ်

သုံးယောက်သောသူတို့က အဖိုးအခမည်မျှပေးရပါစေ ဝယ်ယူ တပ်ဆင်ပါဟု အခွင့်ပေး၏။

လက်သမားသည် ရှာဖွေဟန်ပြု၍ မဃလုလင်၏ မယား သုဓမ္မာထံ၌တွေ့ရှိကြောင်းပြော၍ ပြုလုပ်ထားသော ထုပိကာကို ပြ၏။ အလွန်လက်ရာမြောက်သော ပန်းညွန့်၊ ပန်းခက်တို့ဖြင့် လှပစွာထွင်းထုထားသည်ကိုမြင်၍ အားလုံးကပင်ကြိုက်နှစ်သက် ကြ၏။ သုဓမ္မာထံ အဖိုးအခပေး၍ဝယ်၏။ သုဓမ္မာက အကျွန်ုပ် ကို ဤဇရပ်၌ ကုသိုလ်အဖို့ကိုပေးလျှင် ဤထုပိကာကိုပေးပါအံ့ ဟုဆို၏။ ငါတို့သည် မိန်းမတို့အား ကုသိုလ်အဖို့ကိုမပေးဟုဆို လျှင် လက်သမားက အရှင်တို့ မည်သို့ဆိုကြသနည်း၊ ဗြဟ္မ ပြည်ကိုထား၍ မည်သို့သောအရပ်၌ မိန်းမနှင့်ကင်းသောနေရာ သည် ရှိပါသနည်း။ ဤအထွဋ်ထုပိကာတပ်မှ ဤဇရပ်သည် ပြီးဆုံးခြင်းသို့ရောက်ပေမည်ဟု ဆို၏။ ထိုသူတို့သည် ကောင်းပြီ ဟုဆို၍ ဇရပ်ကိုပြီးဆုံးစေ၏။

မဃလုလင်သည် ဇရပ်၏မနီးမဝေး၌ ပင်လယ်ကသစ်ပင်ကို စိုက်၍ ကသစ်ပင်အရင်း၌ ကျောက်ဖျာကိုခင်းထား၏။ ဇရပ်သို့ ဝင်ရောက်တိုင်း ဝင်ရောက်တိုင်း သူတို့သည် အထက်ချက်အထွဋ် ထုပိကာကို ကြည့်၍ စာတမ်းကိုဖတ်ပြီး ဤဇရပ်သည် သုဓမ္မာ အမည်ရှိသူ၏ဇရပ်ပေတည်းဟု သုဓမ္မာဇရပ်ဟူ၍ခေါ်ကြကုန်၏။ သုံးကျိပ် သုံးယောက်သော သူတို့၏ အမည်ကား မထင်ရှား တော့ပေ။

## သုနန္ဒာရေကန်

သုနန္ဒာမည်သောမယားက စဉ်းစားပြန်သည်။ လိမ်မာစွာ ကြံစည်၍ ကုသိုလ်ပြုခဲ့ကြရပေပြီ။ ငါလည်း တစုံတခုပြုအံ့ဟု ဇရပ်အနီးတွင် သောက်ရေ၊ သုံးရေ၊ ချိုးရေတို့အတွက် ရေကန် ကိုတူးစေ၏။ သုနန္ဒာရေကန်ဟုထင်ရှား၏။

## သုစိတ္တာ၏ဥယျာဉ်

သုစိတ္တာမည်သောမယားကလည်း ငါသည်လည်း ကုသိုလ် တခုပြုအံ့ဟု ဇရပ်အနီးတွင် ပန်းဥယျာဉ်တခုပြုလုပ်၏။ သုစိတ္တာ ၏ဥယျာဉ်သည် အလွန်ပြည့်စုံသော၊ လှပသော ဥယျာဉ်ဖြစ် သတည်း။

## သုဇာတာ၏အကြောင်း

သုဇာတာမည်သောမယားကား မဃလုလင်၏ အချစ်ဆုံး သောမယားတည်း။ ငါ့လင်ပြုသောကောင်းမှုသည် ငါလည်းရ ပေ၏ဟု ယူဆ၍ မည်သည့်အလှူဝတ္ထုကိုမျှ မပြုလုပ်။ မိမိကိုယ် ကိုသာ အလှဆင်လျက်နေလေ၏။

## တာဝတိံသာ၌ဖြစ်ခြင်း

မဃလုလင်သည် သိကြားမင်းဖြစ်ရာသော ဆိုအပ်ပြီးသည့် အကျင့်ခုနစ်ပါးကို အသက်ထက်ဆုံးဆောက်တည်၏။ အသက်၏ အဆုံး၌ တာဝတိံသာနည်ပြည်၌ သိကြားနတ်မင်းဖြစ်လေ၏။

သုံးကျိပ်သုံးယောက်သော အပေါင်းအဖော်တို့ သည်လည်း တာဝတိံသာ နတ်ပြည်၌သာ ဖြစ်ကြကုန်၏။ လက်သမားသည် ဝိသကြုံနတ်သားဖြစ်လေ၏။

သုဓမ္မာ၊ သုနန္ဒာ၊ သုစိတ္တာတို့သည်လည်း မဃသိကြားမင်း နှင့်အတူ တာဝတိံသာနတ်ပြည်၌ ဖြစ်ကြလေ၏။ အလှကြိုက် မကလေး သုဇာတာကား ပါ၍မလာရှာပေ။

## အသုရာပြည်

တာဝတိံသာနတ်ပြည်၌ အသုရာတို့သည် နေကြကုန်၏။ နတ်သားအသစ်တို့ ရောက်လာသတည်းဟုဆိုလျှင် အသုရာတို့က သေအရက် တို့ကို စီရင်၍ ဧည့်ခံကြကုန်၏။ သိကြားမင်းနှင့် ပရိသတ်တို့သည် တစုံတယောက်မျှ မသောက်ကြ။ အသုရာ တို့သည် အရက်မူး၍လဲကြကုန်၏။ သိကြားမင်းသည် ဤသူ တို့နှင့် ပေါင်းသင်းဆက်ဆံခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း ဟုအသုရာတို့ကို ခြေမှဆွဲ၍မဟာသမုဒ္ဒရာသို့ပြစ်ချကြ၏။ အသုရာ တို့၏ ကောင်းမှုအာနုဘော်ဖြင့် မြင့်မိုရ်တောင်မင်း၏ခြေရင်း၌ အသုရာဗိမာန်သည်ဖြစ်၏။ ဆန်းကြယ်သော သခွပ်ပင်လည်း ဖြစ်၏။

## တာဝတိံသာနတ်ပြည်

တာဝတိံသာနတ်ပြည်သည် ယူဇနာတသောင်း ပတ်လည် ရှိ၏။ တံခါးပေါင်းတထောင်၊ ဥယျာဉ်ရေကန်တို့ဖြင့်တင့်တယ် ၏။ ဝေဇယန္တာမည်သော ဘုံနန်းပြာသာဒ်ရှိ၏။ ရတနာခုနစ်

ပါးဖြင့်ပြီး၏။ ယှူဇနာတရာအဝန်းရှိသော ပင်လယ်ကသစ်ပင်ပေါက်၏။ ပင်လယ်ကသစ်ပင်အနီး၌ အလျား ယူဇနာခြောက်ဆယ်၊ အနံ ယူဇနာငါးဆယ်၊ ထုတဆယ့်ငါးယူဇနာ ရှိသော ထွတ်ထွတ်နီမြန်းသော အဆင်းရှိသည့် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည်ရှိ၏။ရောဝဏ်အမည်ရှိသောဆင်သည် နတ်သားအဖြစ်ဖြင့်တည်၏။ တာဝတိံသာနတ်ပြည်၏ ကြီးကျယ်ပုံကား အံ့မခန်းပင်ဖြစ်၏။ ယူဇနာကိုးရာရှိသည့် အလှန်မွေ့ပျော်ဖွယ်ရာ (သုဓမ္မာနတ်သဘင်ဇရပ်)၊ယူဇနာငါးရာကျယ်သော (နန္ဒာ ရေကန်)၊ ယူဇနာငါးရာကျယ်သော (စိတ္တလတာဥယျာဉ်)တို့သည် ဖြစ်ပေါ်ခဲ့၏။

## သုဇာတာဗျိုင်းမလေး

လင်ကောင်းမှုပြုလျှင် မယား အလိုလိုရသည်ဟူ၍ အလှူဒါနကိုစိတ်မဝင်စား၊ ကိုယ့်ကိုကိုယ်အလှပြင်၍သာ အချိန်ကုန်ခဲ့သော သုဇာတာမှာ တောင်ချောက်ကြား၌ ဗျိုင်းမလေး ဖြစ်၍နေ၏။ သုဇာတာ နတ်ပြည်သို့ပါမလာ၍ သိကြားမင်း ကြည့်သော် ဗျိုင်းမအဖြစ်ကို မြင်၍ စိတ်မကောင်း ဖြစ်သည် အလျောက် ကယ်တင်ရန် ဗျိုင်းမထံသွား၍ မဃလုလင်အဖြစ်သိစေပြီး သုဇာတာ အားကျစိမ့်သောငှာ လက်ဝါးပေါ်တွင် ဗျိုင်းမကိုတင်၍ တာဝတိံသာနတ်ပြည်သို့ခေါ်သွားပြီးသုဓမ္မာ၊ သုနန္ဒာ၊ သုစိတ္တာတို့နှင့်တွေ့ပေးကာ မိမိ၏ဘဝကို ရက်ကြောက်ဝမ်းနည်းဖြစ်စေ၏။ ထို့နောက် သူတို့၏ စည်းစိမ်ချမ်းသာကိုသင်မြင်ရပြီမဟုတ်လော။ ဤစည်းစိမ်ချမ်းသာနှင့်တကွ ငါ၏

အထံသို့ရောက်အောင် ကုသိုလ်ကောင်းမှုပြုရမည်ဟု ငါးပါး သီလကို မဒမ္မမလျော့၊ စောင့်ရှောက်လေတော့ဟု ဩဝါဒ ပေး၍ တောင်ချောက်ကြားသို့ ပြန်၍ပို့ခဲ့၏။

ဗျိုင်းမသည် ထိုနေ့မှစ၍ အလိုလိုသေပြီးသောငါးတို့ကိုသာ စား၏။ သိကြားမင်းသည် စူးစမ်းခြင်းငှာ ငါးအသေယောင် ဆောင်၍ အိပ်၏။ ဗျိုင်းမသည် အသေမှတ်၍ကောက်၏။ ငါး အမြီးလှုပ်သည်ကို မြင်သောအခါ အသက်ရှိနေသည်ဟု ရေ၌ လွှတ်၏။ ရက်အတန်ကြာလျှင် ဤသို့စူးစမ်းပြန်၏။ သုံးကြိမ်- တိုင် စူးစမ်းပြီးမှ သိကြားအဖြစ်ကိုသိစေ၍ သင်သည်သီလကို ကောင်းစွာစောင့်ရှောက်ပေ၏ဟု ချီးမွမ်းပြီး မမေ့မလျော့စေ နှင့်ဟုဆုံးမ၏။ ဗျိုင်းမသည် မကြာမီသေ၏။ သီလ၏အကျိုး ကြောင့် ဗာရာဏသီပြည်၌ အိုးထိန်းသည်၏သမီးအဖြစ် လူ့ဘဝ သို့ပြန်ဖြစ်လေ၏။

## သိကြားမင်းနှင့်ရွှေသခွား

သိကြားမင်းသည် သုဇာတာကိုဆင်ခြင်ကြည့်၏။ အိုးထိန်း- သည်၏သမီးအဖြစ် အသက်တဆယ့်ခြောက်နှစ်အရွယ်သို့ ရှိနေပြီ ဖြစ်၏။ သိကြားမင်းသည် လူ့ပြည်သို့ဆင်း၍ ရတနာခုနစ်ပါး ကို သခွားသီး အရောင် အဆင်းအသွင် ပြုပြင်၍ လှည်းယာဉ် ဖြင့်တင်ကာ ဗာရာဏသီပြည်တွင်း သခွားသီး လှည့်လည် ရောင်း၏။

သခွားသီးကို ဝယ်ကြသည်ရှိသော် ငွေကြေးဖြင့်မရောင်း၊ သီလကိုစောင့်ရှောက်သူကိုသာ ပေးမည်ဟုဆို၏။ သီလဆိုသည်

မှာ မည်းမည်းလော၊ ဖြူဖြူလော၊ လုံးလုံးလော၊ ပြားပြား လောဟုမေးကြ၏။ သီလကိုမှသင်တို့မသိလျှင် ဤသခွားသီးနှင့် မထိုက်ဟုဆို၏။ အိုးထိန်းသည်၏သမီးသည် ဆိတ်ငြိမ်သောအရပ် ၌ကပ်၍ သီလစောင့်နေပါသည် ဟုဆိုလျှင် သိကြားမင်းသည် သွား၏။ သင်သည် အဘယ်သီလကို စောင့်သနည်း၊ ငါးပါး သီလကို စောင့်ပါသည်ဟုဆိုလျှင် ဤသခွားသီးတို့ကိုယူလော့၊ ငါးပါးသောသီလတို့ကိုသာ မကျိုးမပျက်အောင် စောင့်ရှောက် ပါလေဟုဆို၍ သိကြားအဖြစ်ကိုသိစေပြီး ပြန်သွားလေ၏။

အိုးထိန်းသည်သမီး သုဇာတာလည်း တသက်ပတ်လုံး ငါး ပါးသီလကိုစောင့်ထိန်း၍ သေလွန်သော် အသုရာနတ်ပြည်၌ အသုရာနတ်မင်း၏ သမီးဖြစ်လေ၏။

## သုဇာတာပန်းကုံးစွပ်ပွဲ

သုဇာတာသည် ဗျိုင်းမဘဝ၊ အိုးထိန်းသည်ဘဝတို့၌ သီလ ကို လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့သဖြင့် ရွှေအဆင်းနှင့်တူ သောအဆင်းရှိ၏။ အလွန်ကျက်သရေနှင့်ပြည့်စုံပေ၏။ အသုရာ နတ်တို့သည် ဝေပစိတ္တမည်သော အသုရာနတ်မင်း၏ သမီးကို လိုချင်ကြကုန်၏။ အသုရာနတ်မင်းကြီးသည် ချစ်သမီးနှင့်ထိုက် တန်သူကို ရှာဖွေယူလော့ဟု ပန်းကုံးကိုပေး၏။

သိကြားမင်းသည်သုဇာတာဖြစ်ရာအရပ်ကိုရှုကြည့်သော်ရန်သူ ၏သမီးဖြစ်နေ၍ ပန်းကုံးစွပ်ပွဲ ကျင်းပမည်ကိုသိလျှင် အသုရာ အဘိုးအိုအသွင်ဖန်ဆင်း၍ ပန်းကုံးစွပ်ပွဲသို့ သွားရောက်ကြည့်၏။ သုဇာတာသည် ပန်းကုံးစွပ်အံ့သောငှာ လှည့်လည်ကြည့်ရှုသည်

ရှိသော် အသူရာအဘိုးအိုကိုမြင်သည်နှင့် ရှေးရေစက်ကြောင့် နှစ်သက်ခြင်းဖြင့်ပန်းကုံးကိုစွပ်လေ၏။ သိကြားမင်းသည် သုဇာ တာ မင်းသမီးကို လက်၌တိုင်စွဲလျက် ငါသည် သိကြားမင်း ပေတည်းဟုကြုံးဝါးလျက် ကောင်းကင်သို့တက်သွား၏။

အသူရာတို့သည်မခံမရပ်နိုင်ဖြစ်၍ နောက်မှအမီလိုက်ကြ၏။ မာတလိသည် ရထားနှင့်တကွ လမ်းမှစောင့်ကြို၍ သိကြား မင်းနှင့် သုဇာတာတို့ကို တင်၍မောင်း၏။

လက်ပံတောသို့ရထားဆိုက်ရောက်လျှင်ရထားသံကိုကြောက်၍ ဂဠုန်ငှက်ငယ်တို့သည် ဟစ်အော်ကြ၏။ သိကြားမင်းကြား သော် ငါ့ကြောင့် တပါးသူတို့ မသေကြကြပါစေနှင့်၊ ရထား ကို ပြန်လှည့်လော့ဟု ဆို၏။ မာတလိသည် ရထားကို ပြန်၍ လှည့်၏။ နောက်မှလိုက်လာသော အသူရာတို့သည် သိကြား မင်း၏ ရထား ပြန်၍ လှည့်လာသည်ကိုမြင်လျှင် ရှေ့မှနေ၍ လွတ်အောင်ပြေးသူက နောက်သို့ တဖန်ပြန်၍ လှည့်ခြင်းမှာ သူကြားမင်းအတွက် စစ်ကူ ရောက်လာ၍သာ ဖြစ်ပေမည်ဟု တွက်ဆပြီး အသူရာတို့ ကြောက်လန့်၍ ကစဉ့်ကလျား ပြေးကြ လေကုန်သည်။ဤသို့ဖြင့် သုဇာတာကို တာဝတိံသာနတ်ပြည်သို့ ဆောင်နိုင်ခဲ့၏။

## မဟာလိမင်းသား သောတာပန်တည်ခြင်း

မြတ်စွာဘုရားသခင်သည် မဟာလိမင်းသားအားသိကြား၏ ကျင့်စဉ်၊ သိကြား၏ဖြစ်ရပ်များကိုဟောတော်မူသည်၏ အဆုံး၌

မဟာလိမင်းသားနှင့်တကွ ပရိသတ်တို့သည် သောတာပတ္တိဖိုလ်စသည်တို့၌ တည်လေ၏။

မြတ်စွာဘုရားသခင်က မဟာလိမင်းသား မမေ့မလျော့ခြင်းကို ဘုရားစသော သူတော်ကောင်းတို့သည် ကောင်းစွာချီးမွမ်းအပ်၏။ မမေ့မလျော့ခြင်းကြောင့် လောကီအကျိုးစီးပွား၊ လောကုတ္တရာ အကျိုးစီးပွားတို့ကို ခံစားရမည် မုချတည်းဟု မိန့်တော်မူပြီးနောက်—

(၃၀) **အပ္ပမာဒေန မဃဝါ၊ ဒေဝါနံ သေဋ္ဌတံ ဂတော။**
**အပ္ပမာဒံ ပသံသန္တိ၊ ပမာဒေါ ဂရဟိတော သဒါ။**

(၃၀) မမေ့မလျော့ခြင်းကြောင့် မဃလုလင်သည် တာဝတိံသာဝယ် နတ်တို့ထက် မြတ်သည်၏အဖြစ်သို့ ရောက်ရ၏။

မမေ့မလျော့ခြင်းကို (ပညာရှိတို့သည်) ချီးမွမ်း ထောပနာတော်မူကုန်၏။ မေ့လျော့ခြင်းကို အခါခပ်သိမ်း ကဲ့ရဲ့ရှုတ်ချအပ်၏။

(ဓမ္မပဒ အပ္ပမာဒဝဂ် ခုနစ်ခုမြောက် မဃလုလင်ဝတ္ထုပြီး၏။)

# ၈/တောမီးကြောင့် ရဟန္တာဖြစ်

## (အညတရ ရဟန်း ဝတ္ထု)

**မေ့လျော့ခြင်းကို ဘေးဟု ရှုလေ့ရှိသော ရဟန်းသည် သံယောဇဉ် အနှောင်အဖွဲ့ကြီးငယ်တို့ကို မီးကဲ့သို့ လောင်ကျွမ်းစေလျက် နိဗ္ဗာန်ခရီးသို့သွားလေ၏။**

(အပ္ပမာဒရတောဘိက္ခု) အစပြုသော ဤဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ အညတရရဟန်းကိုအကြောင်းပြု၍ ဟောတော်မူ၏။

### အကြောင်းစဉ်ကား ဤသို့တည်း

ထိုအညတရ ရဟန်းသည် မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်းကို ကောင်းစွာသင်ယူပြီး တောထဲတွင် အဖန်တလဲလဲ ပွားများအားထုတ်ပါသော်လည်း အရဟတ္တဖိုလ်သို့ မရောက်နိုင်ခဲ့သဖြင့် မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းကို နာဦးမည်ဟု တောအုပ်မှ ထွက်လာခဲ့သော် လမ်းခရီးအကြား၌ တောမီးလောင်နေသည်ကိုမြင်ရသဖြင့် တောင်ထိပ်သို့တက်လျက် ထိုင်နေပြီး တောမီးကြီးကို ကြည့်၍ အာရုံယူ၏။

ဤတောမီးကြီးသည် သစ်ပင်ကြီး သစ်ပင်ငယ်မကျန် တိုက်ဖျက် လောင်စွဲလျက်သွားလေ၏။ ထို့အတူ အရိယမဂ်တည်းဟူသော မီးသည်လည်း ကြီးကြီးငယ်ငယ် သံယောဇဉ်တို့ကို တောက်လောင်စေသည်ဖြစ်၏ဟု အာရုံကိုယူ၏။

ဘုရားသခင်သည် ဂန္ဓကုဋိတိုက်၌စံတော်မူလျက် ထိုရဟန်း၏စိတ်ကိုသိ၍ ကိုယ်တော်ရောင်ကိုလွှတ်ပြီး ထိုရဟန်း၏ရှေ့၌ ထင်စေလျက်–

ချစ်သားရဟန်း ဤတောမီးသည် မီးစာဖြစ်ကောင်းသော ကြီးကြီးငယ်ငယ် ဟူသမျှ လောင်စွဲဘိသကဲ့သို့ သတ္တဝါတို့၏ အတွင်းသန္တာန်၌ဖြစ်ဆဲ ဖြစ်လတံ့သော သံယောဇဉ်ကြီးငယ်တို့ကို အရိယမဂ်တည်းဟူသော မီးဖြင့်လောင်ကျွမ်းစေ၍ တဖန်ဖြစ်ခြင်းငှာ မထိုက်သော သဘောတို့ကို ပြုခြင်းငှာ အပ်၏ဟု မိန့်တော်မူပြီးသော်–

(၃၁) အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိ ဝါ
သံယောဇနမဏုံ ထူလံ၊ ဍဟံ အဂ္ဂီဝ ဂစ္ဆတိ။

(၃၁) မမေ့ခြင်း၌ မွေ့လျော်၍ မေ့လျော့ခြင်းကို ဘေးဟု ရှုလေ့ရှိသော ရဟန်းသည် သံယောဇဉ် အနှောင်အဖွဲ့ ကြီးငယ်တို့ကို မီးကဲ့သို့ လောင်ကျွမ်းစေလျက် နိဗ္ဗာန်သို့ မဆိုင်းမနား သွားလေ၏။

ထိုဒေသနာတော်၏ အဆုံး၌ အညတရ ရဟန်းသည် ထိုင်လျက်ပင် သံယောဇဉ်တို့ကို လောင်ကျွမ်း ကုန်ခန်းစေပြီး ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ ကောင်းကင်ခရီးဖြင့် ကြွလာခဲ့ပြီး ဘုရားသခင်အား ရိုသေမြတ်နိုး ရှိခိုးပြီးလျှင် ထွက်ခွာသွားလေ၏။

(ဓမ္မပဒအပ္ပမာဒဝဂ် ရှစ်ခုံမြောက် အညတရ ရဟန်းဝတ္ထုပြီး၏။)

# ၉ / မေ့လျော့ခြင်းသည်ဘေး

## (နိဂမဝါသီတိဿ မထေရ်ဝတ္ထု)

**မေ့လျော့ခြင်းကို ဘေးဟု ရှုလေ့ရှိသော ရဟန်းသည် မဆုတ်မယုတ်နိုင်ဘဲ နိဗ္ဗာန်သို့ချဉ်းကပ်လေ၏။**

**အကြောင်းစဉ်ကားဤသို့တည်း**

(အပ္ပမာဒရတော) အစရှိသော ဤဒေသနာတော်ကို နိဂမဝါသီတိဿမထေရ်ကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဟောတော်မူ၏။

သာဝတ္ထိပြည်၏ အနီး နိဂုံးတခုမှ တယောက်သောသူသည် သာသနာတော်၌ ရဟန်းပြု၍ နိဂမဝါသီတိဿ ဘွဲ့မည်ရ မထေရ်ဖြစ်၏။ (နိဂုံးရွာသား တိဿမထေရ်)

ထိုမထေရ်သည် အလိုနည်း၏၊ ရောင့်ရဲလွယ်၏၊ ဆိတ်ငြိမ်ရာအဲရပ်၌ နေလေ့ရှိ၏။ အားထုတ်သော ဝီရိယရှိ၏ ဟူ၍ ထင်ရှား ကျော်စော၏။ ထိုမထေရ်သည် နိဂုံးရွာ၌ပင်လျှင် ဆွေမျိုးတို့ထံမှ ဆွမ်းခံ၏။ အနာထပိဏ်၊ ပသေနဒီကောသလ မင်းကြီးတို့ ကြီးစွာသော အလှူပြုသည့်တိုင်အောင် သာဝတ္ထိ

ပြည်သို့ ကြွလာတော်မမူပေ။ ဆွေမျိုးတို့နှင့်သာ ရောနှော ဆက်ဆံ၍ နေသည်ဟု မြတ်စွာဘုရားထံ အခြား ရဟန်းတို့က လျှောက်ကြ၏။

ဘုရားသခင်သည် ထိုမထေရ်ကို ခေါ်စေ၍ မေးတော်မူ၏။ မြတ်စွာဘုရား တပည့်တော်သည် ဆွေမျိုးနှင့် ဆက်ဆံရောနှော ခြင်း မရှိပါ။ ထိုဆွေမျိုးတို့ထံမှ မျှတရုံမျှ ဆွမ်းကို ရပါ၏။ နောက်ထပ်တဖန် မသွားပါဟု လျှောက်ကြား၏။

မြတ်စွာဘုရားသည် ထိုမထေရ်၏ အတွင်းစိတ်ကို သိတော်မူပြီးဖြစ်၍၊ ချစ်သားရဟန်း ကောင်း၏၊ကောင်း၏ဟု ကောင်းချီးပေးတော်မူ၏။

ထို့နောက် တဖန် သင်သည် အလိုနည်းသဖြင့် ရောင့်ရဲလွယ်သည်ကား အံ့ဖွယ်မရှိသေး၊ အလိုနည်းခြင်းကား ငါဘုရား၏ အစဉ်အလာပေတည်းဟု မိန့်တော်မူရာ ရဟန်းတို့ တောင်းပန်၍ အတိတ်ဇာတ်ကြောင်းကို ဟောတော်မူ၏။

## ကျေးဇူးကိုသိသော ကျေးမင်း

လွန်လေပြီးသောအခါ ဟိမဝန္တာတော၏ ဂင်္ဂါမြစ်ကမ်းရှိ ရေသဖန်းပင်ကြီးဝယ် တထောင်မကသော ကျေးသားတို့နေကြပြီး ရေသဖန်းသီးတို့ ကုန်ခဲ့သည်ရှိသော် ကျေးသားတို့သည် အခြားသို့ ပျံသွားကြကုန်၏။

တကောင်သော ကျေးမင်းသည် အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်းရှိသည်ဖြစ်၍ သဖန်းသီးကုန်သော် အညွန့်၊ အရွက် အခေါက်တို့ကိုသာ စားသောက်၍ ဂင်္ဂါမြစ်ရေကို သောက်ကာ နေ၏။

သိကြားမင်းသည် ထိုကျေးမင်းကို စူးစမ်းလို၍ ရေသဖန်းပင်ကို ခြောက်သွေ့စေ၏။ ကျေးမင်းသည် အခြောက်ကို စား၏ ခွာ၍မသွား။ သစ်ငုတ်ဖြစ်ပြီး သစ်ပင်၌ အပေါက်မှ အမှုန့်တို့သည် ထွက်သည်အထိ ဖြစ်လာ၏။ ကျေးမင်းသည် လေပူ နေပူသည်ကို မမှုဘဲ ရေသဖန်းပင်ငုတ်တွင်သာ နေ၏။

သိကြားမင်းသည် သုဇာတာ မိဖုရားနှင့်အတူ ဟင်္သာမောင်နှံအသွင် ဖန်ဆင်းပြီး ကျေးမင်း၏ အနီး၌ နေ၏။ အို ကျေးမင်း စည်ပင်စိမ်းစိုသော သစ်ပင်တို့သည်ရင်း၊ အသီးများစွာ ရှိကုန်သော သစ်ပင်တို့သည်ရင်း ဤတောဌ် များစွာရှိကုန်လျက် ခြောက်ကပ်သော ရေသဖန်ငုတ်၌ ထိုင်ပြီး အသင်ကျေးမင်း၏ နှလုံးသည် မမွေ့လျော်နိုင်ပါဘိသနည်းဟု မေး၏။

ကျေးမင်းက ဤရေသဖန်းပင်စည်ပင်ဝေဖြာကြီးပွားသော အခါ၌ ငါတို့သည် ပျော်ရွှင်မြူးစွာ စားသောက်လာခဲ့ပြီး ငါတို့အတွက်ကြောင့် သီးနှံ ကင်းပ ခြောက်သွေ့ရသော အခါတွင် ငါစွန့်ပစ်၍ သွားပါမူ ကျေးဇူးမဲ့ရာ ရောက်ပေမည်။ ငါ၏ခန္ဓာ မျှတစွာသော အာဟာရတို့ကို ရရှိသုံးဆောင်

နေရသမျှ ကျေးဇူးရှိလှသော ဤရေသဖန်းပင်မှ ငါခွါမည် မဟုတ်ဟု ပြန်လည်ပြောကြား၏။

ကျေးမင်းသည် အသက်ထင်ရှားမရှိသော အဆွေခင်ပွန်း တို့၌သော်လည်း ဂုဏ်ကျေးဇူးကို အထူးမြင်သိ၍ မပစ်ပယ် အပ်ကြောင်းတို့ကို ပြောဆိုပေ၏။

သိကြားမင်းသည် ကျေးမင်းအား မြတ်သောဆုကိုပေးပြီး ရေသဖန်းပင်ကို လွန်စွာ ချိုမြိန်ကောင်းမွန်သော အရသာ ရှိသည့် အသီးတို့ကိုပြု၍ ဖန်ဆင်းပေးပြီးမှ တာဝတိံသာနတ် ပြည်သို့ သွားလေ၏။

## ဇာတ်တော်ပေါင်းခြင်း

ဘုရားသခင်သည် ဒသနိပါတ်သုဝဇာတ်တော်ကို အကျယ် ဟောတော်မူပြီး၊ ချစ်သားရဟန်းတို့ ထိုအခါက သိကြား မင်းသည် ညီတော်အာနန္ဒာဖြစ်၍ ကျေးမင်းသည် ငါဘုရား သာလျှင်တည်းဟု မိန့်တော်မူပြီး–

**(၃၂) အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိ ဝါ။**
**အဘဗ္ဗော ပရိဟာနာယ၊ နိဗ္ဗာနဿေဝ သန္တိကေ။**

(၃၂) မမေ့မလျော့သော မေ့လျော့ခြင်းကို ဘေးဟု ရှုလေ့ ရှိသော ရဟန်းမြတ်သည် ဆုတ်ယုတ်ခြင်းငှာ မထိုက်၊ နိဗ္ဗာန်နှင့်သာ လျှင် နီးပေ၏။

ဒေသနာတော်၏ အဆုံး၌ နိဂမဝါသီတိဿမထေရ်သည် ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ များစွာကုန်သော သူတို့သည် သောတာပန်စသည် ဖြစ်ကုန်၏

(ဓမ္မပဒ အပ္ပမာဒဝဂ် ကိုးခုမြောက် နိဂမဝါသီတိဿမထေရ်ဝတ္ထု ပြီး၏။)

အပ္ပမာဒဝဂ် ဤတွင် ပြီးဆုံး၏။

# ခေတ်မီ

# ဓ မ္မ ပ ဒ

# ဝတ္ထုတော်ကြီး

ဘုရားရှင်သည် ၄၅ ဝါတိုင်တိုင် ကျွတ်ထိုက်သူတို့အား ဟောပေါ် မူခဲ့သော ဒေသနာ ဂါထာတော် အစုစုတို့ကို ရွေးချယ် တူညီရာ ပေါ ထားခြင်း ဖြစ်သည်။

## တရားအစုံ၊ တရားညွှန့်ပေါင်း

ဂါထာပေါင်း ၄၂၃ ဂါထာ၊ ဖြစ်ရပ်ဇာတ်ကြောင်း ဝတ္ထုပေါင် ပါရှိပါသည်။

## အခြေခံတရား အဆီအနှစ်များ

ဒေသနာပေါင်းချုပ်၊ ဂါထာတော် အပုဒ်တိုင်းတွင်။ သိလွယ် မြင်လွယ် ဥပမာ အသွယ်သွယ်ဖြင့် လောကီ-လောကုတ် အကျိုးစီးပွားများကို ညွှန် ဗုဒ္ဓဘာသာ၏ အခြေခံ တရားအဆီအနှစ်များဖြင့် ပြည့်လျှမ်းနေသဖြင့်လည် ကျော် ကမ္ဘာသိ'' ကမ္ဘာ့ဘာသာပေါင်းများစွာ ပြန်ဆိုရသော ဓမ္မပဒ [

## နိဗ္ဗာန်ပေါက် ကျင့်စဉ်များ

ဓမ္မပဒတွင် နိဗ္ဗာန်ပေါက် ကျင့်စဉ်များကို အလွယ်ဆုံး အရှင်းဆုံးဖြင့် ကိုယ်တိုင် ညွှန်ပြထား၍ အားထုတ်သော ပုဂ္ဂိုလ်သည် ''သဒ္ဓါ၊ သီလ၊ ဝိ အရင်းစိုက်ရမှုဖြင့် ရဟန္တာအဖြစ် ဆိုက်ရောက်သွားကြသော ပုဂ္ဂိုလ်မေ တို့၏ အကြောင်းများကို တွေ့မြင် ဖတ်ရှုနိုင်ပေမည်။

## လောကီအကျိုးစီးပွား

ဓမ္မပဒသည် ကိုယ်ကျင့်တရား ကောင်းမွန်စေမှု။ ထကြွလုံ့လ ရှိစေမှု။ မိမိကိုယ်ကို အားကိုးစေမှု။ စိတ်ဓာတ်ကြံ့ခိုင်မှု။ အကျင့်စာရိတ္တ ကောင်းမွန်စေမှု။ အပေါင်းအသင်း ကောင်းမွန်စေမှု။ သည်းခံနိုင်မှု။ ခွင့်လွှတ်နိုင်မှုတို့ကို ကျင့်သုံးခြင်းဖြင့် အကျိုးစီးပွား တိုးပွားရန် လမ်းညွှန်ချက်များ ပေးထားသည်။

## သောကကင်းဝေး နေနိုင်ရေး

စိတ်ဆင်းရဲတိုင်း။ ဒုက္ခရောက်တိုင်း။ ဤကျမ်းကို ဖတ်ရှုပါလျှင် ကောင်းမှုချ ကင်းပျောက် ချမ်းသာရောက်စေမည်။

## ခေတ်မီ ဓမ္မပဒ

ဤမျှ အဖိုးထိုက် အဖိုးတန် ''ဓမ္မစေတီ'' ထိုက်သော ဓမ္မပဒကျမ်းကြီးကိုမကျဉ်း လွန်း မကျယ်လွန်း။ အကိုလည်းမချုံး။ အဓိပ္ပါယ်လိုရင်းကို မပျက်ပျယ်စေဘဲ။ လူတိုင်း အိမ်တိုင်း ဖတ်ရှုနိုင်ကြစေရန် ခေတ်အရေးအသားဖြင့် အဖိုးနည်းဝန်ပါ စီစဉ်ထားရှိ ပါသည်။